# ဝရဒါရှာမိတုစေတီယ



## စွယ်တော်မြတ်စေတီတော် (မန္တလေး)

## တည်ဆောက်ရေး

## မှတ်တမ်း

၂၃၈၈၁

# စွယ်တော်မြတ်စေတီတော် (မန္တလေး)

# တည်ဆောက်ရေး

# မှတ်တမ်း

# (၁၉၉၈)

အုပ်ရေ- ၂၀၀၀
၁၉၉၈ ခုနှစ်၊ မတ်လ
စာအုပ်အပြင်အဆင်- ဦးကျော်ဟန်+ ဦးစန်းမြင့်
ပုံနှိပ်- သဇင်ပုံနှိပ်တိုက် (၀၅၇၈၀)
၈၈/၃၈ လမ်း၊ ရန်ကုန်မြို့။
ဖုန်း- ၂၈၅၇၆၂

စွယ်တော်မြတ်စေတီတော် (မန္တလေး)
သမိုင်းမှတ်တမ်းပြုစုရေးကော်မတီက
တာဝန်ခံ ထုတ်ဝေသည်

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဥယျောဇဉ် | ... | |
| ၂။ | အမှာစာ | ... | |
| ၃။ | မြတ်စွာဘုရားရှင်၏ ဓာတ်တော်နှင့် စွယ်တော်များ | ... | ၁ |
| ၄။ | တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဘုရား၏ သမိုင်းအကျဉ်း | ... | ၅ |
| ၅။ | မြတ်စွာဘုရား၏ သရီရဓာတ်တော်များနှင့် မြန်မာ့သမိုင်း | ... | ၉ |
| ၆။ | ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်၍ မြန်မာနိုင်ငံသားတို့ ပူဇော်ကြခြင်း | ... | ၁၆ |
| ၇။ | ဗုဒ္ဓမြတ်စွယ်တော်ကို တတိယအကြိမ် ပင့်ဆောင်၍ ပူဇော်ကြခြင်း | ... | ၂၀ |
| ၈။ | မြေသန့်မဟာမင်္ဂလာ | ... | ၃၃ |
| ၉။ | ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ | ... | ၄၀ |
| ၁၀။ | ရတနာအုတ်မြစ်တော်စိ မဟာမင်္ဂလာ | ... | ၄၅ |
| ၁၁။ | သတ္တဋ္ဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ | ... | ၅၉ |
| ၁၂။ | ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာ | ... | ၇၇ |
| ၁၃။ | အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ | ... | ၈၆ |
| ၁၄။ | ပိန္နဲတိုင် စိုက်ထူခြင်း မဟာမင်္ဂလာ | ... | ၉၈ |
| ၁၅။ | အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ | ... | ၉၉ |
| ၁၆။ | ရွှေထီးတော်တင် မဟာမင်္ဂလာ | ... | ၁၁၀ |
| ၁၇။ | ရွှေကြာသကင်္န်း ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ ဖူးမြော်ဦးချိ စွယ်တော်မြတ်စေတီ (ကဗျာ) | ... | ၁၁၅ |
| ၁၈။ | ဘဏ္ဍာရေးဆပ်ကော်မတီ၏ ဆောင်ရွက်ချက် | ... | ၁၂၀ |
| ၁၉။ | စွယ်တော်မြတ်စေတီ တည်ဆောက်ရေးမှတ်တမ်း | ... | ၁၂၄ |
| ၂၀။ | စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော် | ... | ၁၃၉ |
| ၂၁။ | စွယ်တော်မြတ်စေတီ စိမ်းလန်းစိုပြည်ရေး | ... | ၁၄၁ |
| ၂၂။ | စွယ်တော်မြတ်စေတီ ဦးစီးကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး မှတ်တမ်းကောက်နုတ်ချက်များ | ... | ၁၄၇ |
| ၂၃။ | စွယ်တော်မြတ်စေတီ (မန္တလေး) စိန်ဖူးတော်၊ ရွှေသပိတ်တော်၊ ငှက်မြတ်နားတော်၊ ဗြဟ္မာရုပ်တုနှင့် ရွှေကြုတ်တော်မှတ်တမ်း | ... | ၁၅၄ |
| ၂၄။ | ရောင်စုံဓာတ်ပုံကဏ္ဍ | ... | ၁၅၇ |
| ၂၅။ | အလှူရှင်များစာရင်း | ... | ၂၂၈ |
| ၂၆။ | လုပ်အားပေးကဏ္ဍ | ... | ၂၄၀ |
| ၂၇။ | စွယ်တော်မြတ်စေတီ တည်ဆောက်ရေး ဩဝါဒါစရိယဆရာတော်ကြီးများ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီ နှင့် ဆပ်ကော်မတီများ | ... | ၂၇၃ |

# ဥယျောဇဉ်

ထေရဝါဒ ဗုဒ္ဓဘာသာ ထွန်းကားသော ပြည်ထောင်စု မြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်လျက် ရှိကြကုန်သော ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့သည် ကြုံတောင့်ကြုံခဲလှစွာသော ဗုဒ္ဓမြတ်စွာ၏ သာသနာတော်ကြီးနှင့် ကြုံခွင့်ဆုံခွင့်ရရှိကြသည်မှာ ထူးခြားလှသော ကုသိုလ်ကံကြောင့် ဖြစ်ပါသည်။ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရလက်ထက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပဲ့ကျင်းမြို့မှ မြန်မာနိုင်ငံသို့ ၁၉၉၄ ခုနှစ် ဧပြီလအတွင်းက ပထမအကြိမ် ဒေသစာရီ ကြွချီတော်မူလာသော ဗုဒ္ဓမြတ်စွယ်တော်ကို မျက်ဝါးထင်ထင် ဖူးမြော်ကြည်ညိုခွင့် ရရှိကြသည်မှာလည်း ပို၍ပို၍ ထူးခြားလှသော ကုသိုလ်ကံကြောင့်ပင် ဖြစ်ပါသည်။

ပုဂံ၊ ပင်းယ၊ အင်းဝ၊ စစ်ကိုင်း၊ မန္တလေး အစရှိသောဒေသတို့တွင် ဗုဒ္ဓသာသနာတော်မြတ်သည် အရှိန်အဟုန် ကြီးမားစွာ ထွန်းလင်းတောက်ပခဲ့သည်နှင့်အညီ စေတီပုထိုးများ၊ သာသနိက အဆောက်အအုံများ ကြည်ညို၍ မဆုံးနိုင်လောက်အောင် ပေါကြွယ်ဝလှပါသည်။ အထူးသဖြင့် မန္တလေးမြို့သည် မြန်မာမင်းတို့ ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှန်းနှင့် စံမြန်းခဲ့ရာ နေပြည်တော်ဖြစ်ခဲ့ခြင်း၊ ပဉ္စမ သင်္ဂါယနာ တင်တော်မူခဲ့ရာ သာသနာ့အောင်မြေဖြစ်ခဲ့ခြင်း၊ မြန်မာ့ရိုးရာ ယဉ်ကျေးမှု အမွေအနှစ်များ စုဝေးရာဖြစ်ခြင်း၊ အရပ်လေးမျက်နှာမှ မြန်မာပြည်သူများ အလွယ်တကူ ဝင်ထွက်သွားလာနိုင်သော ဗဟိုအချက်အချာဖြစ်ခြင်း တို့ကြောင့် ရဟန်းရှင်လူ ပြည်သူအပေါင်းတို့အတွက် ပစ္စုပ္ပန်၊ သံသရာ နှစ်ဖြာသောကောင်းကျိုး တိုးပွားဖွယ်ရာတို့ကို ရည်မျှော်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့်အညီ မန္တလေးမြို့ မဟာဓမ္မရံသီကုန်းတော်ပေါ်၌ စွယ်တော်မြတ်စေတီတစ်ဆူ တည်ထားကိုးကွယ်နိုင်ရန် နိုင်ငံတော်က စီစဉ်ခဲ့ပါသည်။

၆–၇–၉၅ ရက်နေ့ ပရိကမ္မ မြေသန့်မင်္ဂလာ အခမ်းအနားမှ အစပြု၍ ၁၃–၁၂–၉၆ ရက်နေ့ ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနား ကျင်းပပြုလုပ် အောင်မြင်သည်အထိ အချိန်ကာလ ၁ နှစ် ၅ လ ၈ ရက်အတွင်း ဉာဏ်တော်အမြင့် ၁၀၈ တောင်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) ကို တည်ထား ပြီးစီးခဲ့ပါသည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့က ဦးစီးကော်မတီ ဖွဲ့စည်းပေးခြင်း၊ ဦးစီးကော်မတီအောက်တွင် အစိုးရ ဝန်ကြီးဌာနများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ ပါဝင်စေခြင်း၊

လုပ်ငန်းကော်မတီများနှင့် လုပ်ငန်းကော်မတီများအောက်တွင် ဆပ်ကော်မတီများ အသီးသီးဖွဲ့စည်းခြင်း၊ အစည်းအဝေးကြီးများ အကြိမ်ကြိမ်ကျင်းပ၍ ညှိနှိုင်းမှုများ ပြုလုပ်ခြင်း၊ ကော်မတီဝင်အသီးသီး၏ တာဝန်ကျေပွန်မှုရှိခြင်း၊ ဆောက်လုပ်ရေး အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှု အနုပညာရှင်များက နောင်လာနောက်သားများ ပြောထုံးတွင်ရစ်လောက်အောင် အစွမ်းကုန်အားထုတ် ဆောင်ရွက်ကြခြင်း၊ တပ်ရင်းတပ်ဖွဲ့အလိုက် အားကြိုးမာန်တက် လုပ်အားဒါနပြုကြခြင်း၊ စေတနာရှင် အများပြည်သူတို့က ရွှေငွေဥစ္စာ ရတနာပစ္စည်းတို့ကို ကြည်ညိုသဒ္ဓါထက်သန်စွာ လှူဒါန်းကြခြင်းတို့ကြောင့်သာ စွယ်တော်မြတ်စေတီတော်ကို ထိုမျှသော အချိန်ကာလအတွင်း ပြီးမြောက်အောင် တည်ထားနိုင်ပေသည်ဟု သုံးသပ်မိပါသည်။

စွယ်တော်မြတ်စေတီတော်ကြီးကို နိုင်ငံတော်၏ ကြီးကြပ်မှုနှင့် အများပြည်သူတို့၏ စွမ်းအားဖြင့် တည်ထားနိုင်ခဲ့ရာ ဤစေတီတော်ကြီးသည် ထေရဝါဒ ဗုဒ္ဓဘာသာ၏ ထူးခြားထင်ရှားသော သမိုင်းမှတ်တိုင်ကြီးတစ်ခုအဖြစ် အဓွန့်ရှည်ကြာ မပျက်မယွင်း တည်တံ့နေစေရန် သားစဉ်မြေးဆက် ကြိုးပမ်းအားထုတ်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ကြိုးပမ်းအားထုတ်ကြသည်နှင့်အမျှ ကြိုးပမ်းအားထုတ်မှု၏ အကျိုးဆက်ဖြစ်သော သုခချမ်းသာအဖြာဖြာတို့ကို မလွဲကေန် ခံစားစံစားကြရမည် ဖြစ်ပါသည်။

စွယ်တော်မြတ်စေတီတော်ကြီး တည်ဆောက်ရာတွင် ငွေအား၊ လူအား၊ ပစ္စည်းအား၊ အတတ်ပညာအား အဝဝတို့ဖြင့် စေတနာသုံးတန် ပြဋ္ဌာန်းလျက် ကုသိုလ်ပါဝင်ခဲ့ကြခြင်း၊ မိမိတို့ပြုခဲ့ကြသော ထိုကုသိုလ်တို့ကို အဖန်တလဲလဲ အောက်မေ့သတိရ ကြည်ညိုပွားများခြင်းတို့ကြောင့် တည်ငြိမ်အေးချမ်း သာယာဝပြောသော နိုင်ငံတော်ကြီးကို ထူထောင်နိုင်ကြပါစေ၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့ အလိုလား အတောင့်တဆုံးဖြစ်သော အမြတ်ဆုံးသော နိဗ္ဗာန်အမတ သန္တိသုခ ချမ်းသာအစစ် ချမ်းသာအမှန်ကို မုချမသွေ ရရှိနိုင်ကြပါစေဟု ဆုမွန်တောင်း ဆန္ဒပြုလိုက်ပါသတည်း။

ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်

ဥက္ကဋ္ဌ

စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေး

ဦးစီးကော်မတီ

# အမှာစာ

မြန်မာ့သမိုင်းတွင် ထေရဝါဒ ဗုဒ္ဓသာသနာ စတင်ထွန်းကားကတည်းက ဗုဒ္ဓ၏ သရီရဓာတ်တော်များ၊ ရုပ်ပွားဆင်းတုတော်များကို ဌာပနာ၍ စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသည်။ ပုဂံခေတ် အနိရုဒ္ဓမင်း (အေဒီ ၁၀၄၄– အေဒီ ၁၀၇၇) လက်ထက်တွင် ရှင်အရဟံ၏ အဆုံးအမဖြင့် ဗုဒ္ဓသာသနာသည် အညာဆန်၍ ထွန်းကားစည်ပင်လာသောအခါ၌လည်း စေတီပုထိုးများ ဆက်လက်တည်ထား ကိုးကွယ်ခဲ့ကြပြန်သည်။ သို့သော် ပုဂံ၏ တိုးတက်မှုသည် ရှေးကထက် အဆများစွာ သာလွန်ခဲ့လေသည်။ အုပ်စိုးသောမင်းကေရာဇ်တို့သာမက လူတန်းစားအမျိုးမျိုးပါသော ပြည်သူတစ်ရပ်လုံးကပါ လူအား၊ ငွေအား၊ စေတနာအားတို့အား စုပေါင်းလျက် စေတီပုထိုးများ တည်ထားခဲ့ကြခြင်းဖြစ်သည်။

ဗုဒ္ဓ၏ သရီရဓာတ်တော်များဟုဆိုရာ၌ ဘုရားသခင် ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ကိုယ်တော်မှ ကြွင်းကျန်ရစ်ခဲ့သော မွေတော်၊ ဓာတ်တော်များအပြင် သပိတ်တော်၊ သင်္ကန်းတော်၊ တောင်ဝှေး စသည့် အသုံးအဆောင်များလည်း ပါရှိပေသည်။ ဤတွင် ဘုန်းတန်ခိုးကြီးသောမင်းတို့က စွယ်တော်မြတ်ကို ပူဇော်လိုသော ဆန္ဒက အကြီးဆုံးဟု ဆိုနိုင်သည်။ အနိရုဒ္ဓမင်းသည် စွယ်တော်မြတ်ကို ပူဇော်လိုသဖြင့် ဂန္ဓာလရာဇ် (တရုတ်ပြည်) မှ ပင့်ဆောင်ခဲ့ဖူးသည်။ မအောင်မြင်ခဲ့ချေ။ ဂန္ဓာလရာဇ်မှ စွယ်တော်မရခဲ့သော် သီဟိုလ် (သို့မဟုတ်) သိန်းခိုကျွန်းဟု ရှေးကထင်ရှားခဲ့သော သီရိလင်္ကာနိုင်ငံသို့ စွယ်တော်ပင့် စေလွှတ်ခဲ့ပြန်သည်။ အနိရုဒ္ဓမင်းကြီးသည် သီရိလင်္ကာမှာ စွယ်တော်အစစ်ကို မရရှိခဲ့သော်လည်း စွယ်တော်ပွားတစ်ဆူကိုမူ ထိုနိုင်ငံ၏မင်းက ဆက်လိုက်သဖြင့် ရရှိခဲ့သည်။ ယင်းကို ရွှေစည်းခုံ၌ ဌာပနာတော်မူခဲ့၏။ ထိုမင်းကြီးသည် သီရိလင်္ကာမှ ဆက်သသော စွယ်တော်ပွားကို ပင့်ဆောင်လျက် ရိုသေစွာပူဇော်၍ လေးကြိမ်တိုင်တိုင် အဓိဋ္ဌာန်တော်မူသဖြင့် ပွားအပ်သော စွယ်တော်များကို တန့်ကြည်တောင်ထိပ်၌လည်းကောင်း၊ လောကနန္ဒာ အရပ်၌လည်းကောင်း၊ တုရင်းတောင် (တရွင်းတောင်) ထိပ်၌လည်းကောင်း၊ ပြက်ကရွှေ့တောင်ထိပ်၌လည်းကောင်း စေတီများ တည်ထားလျက် ဌာပနာတော်မူခဲ့သည်။ ထို့ကြောင့် အနိရုဒ္ဓမင်းတစ်ပါးတည်းကပင် သီရိလင်္ကာမင်းမှ ဆက်သလိုက်သော စွယ်တော်ပွားတစ်ဆူကို လေးကြိမ်တိုင် ထပ်မံအဓိဋ္ဌာန်ပြု၍ ပွားသဖြင့် ရအပ်သော စွယ်တော်ငါးဆူကို တည်ထားခဲ့သည့်မင်းဖြစ်လေသည်။

ဤတွင် ရှေးမင်းကောင်းမင်းမြတ်များ၊ ရဟန်းပညာရှင်များ၊ လူပညာရှင်များသည် ဗုဒ္ဓ၏ဖြစ်တော်စဉ်နှင့် ပတ်သက်၍လည်းကောင်း၊ ဗုဒ္ဓ၏ကိုယ်တော်မှ ကြွင်းကျန်သော မွေသရီတော်များနှင့် ပတ်သက်၍လည်းကောင်း မေးမြန်းဖြေကြား နှီးနှောခြင်းဖြင့် ဗုဒ္ဓတရားတော်များတွင် နက်ရှိုင်းစွာကြည်ညိုမှုကို ပြသခဲ့ကြသည်။

ပို၍မြင်သာစေရန် အချို့ကို ကြုံကြိုက်သဖြင့် ဖော်ပြလိုပေသည်။ လက်ဝဲနော်ရထာက လျှောက်ထားမေးမြန်းသဖြင့် တောင်တွင်းဆရာတော်က ဖြေကြားခဲ့သော လက်ဝဲနော်ရထာလျှောက်ထုံး၌ တရုတ်ပြည် စွယ်တော်ရောက်ရှိပုံကို ဖော်ပြခဲ့သည်။ (လက်ဝဲနော်ရထာ၊ ၁၉၆၃၊ မျက်-၁၃) ကျည်းကန်ရှင်ကြီး ရှင်နန္ဒမေဓမေး၍ ကျီးသဲလေးထပ် ဆရာတော်ကြီး ဖြေဆိုတော်မူသော စွယ်စုံကျော်ထင်ကျမ်း (နှစ်တွဲ) ၌လည်း စွယ်တော်အကြောင်း၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး ကြွင်းကျန်သော ဓာတ်တော်၊ မွေတော်များကို စေတီတည်ထား ကိုးကွယ်ခဲ့ပုံအကြောင်းများကို အမေးအဖြေပြုခဲ့ကြသည်။ (ကျည်းကန်ရှင်ကြီးနှင့် ကျီးသဲ၊ ၁၉၆၁၊ ပ-၁၂၊ ဒု-၁၄၆-၈) ဤတွင် စွယ်တော်တို့ တည်ရှိရာကို ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီးက ထိုသို့လျှင် ဖြေဆိုတော်မူခဲ့သည်။

*လကျ်ာအထက်စွယ်တော်သည် တာဝတိံသာနတ်ပြည်၌၊ အောက်စွယ်တော်သည် နဂါးပြည်၌၊ လက်ဝဲအထက်စွယ်တော်သည် ဂန္ဓာလရာဇ်ပြည်၌၊ အောက်စွယ်တော်သည် ကလိင်္ဂရာဇ်ပြည်၌တည်သည်။*

ဟူ၍ ဖြစ်လေသည်။

ထို့ကြောင့် ယနေ့မြန်မာနိုင်ငံ ပွား၍စေတီတည်ထား ကိုးကွယ်သောစွယ်တော်သည် လက်ဝဲအထက် စွယ်တော်ပွားပင် ဖြစ်တော့သည်။

မုံရွာသီရိမာလာက မေးလျှောက်၍ မုံရွေးဇေတဝန်ဆရာတော် အရှင်အရိယာဝံသအာဒိစ္စရံသီ သူမြတ်က သီရိလင်္ကာ (သီဟိုဠ်) သို့ မြတ်စွာဘုရား၏စွယ်တော် ရောက်ရှိပုံကို သမန္တစက္ခုဒီပနီကျမ်း၌ ဤသို့ရှင်းပြတော်မူသည်။

*အောက်လက်ဝဲစွယ်တော်ကို အရှင်သာရိပုတ္တရာတပည့် အရှင်ခေမ မထေရ်သည် ရဲရဲမီးလျှံတောက်သော ထင်းပုံထဲမှ ဆောင်ယူ၍ ကလိင်္ဂတိုင်း ဗြဟ္မဒတ်မင်းအား သင်မှစ၍ ဂုဟာသီဝမင်းတိုင်အောင် ကိုးကွယ်ရလတ္တံ့ဟု ဆို၍အပ်၏။ သာသနာတော် ကိုးရာသုံးဆယ့်ငါးနှစ်ကျော်မှ ဂုတသီဝမင်းလက်ထက် ဟေမမာလာမင်းသမီးနှင့် ဒန္တမင်းသားတို့သည် ပုဏ္ဏားယောင်ဆောင်၍ စွယ်တော်ကိုယူပြီးသော် ကုန်သည်တို့နှင့် သင်္ဘောစီး၍ သီဟိုဠ် (သီရိလင်္ကာ) ကျွန်း ဇမ္ဗုကောဠ ဆိပ်သို့ရောက်လျှင် သံဃာ့ထေရ်ကိုလျှောက်၏။ မထေရ်လည်း ကိတ္တိသိရိမေဃမင်းသားအား သိစေ၏။ မင်းလည်း လာလတ်၍ ရှိခိုးပူဇော်လျှင် ပြာဋိဟာကို မြင်သောကြောင့် ဝမ်းမြောက်၍ သီဟိုဠ်ကျွန်းလုံးဖြင့် ပူဇော်၏။ ယနေ့တိုင် ထိုကျွန်း၌တည်လေ၏။ (မုံရွေး-ဒု၊ ၁၉၄၀၊ ၂၅၈-၉)*

ယနေ့ပုဂံတွင် ခရစ်နှစ်-၁၁-၁၃ ရာစုအတွင်း တည်ဆောက်ခဲ့သော စေတီပုထိုးပေါင်း ၂၀၀၀ ကျော် ရှိခဲ့သည်။ ကျောက်စာလည်း ၈၀၀ ဝန်းကျင်ရှိသည်ဟု သိရသည်။ သို့သော် တည်ထားခဲ့သော စေတီပုထိုးတို့၌ ဘုရားသခင်၏ သရီရဓာတ်တော်များ ဌာပနာခဲ့သည်ဟူသော အထောက်အထား ဖော်ပြမှုမှာ နည်းပါးလှသည်။ တွေ့ရှိရသည့်ထဲတွင် အချို့ကို ဖော်ပြလိုပါသည်။ အစဉ်အလာဓလေ့နှင့် ဗုဒ္ဓသာသနာအပေါ် ကြည်ညိုမှု၏ လေးနက်ပုံကို သဘောပေါက်ရန်အတွက် ဤသို့ဖော်ပြခြင်းဖြစ်ပေသည်။

သက္ကရာဇ် ၅၅၉ ခု တပေါင်းလဆန်း ၆ ရက်နေ့ (၁၂၊ ဖေဖော်ဝါရီလ၊ ၉၈) ထိုး ကျောက်စာတစ်ချပ် (ပုဂံပြတိုက် အမှတ် ၅၂) အရ ဘုရားတစ်ဆူတွင်–

*ပုရှာသွိင်ထာပနာသောထတ်ထပ် ၁၈၈ လုံး ဓာပနာဧ၏။ ၇–၈*

ဟု ဖော်ပြသည်။ သက္ကရာဇ် ၅၅၉ (အေဒီ ၁၁၉၈) ထိုး ဓမ္မရာဇကဘုရားကျောက်စာတွင်မူ သိန်းခိုဝ်ကျွန်း (သီရိလင်္ကာ) မှ ရရှိသော ဓာတ်တော်များကို ဌာပနာခဲ့သည်ဟု ထိုဘုရားကျောက်စာက ဆိုပေသည်။ ဖော်ပြရာ၌–

*သိန်းခိုဝ်မင်းလက်သရိုဂ ဓတ် ၃ဝ သောတွင် ၄ လုံမ်ရရှေ့*

*သေ်ဓာတ်နှင့်တကွ လွှောက်ဖျာဓက်ဓာပနာ သောဟုတ္တေ (၂၅–၂၇)*

ဟူ၍ဖြစ်၏။

သက္ကရာဇ် ၅၈၅ (အေဒီ ၁၂၂၃) ထိုး **ရွှေကွန်ချာဘုရားကျောက်စာ** တွင်မူ ဆင်းတုတော်အမျိုးမျိုး နှင့် ပုထိုးငယ်များကို "ဩိရ်ဓာတ်နှင့်အည်ရယ်ထမနာဧ၏။ ၂၁" ဟု ရေးသားဖော်ပြခဲ့ပါသည်။ ဓာတ်တော်၊ မွေတော်များကို ဌာပနာဟု ဖော်ပြရာ၌ အလွန်စနစ်ကျသောဘုရားမှာ အနန္တသူရမောင်နှံ တည်ခဲ့သော ပုဂံမင်းနန်းသူရွာမှ လေးမျက်နှာဘုရားပင်ဖြစ်သည်။ သက္ကရာဇ် ၅၈၅ နတ်တော်လပြည့်ကျော် ၇ ရက် သောကြာနေ့ (၁၅၊ ဒီဇင်ဘာ၊ ၁၂၂၃) ထိုးသောကျောက်စာတွင် ဌာပနာမည့် ဓာတ်တော်ကို စန္ဒကူးကြုတ် တွင်ထည့်၏။ ယင်းကို ဖန်ကြုတ်တွင်ထည့်၏။ ယင်းကို စန္ဒကူးနီကြုတ်တွင်ထည့်၏။ ယင်းကို ရွှေကြုတ်၊ ယင်းကို ငွေကြုတ်၊ ယင်းကို ရတနာကြုတ်၊ ယင်းကို ဆင်စွယ်ကြုတ်၊ ယင်းကို ကြေးကြုတ်၊ ယင်းကို ကျောက်ပုထိုးတွင်သွင်း၍ ဌာပနာသည်ဟု ဆိုလေသည်။ (၈–၁၀)

ဘုရင်တည်ထားသောဘုရား၌ ဌာပနာပုံကို ဖော်ပြသည့် ကျောက်စာတစ်ချပ်ကိုလည်း တွေ့ရှိရ သေးသည်။ ထိုကျောက်စာမှာ နဂါးလိမ်ကျောင်းဘုရားကျောက်စာဖြစ်၍ တည်ခဲ့သောမင်းမှာ "သီရိတရိ ဘဝနာဒိတျာပဝရဓမ္မရာဇာစည်သူ" အမည်ရှိမင်းဖြစ်သည်။ ကျောက်စာရေးထိုးသောရက်မှာ ၅၉၈ ခု၊ တော်သလင်းလဆန်း ၅ ရက် ဗုဒ္ဓဟူးနေ့ (၆၊ ဩဂုတ်၊ ၁၂၃၆) ဖြစ်သည်။

အထက်ဖော်ပြခဲ့သည်တို့မှာ ပုဂံခေတ်က လူတန်းစားပေါင်းစုံ တည်ထားကိုးကွယ်ခဲ့သော စေတီ ပုထိုးတို့၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်များကို ဌာပနာပုံများဖြစ်သည်။ ဘုရားတည်ပုံကို ရက်စွဲနှင့် ဖော်ပြသော ဘေဘုရားတစ်ဆူလည်း နမူနာယူဖွယ်ကောင်းသောကြောင့် တင်ပြလိုပါသေးသည်။ ဘုရား ဒကာမှာ အမတ်ညာဏပိစည် ဖြစ်၏။ ယင်း၏ကျောက်စာမှာ ပုဂံပြတိုက်ရှိ ကျောက်တိုင်အမှတ် (၆ဝ) ဖြစ်သည်။ ယင်းမှထုတ်နုတ်၍ ရက်စဉ်နှင့်တကွ တိုးတက်ပုံအဆင့်ဆင့်ကို ဖော်ပြလိုက်ပါသည်။

*သက္ကရာဇ် ၅၉၈ ခု၊ နယုန်လဆန်း ၇ ရက် တနင်္လာ (၁၂၊ မေ၊ ၁၂၃၆) နေ့ (ဘုရားတည်ရန်) ပန်တော်မူ။*

*သက္ကရာဇ် ၅၉၈ ခု၊ နယုန်လပြည့်ကျော် ၉ ရက် သောကြာ (၇၊ နိုဝင်ဘာ၊ ၁၂၃၆) နေ့ (ဘုရားတည်ရန်) လွှတ်တော်မူ။*

*သက္ကရာဇ် ၅၉၈ ခု၊ ပြာသိုလပြည့်ကျော် ၃ ရက် တနင်္လာ (၁၅၊ ဒီဇင်ဘာ၊ ၁၂၃၆) နေ့ ကူဌာပနာ။ ရေတွင်းတူး။*

*သက္ကရာဇ် ၅၉၈ ခု၊ တပေါင်းလပြည့် (၉၊ ဖေဖော်ဝါရီ၊ ၁၂၃၇) တံတိုင်းတည်ဆောက်ပြီး။*

*သက္ကရာဇ် ၅၉၈ ခု၊ တပေါင်းလပြည့်ကျော် ၇ ရက် တနင်္လာ (၁၆၊ ဖေဖော်ဝါရီ၊ ၁၂၃၇) ကူဘုရားအထွတ်တင်။*

*သက္ကရာဇ် ၅၉၈ ခု၊ တန်ခူးလဆန်း ၁၀ ရက် သောကြာ (၆၊ မတ်၊ ၁၂၃၇) နေ့ကူဘုရားဆေးရေးစ။ ရုပ်ပုံတော် ၁၄၅၁၉ ပါး၊ ဇာတ် ၅၅၀ တို့ကို ရေးခြယ်။*

*သက္ကရာဇ် ၅၉၈ ခု၊ နှောင်းတန်ခူးလပြည့်ကျော် ၁၂ ရက် တနင်္လာ (၂၃၊ မတ်၊ ၁၂၃၇) နေ့ ဆေးရေးမှုပြီးစီး။*

*ကျောင်း၊ ဓမ္မသာနှင့် တရားပလ္လင်တို့လည်း ဆောက်လုပ်ပြီးစီး။*

*ကြေးချိန် ၁၀၆.၅ ပိဿာရှိ ခေါင်းလောင်းကြီးသွန်းလုပ်။*

ဤသို့ ရက်စွဲဖြင့် ဖော်ပြခဲ့သကဲ့သို့ အခြားစာရင်းဇယားမှတ်တမ်းများလည်း ဖော်ပြခဲ့သေးသည်။ ထိုကျောက်စာက မြန်မာတို့သည် လွန်ခဲ့သောနှစ်ရာပေါင်းများစွာကာလကတည်းက စနစ်တကျ လုပ်ကိုင်ဆောင်ရွက်တတ်ကြောင်း၊ သမိုင်းမှတ်တမ်းကို ပြုစုထိန်းသိမ်းတတ်ကြောင်း သာဓကကောင်းတစ်ခု ဖြစ်ပေသည်။

ပုဂံခေတ် ဘုရားဒကာ၊ ကျောင်းဒကာတို့သည် ယင်းတို့၏ ကုသိုလ်ကောင်းမှု သာသနာငါးထောင်တည်တံ့ရှင်သန်စေရန်အတွက် ကျောက်စာကမ္ပည်းမော်ကွန်း ရေးထိုးခဲ့ကြသည်။ ယခု ကျွန်ုပ်တို့ တည်ထားသည့် စွယ်တော်မြတ်စေတီအတွက်လည်း ကမ္ပည်းမော်ကွန်း ရေးထိုးရမည်ဖြစ်သည်။ ကျွန်ုပ်တို့ ရေးထိုးမည့် ကမ္ပည်းကား ကျောက်ပြားပေါ်၌ မဟုတ်မူဘဲ ကွန်ပျူတာနှင့် စက္ကူစာရွက်ပေါ်တွင်ဖြစ်ပေသည်။ ကုသိုလ်ကောင်းမှုအတွက် အစဉ်တည်တံ့၍ သမိုင်းဝင်ဖြစ်ရန် ကမ္ပည်းမော်ကွန်းတင်ခြင်းသည် ပုဂံခေတ်၏ ကောင်းမွေတစ်ခုကို ဆက်ခံရခြင်းပင် ဖြစ်ပေသည်။

မြန်မာတို့ စေတီပုထိုး တည်ထားကိုးကွယ်ခြင်း၌လည်းကောင်း၊ ရုပ်ပွားဆင်းတုတော်များ ထုလုပ်ပူဇော်ခြင်း၌လည်းကောင်း လောကနိယာမသို့ မလိုက်ချေ။ တရားကျမ်းဂန်နှင့်အညီသာ ဆောင်ရွက်ခဲ့ကြမြဲဖြစ်သည်။ ထို့ကြောင့် စေတီပုထိုးတို့၏အောက်ခြေ ပန္နက်တော်မှ စိန်ဖူးတော်အထိ တစ်ခုချင်းသည် နက်နဲသော အဓိပ္ပာယ်ဆောင်မှု ရှိကြသည်ချည်း ဖြစ်ပေသည်။

ပျူတို့ ကောင်းစားခဲ့သည့် သရေခေတ္တရာခေတ်ကတည်းက ပျူတို့သည် လိုဏ်ပါသောဘုရားနှင့် လိုဏ်မပါသော စေတီပုထိုးဟူ၍ ခွဲခြားတည်ထားခဲ့ကြသည်။ လိုဏ်မပါသော စေတီပုထိုးတို့၌ မြတ်စွာဘုရားသခင်၏ သရီရဓာတ်တော်မွေတော်များကို ဌာပနာ၍ တည်သည်ဖြစ်သောကြောင့် ဓာတုစေတီဟု ဆိုသည်။ လိုဏ်ဘုရား၌မူ မြတ်စွာဘုရားသခင်၏ ရုပ်ပွားဆင်းတုတော်ကို ထားရှိပူဇော်သဖြင့် မြတ်စွာဘုရား သက်တော်ထင်ရှားရှိစဉ် စံနေတော်မူသော ဂန္ဓကုဋိတိုက်ကျောင်းတော်သဘော အဓိပ္ပာယ်ရှိသည်။ ပုဂံမှ ရွှေစည်းခုံစေတီနှင့် နန္ဒမူ (အာနန္ဒာ) ဘုရားတို့သည် မြင်သာသော သာဓကပင်ဖြစ်သည်။ ရွှေစည်းခုံ၌ ဗုဒ္ဓ၏စွယ်တော်မြတ်ကို ဌာပနာထားပြီး နန္ဒမူ (အာနန္ဒာ) ဘုရား၌ ဤဘဒ္ဒကမ္ဘာတွင် ပွင့်တော်မူပြီးခဲ့သော ဘုရားလေးဆူ (ကကုသံ၊ ကောဏဂုံ၊ ကဿပနှင့် ဂေါတမ) တို့၏ ရုပ်ပွားတော်လေးဆူ ထားရှိပူဇော်သည်။ ထို့အတူ ရန်ကုန်မှ ရွှေတိဂုံစေတီနှင့် မဟာဝိဇယရံသီတို့သည်လည်းကောင်း၊ မန္တလေးမြို့မှ မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်နှင့် မဟာမုနိတို့သည်လည်းကောင်း ဓာတုစေတီများနှင့် ဂန္ဓကုဋိတိုက်ကျောင်းတော်များဟူ၍ ခွဲခြားမြင်သာနိုင်ပေသည်။

ဤသို့ ခေတ်အဆက်ဆက်၌ မင်းအဆက်ဆက်တို့ ကြီးကျယ်ခမ်းနားလှသော စေတီပုထိုး ဂူကျောင်းဘုရားတို့ တည်ဆောက်ကိုးကွယ်ကြခြင်းသည် သာသနာတော် တည်တံ့ရှင်သန် ပြန့်ပွားစေလိုခြင်း၊ ပြည်သူအများတို့ ဗုဒ္ဓ၏ အေးမြသော အဆုံးအမတရားတော်၌ တည်မှီခိုလှုံနိုင်စေခြင်းနှင့် တစ်ခဲနက် စည်းလုံးသော ပြည်သူ့စွမ်းအားကို ဖော်ထုတ်ပြသလိုခြင်းတို့ ပါဝင်ပေသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ) အစိုးရ၏ လက်ထက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စွယ်တော်မြတ်သည် နှစ်ကြိမ်တိုင် ကြွရောက်လာနိုင်ခဲ့သည်သာမက တစ်နိုင်ငံလုံးမှ ပြည်သူအများလည်း ရန်ကုန်၊ မန္တလေးမြို့များ၌လည်းကောင်း၊ ထိုမြို့များသို့ကြွစဉ် လမ်းတစ်လျှောက်၌လည်းကောင်း ဖူးမြော်ပူဇော်ခွင့် ရရှိခဲ့ကြသည်။ ဤသို့ကြုံရခဲမှု ပူဇော်ကြရစဉ် ပြည်သူတစ်ရပ်လုံး၏ ယိုစီးကျလာခဲ့သော သဒ္ဓါတရားအဟုန်ဖြင့် လှူဒါန်းခဲ့ကြသည့် ရွှေငွေအသပြာတို့ကား သိန်းရာထောင်မက များပြားလှပေသည်။ ထိုအလှူတော်ငွေများဖြင့် ဗုဒ္ဓ၏ သာသနာတော် ပိုမိုရှင်သန်လာစေရန်အတွက် နိုင်ငံတော်အစိုးရက ဩဝါဒါစရိယဆရာတော်ကြီးများကို လျှောက်ထား၍ ရရှိသောဆန္ဒနှင့်အညီ စွယ်တော်မြတ်စေတီနှစ်ဆူကို ရန်ကုန်၊ မန္တလေးမြို့များ၌ တည်ထားပေးခဲ့ခြင်း ဖြစ်ပေသည်။

မန္တလေးမြို့၏ စွယ်တော်မြတ်စေတီတော်ကို မဟာဓမ္မရံသီကုန်းတော်ပေါ်၌ တည်ဆောက်ရန် ရွေးချယ်ပြီး–

ပရိကမ္မမြေသန့်မဟာမင်္ဂလာ (၆–၇–၉၅)၊

ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ (၁၅–၇–၉၅)၊

ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ (၄–၈–၉၅)၊

သတ္တဌာနမူလဌာပနာတော်သွင်း မဟာမင်္ဂလာ (၆–၂–၉၆)၊

ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာ (၂၄-၉-၉၆)၊

အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ (၂၆-၉-၉၆)၊

ပိန္နဲတိုင် စိုက်ထူခြင်းမင်္ဂလာ (၁၅-၁၀-၉၆)၊

အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ (၉-၁၂-၉၆)

ရွှေထီးတော်တင် မဟာမင်္ဂလာ (၁၃-၁၂-၉၆)

ရွှေကြာသင်္ကန်း ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ (၁၄-၁၂-၉၆) တို့ကို ကောင်းမြတ်သော မင်္ဂလာအခါတော်တို့၌ ဆင်ယင်ကျင်းပခဲ့ပေသည်။

စွယ်တော်မြတ်စေတီတော်ကို ကိုးမျက်နှာဖွင့်၍ ပုဂံခေတ်၏ အာနန္ဒာမူ (အာနန္ဒာ) နှင့် ရန်ကုန်မှ ရွှေတိဂုံဘုရား၏ပုံတော်တို့ကို နှစ်ဆယ်ရာစုနှောင်း ဗိသုကာ အင်ဂျင်နီယာဆရာတို့၏ ပညာတို့ဖြင့် ပေါင်းစပ်လျက် တည်ထားခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် စွယ်တော်မြတ်စေတီတော်သည် ရှေးမူနှင့် ခေတ်ဟန်ကို စနစ်ကျစွာ ပေါင်းစပ်ထားသဖြင့် အလွန်ကြည်ညိုဖွယ်ကောင်းလှပေသည်။ ထူးခြားသည်မှာ ယင်းသည် စွယ်တော်မြတ် ကိန်းဝပ်စံပယ်သဖြင့် ဓာတုစေတီဖြစ်သကဲ့သို့ ဗုဒ္ဓရုပ်ပွားတော်ကိုလည်း ပူဇော်ထားသောကြောင့် ဂန္ဓကုဋီတိုက်ကျောင်းတော်လည်း မည်ပေသည်။

ထိုသို့တည်ထားနိုင်မှုအတွက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်မှုကို ခံယူ၍ ပါဝင်ဆောင်ရွက်ခဲ့ကြသော ဝန်ကြီးဌာနများ၊ အင်ဂျင်နီယာများ၊ ဗိသုကာပညာရှင်များ၊ မြန်မာမှု ပညာရှင်များ၊ နိုင်ငံတော်တစ်ဝန်းလုံးမှ လုပ်အား၊ ငွေအား၊ ကြည်ညိုသဒ္ဓါအား ပွားများခဲ့ကြသော ပြည်သူ များကို ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်၍ ကျေးဇူးဥပကာယ တင်ရှိပါကြောင်း ဂုဏ်ပြုဖော်ပြ အပ်ပါသည်။

မကြုံစဖူးသော ကျွန်ုပ်တို့၏ခေတ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် တို့၏ နှစ်နိုင်ငံ ချစ်ကြည်ရေးသမိုင်းရလာဒ်ဖြစ်သည့် စွယ်တော်မြတ်စေတီတော် အောင်မြင်စွာ တည်ထား နိုင်ခဲ့မှုသည် နိုင်ငံတော် အကြီးအကဲတို့၏ ဦးဆောင်လမ်းညွှန်မှုအောက်၌ ပြည်သူတစ်ရပ်လုံး၏ လုပ်အား ဖြင့် ပူဇော်မှု၊ ဓနအားဖြင့် ပူဇော်မှု၊ သဒ္ဓါအားဖြင့် ပူဇော်မှုတို့ကို အကျိုးရှိစွာ စုစည်းနိုင်ခဲ့ခြင်းဖြစ်ပေသည်။ ထိုရလာဒ်သည် သာသနာတော် အနှစ် ၅၀၀၀ ပတ်လုံးသာမက ကမ္ဘာတည်သရွေ့တိုင် တည်တွန်းစေရန် သားစဉ်မြေးဆက် ဆက်လက်ထိန်းသိမ်းသွားနိုင်ကြပါရန် နှိုးဆော်တိုက်တွန်းလိုက်ရပေသတည်း။

(ဗိုလ်ချုပ်ရဲမြင့်)

ဥက္ကဋ္ဌ

စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီ (မန္တလေး)



စွယ်တော်မြတ်စေတီတော်  ဂန္ဓကုဋိတိုက်အတွင်းတွင်
အပူဇော်ခံမည့် မြတ်စွယ်တော်



ဥတ္တရ ဗောဓိမုဒြာ



ပြာဋိဟာရိယ မုဒြာ



ဘူမိဖဿ မုဒြာ



လာဘမုနိ မုဒြာ

# မြတ်စွာဘုရားရှင်၏ ဓာတ်တော်နှင့် စွယ်တော်များ

## (မဟာပရိနိဗ္ဗာနသုတ် မြန်မာပြန်)

ထိုအခါ အရှင်မဟာကဿပသည် ကုသိနာရုံပြည် မလ္လမင်းတို့၏ မကုဋဗန္ဓနမည်သော စေတီဌာန၌ မြတ်စွာဘုရား၏ နံ့သာထင်းပုံသို့ ချဉ်းကပ်ပြီးနောက် သင်္ကန်းကို ပခုံးတစ်ဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လက်ယာရစ် သုံးပတ်လှည့်ကာ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးလေ၏။ ထို (နောက်ပါ) ရဟန်းငါးရာတို့သည်လည်း သင်္ကန်းကို ပခုံးတစ်ဖက်၌ လက်ကန်တော့တင်ကာ လက်အုပ်ချီပြီးလျှင် နံ့သာထင်းပုံကို လက်ယာရစ် သုံးပတ်လှည့်ပြီး၍ မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခိုက်လျက် ရှိခိုးကြကုန်လေ၏။ အရှင်မဟာကဿပနှင့် ထိုရဟန်းငါးရာတို့ ရှိခိုးလတ်ပြီးသော် မြတ်စွာဘုရား၏ (အလောင်းတော်တည်ရာ) နံ့သာထင်းပုံသည် အလိုလိုလျှင်ပင် မီးတောက်လောင်၏။

မီးတောက်လောင်သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်း မထင်။ သရီရဓာတ်တော်တို့သည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်း မထင်သကဲ့သို့ မီးတောက်လောင်သော ထောပတ်ဆီတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်း မထင်သကဲ့သို့ မီးတောက်လောင်သော မြတ်စွာဘုရား၏ အလောင်းတော်မှ အရေပါး၊ အရေထူ၊ အသား၊ အကြော၊ အစေးတို့၏ ပြာသည်လည်းကောင်း၊ မှိုင်းသည်လည်းကောင်း မထင်။ သရီရဓာတ်တော်တို့သည်သာလျှင် ကြွင်းကျန်ကုန်၏။ ထိုပုဆိုးအစုံငါးရာတို့တွင်လည်း အတွင်းအကျဆုံးပုဆိုးနှင့် အပြင်အကျဆုံး ပုဆိုးနှစ်ထည်တို့သာလျှင် မီးမလောင်ကုန်။ မြတ်စွာဘုရား၏ အလောင်းတော်ကို မီးလောင်ပြီးလတ်သော် ကောင်းကင်မှ ရေအယဉ်သည် ထင်ရှားဖြစ်ပေါ်လာ၍ မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငြိမ်းစေ၏။ ရေရှိသော အင်ကြင်းပင်တို့မှလည်း (ရေအယဉ်သည်) ပန်းထွက်၍ မြတ်စွာဘုရား၏ နံ့သာထင်းပုံကို ငြိမ်းစေကုန်၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်း နံ့သာမျိုးစုံရေဖြင့် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို မင်းကွန်း၌ (ထားလျက်) လှံချိုင့်ဖြင့် ကာရံ၍ လေးသည်တော်တပ်ဖြင့် ခြံရံစေပြီးလျှင် ခုနစ်ရက်ပတ်လုံး ကခြင်း၊ သီခြင်း၊ တီးမှုတ်ခြင်းတို့ဖြင့်လည်းကောင်း၊ ပန်းနံ့သာတို့ဖြင့်လည်းကောင်း အရိုအသေပြုကုန်၏။ အလေးပြုကုန်၏။ မြတ်နိုးကုန်၏။ ပူဇော်ကုန်၏။

ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေ၏။ ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် “မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါသည်လည်း မင်းမျိုးဖြစ်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်အံ့” ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်၏။

ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည်လည်း မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိနေကုန်၏။ ထိုအခါ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည်လည်း မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည် "မြတ်စွာဘုရားသည် ငါတို့၏ ဆွေတော်မျိုးတော်များအနက် အထွတ်အမြတ်ပေတည်း။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

အလ္လကပ္ပပြည်သား ဗုလီမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေ၏။ ထိုအခါ အလ္လကပ္ပပြည်သား ဗုလီမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ရာမရွာသား ကောလိယမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ရာမရွာသား ကောလိယမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါသည်လည်း ပုဏ္ဏားဖြစ်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်၏။

ပါဝါပြည်သား မလ္လမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ပါဝါပြည်သား မလ္လမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်၏။ ငါသည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

ဤသို့ (သံတမန်စေလွှတ်၍) တောင်းဆိုကုန်သည်ရှိသော် ကုသိနာရုံပြည်သား မလ္လမင်းတို့သည် ထို (မင်း) ပေါင်းစုံတို့အား ဤစကားဆိုကုန်၏။ "မြတ်စွာဘုရားသည် ငါတို့၏ပြည်နယ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ငါတို့သည် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို (သင်တို့အား) ခွဲဝေ၍ မပေးကုန်အံ့" ဟု (ဆိုကုန်၏)။

ဤသို့ဆိုကုန်သည်ရှိသော် ဒေါဏပုဏ္ဏားသည် ထို (မင်း) ပေါင်းစုံတို့အား ဤစကားကိုဆို၏–

"အရှင်တို့၊ အကျွန်ုပ်၏ တစ်ခွန်းတည်းသောစကားကို နားထောင်ကြပါဦး။ အကျွန်ုပ်တို့၏ မြတ်စွာဘုရားမှာ သည်းခံသောဝါဒရှိပါသည်။ ထိုမြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေရေးကြောင့် စစ်ဖြစ်ရန်မသင့်ပါ။ အရှင်တို့၊ အလုံးစုံသော ငါတို့သည် တစ်ပေါင်းတည်း အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၍ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ ခွဲဝေကြပါစို့။ မြတ်စွာဘုရားကို လူအများတို့ ကြည်ညိုလျက်ရှိကြပါသည်။ အရပ်မျက်နှာတို့၌ စေတီပုထိုးများ အနှံ့အပြား တည်ရှိကြပါစေ" ဟုဆိုသည်။

"ပုဏ္ဏား၊ သို့ဖြစ်လျှင် သင်သည်ပင် မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ အညီအမျှ ကောင်းစွာခွဲဝေပါလော့" ဟု ဆိုကုန်၏။

"အရှင်တို့၊ ကောင်းပါပြီ" ဟု ဒေါနပုဏ္ဏားသည် ထိုမင်းပေါင်းစုံတို့အား ဝန်ခံ၍ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ရှစ်စုရှစ်ပုံ အညီအမျှ ကောင်းစွာခွဲဝေပြီးလျှင် ထိုမင်းအပေါင်းတို့အား ဤစကားကို ဆို၏။

"အရှင်တို့၊ အကျွန်ုပ်တို့အား ဤ (ဓာတ်တော်ခြင်သော) ပြည်တောင်းကို ပေးပါကုန်လော့။ အကျွန်ုပ်သည်လည်း (ဓာတ်တော်ခြင်သော) ပြည်တောင်းကို စေတီပုထိုး တည်ထားပူဇော်ပါအံ့" ဟု (ဆို၏)။

ထို (မင်းပေါင်းစုံ) တို့သည် ဒေါဏပုဏ္ဏားအား (ဓာတ်တော်ခြင်သော) ပြည်တောင်းကို ပေးကုန်၏။

ပိပ္ပလိဝိနတိုင်းသား မောရိယမင်းတို့သည် မြတ်စွာဘုရား ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူကြောင်းကို ကြားသိလေကုန်၏။ ထိုအခါ ကပ္ပလိဝနတိုင်းသား မောရိယမင်းတို့သည် "မြတ်စွာဘုရားသည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မင်းမျိုးဖြစ်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို တစ်စုတစ်ပုံ ရထိုက်ကုန်၏။ ငါတို့သည်လည်း မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်အံ့" ဟု ကုသိနာရုံပြည်သား မလ္လမင်းတို့ထံသို့ သံတမန်စေလွှတ်ကုန်၏။

မြတ်စွာဘုရား၏ သရီရဓာတ်တော်အဖို့သည် မရှိတော့ပြီ။ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို ခွဲဝေ၍ ပေးပြီးကုန်ပြီ။ ဤ (မီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးကို ယူကုန်လော့ဟု (မလ္လမင်းတို့က ဆိုသဖြင့်) ထိုမောရိယမင်းတို့သည် (ထိုမီးသင်္ဂြိုဟ်ရာ) အရပ်မှ မီးသွေးတို့ကို ယူဆောင်ကုန်၏။

ထိုအခါ ဝေဒေဟီမိဖုရား၏သား မဂဓတိုင်းရှင် အဇာတသတ်မင်းသည် ရာဇဂြိုဟ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်၏။ ဝေသာလီပြည်သား လိစ္ဆဝီမင်းတို့သည် ဝေသာလီပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထား ပူဇော်ကြကုန်၏။ ကပိလဝတ်ပြည်၌ နေကုန်သော သာကီဝင်မင်းတို့သည်လည်း ကပိလဝတ်ပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကုန်၏။ အလ္လကပ္ပပြည်သား ဗုလီမင်းတို့သည်လည်း အလ္လကပ္ပပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ရာမဂ္ဂါသား ကောလိယမင်းတို့သည်လည်း ရာမဂ္ဂါ၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ဝေဋ္ဌဒီပတိုင်းသား ပုဏ္ဏားသည်လည်း ဒေဋ္ဌဒီပတိုင်း၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ပါဝါပြည်သား မလ္လမင်းတို့သည်လည်း ပါဝါပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ကုသိနာရုံပြည်သား မလ္လမင်းတို့သည်လည်း ကုသိနာရုံပြည်၌ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကို စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ဒေါဏပုဏ္ဏားသည်လည်း ပြည်တောင်းကို စေတီပုထိုး တည်ထားပူဇော်၏။ ဝိပ္ပလိဝနတိုင်းသား မောရိယမင်းတို့သည်လည်း (မီးသဂြိုဟ်ရာအရပ်မှ ယူဆောင်ခဲ့သော) မီးသွေးတို့ကို ဝိပ္ပလိတိုင်း၌ စေတီပုထိုး တည်ထားပူဇော်ကြကုန်၏။ ဤသို့လျှင် သရီရဓာတ်တော် စေတီပုထိုးရှစ်ဆူနှင့် ကိုးခုမြောက် ပြည်တောင်းစေတီပုထိုးတစ်ဆူ၊ ဆယ်ခုမြောက် မီးသွေးစေတီပုထိုးတစ်ဆူအားဖြင့် ဤစေတီပုထိုးတော် ဆယ်ဆူသည် ဖြစ်ပေါ်ခဲ့လေသတည်း။

စက္ခုငါးပါးရှိတော်မူသော မြတ်စွာဘုရား၏ သရီရဓာတ်တော်သည် ရှစ်စိတ် (ရှစ်ဒေါဏ) ရှိ၏။ ယောကျ်ားမြတ်ဖြစ်သော မြတ်စွာဘုရား၏ (သရီရဓာတ်တော်) ခုနစ်စိတ်ကို ဇမ္ဗူဒိပ်ကျွန်း၌ ကိုးကွယ်ပူဇော်ကြကုန်၏။ တစ်စိတ်ကိုမူကား ရာမဂ္ဂါ၌ နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။ တစ်ဆူသော စွယ်တော်ကို တာဝတိံသာနတ်တို့သည် ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသော စွယ်တော်ကိုကား ဂန္ဓာရပြည်၌ ကိုးကွယ်ပူဇော်ကုန်၏။ တစ်ဆူသော စွယ်တော်ကိုကား ကာလိင်္ဂမင်း၏ တိုင်းနိုင်ငံ၌ ကိုးကွယ်ပူဇော်၏။ တစ်ဆူသော စွယ်တော်ကိုကား နဂါးမင်းသည် ကိုးကွယ်ပူဇော်၏။

ထိုသရီရဓာတ်တော်၏ တန်ခိုးကြောင့်ပင်လျှင် ဤမဟာပထဝီမြေပြင်သည် မြတ်သောဓာတ်တော်ပူဇော်ပွဲတို့ဖြင့် တန်ဆာဆင်ထားသကဲ့သို့ တင့်တယ်ပေ၏။ ဤသို့လျှင် မြတ်စွာဘုရား၏ သရီရဓာတ်တော်ကို မြတ်ထက်မြတ်ဖြစ်သော နတ်လူတို့သည် ကောင်းစွာအရိုအသေပြုကြကုန်၏။

(အကြင်) သရီရဓာတ်တော်ကို နတ်မင်း၊ နဂါးမင်း၊ လူမင်းတို့သည် ပူဇော်ကြလေပြီး ထို့အတူပင် မင်းထက်မင်းမြတ်တို့သည်လည်း ပူဇော်ကြလေပြီ။ ထို (သရီရဓာတ်တော်) ကို ရရှိလတ်သော် လက်အုပ်ချီမိုး ရှိခိုးကြကုန်လော့။ မြတ်စွာဘုရားဟူသည် ကမ္ဘာအရာတို့ဖြင့်သော်လည်း စင်စစ်တွေ့ရခဲ၏။

ညီညွတ်သော သွားတော်လေးဆယ်နှင့် အလုံးစုံသော ဆံတော်မွေတော်တို့သည် ရှိကုန်၏။ နတ်တို့သည် တစ်ဆူစီ စကြဝဠာအဆက်ဆက်သို့ ပင့်ဆောင်လေကုန်သတည်း။ ။

မောင်အုံ့ – မဟာဝိဇ္ဇာ (ဘုံဘော)

# တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ဘုရား၏ သမိုင်းအကျဉ်း

ဗုဒ္ဓမြတ်စွယ်တော်ဘုရားစေတီသည် သကျမုနိ ဗုဒ္ဓမြတ်စွာဘုရား၏ စွယ်တော်မြတ်ကို ဌာပနာရန်အတွက် တရုတ်နိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့က တည်ထားကိုးကွယ်သော စေတီအသစ်ဖြစ်သည်။ ဤစေတီသည် မူရင်းဌာနဖြစ်သော လင်ကွမ်းဘုန်းကြီးကျောင်းဝင်းအတွင်း၌ရှိသည်။ ပဲ့ကျင်းမြို့တော်၏ ဆင်ခြေဖုံးအရပ်များရှိ အနောက်တောင်ကုန်းများတွင် နာမည်ကျော်ကြားလှသော အလှဆုံးရှုခင်း ရှစ်ဌာနအနက် လင်ကွမ်းဘုန်းကြီးကျောင်းသည် ဒုတိယမြောက် အလှဆုံးဌာနဖြစ်သည်။ ဤဗုဒ္ဓမြတ်စွယ်တော်သည်ကား တရုတ်နိုင်ငံတွင် နှစ်ပေါင်း ၁၅၀၀ ကျော် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်။

ဗုဒ္ဓဝင် သမိုင်းမှတ်တမ်း အထောက်အထားများအရဆိုသော် ဗုဒ္ဓမြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံတော်မူပြီးနောက် ဥတုဇရုပ်ကလာပ်တော်တို့ တေဇောဓာတ်လောင်ရာ ဓာတ်တော်မွေတော် ၈ စိတ်နှင့် စွယ်တော်မြတ်လေးဆူ၊ နဖူးသင်းကျစ်တော်၊ ညှပ်ရိုးတော်နှစ်ဆူ ကြွင်းကျန်ရစ်သည်။ ကျန်ရစ်သည့် စွယ်တော်လေးဆူအနက် နတ်ပြည်နှင့်နဂါးပြည်က နှစ်ဆူပင့်ဆောင်သွား၍ လူ့ပြည်အတွက် မြတ်စွယ်တော် နှစ်ဆူ ကျန်ရစ်တော်မူသည်။ တစ်ဆူကို သီရိလင်္ကာသို့ ဆောင်ယူကိုးကွယ်ကြသည်။ အခြားတစ်ဆူကို ဂန္ဓာရတိုင်း ဥဒျာနသို့ ဆောင်ယူသည်။ (ဥဒျာနသည် ယနေ့ ပါကစ္စတန်နိုင်ငံအတွင်း၌ရှိသည်။) ဥဒျာနမှ ခိုထန်သို့ ပင့်ဆောင်လာခဲ့သည်။ (ခိုထန်သည် ယနေ့ တရုတ်နိုင်ငံ ရှင်ကျန်းပြည်နယ်တွင်းရှိ ဟိုတီယန် ဖြစ်သည်။) ၅ ရာစုတွင် တောင်ပိုင်း ချီမင်းဆက်လက်ထက် ဖရှန် အမည်ရှိ တရုတ်ဘုန်းတော်ကြီး (၄၂၄–၄၉၈) တစ်ပါးသည် ခိုထန်သို့ ခရီးနှင်ခဲ့သည်။ ခိုထန်မှ မြတ်စွယ်တော်ကို နန်ကျင်းသို့ ပင့်ဆောင်လာခဲ့သည်။ ထိုစဉ်က နန်ကျင်းသည် တောင်ပိုင်းချီမင်းဆက်တို့၏ ရွှေမြို့တော်ဖြစ်သည်။ ဆွီမင်းဆက်လက်ထက်၌ တရုတ်ပြည်ကြီး ပြန်လည်စည်းရုံးလာခဲ့ရာ မြတ်စွယ်တော်ကို ရွှေမြို့တော်အသစ် ချန်အန်းသို့ ပင့်ဆောင်ကိုးကွယ်ကြသည်။ မင်းဆက်ငါးဆက်လက်ထက် တရုတ်ပြည်အလယ်ပိုင်းသည် မတည်မငြိမ်ဖြစ်လာရာ မြတ်စွယ်တော်ကို တစ်နေရာမှ တစ်နေရာသို့ ပြောင်းရွှေ့သယ်ဆောင်ခဲ့ရာ မြောက်ပိုင်းလီယိုမင်းဆက်တို့၏ ရွှေမြို့တော်ဖြစ်သော ယန်ကျင်း (ယနေ့ ပဲ့ကျင်းမြို့တော်) သို့ ရောက်ရှိလာသည်။ ကေရာဇ် "တောင်စွန်း" ၏ နန်းစဉ်ရာဇဝင်ဖြစ်သော မင်းဆက်သမိုင်း အတွဲ (၂၂) တွင် ချောင်ရှန်းစေတီတွင် ဗုဒ္ဓမြတ်စွယ်တော်ကို ဌာပနာကြောင်း မှတ်တမ်းပါရှိသည်။ ရှင်းယုန်မင်း၏ နန်းသက် ခုနစ်နှစ်နှင့် ရှစ်လမြောက် (အေဒီ ၁၀၇၁) တွင် ဌာပနာကြောင်း ဖော်ပြထားသည်။ ဤကား ဗုဒ္ဓမြတ်စွယ်တော်၏ ပဲ့ကျင်းရွှေမြို့တော်သို့ ကြွရောက်လာခြင်းအကြောင်းဖြစ်သည်။

ချောင်ရှန်းစေတီ တည်ရှိရာ လင်ကွမ်းဘုန်းကြီးကျောင်းတော်ကြီးကား ၈ ရာစုက တည်ဆောက်သော ကျောင်းကြီးဖြစ်သည်။ ကျောင်းဝင်းအရှေ့တောင်ထောင့်နေရာ၌ အုတ်နှင့်တည်ဆောက်သော အဌဂံရှစ်မြှောင့်ပုံစံ အထပ် ၁၀ ထပ်ပါသော စေတီဖြစ်သည်။ စေတီအုတ်ချပ်များတွင် ဗုဒ္ဓပုံတော်နှင့် စေတီပုံတော်များ ပါရှိသောကြောင့် "ဗုဒ္ဓဘုရားပုံတော်တစ်ထောင်စေတီ" ဟု တွင်လာသည်။ ပဲ့ကျင်းရွှေမြို့တော်သို့ ရောက်လာသော ကမ္ဘာအဝန်းမှ ဧည့်သည်တို့အဖို့ လင်ကွမ်းကျောင်းတော်ကြီးကား ဘုရားဖူး လေ့လာစရာ နာမည်ကျော် ဌာနတစ်ခုဖြစ်နေခဲ့သည်မှာ နှစ်ပေါင်းရာနှင့်ချီ၍ ကြာခဲ့ပြီ။ ၁၉၀၀ ပြည့်နှစ်၌ နယ်ချဲ့ ၈ နိုင်ငံတို့၏ မဟာမိတ်တပ်များ ပူးပေါင်း၍ ပဲ့ကျင်းရွှေမြို့တော်သို့ ကျူးကျော်ဝင်ရောက်ကြသောအခါ ပစ္စည်းများ လုယူဖျက်ဆီးခြင်း၊ မီးရှို့ခြင်း ပြုလုပ်ကြသောကြောင့် မြောက်မြားစွာ ပျက်စီးဆုံးရှုံးရသည်။ ဆင်ခြေဖုံးရပ်များတွင် တည်ရှိသော လင်ကွမ်းကျောင်းနှင့် ချောင်ရှန်းစေတီတို့သည်ပင် ကျူးကျော်သူတို့က အမြောက်ကြီးများဖြင့် ပစ်ခတ်ခြင်းကြောင့် စေတီတော်ကြီး ပြိုကျပျက်စီးခဲ့ရသည်။ ဘေးဆိုးကြီးလွန်မြောက်သွားပြီးနောက် ကျောင်းနေရဟန်းတော်တို့ ကျောင်းပျက်၊ စေတီပျက်များကို ရှင်းလင်းကြရာ စေတီ၏အောက်ခြေ၌ ကျောက်ဖြင့်ပြုလုပ်ထားသည့် ဌာပနာကြုတ်တော်ကိုတွေ့ရာ အတွင်း၌ မြတ်စွယ်တော်ကို ဌာပနာထားသည်ကို ဖူးတွေ့ရသည်။ ကြုတ်အတွင်း၌ သစ်မွှေးနှင့် ပြုလုပ်ထားသော သေတ္တာပေါ်ဝယ် အောက်ပါကမ္ပည်းစာတမ်းကို တွေ့ရသည်။

"သကျမုနိ ဗုဒ္ဓမြတ်စွာ၏ မြတ်စွယ်တော်ဓာတ်၊ တီယန်ဟုယီမင်း၏ နန်းသက် ခုနှစ်နှစ်၊ လေးလနှစ်ဆယ့်သုံးရက်နေ့တွင် ရှန်ဟူယီက ဤကမ္ပည်းကိုရေးသည်။ ကံကောင်းထောက်မသဖြင့် "နှင်းရည်သောက် ကျောက်ဖလားခွက်ကြီး" သည် စေတီ၏ထိပ်၌ မူလတင်ထားသည့်အတိုင်း မပျက်မစီး ပကတိတည်နေသည်။ ထိုကျောက်ဖလားခွက်ကြီးတွင် ထိုးထားသော စေတီတည်ခုနှစ်သည် လီယိုမင်းဆက် ရာဇဝင်ပါ ခုနှစ်နှင့် ကိုက်ညီကြောင်း တွေ့ရသည်။ ထိုကမ္ပည်းတွင် ဖော်ပြထားသည်မှာ ယန်ကူအိုနယ်စား မင်းသမီးကြီး နီးချန်က ဤစေတီကိုတည်သည်။ ရှန်ဖူး၊ လင်ဂေါင်နှင့် မဟာလီအိုနယ်စားကြီး စသောဘွဲ့များ ရရှိသူ မဟာနန်းရင်းဝန်ကြီး၏ မယ်တော်ကား ဤမင်းသမီးကြီးဖြစ်သည်" ဟု ဖြစ်သည်။

ယန်ကူအိုနယ်စား မင်းသမီးကြီးကား လီအို၏ နန်းရင်းဝန်ကြီး ယေလုရန်ဆီရှန်၏ မယ်တော်ဖြစ်သည်။ သစ်မွှေးသေတ္တာကမ္ပည်း ရေးပေးသော ရှန်ဟူယီကား မင်းဆက်ငါးဆက်ခေတ်က မြောက်ပိုင်းဟာန်နယ်မှ ဘုန်းတော်ကြီးဖြစ်သည်။ မင်ဂိုး ပြုစုသော "ထင်ရှားသော ရဟန်းတော်များ အတ္ထုပ္ပတ္တိများ နောက်ဆက်တွဲ" တွင် ရှန်ဟူယီ၏ အတ္ထုပ္ပတ္တိအကျဉ်း ဖော်ပြထားသည်။ တီယန်ဟုယီမင်း၏ နန်းသက် ခုနှစ်နှစ်ကား အေဒီ ၉၆၃ ခုဖြစ်သည်။ ၁၀၇၁ ခုနှစ် ချောင်ရှန်းစေတီ၌ ဌာပနာသောနှစ်မှစ၍ ၁၉၀၀ ပြည့်နှစ်တွင် ပြန်လည်ပေါ်ပေါက်လာသောနှစ်အထိ နှစ်ပေါင်း ၈၃၀ ကြာ ထိုစေတီတွင်၌ မြတ်စွယ်တော် ကိန်းဝပ်နေခဲ့သည်။

မြတ်စွယ်တော် ပြန်လည်ပေါ်လာသောအချိန် ၁၉၀၀ ပြည့်နှစ်မှ နှစ်ငါးဆယ်အတွင်း တရုတ်ပြည်ကြီးသည် စစ်ဘုရင်များနှင့် အရာရှိဆိုးများလက်အောက်သို့ ကျရောက်ရပြီး နယ်ချဲ့တို့၏ ကျူးကျော်မှုလည်း ခံရသည်။ ယင်းအခြေအနေတွင် ရဟန်းတော်တို့သည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု ထုံးစံဓလေ့အတိုင်း မြတ်စွယ်တော်ကို ပူဇော်ကိုးကွယ်ထားရန် မဖြစ်နိုင်တော့ချေ။ တရုတ်ပြည်ကြီး လွတ်မြောက်သွားပြီးသည့်အခါ ပဲ့ကျင်းမြို့တော်ရှိ ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့၏ ကမကထပြုခြင်းနှင့် တရုတ်နိုင်ငံတော်အစိုးရ၏ ပံ့ပိုးထောက်ပံ့မှုပြုခြင်းတို့ကြောင့် မြတ်စွယ်တော်ဓာတ်ကို ၁၉၅၅ ခုနှစ်တွင် ကွမ်ဂျီးဘုန်းကြီးကျောင်းသို့ ပင့်ဆောင်ခဲ့ကြသည်။ ကျောက်မျက်ရတနာ ခုနစ်မျိုးနှင့် စီခြယ်ထားသော ထူပါစေတီပုံရှိသော ရွှေသားပကတိကြုတ်အတွင်း၌ မြတ်စွယ်တော်ဓာတ်ကို ကိန်းဝပ်စေပြီး သရီရကျောင်းဆောင်တော်ကြီးအတွင်း၌ ထားရှိကိုးကွယ်ရာ ပြည်တွင်းပြည်ပမှ ဗုဒ္ဓဘာသာဝင် သူတော်စင်တို့ လာရောက်ဖူးမြော် ပူဇော်ကြသည်။ မြန်မာနိုင်ငံနှင့် သီရိလင်္ကာနိုင်ငံရှိ ဗုဒ္ဓဘာသာဝင်တို့၏ မေတ္တာရပ်ခံချက်အရ မြတ်စွယ်တော်သည် ထိုနိုင်ငံ နှစ်နိုင်ငံသို့ သီးခြား ဒေသစာရီ ကြွချီပြီး အပူဇော်ခံတော်မူခဲ့သည်။

မြတ်စွယ်တော်ကို ပူဇော်ရန် ထာဝရနေရာဌာန သတ်မှတ်ရေးနှင့် ကျော်ကြားသော သမိုင်းဝင်နေရာကို ထည်ဝါခံ့ညားစေရန် မွမ်းမံပြုပြင်ရေးအတွက် ဗုဒ္ဓဘာသာရိုးရာစနစ်အရ စေတီအသစ်တစ်ဆူတည်ထားရန် ၁၉၅၇ ခုနှစ် နွေဦးပေါက်ချိန်အထိ ခံ့ညားတင့်တယ်လှသော စေတီအသစ်နှင့် အပေါင်းပါသာသနိက အဆောက်အအုံတို့ကို တည်ဆောက်ရာ အောင်မြင်စွာ ပြီးစီးသွားသည်။

၅၁ မီတာမြင့်သော မြတ်စွယ်တော်စေတီတော်သည် ရှစ်မြှောင့်ပုံဖြစ်ပြီး ဖောင်းရစ် ၁၃ ရစ်နှင့် မွမ်းမံထားသည်။ စတုရန်း ၂၂ မီတာကျယ်သော ဖိနပ်တော်ပေါ်ဝယ် တည်ထားသည်။ ဖိနပ်တော်သည် မြေပြင်မှ ၂.၇၀ မီတာမြင့်သည်။ ဆောက်လုပ်မှုတွင် ခေတ်သစ်ဗိသုကာနည်းများကို အသုံးပြုပြီး ပုံစံတွင် တရုတ်ရှေးရိုးရာ ဗုဒ္ဓဘုရားစေတီ၏ အစဉ်အလာများအတိုင်း တည်ဆောက်ထားသည်။ ဗိသုကာ ပြုပြင်ပြောင်းလဲမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများလည်း ပြုလုပ်ထားသည်။ အပြင်မှကြည့်လျှင် တစ်ထပ်တည်းသာပါသော အဆောက်အအုံနှင့်တူပြီး ဖောင်းရစ်များကို နီးကပ်စွာ ဖော်ပြထားသည်။ ဤဗိသုကာပုံစံမှာ တန်နှင့်စွန်မင်းဆက်များခေတ်က မြောက်ပိုင်းတရုတ်ပြည်၌ အလွန်ခေတ်စားသည်။ မြစိမ်းရောင်ကြွေပြားများနှင့် စီခြယ်ပြီး ရွှေထီးတော် တင်ထားသည်။ အနုစိတ် ထုထားသော ပန်းပုလက်ရာများနှင့် အလှဆင်ထားသော ပြတင်းများနှင့် ထုပ်ဆွဲ၊ ထုပ်ယောက်များက စေတီတော်၏ ကျက်သရေကို တိုးစေသည်။ ရှင်းလင်းတိကျခံ့ညားသိမ်မွေ့သော အသွင်ကို ဆောင်နေသည်။ အတွင်းပိုင်း၌ အထပ် ၇ ထပ် ဆင့်ထားသည်ကို တွေ့ရသည်။ မြေအောက်ထပ်၌ လျှို့ဝှက်အခန်းရှိရာ အခန်းနံရံများတွင် ကျောက်စာပြားများ ကပ်ထားသည်။ စေတီတည်ထားခြင်းအကြောင်း သမိုင်းနှင့် များးစွာသော ဗုဒ္ဓပေစာများကို ရေးထိုးထားသော ကမ္ပည်းကျောက်စာများဖြစ်သည်။ ထိုအခန်းအပြင်၌ရှိသော ကျောက်လှေကားထစ်များမှ ကွေ့ပတ်တက်လာလျှင်

မြတ်စွယ်တော် ကိန်းဝပ်ရာ စံကျောင်းတော်အခန်းကြီးသို့ ရောက်လာသည်။ အခန်းအလယ်တွင် ဝါဂျုရ ပလ္လင်ရှိပြီး ပလ္လင်ပေါ်တွင် ကျောက်မျက်ရတနာခုနစ်ပါး စီခြယ်ထားသည့် ရွှေသားပကတိနှင့် ပြုလုပ်ထားသော မြတ်စွယ်တော်ကြုတ်ကို ဖူးတွေ့ရသည်။ မြတ်စွယ်တော်ကြုတ်မှာ ရှေးဟောင်းစေတီပုံစံဖြစ်ပြီး လက်ရာမြောက်လှသော ပန်းထိမ်ပညာ အမွှမ်းအမံများနှင့် ဖော်ထားသည်။ မှန်ကာထားသောနေရာမှ အတွင်းသို့ ဖူးလိုက်သောအခါ ရွှေကြာပွင့်ပေါ်တွင် ကိန်းဝပ်နေသော မြတ်စွယ်တော်ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည်။ မြတ်စွယ်တော်ကြုတ်၌ သက္ကတဘာသာနှင့် ရေးထိုးထားသော ဂါထာများကို တွေ့ရသည်။ တရုတ်ရိုးရာ ခြင်္သေ့ပုံ ဖောင်းကြွများကို ကြုတ်တွင် ထွင်းဖော်ထားသည်။ မြတ်စွယ်တော်ကြုတ်၏ နောက်ကျောတွင် နောက်ခံကားသဖွယ် ဆင်ထားသော ရောင်စုံဆေးပန်းချီကားချပ်ကြီးရှိသည်။ ခန်းမကြီးနံရံများ၌ ကျောက်ဖြူကျောက်ပြားများနှင့် မွမ်းမံထားသည်။ မျက်နှာကျက်တွင် ရွှေပိန်းချ နဂါးရုပ်ကြီး သက်ဝင်လှုပ်ရှားနေဟန်ကို ဖောင်းကြွထွင်းထားရာ ဟသ်ာပြဒါးအနီရောင်အောက်ခံနှင့် ပနံတင့်လှသည်။ အစီအစဉ် အမွှမ်းအမံကို ခြုံ၍သုံးသပ်သောအခါ လေးနက်တည်ငြိမ်ပြီး ဗုဒ္ဓသာသနာအပေါ် ကြည်ညိုသဒ္ဓါပွားစိတ်များ ဖြစ်ပေါ်စေသည်။ အပေါ်ခြောက်ထပ်၌ ဟန်၊ တိဘက်၊ မွန်ဂိုလျှနှင့် ထိုင်း တိုင်းရင်းသားတို့၏ ဘာသာရေးဆိုင်ရာ အသုံးအဆောင် အခမ်းအနားပစ္စည်းများနှင့် ဗုဒ္ဓကျမ်းစာပေများကို သီးခြားစီ ထိန်းသိမ်းပြသထားသည်။

၁၉၆၄ ခု၊ ဇွန်လ ၂၅ ရက်နေ့တွင် တရုတ်ပြည် ဗုဒ္ဓဘာသာအသင်းကြီးက မြတ်စွယ်တော်စေတီဖွင့်ပွဲ အခမ်းအနားကြီးကို တည်ငြိမ်ခံ့ညားစွာ ကျင်းပသည်။ ကမ္ဘောဒီးယား၊ သီရိလင်္ကာ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မွန်ဂိုလျ၊ နီပေါ၊ ပါကစ္စတန်၊ ဗီယက်နမ်နှင့် တောင်ဗီယက်နမ်တို့မှ ဗုဒ္ဓဘာသာ ကိုယ်စားလှယ်များ၊ အဖွဲ့များသည် ဖိတ်ကြားချက်အရ အခမ်းအနားကြီးသို့ တက်ရောက်လာကြသည်။ နိုင်ငံခြားသံတမန်အချို့နှင့် တရုတ်အရာရှိများလည်း အခမ်းအနား ကျင်းပရာတွင် ပါဝင်ကြသည်။ ဗုဒ္ဓဘာသာ သာသနာသမိုင်းတွင် အရေးပါလှသော ဤအခမ်းအနားကြီးနှင့် ပတ်သက်၍ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ရပြီး ချီးကျူးထောမနာပြုကြရပါကြောင်း ထိုကိုယ်စားလှယ်အဖွဲ့များက တညီတညွတ်တည်း ထုတ်ဖော်ပြောဆိုကြသည်။ မြတ်စွယ်တော်စေတီကြီး ထာဝရ တည်တံ့စေကြောင်း၊ သရီရမြတ်စွယ်တော်ဓာတ် တည်တံ့စေကြောင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေး ရစေကြောင်းနှင့် လူသားတို့ ကျန်းမာချမ်းသာစေကြောင်းကိုလည်း ဆုတောင်းကြပါသည်။ ။

ဒေါက်တာခင်မောင်ညွန့်

# ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များနှင့် မြန်မာ့သမိုင်း

ဗုဒ္ဓမြတ်စွာဘုရား၏ သရီရဓာတ်တော်များဖြစ်သော ဆံတော်၊ စွယ်တော်၊ အံတော်၊ ညှပ်ရိုးတော်၊ နဖူးသင်းကျစ်တော်၊ ပရိဘောဂပစ္စည်းများဖြစ်သော သပိတ်တော်၊ တောင်ဝှေးတော်၊ သင်္ကန်းတော်၊ ကျောင်းတော်၊ သလွန်တော် စသည်တို့သည် မြန်မာ့သမိုင်းတွင် ထင်ရှားသော အခန်းကဏ္ဍမှ ပါဝင်လာခဲ့သည်။ မြန်မာနိုင်ငံ၏ ဗုဒ္ဓသာသနာ့သမိုင်း၊ ယဉ်ကျေးမှုသမိုင်း၊ နိုင်ငံရေးသမိုင်း၊ သံတမန် ဆက်ဆံရေးသမိုင်းနှင့် နိုင်ငံတကာ ဆက်ဆံရေးသမိုင်းများ၌ မြတ်စွာဘုရား၏ ဆံတော်၊ စွယ်တော်၊ ဓာတ်တော်များ၊ မဟာဗောဓိညောင်ပင်များသည် အစောဆုံး သမိုင်းခေတ်မှသည် ယနေ့မျက်မှောက်ခေတ်အထိ အလွန်အရေးပါသော ဓာတုစေတီနှင့် ပရိဘောဂစေတီများ ဖြစ်ကြသည်။

လူ့ပြည်တွင် ယနေ့အထိ ကိန်းဝပ်စံပယ်လျက်ရှိနေသေးသော အထက်လက်ဝဲစွယ်တော်ဓာတ်နှင့် အောက်လက်ဝဲစွယ်တော်ဓာတ်နှစ်ဆူကို အကြောင်းပြု၍ ယင်းသရီရဓာတ်တော်များ ကိန်းဝပ်စံပယ်ရာ ဂန္ဓာလရာဇ် (စိနရဋ္ဌ၊ စိန်တိုင်း) ခေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် လင်္ကာဒီပကျွန်း၊ သီဟိုဠ်ကျွန်း၊ သီဟိုဠ်ကျွန်းဟု ရေးကခေါ်ခဲ့သော ယနေ့သီရိလင်္ကာနိုင်ငံတို့နှင့် မြန်မာနိုင်ငံသည် အကူးအသန်း အဆက်အသွယ် ပို၍များခဲ့သည်။ ယင်းနှစ်နိုင်ငံတို့နှင့် ရှေးရှေးအခါကပင် စီးပွားရေး၊ ကုန်သွယ်ရေး၊ နိုင်ငံရေး၊ သံတမန်ရေးနှင့် ယဉ်ကျေးမှု ဆက်ဆံရေးများကို အစဉ်အဆက် ပြုလုပ်ခဲ့ရာ ရှေးပျူမင်းများ၊ ပုဂံ အနော်ရထာမင်းတို့မှ အစ ကုန်းဘောင်မင်းများအလယ် ယနေ့မျက်မှောက်ခေတ်အထိ မြတ်စွာဘုရား၏ မြတ်စွယ်တော်ဓာတ်ကို ပဲ့ကျင် (ပီကင်း) မှသော်လည်းကောင်း၊ သီဟိုဠ် (သီရိလင်္ကာ) မှသော်လည်းကောင်း မြန်မာနိုင်ငံသို့ ပင့်ဆောင်ပူဇော်ရေးအတွက် ကြိုးပမ်းအားထုတ် ဆောင်ရွက်ခဲ့ကြသော သမိုင်းအစဉ်အလာရှိခဲ့သည်။

## မြန်မာတိုင်းရင်းသားမင်းတို့ မြတ်စွယ်တော် ပူဇော်ကိုးကွယ်ခြင်း

မြန်မာရာဇဝင်ကျမ်းကြီးများဖြစ်သော ဦးကုလား မဟာရာဇဝင်၊ မှန်နန်းမဟာရာဇဝင်တော်ကြီး၊ တွင်းသင်းရာဇဝင်သစ်၊ ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီး စသော ရာဇဝင်တို့တွင် မြန်မာ၊ မွန်၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားတို့ ဗုဒ္ဓမြတ်စွယ်တော်၊ ဆံတော် အစရှိသော သရီရဓာတ်တော်များကို ပြည်ပမှ ရောက်လာခြင်း သို့မဟုတ် ပြည်ပသို့ သွားရောက်စေလွှတ်ပြီး ပင့်ဆောင်လာကာ စေတီတည်ထား ကိုးကွယ်ခြင်း အကြောင်းများကို ဖော်ပြထားသည်။ အလားတူ ထင်ရှားသော ဘုရားစေတီသမိုင်းများကလည်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထို့ပြင် ကျောက်စာ၊ မင်စာ၊ အုတ်ခွက်စာ၊ ပေစာ၊ ပုရပိုက် စသောကမ္ပည်းတို့တွင်လည်း ဖော်ပြချက်များ ပါရှိသည်။ ဌာပနာပစ္စည်းများနှင့် ရှေးဟောင်းသုတေသန တူးဖော်တွေ့ရှိသော သမိုင်းဝင်ပစ္စည်းများကလည်း အထောက်အထား သာဓကပြုသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် အနော်ရထာမင်း

ပထမ မြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်သော အနော်ရထာမင်းသည် သာသနာပြုမင်း ဖြစ်သည်နှင့်အညီ ဗုဒ္ဓသာသနာတော်ကြီး ထွန်းကားပြန့်ပွားရေးအတွက် ဆောင်ရွက်ခဲ့ရာ နေပြည်တော် ပေါက္ကံနှင့်တကွ တိုင်းနိုင်ငံအနှံ့အပြားတွင် ဗုဒ္ဓသာသနိက အဆောက်အအုံများဖြစ်သော စေတီ၊ ပုထိုး၊ ဂူ ကျောင်း၊ ဘုရား၊ တန်ဆောင်းများစွာကို ဆောက်လုပ်လှူဒါန်းသည်။ ရဟန်းရှင်လူ ပြည်သူတို့အကျိုးငှာ ဆည်မြောင်း ကန်ချောင်းတို့ကို တူးဖော်ခြင်းနှင့် အဟောင်းများကို ပြုပြင်ခြင်းလုပ်သည်။ နိုင်ငံတော် လုံခြုံ ရေးအတွက် ကင်းမြို့၊ ခံမြို့ကိုလည်း နယ်နိမိတ်တစ်လျှောက်၌ တည်ဆောက်ထားခြင်းဖြင့် နိုင်ငံတော် ကာကွယ်ရေးအင်အား ခိုင်ဖြိုးစေသည်။

ထို့မျှနှင့် အားမရသေးဘဲ ရပ်နီးရပ်ဝေး တိုင်းနိုင်ငံများနှင့် ရာဇမဟာမိတ်ပြုပြီး ဆက်ဆံခဲ့ရာ နိုင်ငံ တော်၏ ဖောက်ကားရောင်းဝယ်ရေး၊ နိုင်ငံတကာ ဆက်ဆံရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် သာသနာရေး များတွင် များစွာ အကျိုးစီးပွားဖြစ်ထွန်းလာသည်။ အထူးသဖြင့် ဗုဒ္ဓသာသနာတော် ထွန်းကားသော ဂန္ဓာလရာဇ် (စိနရဋ္ဌ၊ စိန်တိုင်းကြီး) ခေါ် တရုတ်ပြည်ကြီးနှင့် သီဟိုဠ်ကျွန်းခေါ် သီရိလင်္ကာနိုင်ငံတို့နှင့် သံတမန် ဆက်သွယ်၍ စီးပွားရေး၊ ကုန်သွယ်ရေး၊ သာသနာရေးနှင့် ယဉ်ကျေးမှုကိစ္စများ ဆောင်ရွက် ကြောင်းကို မြန်မာရာဇဝင်မှတ်တမ်းများ၌ ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုနှစ်နိုင်ငံတို့၌ ဗုဒ္ဓမြတ်စွယ် တော်များ ကိန်းဝပ်လျက်ရှိသောကြောင့် မြတ်စွယ်တော်များကို တောင်းယူပြီး နေပြည်တော်သို့ ပင့်ဆောင် ပူဇော်ရန် အနော်ရထာမင်း ကြိုးပမ်းမှုများကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲတွင် ဖော်ပြထားသည်။

ဂန္ဓာလရာဇ်တိုင်းဖြစ်သော တရုတ်ပြည်ကြီးရှိ မြတ်စွယ်တော်ကို ပင့်ဆောင်ရန် အနော်ရထာမင်း သည် ရေကြောင်း၊ ကြည်းကြောင်းမှ ဆင်မြင်းဗိုလ်ပါများနှင့် ခရီးနှင်ခဲ့ကြောင်း၊ ကျန်စစ်သားနှင့် ရွှေဖျင်း ညီနောင်တို့လည်း လိုက်ပါကြောင်း၊ ရောက်လာသောအခါ တရုတ်ဘုန်းတော်ကြီးကို အကျိုးအကြောင်း လျှောက်ထားရာ တရုတ်ဧကရာဇ် "ဥတိဘွား" က လက်ခံကြိုဆို ညှော်ဝတ်ပြုကြောင်း၊ မင်းနှစ်ပါး တွေ့ဆုံပြီး မြတ်စွယ်တော်ကျောင်းတော်တွင် လှူဖွယ်ပစ္စည်းများနှင့် ပူဇော်ကြကြောင်း၊ ရတနာပန်းတောင်းကို ဦးခေါင်း ထိပ်တွင်တင်ပြီး မြတ်စွယ်တော်ကို ရှိသေမြတ်နိုး ကြည်ညိုစွာပင့်ဆောင် လျှောက်တင်ပြီး မြတ်စွယ်တော် သည် ရောင်ခြည်တော် ကွန့်မြူးလျက် ကောင်းကင်ထက်သို့ ပျံတက်နေပြီး ရတနာပန်းတောင်းသို့ သက်ဆင်းမလာကြောင်း၊ မြတ်စွယ်တော်သည် ဂန္ဓာလရာဇ် တရုတ်ပြည်၌သာ နှစ်ငါးထောင် သာသနာ ပြည့်သည်အထိ ကိန်းဝပ်စံပယ်ရန် မြတ်စွာဘုရား ဗျာဒိပ်တော်ထားခဲ့ကြောင်း၊ ထို့ကြောင့် မြတ်စွယ်တော်ကို တောင်းသော်လည်း မရနိုင်ကြောင်း၊ မြတ်စွယ်တော်အစား အတူကိန်းဝပ် စံပယ်လျက်ရှိသော မြဆင်းတု တော်ကို ပူဇော်ရန် ဓမ္မလက်ဆောင်တော်အဖြစ် ယူပါရန် ဥတိဘွားမင်းက ပြောဆိုကာ မြဆင်းတုတော်ကို အနော်ရထာမင်းသို့ ပေးအပ်လိုက်ကြောင်း၊ နေပြည်တော်သို့ ပြန်ရောက်သောအခါ အနော်ရထာမင်းသည် မြဆင်းတုတော်ကို အခြား နန်းစဉ်ဆက် ကိုးကွယ်ခဲ့သော ဗုဒ္ဓဆင်းတုတော်များနှင့်အတူ နန်းတွင်း ဘုရား ဆောင်မှာ ကိုးကွယ်ခဲ့ကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ စာမျက်နှာ ၂၅၈–၂၆၄ တွင် ဖော်ပြ ထားသည်။

မြဆင်းတုမှာ စင်စစ် ကျောက်စိမ်းဆင်းတု ဖြစ်ပါသည်။ မြန်မာမင်းတို့အဆက်ဆက် နန်းတွင်းမှာပင် ထိန်းသိမ်းကိုးကွယ်ခဲ့ကြသည်။ ခရစ်နှစ် ၁၈၈၅ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၄၇ ခုနှစ်တွင် သီပေါမင်း အင်္ဂလိပ်တို့လက်သို့ ပါတော်မူသွားသောအခါ ရဟန်းရှင်လူတို့က မန္တလေးရွှေနန်းတော်အတွင်းမှ နန်းစဉ် ဗုဒ္ဓဆင်းတုတော်တို့ကို မန္တလေးမြို့ ရွှေကျီးမြင်ဘုရားအတွင်းသို့ ရွှေထမ်းစင်နှင့် ပင့်ဆောင်ကိန်းဝပ်စေပြီး စောင့်ရှောက်ပူဇော်လာခဲ့သည်။ ထိုနန်းစဉ်ဆက် ဆင်းတုတော်များအနက် တရုတ်ကေရာဇ် ဥတိဘွားက အနော်ရထာမင်းသို့ ပေးအပ်ခဲ့သော မြဆင်းတုလည်း ပါဝင်သည်။ နှစ်ပေါင်းများစွာက ရွှေချပူဇော်ခဲ့သော ကြောင့် ယခုအခါတွင် ရွှေသားပကတိ ဆင်းတုတော်အသွင်သာ ဖူးမြော်ရတော့သည်။ ထိုဆင်းတုတော်ကို ၁၉၉၄ ခု ဧပြီလ ၁၁ ရက်နေ့၊ မြန်မာသက္ကရာဇ် ၁၃၅၆ ခု တန်ခူးလဆန်း ၁ ရက် တနင်္လာနေ့နံနက်က မန္တလေးမြို့ ရွှေကျီးမြင်ဘုရားမှ ရန်ကုန်မြို့ ကမ္ဘာအေး မဟာဝိဇယ ဓမ္မသဘင်သို့အရောက် သာသနာ ဆိုင်ရာ အခမ်းအနားဖြင့် လေကြောင်း၊ ကုန်းကြောင်းနှင့် သယ်ယူပင့်ဆောင်လာခဲ့ပြီး မြန်မာသက္ကရာဇ် ၁၃၅၆ ခု တန်ခူးလဆန်း ၁၀ ရက်နေ့ (၂၀-၄-၁၉၉၄) တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပဲ့ကျင်မြို့တော်မှ လေယာဉ်နှင့် ကြွရောက်လာသော အထက်လက်ဝဲ မြတ်စွယ်တော်နှင့်အတူ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးတွင် အပူဇော်ခံတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်ဓာတ်ကို ပင့်ဆောင်ပူဇော်ထိုက်သည်ဟူသော အတိတ် တဘောင်စကားအရ အနော်ရထာမင်းသည် ရေအား၊ ကြည်းအားနှင့် သရေခေတ္တရာသို့ ချီလာပြီး ဒွတ္တပေါင် မင်းကြီး တည်ထားသော စေတီတွင်းမှ မြတ်စွာဘုရား၏ နဖူးသင်းကျစ်တော်နှင့် အခြားဓာတ်တော်များကို ပင့်ယူပြီး ရတနာပြာသာဒ်နှင့် ဆင်ဖြူတော်တွင်တင်ကာ နေပြည်တော်သို့ ပင့်ဆောင်ယူခဲ့သည်။ မင်းဆရာ ရှင်အရဟံနှင့် တိုင်ပင်ပြီး စေတီတည် ဌာပနာရန် စီစဉ်သည်။ မွေတော်မြတ် ကိန်းဝပ်တော်မူလိုသော အရပ်တွင် ဆင်ဖြူတော် ဝပ်စေသားဟု အဓိဋ္ဌာန်ပြုကာ နဖူးသင်းကျစ်တော်တင်ထားသော ဆင်ဖြူတော်ကို လွှတ်လိုက်ရာ ယနေ့ရွှေစည်းခုံစေတီတော် တည်ထားသောအရပ်တွင် ဆင်ဖြူတော် ဝပ်သည်။

မြန်မာသက္ကရာဇ် ၄၂၁ ခုနှစ် (ခရစ်နှစ် အေဒီ ၁၀၅၉) တွင် ရွှေစည်းခုံစေတီ စတည်ပြီး နဖူး သင်းကျစ်တော်နှင့် ဓာတ်တော်တို့ကို ဌာပနာသည်။ ပစ္စယံသုံးဆင့်အထိ တည်ပြီးနောက် သီဟိုဠ်ကျွန်းရှိ အောက်လက်ဝဲစွယ်တော်ကို ပင့်ဆောင်ပူဇော်ရန် ဆန္ဒဖြစ်လာသည်။ မင်းဆရာ ရှင်အရဟံနှင့် တိုင်ပင်ပြီး သံအဖွဲ့ စေလွှတ်သည်။ သီဟိုဠ်မင်းအတွက် ဆင်ဖြူတစ်စီး လက်ဆောင်ပါးလိုက်သည်။

သီဟိုဠ်မင်း ဓာတုသေနသည် အနော်ရထာမင်း၏ သံအဖွဲ့ကို ကောင်းစွာလက်ခံ ပြုစုတော်မူသည်။ ဆင်ဖြူတော်နှင့် လက်ဆောင်တော်များကို ဆက်သပြီး လာရသောအကြောင်းရင်းကို သံတော်တင် လျှောက်တင်ကြသောအခါ အနော်ရထာမင်းသည် ရာဇမဟာမိတ်မင်းဖြစ်ပြီး သာသနာရေးကိစ္စ အပါအဝင် အကူအညီ အထောက်အပံ့များစွာကို အနော်ရထာမင်းက ပေးခဲ့သော ကျေးဇူးတရားများကိုထောက်၍ ကြည်ဖြူစွာ မြတ်စွယ်တော်ကို ပင့်ဆောင်ခွင့်ပြုသည်။ အနော်ရထာသံတော်တို့သည် မြတ်စွယ်တော်ကို ကြီးစွာပူဇော်ကြပြီး ရတနာပန်းတောင်းနှင့် ပင့်ဆောင်ကြသော်လည်း ကြွမလာပါ။ စွယ်တော်ပွားတစ်ဆူ သာ ရတနာပန်းတောင်းသို့ ကြွရောက်လာသည်။ ထိုစွယ်တော်ပွား တင်ထားသော ရတနာပန်းတောင်းကို

တတုသေနမင်းက ဦးခေါင်းတွင်ရွက်လျက် လည်တိုင်ရေမြုပ်သည်အထိ ရေတွင်ဆင်းကာ သင်္ဘောပေါ် အရောက် သယ်ဆောင်ပေးပို့သည်။ စွယ်တော်ပွား ပင့်ဆောင်လာသောသင်္ဘောသည် ပုဂံပြည် လောက နန္ဒာဆိပ်ကမ်းသို့ ဆိုက်ရောက်လာသောအခါ အနော်ရထာမင်းသည် ပုလဲပြုံး အမည်ရှိ ဆင်ဖြူတော်ကို စီးကာ မင်းခမ်းမင်းနားနှင့် စွယ်တော်ကြိုရန် ဆိပ်ကမ်းသို့ ရောက်လာသည်။ မင်းကြီးကိုယ်တိုင်လည်း ရေမြုပ်သည်အထိ မြစ်တွင်းသို့ဆင်း၍ ရတနာပန်းတောင်းကို ဦးခေါင်းတွင်ရွက်ကာ မြတ်စွယ်တော်ပွားကို ရွှေနန်းတော်အရောက် ပင့်ဆောင်လာသည်။ ရွှေနန်းတော်၌ ရတနာပြာသာဒ်ဝယ် ကိန်းဝပ်စံပယ်တော်မူ စေပြီး နေ့ညမပြတ် ပူဇော်နေသည်။

မင်းဆရာတော် ရှင်အရဟံက သာသနာငါးထောင်တိုင် လူနတ်ဗြဟ္မာတို့ ကိုးကွယ်နိုင်စေရန် စေတီ တည် ဌာပနာရန် ဩဝါဒပေးတော်မူသောကြောင့် မြတ်စွယ်တော်ပွားကို ရတနာဆင်ဖြူတော်ပေါ်၌တင်ပြီး ကိန်းဝပ်တော်မူလိုရာအရပ်တွင် ဆင်ဖြူတော် ဝပ်စေသားဟု အဓိဋ္ဌာန်ပြု စေလွှတ်သည်။ တည်ဆောက်ဆဲ ရွှေစည်းခုံတွင် ဆင်ဖြူတော် ဝပ်သောကြောင့် ရွှေစည်းခုံစေတီ၌ မြတ်စွယ်တော်ပွားကို ဌာပနာသည်။ မင်းကြီး လေးကြိမ်အဓိဋ္ဌာန်ပြု၍ ထပ်ပွားလာသော စွယ်တော်ပွားလေးဆူကို ဆင်ဖြူတော်တွင်တင်၍ လွှတ်ရာ ဆင်ဖြူတော်ဝပ်သော အရပ်ဌာနလေးခုတွင် စေတီများတည်၍ ဌာပနာသည်။ ယင်းလေးဌာန စေတီများမှာ တန့်ကြည်တောင်စေတီ၊ လောကနန္ဒာစေတီ၊ တုရင်တောင် (တူရွင်းတောင်) စေတီနှင့် ကျောက်ဆည်ခရိုင်ရှိ ပြက်ကရွှေ့တောင်စေတီတို့ဖြစ်သည်။

၁၉၇၅ ခု ဇူလိုင်လ ၈ ရက် အင်္ဂါနေ့၊ မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ် ညနေ ၆ နာရီကျော်တွင် ပြင်းထန်သော မြေငလျင်ကြီး ပုဂံတွင်လှုပ်သောကြောင့် ပုဂံရှေးဟောင်းဘုရားပုထိုးများ ထိပါးပြိုကျသည်။ လောကနန္ဒာစေတီ၏ ကြာမှောက်ကြာလှန်နှင့် ခရာသီးများ ပြိုကျရာတွင် ပေါ်လာသော ဌာပနာပစ္စည်း ၁၅ မျိုးကို ဖူးတွေ့ရသည်။ ကျောက်ကြုတ်အတွင်း၌ ကြေးသတ္တုရောကြုတ်၊ ထိုအတွင်း၌ ကြေးနီကြုတ်၊ ထိုအတွင်း၌ ငွေကြုတ်၊ ထိုအတွင်း၌ ရွှေကြုတ် အဆင့်ဆင့်ထည့်သွင်းထားရာ ရွှေကြုတ်အတွင်းဝယ် နီညိုရောင်အဆင်းရှိသော သွားပုံတစ်ဆူကို ရွှေပန်းပေါက်ပေါက်များနှင့်အတူ ဖူးတွေ့ရသည်။ အနော်ရထာ မင်း ဌာပနာထားခဲ့သော စွယ်တော်ပွားဟု ယူဆကြသည်။ ထွက်ပေါ်လာသော ဌာပနာပစ္စည်းအနက် ထူးခြားသောပစ္စည်းတစ်ခုမှာ တရုတ်ပညာရှိပုံဟု ယူဆရသော အမြင့် ၃ လက်မ၊ ထုအကျယ် ၂ လက်မ အရွယ် ကြေထည်လူရုပ်တစ်ရုပ်ဖြစ်သည်။ လက်ဝဲလက်တွင် စာလိပ်ကိုင်နေပြီး ယာလက်သည် ထောင်နေ သော ဒူးပေါ်တွင် တင်ထားသည်။ ဦးဆံဖုတ် တစ်ဖက်စီပါသည်။ ဦးခေါင်းငဲ့စောင်းနေသည်။ အင်္ကျီအစိမ်း ရောင်နှင့် ဘောင်းဘီအပြာရောင် ဝတ်ထားသည်။ ဌာပနာကြုတ်နှင့်အတူ တွေ့ရသည်။ ပုဂံခေတ် တရုတ်– မြန်မာ ဆက်ဆံရေး သာဓကပြုသော အထောက်အထားတစ်ခုဟု ဆိုနိုင်သည်။ ၁၉၇၇ ခုနှစ် ဩဂုတ်လ ၁၉ ရက်နေ့တွင် ဘုရားဂေါပကအဖွဲ့ဝင်များသို့ ယင်းပစ္စည်းများအားလုံး ပြန်အပ်ရာ လောကနန္ဒာစေတီ ပြုပြင်ပြီးသောကြောင့် ထိုစေတီတွင်း၌ ပြန်၍ဌာပနာလိုက်ကြောင်း သိရသည်။

## ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ကြသော တိုင်းရင်းသားမင်းများ

အနော်ရထာမင်း လွန်ပြီးနောက် မြန်မာ၊ ရှမ်း၊ မွန်၊ ရခိုင် တိုင်းရင်းသားမင်းတို့သည်လည်း ဗုဒ္ဓမြတ်စွယ်တော်ကို ပူဇော်ခဲ့ကြသည်။ အချို့ နေပြည်တော်သို့ ပင့်ဆောင်ရန် ကြိုးပမ်းကြသည်။ အချို့က သံအဖွဲ့များ စေလွှတ်ကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစေရာ စွယ်တော်ပွားများနှင့် အခြားဗုဒ္ဓပူဇနိယပစ္စည်းများ ရရှိသောကြောင့် စေတီပုထိုးများ၌ ဌာပနာ၍ ကိုးကွယ်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးကို အကြောင်းပြု၍ သံတမန်အဖွဲ့များကို အပြန်အလှန် စေခဲ့ကြရာ နိုင်ငံအချင်းချင်း ဆက်ဆံရေး တိုးတက်ကောင်းမွန်လာခဲ့သည်။ တရုတ်ပြည်ကြီးနှင့် ဆက်သွယ်ရာ၌ ကုန်းကြောင်းမှ နယ်စပ်ဒေသများကို ဖြတ်ကျော်ကာ ရှည်လျားသောခရီးကိုနှင်လျက် တရုတ်ဧကရာဇ် နေပြည်တော် ပဲ့ကျင် (ပီကင်း) အရောက် မြန်မာသံတော်တို့ သွားရောက်ခဲ့သဖြင့် ထိုလမ်းမကြီးကိုပင် "သံတမန်လမ်း" ဟု မြန်မာ့သမိုင်း၌ တွင်ရစ်သည်။ သီဟိုဠ် (သီရိလင်္ကာ) နှင့် ဆက်သွယ်ရာတွင် မြန်မာ့ဆိပ်ကမ်းမြို့ကြီးများဖြစ်သော ပုသိမ် (ကုသိမ)၊ ဒလ၊ သန်လျင်၊ မုတ္တမ၊ ရခိုင်မြို့ဟောင်းတို့မှ သင်္ဘောကြီးငယ်များနှင့် ပင်လယ်ခရီး ဖြတ်ကျော်သွားရောက်ခဲ့ကြသည်။

အနော်ရထာမင်းနောက် တရုတ်ပြည် ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ရေးအတွက် ဆောင်ရွက်သော ပုဂံမင်းဆက်မှ မင်းများမှာ အလောင်းစည်သူမင်း (အေဒီ ၁၁၁၂–၆၇) နှင့် နရသီဟပတေ့မင်း (အေဒီ ၁၂၅၄–၈၇) တို့ဖြစ်သည်။ နှစ်နိုင်ငံ သံအဖွဲ့ ဖလှယ်ရေး အစဉ်အလာအရ အေဒီ ၁၁၁၅ ခုနှစ်တွင် အလောင်းစည်သူမင်းက တရုတ်ဧကရာဇ်ထံ မြန်မာသံအဖွဲ့ကို ကုန်းကြောင်းမှစေသည်။ ရွှေငွေနှင့်လုပ်ထားသော လက်ဆောင်တော်များ၊ ဆတ်ချိုများ၊ ဆင်စွယ်များ၊ ယွန်းထည်များ၊ မြတ်စွယ်တော်ကိုလှူရန် ပစ္စည်းများနှင့် သံစာများကို ယူဆောင်သွားသည်။ သည့်နောက် ကိုယ်တော်တိုင် မြတ်စွယ်တော်ပင့်ဆောင်ရန် အလုံးအရင်းနှင့် ချီထွက်ခဲ့ကြောင်းကို မှန်နန်းရာဇဝင်တော်ကြီး ပထမတွဲ၌ အောက်ပါအတိုင်း ဖော်ပြထားသည်။

"မင်းနှစ်ပါးလည်း ကြည်ကြည်သာသာ ပြောဟောတော်မူကြသည်။ ဥတီဘွားလည်း ဤသို့မိန့်တော်မူ၏။ အဆွေတော် အဘယ်အလို့ငှာ ငါ့တိုင်းနိုင်ငံသို့ လာရောက်တော်မူသနည်းဟု မေးတော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း လောကီ၏စည်းစိမ်ကို အလိုရှိ၍ လာရောက်သည်မဟုတ်၊ လောကုတ္တရာချမ်းသာသို့ရောက်မည့်အကြောင်းဖြစ်သော စွယ်တော်မြတ်ကို တောင်းမည်လာသည်ဟူ၍ အကြောင်းကို ပြန်တော်မူ၏။ ဥတီဘွားလည်း စွယ်တော်မြတ် သီတင်းသုံးတော်မူလိုသော ပင့်တော်မူတော့ဟူ၍ မိန့်တော်မူ၏။ အလောင်းစည်သူမင်းကြီးလည်း အထူးထူးသော ရွှေတန်ဆောင်၊ ငွေတန်ဆောင်၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်၊ ရွှေပေါက်ပေါက်၊ ငွေပေါက်ပေါက်တို့ဖြင့် ပူဇော်၍ စွယ်တော်မြတ်ထားရာ ပြာသာဒ်မှာ တောင်းပန်လေ၏။ စွယ်တော်မြတ်လည်း လက္ခဏာတော်ကြီး သုံးဆယ့်နှစ်ပါး၊ လက္ခဏာတော်ငယ် ရှစ်ဆယ်၊ ရောင်ခြည်တော်ခြောက်ပါးတို့ဖြင့် တန်ဆာဆင်၍ ပရိက္ခရာရှစ်ပါးလွယ်လျက် ကောင်းကင်သို့ တက်၍ စင်္ကြံကြွတော်မူလေ၏။ မင်းနှစ်ပါးလည်း များစွာသော ပူဇော်သက္ကာရတို့ဖြင့် ပူဇော်၍ တောင်းပန်တော်မူသော်လည်း စွယ်တော်မြတ်သည် ကောင်းကင်မှမဆင်း နေလေ၏။ ဥတီဘွားက ဤသို့မိန့်၏။ ဘုရားရှင်စွယ်တော်မြတ်သည် သာသနာတော်ငါးထောင်တိုင်တိုင် ဂန္ဓာလရာဇ်တိုင်း၌ တည်ရစ်လတ္တံ့ဟူ၍ ဗျာဒိတ်တော်ရှိသည်ကို အဆွေတော်ပင့်သော်လည်း သီတင်းသုံးတော်မမူချေဟူ၍ မိန့်တော်မူပြီးမှ များစွာသော လက်ဆောင်၊ လက်နက်တို့ကို ပေးတော်မူ၏" မှန်နန်း (ပ၊ စာ ၃၁၁–၃၁၂)

နရသီဟပတေ့မင်းလက်ထက်တွင် တရုတ်သံတော်တို့ ရောက်လာ၍ အပြန်တွင် မြန်မာသံတော်တို့ကို တွဲဖက်ထည့်လိုက်သည်။ ပဲ့ကျင်မြို့တော်ရှိ ဗုဒ္ဓမြတ်စွယ်တော်ကို လှူဒါန်းရန် ပစ္စည်းများနှင့် တရုတ်ကေရာဇ်သို့ ဆက်သရန် လက်ဆောင်တော်များကို ယူဆောင်သွားသည်။ အေဒီ ၁၂၇၃ ခုနှစ်တွင် တရုတ်ကေရာဇ် စေလွှတ်သော သံတော်အဖွဲ့ကို တရုတ်သာသနာရေးဝန်ကြီးကိုယ်တိုင် ခေါင်းဆောင်ကာ ပေါက္ကံရာမသို့ ရောက်လာသည်။ သံအဖွဲ့တွင် သံငယ်သုံးဦး ပါဝင်ပြီး ကူဗလိုင်ခန် ကေရာဇ်ကြီးထံမှ သံစာ သယ်ဆောင်လာရာ မြန်မာသံတော်တို့ ပဲ့ကျင်နန်းတော်သို့ ရောက်ရှိ၍ ကေရာဇ်ကြီးက လက်ခံကြောင်း သံစာတွင် ဖော်ပြထားသည်။

ရှမ်း–မြန်မာမင်းတို့ အုပ်ချုပ်သော အင်းဝခေတ်တွင် သီဟိုဠ်ရှိ ဗုဒ္ဓမြတ်စွယ်တော် ပူဇော်ရေးကို ဆောင်ရွက်သော မင်းနှစ်ပါးကို တွေ့ရသည်။

အင်းဝမင်းဆက်မှ ၁၂ ဆက်မြောက်မင်းဖြစ်သော နရပတိ (အေဒီ ၁၄၄၃–၆၉) နှင့် သူ၏သားတော် သီဟသူရ (အေဒီ ၁၄၆၉–၈၁) တို့ဖြစ်သည်။ နရပတိကား မင်းရဲကျော်စွာ၏ ညီတော်ဖြစ်ပြီး သီဟသူရမှာ ဘုရင် ဒုတိယမင်းခေါင်၏ ခမည်းတော်ဖြစ်သည်။ အေဒီ ၁၄၅၆ ခုနှစ်၌ ဘုရင် နရပတိသည် သီဟိုဠ်သို့ သံစေသည်။ သီဟိုဠ် ကန္ဒီမြို့တွင် ကိန်းဝပ်စံပယ်နေသော ဗုဒ္ဓမြတ်စွယ်တော်သို့ လှူဒါန်းရန် ရွှေငွေ ကျောက်သံပတ္တမြားများကို သံအဖွဲ့နှင့် ပါးလိုက်သည်။ မြတ်စွယ်တော်ကို အဖူးအမြော် လာကြသော ရဟန်းတော်တို့အား ပစ္စည်းလေးပါး ထောက်ပံ့နိုင်ရန် လယ်ယာဥယျာဥ်မြေများ ဝယ်ယူစေ၍လှူသည်။ သီဟသူရမင်းသည် အေဒီ ၁၄၇၄ ခုနှစ်တွင် သီဟိုဠ်သို့ သံစေသည်။ မိမိဦးခေါင်းနှင့် မိဖုရားခေါင်ကြီးဦးခေါင်းမှ ဆံပင်တို့ကိုဖြတ်၍ ရတနာများ စီခြယ်ထားသော ရွှေလက်ကိုင်တပ် တံမြက်တော်ကို ပြုလုပ်၍ ကန္ဒီမြို့ ဗုဒ္ဓမြတ်စွယ်တော်ကျောင်းဆောင်တွင် တံမြက်လှည်းရန်အတွက် လှူရန် သံအဖွဲ့နှင့်ပါးသည်။ ထို့အပြင သီဟိုဠ်မင်းအတွက် တရုတ်ပိုးထည်၊ ပုဆိုးအုပ်များနှင့် အခြားလက်ဆောင်ပစ္စည်းများကိုလည်း ပေးအပ်လိုက်သည်။

မွန်မင်းဆက်များထံမှ သီဟိုဠ်ရှိ ဗုဒ္ဓမြတ်စွယ်တော်အတွက် လှူဖွယ်ပစ္စည်းများလှူရန် သံတမန်များ စေလွှတ်ပြီး သီဟိုဠ်မင်းနှင့် ဆက်သွယ်ကြရာ သီဟိုဠ်မင်းထံမှ ဗုဒ္ဓမြတ်စွယ်တော်ပွားများနှင့် ဓမ္မလက်ဆောင်တော်များ ရရှိသောကြောင့် စေတီများတွင် ဌာပနာ၍ ကိုးကွယ်ခဲ့ကြသည်ကို မြန်မာရာဇဝင်များနှင့် ဘုရားသမိုင်းများတွင် ဖော်ပြထားသည်။ မြန်မာသက္ကရာဇ် ၇၅၂ ခု၊ အေဒီ ၁၃၉၀ ပြည့်နှစ်တွင် သီဟိုဠ်ဘုရင် ပဏ္ဍုရာမမင်းက သမီးတော် သမုဒ္ဒာဒေဝီနှင့် ဗုဒ္ဓမြတ်စွယ်တော်ပွားတစ်ဆူကို ဟံသာဝတီ ဘုရင် ရာဇာဓိရာဇ် (အေဒီ ၁၃၈၅–၁၄၂၃) သို့ဆက်သည်။ သမီးတော်ကို မိဖုရားမြှောက်ပြီး စွယ်တော်ပွားကို ရွှေမော်ဓောစေတီအတွင်း ဥမင်တူး ဌာပနာကြောင်းကို မြန်မာသက္ကရာဇ် ၁၂၅၇ နှစ် (အေဒီ ၁၈၉၅) ဦးကူး ပြုစုသော ရွှေမော်ဓောသမိုင်းတွင် တွေ့ရသည်။ မြန်မာသက္ကရာဇ် ၈၃၉ ခု (အေဒီ ၁၄၇၇) တော်သလင်းလပြည့်ကျော် ၁ ရက်နေ့၌ ဓမ္မစေတီမင်း (အေဒီ ၁၄၇၂–၉၂) ထံသို့ သီဟိုဠ်မင်းက ဗုဒ္ဓမြတ်စွယ်တော်ပွားတစ်ဆူကို ပူဇနိယပစ္စည်းအဖြစ် ဆက်သရာ ဓမ္မစေတီမင်းသည် ယင်းစွယ်တော်ပွားကို ပဲခူး ကလျာဏီသိမ်အနီးရှိ ကလျာဏီစေတီ၌ ဌာပနာသည်ဟု ကထိက ဦးသက်တင်က မွန်ကျောက်စာကို

ကိုးကား၍ သူပြုစုသော စေတီ ၅၀ ဆူ သမိုင်းတွင် ဖော်ပြထားသည်။ မြန်မာသက္ကရာဇ် ၈၄၅ ခု (အေဒီ ၁၄၈၃) နှစ်တွင် သီဟိုဠ်ဘုရင် သံဃရာဇာမင်းက ဓမ္မစေတီမင်းအား တိဂုမ္ဗဝိနိစ္ဆယ (ပါဠိ) ကျမ်းကို ကောင်းစွာစီရင်နိုင်ခြင်းကြောင့် ဓမ္မစေတီမင်း၏ သံတော်ကြီး ဗရမ်းအမတ်အား ဗုဒ္ဓမြတ်စွာဘုရား၏ ဆံတော်တစ်ဆူနှင့် မြတ်စွယ်တော်ပွားနှစ်ဆူကို ပူဇနိယလက်ဆောင်တော် ပေးလိုက်ကြောင်း၊ ရွှေမော်ဓော ဘုရား အရှေ့ဘက်ရှိ ခမွန်ဘောကုန်း၌ စေတီတည်၍ ဌာပနာ ကိုးကွယ်ရာ မော်တေယယ်ဟု တွင်ကြောင်း ကို ပဲခူးမြို့ မဟာစေတီတော်မြတ်ကြီးသမိုင်းအကျဉ်းတွင် ဖော်ပြထားသည်။

မွန်ဘုရင်မကြီး ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းသည် လောက၊ ဓမ္မ၊ ရာဇ အရေးသုံးပါးတွင် လိမ္မာပြီး လောကီ၊ လောကုတ္တရာ နှစ်ဖြာသောအကျိုးကို သယ်ပိုးသော သာသနာပြုမင်းဖြစ်သည်နှင့်အညီ သီဟိုဠ်ကျွန်းသို့ သာသနာပြုရဟန်းများနှင့် သံအဖွဲ့များ စေလွှတ်ခဲ့ကြောင်းကို ဂျီ၊ အီး၊ ဟာဗေးက ပြုစုသော မြန်မာနိုင်ငံသမိုင်းစာအုပ်တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"ဓမ္မစေတီမင်း၏ မဟာစွမ်းဆောင်မှုကား ဗုဒ္ဓသာသနာတော် ပြန်လည်ထွန်းကားရေးဖြစ်သည်။ အေဒီ ၁၄၇၅ ခုနှစ်တွင် ရဟန်းတော် ၂၂ ပါး ပါဝင်သော သာသနာပြုအဖွဲ့ကို သီဟိုဠ်သို့ စေလွှတ်သည်။ ပင်လယ်ခရီး မုန်တိုင်းမိ သင်္ဘောပျက်၍ အချို့အသက်ဆုံးကြသည်။ အချို့ မဒရပ်ကမ်းခြေတွင် သောင်တင် ရာ နိဂေပထမ်သို့ ရောက်သွားကြသည်။ အသက်ရှင် ကျန်ရစ်သော ရဟန်းတော်တို့သည် သီဟိုဠ်သို့ အရောက်သွားကာ သာသနာရေးတာဝန်ကို ဆောင်ရွက်တော်မူကြသည်။

"ဗုဒ္ဓမြတ်စွယ်တော်၊ ဗုဒ္ဓမြတ်စွာဘုရား၏ ခြေတော်ရာနှင့် ဗောဓိညောင်ပင်များတွင် ဓမ္မစေတီမင်း လှူလိုက်သော နီလာများ စီခြယ်ထားသော ကျောက်သပိတ်၊ ရွှေနှင့် စလင်းတို့နှင့် ပြုလုပ်ထားသော ဓာတ်တော်ကြုတ်များကို ဆက်ကပ်ကြသည်။ သီဟိုဠ်ရဟန်းတော်တို့ကို သင်္ကန်းပရိက္ခရာများ၊ ဇင်းမယ်လုပ် ယွန်းကွမ်းအစ်များလှူသည်။ သီဟိုဠ်မင်းသို့ ဓမ္မစေတီမင်းက ပေးလိုက်သော လက်ဆောင်တော်များဖြစ် သော ပတ္တမြား၊ နီလာ၊ တရုတ်ပိုးထည်၊ သင်ဖြူးချောများနှင့်တကွ ရွှေပြားတွင် ရေးထားသော ရာဇမဟာမိတ်သံစာများကို ပေးအပ်သည်။ ရဟန်းတော်တို့၏ အဓိက ရည်ရွယ်ချက်မှာ ရှေးဟောင်း မဟာ ဝိဟာရကျောင်းကြီးရှိ သီဟိုဠ်ရဟန်းတော်တို့ထံမှ ဥပသမ္ပဒကံကြီးဆောင်သော နည်းစနစ်မှန်ကို နာခံ ရယူရန်ဖြစ်သည်။ မဟာဝိဟာရကျောင်းတော်ကြီးကား ဘီစီ ၂၅၁ ခုနှစ်က စတင်တည်ထောင်ခဲ့သော ကျောင်းတော်ကြီးဖြစ်ပြီး ယနေ့အထိ တည်ရှိနေသေးသည်" (ဟာဗေး၊ စာ ၁၁၉–၁၂၀)

ရခိုင်ဘုရင် မင်းဘင်ခေါ် မင်းပါကြီး (အေဒီ ၁၅၃၁–၅၃) လက်ထက်တွင် ထင်ရှားသော သာသနိက အဆောက်အအုံများစွာ တည်ဆောက်ခဲ့ရာ ရခိုင်ပြည်နယ် မြောက်ဦးမြို့ဟောင်းတွင် ရွှေတောင်ဦးဘုရား၊ သျှစ်သောင်းဘုရား၊ ဒုက္ကံသိမ်၊ လေးမျက်နှာဘုရားကျောင်းများနှင့် အံတော်ဘုရားတို့ကို ယနေ့တိုင် ဖူးတွေ့ နိုင်သည်။ အံတော်ဘုရားမှာ သီဟိုဠ်မင်းက ဆက်သလိုက်သော ဗုဒ္ဓမြတ်အံတော်ပွားကို ဌာပနာထားသော ဘုရားဖြစ်သည်။

ဒေါက်တာခင်မောင်ညွန့်

# ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်၍ မြန်မာနိုင်ငံသားတို့ ပူဇော်ကြခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ အထက်လက်ဝဲစွယ်တော်ကို မြန်မာလူမျိုးတို့ ပင့်ဆောင်ကြည်ညိုခဲ့သည်မှာ သုံးကြိမ်ရှိပြီဖြစ်သည်။ ပထမအကြိမ်မှာ ၁၉၅၅ ခုနှစ်ကဖြစ်သည်။ ဆဋ္ဌသင်္ဂါယနာတင်နေချိန်ဖြစ်ပြီး မြန်မာနိုင်ငံ၌ ရှစ်လကြာကြာ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူခဲ့သည်။ ဒုတိယအကြိမ်မှာ ၁၉၉၄ ခုနှစ်ကဖြစ်သည်။ ဧပြီလ ၂၀ ရက်က စတင်ပင့်ဆောင်၍ မြန်မာနိုင်ငံတွင် ၄၅ ရက်ကြာကြာ ကြည်ညိုအပူဇော်ခံတော်မူခဲ့သည်။ ယခု တတိယအကြိမ်မှာ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလမှ စတင်ပင့်ဆောင်ပြီး သုံးလကြာကြာ အပူဇော်ခံတော်မူမည်ဖြစ်သည်။

ဤကဲ့သို့ ရဟန်းရှင်လူ ပြည်သူတို့ ပူဇော်ခွင့်ရရှိရန် တရုတ်–မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အရ ဆောင်ရွက်နိုင်ခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ်က ၄၅ ရက်ကြာ ပူဇော်ခွင့်ရရှိရန် စီစဉ်မှုတွင် ဤသို့ဆောင်ရွက်ခဲ့ကြသည်ကို တွေ့ရှိနိုင်သည်။

မြန်မာနိုင်ငံ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် ဦးဆောင်သောအဖွဲ့က တရုတ်နိုင်ငံသို့ သွားရောက်၍ ပင့်ဆောင်တော်မူခဲ့ကြသည်။ ၁၈–၄–၉၄ ရက်နေ့တွင် လေယာဉ်ဖြင့် တရုတ်နိုင်ငံသို့ ထွက်ခွာခဲ့ကြသည်။ ၁၉ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဆက်၊ စစ်သံမှူး ဗိုလ်မှူးကြီးသိန်းကြည်နှင့် သံရုံးအဖွဲ့ဝင်များ လိုက်ပါလျက် ပီကင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော် ခေတ္တကိန်းဝပ် စံပယ်တော်မူရာ တရုတ်ဗုဒ္ဓဘာသာအသင်းဌာနချုပ် ကွမ်ဂျီစုဘုရားကျောင်းသို့ သွားရောက်ပင့်ဆောင်တော်မူကြသည်။ ကွမ်ဂျီစုဘုရားကျောင်း ဧည့်ခန်းမဆောင်၌ မင်ယန်ဆရာတော်အမှူးပြုသော တိဗက်ဘုန်းတော်ကြီးများ၊ ထေရဝါဒ ဘုန်းတော်ကြီးများအား ဂါရဝပြု ဖူးမြော်ကန်တော့ကြပြီး ပင့်ဆောင်ရေးဆိုင်ရာ ကိစ္စများကို လျှောက်တင်ကြသည်။

ထို့နောက် ပီကင်းမြို့ ကယ်ပီတယ်ဟိုတယ် ဧည့်ခန်းမဆောင်၌ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးသဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနား ကျင်းပသည်။ ဒေသစံတော်ချိန် ညနေ ၃ နာရီတွင် ကွမ်ဂျီစုဘုရားကျောင်း၌ ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်မင်္ဂလာ အခမ်းအနား ကျင်းပသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ၂၀ ရက်နေ့ နံနက် ၁၁ နာရီ ၃၇ မိနစ်တွင် လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွချီရောက်ရှိတော်မူသည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မင်ယန် အမှူးပြုသော ဘုန်းကြီးများ၊ တရုတ်ဗုဒ္ဓဘာသာအသင်း ဒုတိယဥက္ကဋ္ဌ မစ္စတာတောင်ရှုရင်နှင့်အဖွဲ့တို့လိုက်ပါလာကြသည်။

ဗုဒ္ဓမြတ်စွယ်တော်အား ရဟန်းရှင်လူ ပြည်သူငါးထောင်ကျော်တို့က ရန်ကုန်လေဆိပ်မှနေ၍ ဒေဝါဝင်း၊ ရာဇာဝင်းခင်းလျက် ရှေးထုံးစဉ်လာနှင့်အညီ ခမ်းခမ်းနားနား သောင်းသောင်းဖြဖြ လှိုက်လှိုက်လှဲလှဲ အားပါးတရ ကြိုဆိုတော်မူခဲ့ကြသည်။ ၂၀-၄-၉၄ ရက်နေ့မှ ၄-၅-၉၄ ရက်နေ့အထိ ကမ္ဘာအေးရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးတွင် နေ့စဉ်မပြတ် ၂၄ နာရီပတ်လုံး ရဟန်းရှင်လူ ပြည်သူတို့၏ ပူဇော်မှုကို ခံယူတော်မူခဲ့သည်။

၅-၅-၉၄ ရက်နေ့တွင် မန္တလေးသို့ ဒေသစာရီခရီး ကြွချီတော်မူသည်။ ယင်းဒေသစာရီ ကြွချီတော်မူရာခရီးတွင် လှည်းကူးမြို့၊ ပဲခူးမြို့၊ ညောင်လေးပင်မြို့များသို့ ရောက်ရှိတော်မူပြီး ညောင်လေးပင်မြို့တွင် တစ်ညတာ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူသည်။ ၆ ရက်နေ့တွင် ဖြူးနှင့် တောင်ငူမြို့နယ်များသို့ ရောက်ရှိတော်မူပြီး တောင်ငူမြို့၌ တစ်ညတာ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူသည်။ ၇ ရက်နေ့တွင် ဆွာ၊ ရေတာရှည်၊ သာဂရ၊ မြို့လှ၊ ရေနီ၊ လယ်ဝေး၊ ပျဉ်းမနားမြို့နယ်များသို့ ရောက်ရှိတော်မူပြီး ပျဉ်းမနားမြို့၌ တစ်ညတာကိန်းဝပ်စံပယ် အပူဇော်ခံတော်မူသည်။ ၈ ရက်နေ့တွင် တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ မိတ္ထီလာမြို့နယ်များသို့ ရောက်ရှိတော်မူပြီး မိတ္ထီလာမြို့တွင် တစ်ညတာ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူသည်။ ၉ ရက်နေ့တွင် ဝမ်းတွင်း၊ မြစ်သား၊ ကူမဲ၊ ကျောက်ဆည်၊ စဉ့်ကိုင်၊ ပလိပ်၊ မြစ်ငယ်တို့မှ မန္တလေးသို့ ဒေသစာရီခရီး ရောက်ရှိတော်မူသည်။ မန္တလေး၌ ၉ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူခဲ့သည်။

ထို့နောက် ၁၉-၅-၉၄ မှ ၄-၆-၉၄ နေ့အထိ မဟာပါသာဏလိုဏ်ဂူတော်တွင် ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူခဲ့သည်။ ၅-၆-၉၄ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဒေသစာရီ ပြန်လည်ကြွချီတော်မူသည်။ ယင်းသို့အပူဇော်ခံရာတွင် ဗုဒ္ဓမြတ်စွယ်တော်၏ ပုံတော်နှင့် ပုံတူဆင်စွယ်ဖြင့် ပြုလုပ်ထားသော စွယ်တော်မြတ်နှစ်ဆူကိုလည်း ဗုဒ္ဓစွယ်တော်မြတ်နှင့်အတူ အပူဇော်ခံတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ ပြန်လည်ကြွချီတော်မူသည့် အခမ်းအနားကို ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူတော်၌ နံနက် ၁၁ နာရီတွင် စတင်ကျင်းပတော်မူသည်။ အခမ်းအနားသို့ အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် သံရုံးအဖွဲ့ဝင်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များ၊ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဝတ်အဖွဲ့များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက ဗုဒ္ဓါဘိသေက အနေကဇာတင်တော်မူကြသည်။ ထို့နောက် ပရိသတ်များက ဉက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ငါးပါးသီလ ခံယူပြီး ၄၅ ရက်ကြာ ကာလအတွင်း ရရှိသည့် ဒါနအလှူအစုစုအတွက် တွဲဖက်အကျိုးတော်ဆောင် ဆရာတော် ဘဒ္ဒန္တကုမာရထံမှ ရေစက်ချတရားတော်ကို နာယူကာ ရေစက်သွန်းချ အမျှဝေသည်။ ၁၂ နာရီ ၁၅ မိနစ်တွင် ဗုဒ္ဓမြတ်စွယ်တော်အား ကိန်းဝပ်စံပယ်တော်မူရာ လိုဏ်ဂူတော်အတွင်းရှိ ရတနာပလ္လင်မှ ပြန်လည်ပင့်ဆောင်တော်မူမည့် ဆင်ဖြူတော်ဆွဲ ရတနာရထားယာဉ်ပေါ်ရှိ ရတနာပလ္လင်ပေါ်သို့ ပင့်ဆောင်တော်မူသည်။ ၁၂ နာရီ ၂၅ မိနစ်တွင် ကမ္ဘာအေးမှ ရန်ကုန်လေဆိပ်သို့ ဒေသစာရီ ပြန်လည်ကြွချီတော်မူသည်။ ကြွချီတော်မူရာလမ်းတစ်လျှောက်တွင် ရဟန်းရှင်လူ ပြည်သူတို့က သောင်းသောင်းဖြဖြ ပူဇော်ကြသည်။

မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ရန်ကုန်လေဆိပ်သို့ ရောက်ရှိတော်မူသည်။ ရန်ကုန်လေဆိပ်တွင် ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ သံဃာ့အဖွဲ့အစည်းများမှ ဆရာတော်ကြီးများ၊ အစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ တရုတ်ဗုဒ္ဓဘာသာဝင်များ၊ ဟိန္ဒူဘာသာရေးအဖွဲ့များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ စာပေနှင့် ပန်းချီရာအဖွဲ့အစည်းများမှ အဖွဲ့ဝင်များ၊ ကျောင်းသားကျောင်းသူများ၊ တပ်မတော်သားများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်ကြသည်။

အခမ်းအနားတွင် သဘင်အစည်းအရုံးမှ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းနှင့်အဖွဲ့ကလည်းကောင်း၊ ဂီတနှင့် ရုပ်ရှင်မှ တိနိအဖွဲ့ဝင်များကလည်းကောင်း ခမ္မတေးများဖြင့် ပူဇော်ကြသည်။ ပူဇော်ပွဲတွင် ဟိန္ဒူဘာသာရေးအသင်းများက ဟိန္ဒူဘာသာဖြင့်လည်းကောင်း၊ တရုတ်ဗုဒ္ဓဘာသာဝင်များက တရုတ်ဘာသာဖြင့်လည်းကောင်း၊ ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့က မြန်မာဘာသာဖြင့်လည်းကောင်း အမျှဝေခြင်းတို့ဖြင့် အသီးသီး ပူဇော်ကန်တော့ကြသည်။ ၂ နာရီ မိနစ် ၅၀ တွင် ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လည်ကြွချီတော်မူသည်။ မြန်မာနိုင်ငံသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပီကင်းမြို့ရှိ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝယ်သည့် ဒါကိုဘာကျောင်းတော်ကြီး မွမ်းမံပြင်ဆင်ရန် ဒေါ်လာ ၅ သိန်း လှူဒါန်းခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော်သည် မြန်မာနိုင်ငံတွင် ၄၅ ရက်ကြာ အခါကာလ သမယအတွင်း၌ ရဟန်းရှင်လူပြည်သူအပေါင်းတို့၏ ရှိခိုးကော်ရော် ပူဇော်မှုကို ခံယူတော်မူခဲ့ရာ သဒ္ဓါတရား ထက်သန်သော မြန်မာလူမျိုးတို့သည် သဒ္ဓါထူး၊ စေတနာထူး၊ ဝီရိယထူးတို့ဖြင့် ဦးခိုက်ကြည်ညိုခဲ့ကြသည်။ နေပူမိုးရွာ နေ့ညမပြတ် တသဲသဲဖြင့် အားခဲ၍ လာရောက်ဖူးမြော်ကြသည်။ မိဘဘိုးဘွားမှအစ သားသမီးမြေးမြစ်များပါမကျန် မိသားစုများစု၍ တစ်အိမ်လုံးကျွတ် လာရောက်ဖူးမြော်ကြသည်။ နေထိုင်မကောင်းဖြစ်နေသူများပင်လျှင် တစ်သက်မှာ တစ်ခါကြုံသော အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံဘဲ ကြိုးစားအားခဲပြီး လာရောက်ဖူးမြော်ကြသည်။ အိုမင်းမစွမ်း သက်ကြီးရွယ်ကြီးများ၊ မသန်စွမ်းသူများသည် အတွဲအကူများဖြင့်လည်းကောင်း၊ လက်တွန်းကုလားထိုင်များဖြင့်လည်းကောင်း ကြိုးစားပမ်းစား အရောက်လာ၍ အားပါးတရ ဖူးမြော်ကြသည်။ မန္တလေးမြို့သို့ကြွသော ဒေသစာရီခရီးစဉ်၌ဆိုလျှင် မြို့ရွာပြည်သူတို့သည် အညာဒေသ၏ ပူပြင်းလှသော နေရှိန်ကို မရှုမမှု အန်တုကာ နံနက်ချိန်မှစ၍ မိုးချုပ်သည့်အချိန်ထိအောင် တစ်နေကုန် တစ်နေခန်း စောင့်မျှော်၍ ကြိုဆိုကာ ဝီရိယထူးတို့ဖြင့် ရှိခိုးပူဇော် ဖူးမြော်ကြသည်။

မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်က ရဟန်းရှင်လူ ပြည်သူများသည် ရန်ကုန်သို့လည်းကောင်း၊ မန္တလေးသို့လည်းကောင်း အရောက်လာကြပြီး ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ကြသည်။ မန္တလေးတွင် တောင်ပေါ်တိုင်းရင်းသားလူမျိုးတို့ များစွာလာရောက် ဖူးမြော်ကြည်ညို လှူဒါန်းကြသည်ကို တွေ့ရသည်။ အထူးဒေသများမှ တိုင်းရင်းသားလူမျိုးများသည် ရန်ကုန်၌ရော၊ မန္တလေး၌ပါ ကိုယ်တိုင်ကိုယ်ကျ လာရောက်ဖူးမြော် လှူဒါန်းကြသည်။

စေတနာသဒ္ဓါတရား ထက်သန်လှသော မြန်မာလူမျိုးတို့သည် လှူဖွယ်ပစ္စည်းအမျိုးမျိုးတို့ကို လှူဒါန်းကြသည်။ ငွေကြေးများ၊ လက်ဝတ်ရတနာများ၊ ပန်း၊ ဆွမ်း၊ သစ်သီးများ စသည်ဖြင့် လှူဒါန်းကြသည်။ နေ့စဉ်သိန်း ၄၀ ခန့် လာရောက်ပြီး လှူဒါန်းကြသည်။ ၄၅ ရက်တာ ကာလအတွင်း ဒါနအစုစုမှ ရရှိသည့် အလှူတော်မှာ ရန်ကုန်မြို့၌ ၁၀,၇၂,၉၀,၈၇၉ ကျပ် ၉၉ ပြား၊ ရတနာပစ္စည်း ၇,၂၇၄ မျိုး၊ စိစစ်ဆဲပစ္စည်း ၂,၀၁၄ မျိုးနှင့် အခြားအလှူပစ္စည်း ၃၅ မျိုး ရရှိပြီး မန္တလေးမြို့၌ ၅,၄၉,၁၁,၁၈၇ ကျပ် ၈၄ ပြား၊ ရတနာပစ္စည်း ၆,၅၀၉ မျိုးနှင့် အခြားအလှူပစ္စည်း ၁၆၁ မျိုး ရရှိလေသည်။ ထိုင်းနိုင်ငံအစိုးရကလည်း ၁၉၉၆ ခုနှစ် နိုဝင်ဘာ ၁၈ ရက်တွင် ဘတ်ငွေ ၁ သန်းနှင့် ညီမျှသော အမေရိကန်ဒေါ်လာ ၃၉၀၀ လှူဒါန်းလေသည်။

ယင်းရရှိသည့် အလှူတော်များဖြင့် ရန်ကုန်မြို့၌ စွယ်တော်မြတ်စေတီတော်တစ်ဆူနှင့် မန္တလေးမြို့၌ စွယ်တော်မြတ်စေတီတော်တစ်ဆူတို့ကို တည်ထားကိုးကွယ်တော်မူကြသည်။ ယင်းသို့ တည်ထားကိုးကွယ်ရာတွင် မြန်မာနိုင်ငံတွင် မူလရှိပြီးဖြစ်သော ရှေးဟောင်းသမိုင်းဝင် ဓာတ်တော်မွေတော်များကိုလည်း ဌာပနာ ထည့်သွင်းခဲ့သည်။

ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့သည် သရဏဂုံသုံးပါးကို ဆောက်တည်ကိုးကွယ်သည့်အလျောက် ဗုဒ္ဓမြတ်စွယ်တော်အား ဖူးမြော်ရာတွင် အလေးအနက်ထား၍ ဦးထိပ်ပန်ဆင်ကာ လောကီ၊ လောကုတ္တရာနှစ်ဖြာဆုတောင်းအမျိုးမျိုးတို့ဖြင့် အထူးပူဇော် ကန်တော့ကြသည်။ ကိုယ်စိတ်နှလုံး သုံးပါးရိုသေ ညွတ်ကျိုးလက်စုံမိုး၍ နိဗ္ဗာန်မဂ်လမ်း မျှော်ရည်မှန်းကာ ငြိမ်းချမ်းသုခ ရပါစေကြောင်း ဆုမွန်တောင်းကြသည်။

မြန်မာပြည်နှင့် မြန်မာလူမျိုးတို့အား ဤကုသိုလ်တော်အကျိုး ပေးပါစေသတည်း။ အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေသတည်း။

**ကျော်ဟန်**

# ဗုဒ္ဓမြတ်စွယ်တော်ကို တတိယအကြိမ် ပင့်ဆောင်၍ ပူဇော်ကြခြင်း

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာလီဖုန်း မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး အလည်အပတ် လာရောက်စဉ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို ၁၉၉၄ ခုနှစ်တွင် မြန်မာနိုင်ငံသို့ ကြွချီအပူဇော်ခံခွင့် ရရှိခဲ့ရာ နိုင်ငံတော်အစိုးရနှင့် ပြည်သူများအနေဖြင့် လှိုက်လှဲဝမ်းသာမဆုံး ရှိနေကြကြောင်း၊ ထို့ကြောင့် ၁၉၉၆ ခုနှစ်တွင် ဗုဒ္ဓစွယ်တော်မြတ်ကို နောက်တစ်ကြိမ် ပင့်ဆောင်ပူဇော်လိုပါကြောင်း ကမ်းလှမ်းသည်။ ဧည့်သည်တော် ဝန်ကြီးချုပ်က သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ခေါင်းဆောင်များနှင့် အစိုးရ၏ ဖိတ်ကြားချက်အရ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ၁၉၉၆ ခုနှစ် ဇန်နဝါရီလ ၇ ရက်နေ့တွင် ချစ်ကြည်ရေးခရီး ရောက်ခဲ့သည်။ ဇန်နဝါရီလ ၈ ရက်နေ့နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပီကင်းမြို့ ပြည်သူ့ခန်းမဆောင် အရှေ့ဘက်ခန်းမ၌ မြန်မာနိုင်ငံ အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတကြီး မစ္စတာကျန်ဇီမင်းနှင့် အဖွဲ့ဝင်များနှင့်အတူ သမိုင်းဝင် တွေ့ဆုံဆွေးနွေးပွဲ ပြုလုပ်ခဲ့သည်။

ယင်းတွေ့ဆုံဆွေးနွေးပွဲတွင် သမိုင်းစဉ်ဆက် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံခဲ့သည်တို့ ပိုမိုခိုင်မြဲ တည်တံ့စေရေးကို ဆွေးနွေးကြပြီး ဗုဒ္ဓမြတ်စွယ်တော် ၄၅ ရက်တာမျှ ဖူးမြော်ခွင့်ရခဲ့၍ တရုတ်ပြည်သူနှင့် အစိုးရအပေါ် ကျေးဇူးတင်ကြောင်းနှင့် နောက်တစ်ကြိမ် ပူဇော်ခွင့်ပြုပါရန် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ချစ်ကြည်ရင်းနှီးစွာ ပန်ကြားခဲ့သည်။ သမ္မတကြီး ကျန်ဇီမင်းကလည်း နှစ်နိုင်ငံအစိုးရတို့ ပူးပေါင်းညှိနှိုင်း စီစဉ်နိုင်ပါကြောင်း ပြန်လည်ဖြေကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ပူဇော်ရေးဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီ ညှိနှိုင်းအစည်းအဝေးကို ၁၉၉၆ ခု ဒီဇင်ဘာလ ၂ ရက်နေ့ ညနေ ၅ နာရီတွင် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ ကျင်းပသည်။ အစည်းအဝေးသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေး ဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်အမှာစကားပြောကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော် သွားရောက်ပင့်ဆောင်ရေးနှင့် ပတ်သက်၍ အသင့်အနေအထား ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြခဲ့သည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ တတိယအကြိမ် ပင့်ဆောင်ရေးအတွက် ၁၉၉၆ ခု ဒီဇင်ဘာလ ၃ ရက်နေ့ နံနက် ၈ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ အပြည်ပြည်ဆိုင်ရာ မြန်မာ့လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြသည်။ ဝန်ကြီးနှင့်အတူ သာသနာရေးဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်နှင့် အဖွဲ့ဝင်များ လိုက်ပါသွားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွချီရေးဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ၁၉၉၆ ခု ဒီဇင်ဘာလ ၄ ရက် နံနက် ၁၁ နာရီတွင် ပီကင်းမြို့ အမှတ် (၄၈)၊ ဝန်ဖုကျင်း (Wanfujing) လမ်းမရှိ Holiday Inn Crowne Plaza ခြေညီထပ်ခန်းမ၌ ကျင်းပသည်။

သဘောတူစာချုပ် ရေးထိုးပွဲ အခမ်းအနားသို့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်နှင့်အဖွဲ့လည်း တက်ရောက်သည်။

ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွချီရေးဆိုင်ရာ သဘောတူစာချုပ်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သာသနာရေးဗျူရို ဒုတိယ ညွှန်ကြားရေးမှူးချုပ် မစ္စတာလိုဆွမ်ချိုနိုင်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဆက်တို့က လက်မှတ်ရေးထိုးကြပြီး သဘောတူစာချုပ်ကို လဲလှယ်ကြသည်။

ရန်ကုန်မြို့ မရန်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ စွယ်တော်မြတ်စေတီတော်တွင် ကိန်းဝပ်စံပယ်လျက်ရှိသော စွယ်တော်ပွားနှင့် မန္တလေးမြို့ မဟာမုနိဘုရားကြီး မိုးကောင်းဓမ္မာရုံ စံကျောင်းတော် ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ်လျက်ရှိသည့် စွယ်တော်ပွားတို့ကို ၁၉၉၆ ခု ဒီဇင်ဘာလ ၅ ရက်နေ့ နံနက်ပိုင်းတွင် ကမ္ဘာအေးကုန်းမြေ သီရိမင်္ဂလာ မဟာပါသာဏလိုဏ်ဂူသို့ ပင့်ဆောင်ပူဇော်ကြသည်။ ရန်ကုန်စွယ်တော်ပွားကို လက်ယာဘက်တွင်လည်းကောင်း၊ မန္တလေးစွယ်တော်ပွားကို လက်ဝဲဘက်တွင်လည်းကောင်း ကိန်းဝပ်စံပယ်တော်မူပြီး အလယ်ဗဟို၌ ဒီဇင်ဘာ ၆ ရက်နေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ရန်ကုန်မြို့သို့ ဒေသစာရီ ကြွချီတော်မူလာမည့် ဗုဒ္ဓစွယ်တော်မြတ် ကိန်းဝပ်စံပယ်တော်မူမည်ဖြစ်သည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ဒေသစာရီ ကြွချီတော်မူမည့် ဗုဒ္ဓမြတ်စွယ်တော်အား ပီကင်းမြို့ ဘာဒါချူ (Ba Da Chu) စွယ်တော်တိုက်တွင် ၁၉၉၆ ခု ဒီဇင်ဘာလ ၆ ရက်နေ့၌ စွယ်တော်တိုက်ကျောင်းဆရာတော်ကြီး ဟိုင်ယွမ်နှင့် ဆရာတော် သံဃာတော်များက အနေကဇာတင်တော်မူကြသည်။ ထို့နောက် အထူးမော်တော်ယာဉ်ဖြင့် တရုတ်ဗုဒ္ဓဘာသာအသင်းဌာနချုပ် ကွမ်းဂျီးစုဘုရားကျောင်းသို့ ပင့်ဆောင်ကြသည်။ ကွမ်းဂျီးစုဘုရားကျောင်းတွင် မဟာယာနဂိုဏ်းမှ ဆရာတော်ကြီး ကျင်ဝေ့နှင့် ဆရာတော် သံဃာတော်များက ဗုဒ္ဓမြတ်စွယ်တော်ကို အနေကဇာတင်တော်မူကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာစံတော်ချိန် နံနက် ၂ နာရီ ၁၅ မိနစ်တွင် ဆရာတော် သံဃာတော်များက ကြီးကြပ်၍ ခေတ္တကိန်းဝပ် စံပယ်တော်မူရာ စံကျောင်းတော်မှ အထူးမော်တော်ယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား ပီကင်း အထူးလေယာဉ်ကွင်းသို့ ပင့်ဆောင်တော်မူကြသည်။ ထို့နောက် အထူးမော်တော်ယာဉ်ပေါ်မှ တရုတ်လေကြောင်း အထူးလေယာဉ်ပေါ်သို့ ပင့်ဆောင်ကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးအဖွဲ့ခေါင်းဆောင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်သည် လိုက်လံပို့ဆောင် နှုတ်ဆက်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သာသနာရေးရာဗျူရို ညွှန်ကြားရေးမှူးချုပ် မစ္စတာယဲ့ရှောင်ဝင်နှင့် တာဝန်ရှိသူများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ထားသည့် အထူးလေယာဉ်သည် မြန်မာစံတော်ချိန် နံနက် ၅ နာရီ ၄၅ မိနစ်တွင် ပီကင်းမြို့ အထူးလေယာဉ်ကွင်းမှ စတင်ပျံသန်းကာ ဗုဒ္ဓမြတ်စွယ်တော်ကို ပြည်ထောင်စု မြန်မာနိုင်ငံသို့ ပင့်ဆောင်လာသည်။

ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ပင့်ဆောင်လာစဉ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဟာယာနဂိုဏ်းမှ ဆရာတော်ကြီး ကျင်ဝေ့နှင့် မဟာယာန ဆရာတော် သံဃာတော် ၁၄ ပါး၊ လားမားဘုန်းတော်ကြီးနှစ်ပါး၊ ထေရဝါဒဘုန်းတော်ကြီးနှစ်ပါးတို့ လိုက်ပါကြွရောက်တော်မူကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သာသနာရေးရာဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာလျူရှုရှန်နှင့် တာဝန်ရှိသူများ စောင့်ရှောက်လိုက်ပါလာကြသည်။

ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် မြန်မာစံတော်ချိန် နံနက် ၉ နာရီတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကူမင်းလေဆိပ်သို့ ရောက်ရှိပြီး ခေတ္တရပ်နားသည်။

ထိုမှတစ်ဆင့် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်လာသည့် အထူးလေယာဉ်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်သို့ ဆက်လက်ပျံသန်းရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ နံနက် ၁၁ နာရီ ၂၆ မိနစ်တွင် ရောက်ရှိသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို ကြိုဆိုဖူးမြော် ပူဇော်ရန် ရောက်ရှိနေကြသည့် ဆရာတော် သံဃာတော်များနှင့် ပရိသတ်အားလုံးတို့သည် ဗုဒ္ဓမြတ်စွာဘုရား သက်တော်ထင်ရှား ကြွချီလာသည့်အလား ဗုဒ္ဓမြတ်စွာကို အာရုံပြုလျက် တိတ်ဆိတ်ငြိမ်သက်စွာဖြင့် လက်အုပ်ချီကာ ကြိုဆိုကြသည်။ အိုးစည်၊ မောင်းစည်၊ ကြေးစည်တို့ဖြင့်လည်း ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်လာသည့် အထူးလေယာဉ်ကြီးသည် လေယာဉ်ပြေးလမ်းထိပ်မှ သတ်မှတ်နေရာသို့ ဆိုက်ရောက်လာကာ နံနက် ၁၁ နာရီ မိနစ် ၃၀ တွင် လေယာဉ်တံခါးကို ဖွင့်လှစ်လိုက်သည့်အခါ ဗုဒ္ဓမြတ်စွယ်တော်ကို ပရိသတ်ကြီးက နမောတဿ သုံးကြိမ်ရွတ်ဆို၍ ကန်တော့ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်ကို နတ်သားများက လေယာဉ်အတွင်းမှ ဝန်ချီစက်ပေါ်သို့ စတင်ပင့်ဆောင်သည်။ ထို့နောက် ဝန်ချီစက်ပေါ်မှ ရတနာထမ်းစင်တော်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်လာကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ကို နတ်သားများက ရတနာထမ်းစင်တော်ဖြင့်ထမ်းလျက် ကနက္ကဒဏ်ထီးဖြူများ၊ ရွှေထီးများမိုး၍ ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကား ကော်ဇောနီ ခင်းထားသော နတ်လမ်းတစ်လျှောက်မှ ပင့်ဆောင်လာသည်။

မြန်မာနိုင်ငံ သဘင်ပညာရှင်များ အစည်းအရုံး ဥက္ကဋ္ဌ ဝဏ္ဏကျော်ထင် ဦးစိန်အောင်မင်းက စွယ်တော်မြတ်ကို ပူဇော်သောဂါထာဖြင့်လည်းကောင်း၊ သဘင်အနုပညာရှင် ဒေါ်အောင်ညွန့်စိန်က စွယ်တော်မြတ်ကို ပူဇော်သောရတုဖြင့်လည်းကောင်း မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ သီဆိုပူဇော်ကြသည်။

အလားတူ အနုပညာရှင်များကလည်း ငြိမ့်ငြောင်းသာယာသည့် ဓမ္မတေးတို့ဖြင့်လည်းကောင်း၊ ဝတ်အဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဆိုပူဇော်၍လည်းကောင်း၊ ပရိသတ်ကြီးက လက်အုပ်ချီမိုး ရှိခိုးကန်တော့၍လည်းကောင်း ရိုသေညွတ်ကျိုး ပူဇော်ခြင်းအမျိုးမျိုးတို့ဖြင့် သောင်းသောင်းဖြဖြ ဂါရဝပြု ပူဇော်ကန်တော့ကြသည်။

တစ်ချိန်တည်းတွင် ရတနာဆင်ရထားယာဉ်တော်သည် အခြွေအရံ ဆင်လေးစီး ခြံရံလျက် သတ်မှတ်နေရာသို့ ဝင်ရောက်နေရာယူသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့်ဇနီး၊ ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ဗုဒ္ဓဘာသာဝင် သူတော်စင်များက လက်ဆယ်ဖြာ ထိပ်မှာမိုး၍ သဒ္ဓါတရား ထက်သန်စွာ ပူဇော်သက္ကာရပြုကြသည်။

ထိုအချိန်တွင် မြန်မာနိုင်ငံ ဂီတအစည်းအရုံး (မဟာဂီတအဖွဲ့) မှ အနုပညာရှင်များက ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။ တိပိဋကနိကာယ ဥပဌာက အနုပညာနှင့် ရုပ်ရှင်အဖွဲ့မှ အနုပညာရှင်များက ဓမ္မတေးများဖြင့် ဆက်လက်သီဆို ပူဇော်ကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်ကို တာဝန်ရှိသူများနှင့် နတ်သားများက ရတနာဆင်ရထားယာဉ်ပေါ်သို့ ထပ်မံပင့်ဆောင်ကြသည်။

မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် အခြွေအရံ ဆင်လေးစီး ခြံရံလျက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ကိန်းဝပ်လျက်ရှိသည့် ရတနာဆင်ရထားယာဉ်တော်ကို ဆင်ချုပ်ဝတ်တန်ဆာများ ဆင်မြန်းထားသည့် ဆင်ရတနာဖားပိုးကဆွဲကာ ဗုဒ္ဓမြတ်စွယ်တော်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ရက်ပေါင်း ၃၀ ကြာ စတင်ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူမည့် မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီးသို့ လေဆိပ်အဝင်လမ်း၊ မရမ်းကုန်းလမ်းဆုံမီးပွိုင့်မှတစ်ဆင့် ကမ္ဘာအေးစေတီလမ်းအတိုင်း ပင့်ဆောင်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးသို့

မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရောက်ရှိတော်မူသည်။ မဟာပါသာဏလိုဏ်ဂူသိမ်တော်ကြီး၏ တောင်ဘက် မုခ်ဦးမှ လိုဏ်ဂူတော်ကြီးအတွင်းရှိ ရတနာပလ္လင်တော်ပေါ်သို့ နတ်သားများက အဆင့်ဆင့်ပင့်ဆောင်ကြ သည်။ လိုဏ်ဂူတော်အတွင်း ရောက်ရှိနေကြသည့် ပရိသတ်အပေါင်းက လက်အုပ်ချီမိုး ရှိခိုး၍ အလေး အမြတ် ဂါရဝပြု ပူဇော်ဖူးမြော်ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပူဇော်ပွဲ အခမ်းအနားကို ကျင်းပရာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေး နှင့် ဇနီး ဒေါ်မြမြစန်း၊ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရေးဦးစီးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့် ဇနီး ဒေါ်ခင်သန်းနွဲ့၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်ထွန်းနှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ စာရင်းစစ် ချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ၎င်းတို့၏ ဇနီးများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သာသနာရေးရာဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ် (Mr. Lin Shu Xiang) နှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ ဘာသာရေး၊ သာသနာရေးနှင့် လူမှုရေး အသင်းအဖွဲ့များမှ လူပုဂ္ဂိုလ်များ တက်ရောက်ကြပြီး နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မကွေး ဆရာတော် ဘဒ္ဒန္တကုမာရ ဦးဆောင်သော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ဧည့်သည်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဟာယာနဂိုဏ်းမှ ဘုန်းတော်ကြီး (Jing Hui) နှင့် သံဃာတော် များက ဗုဒ္ဓမြတ်စွယ်တော်နှင့် စပ်ဆိုင်သည့် အနေကဇာတင် ဂါထာတော်များကို မြန်မာဘာသာနှင့် တရုတ် ဘာသာတို့ဖြင့် အလှည့်ကျရွတ်ဆို ပူဇော်ကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။

ဗုဒ္ဓမြတ်စွယ်တော်သည် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်း ၁၉၉၆ ခု ဒီဇင်ဘာလ ၆ ရက်မှ ၁၉၉၇ ခု ဇန်နဝါရီလ ၄ ရက်အထိ ကိန်းဝပ်စံပယ်လျက် နေ့စဉ် ၂၄ နာရီ ပတ်လုံး ရဟန်းရှင်လူ ပြည်သူများ၏ ပူဇော်ခြင်းကို ခံယူတော်မူသည်။

ဗုဒ္ဓမြတ်စွယ်တော်ကို လာရောက်ဖူးမြော်ကြသူများသည် ပန်း၊ ရေချမ်း၊ အမွှေးနံ့သာနှင့် သစ်သီး ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။ အလှူငွေများ၊ ရတနာပစ္စည်းများ၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းကြသည်။ ထို့အပြင် ဗုဒ္ဓမြတ်စွယ်တော်ရှေ့၌ ပုတီးစိပ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ တရားဘာဝနာ ပွားများခြင်း စသည့် ကောင်းမှုကုသိုလ်များ ပြုလုပ်ကြသည်။

ဗုဒ္ဓမြဟ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ဘာသာရေး၊ လူမှုရေး အသင်းအဖွဲ့များက ဝတ်ရွတ်စဉ်များ၊ ဓမ္မဟောများဖြင့် ၂၄ နာရီပတ်လုံး အဆက်မပြတ် ပူဇော်ကြသည်။ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေဝန်းကျင်နှင့် မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းတို့၌ ဝတ်ရွတ်သံများ၊ ဓမ္မတေးသံများဖြင့် ဖုံးလွှမ်းလျက်ရှိသည်။

၁၉၉၆ ခု ဒီဇင်ဘာလ ၂၅ ရက် ည ၈ နာရီ မိနစ် ၂၀ ခန့်တွင် ကမ္ဘာအေးဘုရား အရှေ့ဘက်မှောင်ရိပ်တွင် ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားသည်။

ထိုပေါက်ကွဲမှုဖြစ်ပွားပြီး တာဝန်ရှိသူများက ပေါက်ကွဲမှုကို စစ်ဆေးနေချိန်တွင် ဗုဒ္ဓမြတ်စွယ်တော်အပူဇော်ခံရာ ပန်းအိုးတစ်ခုအတွင်းမှ ပေါက်ကွဲမှုတစ်ခု ည ၁၀ နာရီ ၃၅ မိနစ်အချိန်တွင် ထပ်မံဖြစ်ပွားသည်။

ပေါက်ကွဲမှုဖြစ်ပွားရာသို့ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂)၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးတို့က လာရောက်စစ်ဆေးကြသည်။

ဤကဲ့သို့ ပေါက်ကွဲမှုဖြစ်ပွားရခြင်းမှာ မသမာသူ အဖျက်သမားအုပ်စုက တရုတ်နှင့်မြန်မာနှစ်နိုင်ငံ၏ ချစ်ကြည်ရေးကို ထိခိုက်စေရန် ကြံရွယ်ချက်ဖြင့် ချိန်ကိုက်မိုင်းထောင်ကာ ဖောက်ခွဲခဲ့ခြင်းဖြစ်နိုင်သည်။ ထိုပေါက်ကွဲမှုကြောင့် ဗုဒ္ဓမြတ်စွယ်တော်တွင် ထိခိုက်မှု လုံးဝမရှိပေ။

၁၉၉၆ ခု ဒီဇင်ဘာလ ၂၇ ရက်နေ့ နံနက် ၆ နာရီခွဲတွင် ရန်ကုန်တိုင်း မရန်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးကိုးပါးတို့က ဗုဒ္ဓမြတ်စွယ်တော်ကို အနေကဇာတင် ပူဇော်တော်မူကြသည်။ ထိုအခမ်းအနားသို့ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်၊ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ခင်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

၁၉၉၆ ခု ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဝန်ကြီးများနှင့်အဖွဲ့သည် မန္တလေးတိုင်း အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်မြတ်ရှိ စွယ်တော်မြတ်စေတီတော်သို့ ရောက်ရှိကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်း အပူဇော်ခံနိုင်ရန် စီစဉ်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁)၊ ဝန်ကြီးများနှင့်အဖွဲ့သည် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဖူးမြော်ကြည်ညိုကြသည်။

အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ ဝန်ကြီးများနှင့်အဖွဲ့သည် မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ သွားရောက်သည်။ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံနိုင်ရန် စီစဉ်ထားမှုကို ရှင်းလင်းတင်ပြသည်။ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင် ဒေသစာရီ ကြွချီတော်မူလာသော ဗုဒ္ဓမြတ်စွယ်တော်သည် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့နှင့်အတူ ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူ သိမ်တော်ကြီးအတွင်းရှိ သာသနာ့ပလ္လင်ထက်တွင် ကိန်းဝပ်စံပယ် အပူဇော်ခံရာမှ ၁၉၉၇ ခု ဇန်နဝါရီလ ၉ ရက်နေ့ နံနက် ၉ နာရီ ၃၅ မိနစ်တွင် တပ်မတော်လေယာဉ်ဖြင့် ဒေသစာရီ ကြွချီတော်မူသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ပင့်ဆောင်ပျံသန်းလာသော တပ်မတော် အထူးလေယာဉ်သည် မန္တလေးလေဆိပ်သို့ နံနက် ၁၀ နာရီ ၃၅ မိနစ်အတွင်း ဆင်းသက်ရောက်ရှိလာသည်။ ဗုဒ္ဓမြတ်စွယ်တော်ကို ကြိုဆိုဖူးမြော် ပူဇော်ရန် ရောက်ရှိနေကြသော ဆရာတော် သံဃာတော်များနှင့် ပရိသတ်အားလုံးတို့သည် ဗုဒ္ဓမြတ်စွယ်တော်ကို တိတ်ဆိတ်စွာ အာရုံပြုလက်အုပ်ချီကာ ဖူးမြော်ကြည်ညိုကြသည်။ ထို့နောက် နန်းဇမ္ဗူစည်တော်အဖွဲ့က စည်တော်သံများရွှမ်း၍ ဗုဒ္ဓမြတ်စွယ်တော်ကို ကြိုဆိုပူဇော်ကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် ဦးဆောင်၍ တာဝန်ရှိသူများနှင့် နတ်သားများက ရတနာယာဉ်တော်ပေါ်သို့ ငြိမ့်ငြောင်းညင်သာစွာ ပင့်ဆောင်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ကနက္ကဒဏ်ထီးဖြူများမိုး၍ ဒေဝါဝင်း၊ ရာဇာဝင်းများခင်းကာ နတ်လမ်းတစ်လျှောက် ပင့်ဆောင်လာ၏။ ထို့နောက် ကိန်းဝပ်စံပယ် အပူဇော်ခံယူတော်မူမည့် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ မန္တလေးလေဆိပ်မှ ၇၈ လမ်း၊ ၂၆ လမ်း၊ ၁၉ လမ်း၊ ၆၂ လမ်းအတိုင်း ပင့်ဆောင်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်၊ မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ပင့်ဆောင်ရာတွင် ရှေ့ဆုံးမှ ယာဉ်ထိန်းရဲ လမ်းရှင်းဆိုင်ကယ်တစ်စီး၊ ယင်းနောက်မှ ဆော်ဩရေး မော်တော်ယာဉ်၊ တပ်မတော် တပ်ထိန်း မော်တော်ယာဉ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ မော်တော်ယာဉ်များ၊ စည်တော်အဖွဲ့ယာဉ်၊ ဒေဝါဝင်းအဖွဲ့ယာဉ်တို့က ဦးဆောင်သည်။ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ ပင့်ဆောင်လာသော ရတနာယာဉ်တော်ကို ဆင်ချပ်ဝတ်တန်ဆာများ ဆင်မြန်းထားသည့် မြန်မာ့သစ်လုပ်ငန်းမှ စွယ်စုံဆင် ၁၀ စီးတို့က ရှေ့ဆင်ငါးစီး၊ နောက်ဆင်ငါးစီး ခြံရံ၍ မန္တလေး–စစ်ကိုင်း လမ်းခွဲအထိ ပင့်ဆောင်ကြသည်။

မန္တလေး–စစ်ကိုင်းလမ်းခွဲအရောက်တွင် ဆင် ၁၀ စီးတို့က ရိုသေညွတ်တွား၍ ရှိခိုးပူဇော်ကြသည်။

ပင့်ဆောင်လာသည့် ရတနာယာဉ်တော်နောက်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော် စောင့်ရှောက်ရေး ရဟန်းတော်များ စီးနင်းလိုက်ပါလာသောယာဉ်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဧည့်သည်တော်များနှင့် မန္တလေးမြို့ရုံးစိုက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စစ်ဝန်ချုပ်နှင့် ကောင်စစ်ဝန်များ စီးနင်းလိုက်ပါလာသောယာဉ်များ၊ ရာဇဝင်းအဖွဲ့ယာဉ်၊ ဓမ္မတေးအဖွဲ့ယာဉ်နှင့် ဌာနဆိုင်ရာယာဉ်များက အစီအစဉ်အတိုင်း လိုက်ပါလာကြသည်။

မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးသို့ မွန်းလွဲ ၁၂ နာရီ ၄ မိနစ်တွင် ရောက်ရှိတော်မူသည်။ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၏ အရှေ့ဘက် ဦးမှ ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်ထက်ပေါ်သို့ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် နတ်သ များက အဆင်ဆင့်ပင့်ဆောင်ကာ လက်အုပ်ချီမိုး ရှိခိုး၍ အလေးအမြတ် ဖူးမြော်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့သည် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ်ကာ မွန်းလွဲ ၂ နာရီမှစတင်၍ ရဟန်းရှင်လူ ပြည်သူများ၏ ဖူးမြော်ကြည်ညိုမှုကို ခံယူတော်မူသည်။ ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့တွင် ကိန်းဝပ်စံပယ်တော်မူစဉ် နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီအထိ ရဟန်းရှင်လူ ပြည်သူများ၏ ပူဇော်မှုကို ခံယူတော်မူသည်။

မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကိန်းဝပ်စံပယ် အပူဇော်ခံလျက်ရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပူဇော်ပွဲ အခမ်းအနားကို ၁၉၉၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့ နံနက် ၅ နာရီခွဲတွင် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီး၌ ကျင်းပသည်။ ထိုပွဲသို့ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ မြတောင်တိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သာသနာဘိဝံသ အမှူးပြုသော ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ မဟာယာနဂိုဏ်းမှ သံဃာတော်များ ကြွရောက်တော်မူကြသည်။ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်၊ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တပ်မတော် အရာရှိများ၊ တိုင်းအဆင့် ဌာနဆိုင်ရာမှ တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို လာရောက်ဖူးမြော် ကြည်ညိုကြသော ရဟန်းရှင်လူ ပြည်သူများသည် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်လမ်းမှ ဝင်၍ ကျောင်းတော်ကြီးမြောက်ဘက်မုခ်တွင် ရဟန်းတော်များ၊ အမျိုးသား၊ အမျိုးသမီးဟူ၍ အတန်းသုံးတန်းခွဲကာ စနစ်တကျ တန်းစီ၍ ဝင်ကြရသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ဝတ်ရွတ်အဖွဲ့များက ဝတ်ရွတ်စဉ်များဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။ လာရောက်ဖူးမြော်ကြည်ညို ကန်တော့ကြသည့် အချို့သော ရဟန်းသံဃာတော်များနှင့် ပြည်သူများသည် ဗုဒ္ဓမြတ်စွယ်တော်ရှေ့၌ ကမ္မဋ္ဌာန်းထိုင်ခြင်း၊ တရားဘာဝနာ ပွားများခြင်းများ ပြုလုပ်ကြသည်။ အလှူတော်ငွေများနှင့် ရတနာပစ္စည်းများလည်း လှူဒါန်းကြသည်။

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်သည် ၁၉၉၇ ခု ဇန်နဝါရီလ ၁၉ ရက်နေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မရန်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေရှိ စွယ်တော်မြတ်စေတီတော် ဗဟိုမဏ္ဍပ်၌ စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ ဆပ်ကော်မတီများနှင့် တွေ့ဆုံသည်။ ထို့နောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော် စွယ်တော်မြတ်စေတီတော်အတွင်း အပူဇော်ခံနိုင်ရန် ကြိုတင်စီစဉ် ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

မန္တလေးမြို့ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းရှိ ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ပူဇော်ပွဲ အခမ်းအနားကို ၁၉၉၇ ခု ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက် ၅ နာရီတွင် ကျင်းပသည်။ ထို့နောက် မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးအတွင်းမှ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး ဦးဆောင်၍ တာဝန်ရှိသူများနှင့် နတ်သားများက ရတနာယာဉ်တော်ပေါ်သို့ ငြိမ့်ညောင်းသာယာစွာ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ကနက္ကဒဏ်ထီးဖြူများမိုး၍ ဒေဝါဝင်းနှင့် ရာဇာဝင်းအဖွဲ့ယာဉ်၊ သာသနာရေး အသင်းအဖွဲ့များ၏ ဓမ္မတေးအဖွဲ့ယာဉ်များ၊ ဌာနဆိုင်ရာယာဉ်များဖြင့် အစီအစဉ်အတိုင်း ပင့်ဆောင်ကြသည်။ အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းတော်ပေါ်၌ တည်ထားကိုးကွယ်သော ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ စွယ်တော်မြတ်စေတီတော်သို့ နံနက် ၇ နာရီတွင် ရောက်ရှိတော်မူသည်။ စွယ်တော်မြတ်စေတီတော်အရှေ့ အရဟံမုခ်မှ ဂန္ဓကုဋီတိုက်အတွင်းရှိ ရတနာပလ္လင်ထက်ပေါ်သို့ သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ခင်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးနှင့် နတ်သားများက ပင့်ဆောင်ကာ လက်အုပ်ချီမိုး၍ အလေးအမြတ်ပူဇော် ကြည်ညိုကြသည်။

မန္တလေးမြို့ စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋီတိုက်အတွင်းရှိ ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ၁၉၉၇ ခု ဖေဖော်ဝါရီလ ၁ ရက်နေ့ နံနက် ၁ နာရီခွဲတွင် အမရပူရမြို့နယ်မှ မဟာဂန္ဓာရုံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုဏ္ဍလာဘိဝံသ၊ ဗဟိုသံဃဝန်ဆောင် တူမောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တမေဓိယာဘိဝံသတို့ အမှူးပြုသော ဆရာတော်ကိုးပါးနှင့် တရုတ်ဗုဒ္ဓဘာသာဘုန်းတော်ကြီး ၁၂ ပါးတို့က အနေကဇာတင်ပြီး ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကန်တော့ကြသည်။

အနေကဇာတင်ပွဲသို့ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးနှင့် ဇနီး ဒေါ်မြင့်မြင့်သိန်း၊ အမှတ် (၂) စစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်း၊ အမှတ် (၁) စစ်ဗျူဟာအဖွဲ့ စစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးထွန်းကြည်၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်အုန်းနှင့် တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော စွယ်တော်မြတ်စေတီတော် ဂန္ဓကုဋိတိုက်အတွင်းမှ နံနက် ၇ နာရီတွင် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ခင်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးတို့ ဦးဆောင်၍ တာဝန်ရှိသူများနှင့် နတ်သားများက ရတနာယာဉ်တော်ပေါ် သို့ ပင့်ဆောင်ကြသည်။

ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ကနက္ကဒဏ်ထီးဖြူများမိုး၍ ရတနာယာဉ်တော်ဖြင့် ပင့်ဆောင်လာရာ စည်တော်အဖွဲ့ယာဉ်၊ ဒေဝါဝင်းအဖွဲ့ယာဉ်၊ ရာဇာဝင်းအဖွဲ့ယာဉ်၊ ဓမ္မတေးအဖွဲ့ယာဉ်၊ ဘာသာရေး အသင်းအဖွဲ့ယာဉ်တို့က အစီအစဉ်အတိုင်း လိုက်ပါလာကြပြီး ဘာသာရေးဝတ်အဖွဲ့များက ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကာ လိုက်ပါပို့ဆောင်ကြသည်။

ထိုသို့ ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ရတနာယာဉ်တော်ဖြင့် ရန်ကုန်–မန္တလေးလမ်းတစ်လျှောက် ပင့်ဆောင်လာရာ လမ်းဘေးဝဲယာတို့မှ ရဟန်းသံဃာတော်များ၊ သက်ကြီးရွယ်အို အဘိုးအဘွားများနှင့် ပြည်သူများက ဖူးမြော်ကြည်ညို ကန်တော့ကြသည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ပင့်ဆောင်လာသော ရတနာယာဉ်တော် လေဆိပ်အဝင်လမ်းအရောက်တွင် ဆင်ချပ်ဝတ်တန်ဆာများ ဆင်မြန်းထားသော စွယ်စုံဆင် ၁၀ စီးတို့က ရိုသေ့ညွှတ်တွားစွာ ရှိခိုးပူဇော် ကန်တော့ကြသည်။

ရတနာယာဉ်တော်ဖြင့် ပင့်ဆောင်လာသော ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့သည် မန္တလေးလေဆိပ်သို့ နံနက် ၈ နာရီ ၅ မိနစ်တွင် ရောက်ရှိတော်မူသည်။ ၈ နာရီခွဲတွင် တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ဒေသစာရီ ကြွချီတော်မူသည်။

ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့၌ ကိန်းဝပ်စံပယ် အပူဇော်ခံစဉ် လာရောက်ဖူးမြော်ကြသူဦးရေ စုစုပေါင်းစာရင်းမှာ (၉–၁–၉၇ ရက်မှ ၃၁–၁–၉၇ ရက်အထိ) သံဃာ ၁၄၈၀၆ ပါး၊ သီလရှင် ၁၇၉၃ ပါး၊ အမျိုးသား ၈၄၉၃၀ ဦး၊ အမျိုးသမီး ၁၂၈၂၀၄ ဦး၊ နိုင်ငံခြားသား (ကျား) ၃၇၅ ဦး၊ နိုင်ငံခြားသား (မ) ၄၆၈ ဦး၊ စုစုပေါင်း ၂၃၀၅၇၆ ဦးရှိသည်။

၉–၁–၈၇ ရက်မှ ၃၁–၁–၈၇ ရက်အတွင်း ဗုဒ္ဓမြတ်စွယ်တော် မန္တလေးမြို့သို့ ကြွရောက်အပူဇော်ခံစဉ် လာရောက်လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများစာရင်းမှာ မြန်မာငွေကျပ် ၂,၆၉,၅၉,၄၄၆၊ အမေရိကန်ဒေါ်လာ ၁၀၅၈၊ အက်ဖ်အီးစီယူနစ် ၃၀၈၊ ထိုင်းဘတ်ငွေ ၂၆၉၀၊ စင်ကာပူဒေါ်လာ ၃၇၃၊ ဗီယက်နမ်ဒွန်ငွေ ၁၀၀၀၀၊ ဖိလစ်ပိုင်ပီဆိုငွေ ၁၀၊ တရုတ်ယွမ်နှင့် ကျော့ငွေ ၁၇၇၊ မကာအိုဒက်ငွေ ၁၀၊ အင်ဒိုနီးရှားရူပီးငွေ ၁၆၀၀၊ ဘရူးနိုင်းဒေါ်လာ ၂၊ ရုရှားရူဘယ်ငွေ ၁၀၀၀၀၊ အီတလီလိုင်ယာငွေ ၃၀၀၀၀၊ ဂျပန်ယန်းငွေ ၄၀၁၅၊ အိန္ဒိယရူပီးငွေ ၁၀၂၊ တူရကီတာ့က်ငွေ ၅၀၀၀၀၊ ကိုရီးယားဝမ်ငွေ ၅၀၀၀၊ စပိန်ပီစီတက်ငွေ ၁၀၀၀ နှင့် ရတနာပစ္စည်း ၁၃၇၈ ထုပ်၊ အခြားပစ္စည်း ၆၀ ထုပ်၊ ကန္တာရနှင်းဆီ ပန်းမာလာသစ်ပင် ၁ ပင် (ကျပ် ၄၅၀၀၀ ခန့်တန်) တို့ဖြစ်သည်။

ဗုဒ္ဓမြတ်စွယ်တော်နှင့် မြတ်စွယ်တော် (ရန်ကုန်)၊ မြတ်စွယ်တော် (မန္တလေး) တို့ကို ပင့်ဆောင်လာသော တပ်မတော်လေယာဉ်သည် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ မင်္ဂလာဒုံလေတပ်စခန်းဌာနချုပ်သို့ ဆိုက်ရောက်တော်မူလာသည်။ တပ်မတော်လေယာဉ်ပေါ်မှတစ်ဆင့် ပန်းရထားယာဉ်ပေါ်သို့ ရွှေ့ပြောင်းပင့်ဆောင်ကြသည်။ မရန်းကုန်းမြို့နယ် ဓမ္မပါလကုန်းမြေ ဝရဒါဌာတာတုစေတီယ စွယ်တော်မြတ်စေတီ ဂန္ဓကုဋိတိုက် ရတနာပလ္လင်ထက်တော်သို့ နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် ရောက်ရှိ အပူဇော်ခံတော်မူသည်။ ဖေဖော်ဝါရီလ ၂ ရက်မှစ၍ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၅ နာရီထိ အပူဇော်ခံတော်မူသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဒေသစာရီကြွချီ အပူဇော်ခံတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်အား တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ သာသနာရေးဗျူရို ဒုတိယအကြီးအကဲ မစ္စတာတောင်ဇီယန်းခေါင်းဆောင်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်ပင့်ဆောင်ရေး ကိုယ်စားလှယ်အဖွဲ့သည် ၁၉၈၇ ခု ဖေဖော်ဝါရီလ ၂၆ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ မြန်မာနိုင်ငံသို့ သုံးလကြာ ဒေသစာရီ ကြွချီတော်မူပြီး ဓမ္မပါလကုန်းမြေ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း ကိန်းဝပ်စံပယ် အပူဇော်ခံယူတော်မူလျက်ရှိသည့် ဗုဒ္ဓမြတ်စွယ်တော်အား ဗုဒ္ဓါဘိသေက အနေကဇာတင် အခမ်းအနားကို ၁၉၈၇ ခု မတ်လ ၅ ရက်နေ့ နံနက် ၆ နာရီခွဲတွင် ကျင်းပသည်။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဆရာတော်ကြီးများဖြစ်ကြသည့် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများက စတင်၍ အနေကဇာတင်တော်မူကြသည်။ ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဆရာတော်များက အနေကဇာတင်တော်မူကြသည်။ ထို့နောက် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က သာသနာ့အောင်လံတော်ကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်ကို စောင့်ရှောက်ရန် ကြွရောက်တော်မူလာသည့် တရုတ်ဘုန်းတော်ကြီးများ၏ခေါင်းဆောင် ချွမ်ကျင်းအား လွှဲအပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏာဘိဝံသထံမှ ရေစက်ချတရား နာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဗုဒ္ဓမြတ်စွယ်တော်အား ပြန်လည်ပင့်ဆောင်သည့် အခမ်းအနားကို ၁၉၉၇ ခု မတ်လ ၅ ရက်နေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်မြို့ ဓမ္မပါလကုန်းမြေရှိ ဝရဒါဠာဓာတုယစေတီယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်) ဂန္ဓကုဋိတိုက်အတွင်း၌ စတင်ကျင်းပသည်။

ရှေးဦးစွာ ဗုဒ္ဓမြတ်စွယ်တော်ကို နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ပူဇော်ဦးခိုက် ကန်တော့ကြသည်။

ထို့နောက် ရတနာပလ္လင်ထက်၌ ကိန်းဝပ်စံပယ် အပူဇော်ခံယူတော်မူလျက်ရှိသော ဗုဒ္ဓမြတ်စွယ်တော်ကို နတ်သားများက စတင်ပင့်ဆောင်သည်။ စေတီတော် အရှေ့ဘက်မုခ်မှတစ်ဆင့် ရတနာယာဉ်တော်ပေါ်သို့ ပင့်ဆောင်ကြသည်။

မွန်းလွဲ ၁ နာရီတွင် ဓမ္မပါလကုန်းမြေမှ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပင့်ဆောင်ကြသည်။ ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်ရာလမ်းဘေးဝဲယာတစ်လျှောက်၌ ပြည်သူများက ဗုဒ္ဓမြတ်စွယ်တော်ကို ရှိခိုးပူဇော် ကန်တော့သည်။

ရတနာယာဉ် သတ်မှတ်ထားသည့်နေရာသို့ရောက်ရှိသည့်အခါ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ကြီး ဘဒ္ဒန္တသောဘိတနှင့် ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တသီရိန္ဒာဘိဝံသ၊ အတွင်းရေးမှူး (၁)၊ အတွင်းရေးမှူး (၂)၊ ဝန်ကြီးများနှင့် ပရိသတ်များက ဗုဒ္ဓမြတ်စွယ်တော်ဘက်သို့ မျက်နှာမူ လက်အုပ်ချီလျက် နမောတဿသုံးကြိမ်ရွတ်ဆို၍ ကန်တော့ကြသည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော်ကို ရတနာယာဉ်ထက်မှ ရတနာထမ်းစင်ထက်သို့ ရွှေ့ပြောင်း၍ ပင့်ဆောင်စဉ် မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ မင်းသားသိန်းဇော်က မြတ်စွယ်တော်ရတုဖြင့် သီကျူးပူဇော်သည်။ နတ်သားများက ရတနာထမ်းစင်ဖြင့် နတ်လမ်းတစ်လျှောက်မှ ဝန်ချီစက်သို့ ပင့်ဆောင်ကြသည်။ ဆက်လက်၍ ဗုဒ္ဓမြတ်စွယ်တော်အား ဝန်ချီစက်ပေါ်မှ လေယာဉ်ပေါ်သို့ ပင့်ဆောင်သည်။

ထို့နောက် ဗုဒ္ဓမြတ်စွယ်တော် ပင့်ဆောင်သည့် အထူးလေယာဉ်ကြီးသည် လေယာဉ်ပြေးလမ်းပေါ်သို့ စတင်၍ထွက်ခွာရာ ပရိသတ်များသည် ဆိတ်ငြိမ်စွာဖြင့် ဘုရားဂုဏ်တော်များကို အာရုံပြုလျက်ရှိကြသည်။

ယင်းနောက် ဗုဒ္ဓမြတ်စွယ်တော်ကို ပင့်ဆောင်သည့် အထူးလေယာဉ်ကြီးသည် မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပျံသန်းထွက်ခွာသွားရာ ပရိသတ်များက ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။ ။

# စွယ်တော်မြတ်စေတီ တည်ဆောက်ခြင်းလုပ်ငန်း၏ အဆင့်ဆင့် မဟာမင်္ဂလာ အခမ်းအနားများ ကျင်းပခဲ့သည့် နေ့ရက်များစာရင်း

| ရက်စွဲ | | အကြောင်းအရာ |
|---|---|---|
| ၁၃၅၇ ခုနှစ်၊ ဝါဆိုလဆန်း (၁၀) ရက်<br>(၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက်) (ကြာသပတေးနေ့) | ... | ပရိကမ္မ မြေသန့်မဟာမင်္ဂလာ |
| ၁၃၅၇ ခုနှစ်၊ ဝါဆိုလပြည့်ကျော် (၄) ရက်<br>(၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်) (စနေနေ့) | ... | ပန္နက်တော်တင် တွင်းတော်ဝန်း<br>မဟာမင်္ဂလာ |
| ၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း (၉) ရက်<br>(၁၉၉၅ ခုနှစ်၊ ဩဂုတ်လ ၄ ရက်) (သောကြာနေ့) | ... | ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ |
| ၁၃၅၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် (၃) ရက်<br>(၁၉၉၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်) (အင်္ဂါနေ့) | ... | သတ္တဋ္ဌာန မူလဌာပနာတော်သွင်း<br>မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၂) ရက်<br>(၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်) (အင်္ဂါနေ့) | ... | ကွမ်းတော်ဌာပနာတော်သွင်း<br>မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း (၁၄) ရက်<br>(၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်) (အင်္ဂါနေ့) | ... | အလယ်ဌာပနာတော်သွင်းနှင့်<br>ပန်းလယ်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ သီတင်းကျွတ်လဆန်း (၃) ရက်<br>(၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၁၅ ရက်) (အင်္ဂါနေ့) | ... | ပိန္နဲတိုင်စိုက်ထူခြင်း မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁၄) ရက်<br>(၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်) (တနင်္လာနေ့) | ... | အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း (၃) ရက်<br>(၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်) (သောကြာနေ့) | ... | ရွှေထီးတော်တင် မဟာမင်္ဂလာ |
| ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း (၄) ရက်<br>(၁၉၉၆ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်) (စနေနေ့) | ... | ရွှေကြာသင်္ကန်း ကပ်လှူပွဲနှင့် ဗုဒ္ဓါဘိသေက<br>အနေကဇာတင် မဟာမင်္ဂလာ |

# မြေသန့်မဟာမင်္ဂလာ

ဗုဒ္ဓမြတ်စွာ ပရိနိဗ္ဗာန် စံလွန်တော်မူပြီးနောက် ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓပွင့်တော်မူရာ ဗုဒ္ဓဂါယာသို့ သွားရောက်၍ အသောကမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော မဟာဗောဓိစေတီတော်ကြီးနှင့် သတ္တဋ္ဌာနများကို ဦးစွာရှိခိုးဦးခိုက် ပူဇော်ကြသည်။ ထို့အပြင် ဓာတုစေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ၊ ဥဒ္ဒိဿစေတီတို့ကိုလည်း ဗုဒ္ဓကိုယ်စား ကြည်ညိုသဒ္ဓါပွားကြသည်။ ဓာတုစေတီတော်တို့တွင် ဗုဒ္ဓစွယ်တော်မြတ်စေတီကို အထွတ်အမြတ်ထား၍ ရှိခိုးပူဇော်ကြသည်။

ဤလူ့ပြည်၌ ဗုဒ္ဓစွယ်တော်မြတ်စေတီတော် နှစ်ဆူသာရှိတော်မူသည်။ တစ်ဆူသည် အောက်လက်ဝဲ စွယ်တော်ဖြစ်၍ တစ်ဆူမှာ အထက်လက်ဝဲစွယ်တော်ဖြစ်သည်။ အောက်လက်ဝဲစွယ်တော်သည် သီရိလင်္ကာနိုင်ငံ ကန္ဒီမြို့၌ ရှိတော်မူသည်။ အထက်လက်ဝဲစွယ်တော်မှာ တရုတ်နိုင်ငံ ပဲကျင်းမြို့တော်၏ ဆင်ခြေဖုံးရပ် အနောက်တောင်ကုန်းများတွင် တည်ရှိသော ဖောင်ဆီယန်စေတီ တည်ရှိရာ လင်ဂွမ်ဘုန်းတော်ကြီးကျောင်း၌ ရှိတော်မူသည်။

မြန်မာလူမျိုးတို့သည် ဗုဒ္ဓဘာသာကို အထူးယုံကြည် သက်ဝင်သူများဖြစ်သည့်အလျောက် တရုတ်နိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်ကို နှစ်နိုင်ငံချစ်ကြည်ရေး အစီအစဉ်ဖြင့် ပင့်ဆောင်ကြည်ညိုခဲ့ကြသည်။ ယင်းအစဉ်အလာဖြင့် တရုတ်နိုင်ငံရှိ ဗုဒ္ဓမြတ်စွယ်တော်ကို တရုတ်–မြန်မာ နှစ်နိုင်ငံ ချစ်ကြည်ရေး အစီအစဉ်အရ ၁၉၉၄ ခုနှစ် ဧပြီလ ၂၀ ရက်မှ ဇွန်လ ၄ ရက်ထိ မြန်မာနိုင်ငံသို့ ၄၅ ရက်ကြာ ပင့်ဆောင်၍ ကြည်ညိုပူဇော်ကြသည်။ ယင်းသို့ကြည်ညိုစဉ်က ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ ဆင်စွယ်ဖြင့် ပြုလုပ်ထားသော စွယ်တော်ပွားနှစ်ဆူကိုလည်း ရင်ငွေ့လှုံ၍ ကိန်းဝပ်စံပယ် အပူဇော်ခံတော်မူခဲ့သည်။ ယင်းစွယ်တော်ပွားနှစ်ဆူတွင် တစ်ဆူကို ရန်ကုန်မြို့တွင် တည်ထားကိုးကွယ်ရန်ဖြစ်ပြီး ကျန်တစ်ဆူကို မန္တလေးမြို့တွင် တည်ထားကိုးကွယ်ရန်ဖြစ်သည်။

မန္တလေးမြို့တွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော်ကို အောင်မြင်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် နိုင်ငံတော် ဩဝါဒါစရိယဆရာတော်ကြီးများနှင့် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသည့် ဩဝါဒါစရိယ ဆရာတော်ကြီးများအဖွဲ့၊ စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ဖွဲ့စည်း တာဝန်ပေးအပ်ခဲ့သည်။

စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီ (မန္တလေး) ၏ လုပ်ငန်းများအောင်မြင်ချောမောစွာ ဆောင်ရွက်နိုင်ရေးအတွက် ဆပ်ကော်မတီ ၇ ဖွဲ့ဖြင့် ဖွဲ့စည်းတာဝန်ပေး ဆောင်ရွက်ခဲ့သည်။

ယင်းကော်မတီ ၇ ဖွဲ့မှာ–

(က) စေတီတော်တည်ဆောက်ရေးဆပ်ကော်မတီ

( ခ ) ဘဏ္ဍာငွေ ရှာဖွေရေးဆပ်ကော်မတီ

( ဂ ) ပစ္စည်းရှာဖွေစုဆောင်းရေးဆပ်ကော်မတီ

(ဃ) ပြန်ကြားရေးဆပ်ကော်မတီ

( င ) သယ်ယူပို့ဆောင်ရေးဆပ်ကော်မတီ

( စ ) လုပ်ငန်းစစ်ဆေးရေးဆပ်ကော်မတီ

(ဆ) စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီတို့ ဖြစ်သည်။

စေတီတော်တည်ဆောက်ရေးဆပ်ကော်မတီက စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရန် အတွက် မြေနေရာများကို ရှာဖွေရွေးချယ်ကြသည်။ ပထမဦးစွာ မန္တလေးမြို့၏အရှေ့ဘက် ပြင်ဦးလွင်သို့ သွားသော ကားလမ်းမြောက်ဘက်ဘေး အောင်ပင်လယ်ကွင်းနှင့် ပရန်တော်ချောင်း၏ အရှေ့ဘက်အနီး မြေအကျယ် ၇၈.၈၂ ဧကရှိ မြေနေရာကို ရွေးချယ်သတ်မှတ်ခဲ့ပါသည်။ ဆောက်လုပ်ရေးဝန်ကြီးဌာနက မြေစမ်းသပ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ပြီး မြေစမ်းသပ်မှု အခြေအနေကို အစီရင်ခံခဲ့ပါသည်။ အစီရင်ခံစာအရ စေတီတည်မည့်မြေမှာ လယ်ယာမြေဖြစ်ကြောင်း၊ မြေအမျိုးအစားမှာ ကျပ်တည်းမြေမျိုးဖြစ်ကြောင်း၊ မြေအောက်အနက် ၈ ပေမှ ၁၀ ပေအတွင်း ရေတွေ့ရှိရကြောင်း၊ အစိုဓာတ် ထိန်းသိမ်းရန် များစွာ လိုအပ်မည်ဖြစ်ကြောင်း သိရပါသည်။ အပေါ်မြေလွှာများ တူးဖော်ရမည်ဖြစ်ပြီး နုတ်သိမ်းသွားသည့်မြေများ အစား ကောင်းမွန်သည့် မြေဝါ၊ မြေနီ အမျိုးအစားကို လိုအပ်သည့်အမြင့်အထိ ဖို့သွားရန် လိုအပ်မည် ဖြစ်ပါသည်။ လုပ်ငန်းမစတင်မီ ပတ်ဝန်းကျင် ကားလမ်း၊ တံတား၊ ချောင်းငယ်၊ မြောင်းငယ်နှင့် စမ်းချောင်း များ ရေမလျှံစေရန်၊ ရေစိမ့်မဝင်စေရန် ကြိုတင်ပြီး တားဆီးကာကွယ်မှု ပြုလုပ်ရမည်ဖြစ်ကြောင်းနှင့် ရေစုပ် ထုတ်ခြင်း၊ ရေလွှဲခြင်းလုပ်ငန်းများလည်း ကြိုတင်ဆောင်ရွက်ရန် လိုအပ်ကြောင်း သိရသည်။ ငလျင်ဒဏ် ခံနိုင်ရန် အင်ဂျင်နီယာများအနေဖြင့် အသေးစိတ် လေ့လာတွက်ချက်ပြီး ဒီဇိုင်းထုတ်ရမည်ဖြစ်ကြောင်း သိရသည်။ ဆည်မြောင်းဌာနအနေဖြင့်လည်း ပရန်တော်ချောင်းမှ ရေလျှံမှု မဖြစ်စေရန် ချောင်းကို ရွှေ့ပြောင်းတူးဖော် လမ်းလွှဲရမည်ဖြစ်သည်။ ထိုကဲ့သို့သောလုပ်ငန်းများ ပြည့်စုံစေရန် ငွေကြေးအမြောက် အမြား ကုန်ကျမည့်အပြင် အချိန်ယူ ဆောင်ရွက်ရန်လည်း လိုအပ်မည်ဖြစ်သည်။

အထက်ဖော်ပြပါ ကန့်သတ်ချက်များနှင့် ခက်ခဲမှု၊ ချို့ယွင်းမှုများကြောင့် မူလမြေနေရာအစား အခြားသင့်လျော်မည့် မြေနေရာကို ရွေးချယ်ခဲ့ကြသည်။ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကျော်သန်း ဦးဆောင်သောအဖွဲ့က ၁၉၉၅ ခု မတ်လ ၃ ရက်နေ့တွင် မန္တလေးမြို့တောင်ဘက်အထွက် ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏ အနောက်ဘက်၊ အမရပူရမြို့နယ်အတွင်း နတ်ရေကန်ရွာအနီး၊ ဆည်မြောင်းဦးစီးဌာန (ဇလဗေဒ) စခန်းရုံးဝင်းနှင့် ပြည်ကြီးတံခွန်မြို့နယ်မှ မွေးမြူရေးခြံနယ်နိမိတ် အပါ အဝင် မြေဧက ၇၂ ဧကကို လျာထားသတ်မှတ်ခဲ့ပါသည်။

အဆိုပါ စေတီတည်မည့်နေရာ အခြေအနေမှာ ကွန်တိုမြေပုံအရ ပင်လယ်ရေမျက်နှာပြင်အထက် အနိမ့်ဆုံးနေရာတွင် ၉၇ ပေရှိပြီး အမြင့်ဆုံးနေရာမှာ ၉၉ ပေရှိသဖြင့် ခြားနားချက် ၂ ပေရှိပါသည်။ အနိမ့်အမြင့် လွန်စွာကွာခြားမှု မတွေ့ရပေ။ မြေအမျိုးအစားမှာ ဖြုံးဆန်ကြောင်း တွေ့ရသည်။

စွယ်တော်မြတ်စေတီတော် တည်ထားရန်အတွက် လျာထားသည့်မြေနေရာတွင်–

(က) နတ်ရေကန် ဇလဗေဒ အခြေစိုက်စခန်း ၉.၃ ဧက၊

( ခ ) မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန မွေးမြူရေးနှင့် အစားအစာ၊ နို့ထွက်ပစ္စည်းလုပ်ငန်း နတ်ရေကန်စခန်းမြေနေရာ ၃၀.၀၆ ဧက၊

( ဂ ) ကျူးကျော်အိမ် အဆောက်အအုံ ၉၀၊ ၃၂.၆၇ ဧက

တည်ရှိနေပါသည်။ ယင်းတို့ကို ပြောင်းရွှေ့လိုက်ပါက မြေအစားပြန်လည်စီစဉ်ပေးရမည်ဖြစ်သည်။

သို့ရာတွင် ၁၉၉၅ ခု မေလ ၁ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) နှင့် ဝန်ကြီးများ၊ အဖွဲ့ဝင်များ အဆိုပါနေရာသို့ ကွင်းဆင်းကြည့်ရှုခဲ့ပါသည်။ မြေနေရာမှာ ရန်ကုန်–မန္တလေး ကားလမ်းမကြီးနှင့် လွန်စွာနီးကပ်နေသဖြင့် ဆူညံမှုများကြောင့် ဘုရားဖူးမြော်သူများ၏ စိတ်အနှောင့်အယှက်ဖြစ်စေနိုင်သဖြင့် နောက်ထပ်နေရာသစ် ရှာဖွေရန် ဆုံးဖြတ်ခဲ့သည်။

မန္တလေးမြို့တောင်ဘက်အထွက် ရန်ကုန်–မန္တလေး ကားလမ်းမကြီး၏အရှေ့ဘက် မိုင်တိုင်အမှတ် (၄၂၃/၁) မှ (၄၂၃/၃) အတွင်း အမရပူရမြို့နယ် ရှားတောလေးရွာနှင့် ဖျောက်ဆိပ်ကန်းရွာအကြားရှိ ထန်းစဉ်လှတောင်ကွင်း၊ ကွင်းအမှတ် (၅၈၈) ပေါ်တွင် မြေအကျယ် ၉၀ ဧကခန့်ကို ရှာဖွေတွေ့ရှိခဲ့ပြီး ပဏာမရွေးချယ်၍ တိုင်းတာခြင်း၊ မြေပြုပြင်ခြင်းနှင့် မြေစမ်းသပ်ခြင်း စသည့်လုပ်ငန်းများ စတင်ဆောင်ရွက်ခဲ့သည်။

စွယ်တော်မြတ်စေတီ တည်ထားကိုးကွယ်မည့် မြေနေရာအတွက် စေတီတော် တည်ထားကိုးကွယ်ရန် သင့်မသင့် မြေစမ်းသပ်မှုကို ဆောင်ရွက်ရန် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း မြေစမ်းသပ် သုတေသနဌာနကို တာဝန်ပေးခဲ့သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အဆိုပါမြေနေရာ၌ တစ်စတုရန်းပေလျှင် ၁.၅ တန် ခံနိုင်ရည်ရှိကြောင်း၊ မြေအောက်ပေ ၂၀ အထိ ရေမတွေ့ရကြောင်း၊ သို့ဖြစ်၍ ယင်းမြေနေရာတွင် စွယ်တော်မြတ်စေတီတော် တည်ထားသင့်ကြောင်း တင်ပြသည်။ ထို့အပြင် ထိုနေရာတွင် အုတ်မြစ်ချရာ၌ ၈ ပေမှ ၁၀ ပေအထိ အုတ်မြစ်ချရန်လိုအပ်ကြောင်း တင်ပြသည်။

အဆိုပါ မြေနေရာတွင် စွယ်တော်မြတ်စေတီတော် တည်ထားရန် သက်ဆိုင်ရာက အတည်ပြုလိုက်သောအခါ မြေဧက ၉၀ ခန့်ကို သိမ်းဆည်းခဲ့သည်။ ယင်းမြေပေါ်ရှိ မြေဦးပိုင် ၅၂ ခုတို့တွင် လုပ်ကိုင်လျက်ရှိသော တောင်သူဦးရေ ၄၀ တို့ နစ်နာမှုများ မရှိစေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

စွယ်တော်မြတ်စေတီတော် တည်ထားရန်အတွက် မြေနေရာ ရွေးချယ် သတ်မှတ်ပြီးဖြစ်၍ စေတီတော် တည်ဆောက်ခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ကြသည်။ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ထားရန်အတွက် နေ့ကောင်းရက်မြတ်များ ရရှိနိုင်ရန် စွယ်တော်မြတ်စေတီတော် (ရန်ကုန်)

တည်ဆောက်စဉ်က နေကောင်းရက်မြတ်များ ရွေးချယ်ပေးခဲ့သော ရန်ကုန်တိုင်း ဒေါပုံမြို့နယ် ပြာသာဒ်ကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဦးသဒ္ဓိယထံမှ နေကောင်းရက်မြတ် ရရှိနိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ခင်က စီစဉ်ဆောင်ရွက်ပေးသည်။

စွယ်တော်မြတ်စေတီ ပရိဝုဏ် မြေသန့်မဟာမင်္ဂလာ အခမ်းအနား ကျင်းပရန် မင်္ဂလာနေ့ရက်မှာ မြန်မာသက္ကရာဇ် ၁၃၅၇ ခု ဝါဆိုလဆန်း ၁၀ ရက်၊ ခရစ်နှစ် ၁၉၉၅ ခု ဇူလိုင်လ ၆ ရက် ကြာသပတေးနေ့ ဖြစ်သည်။ မင်္ဂလာအချိန်မှာ နံနက် ၀၈၀၀ နာရီအချိန်မှ ၀၉၂၃ နာရီအချိန်အထိဖြစ်သည်။ မင်္ဂလာဌာနမှာ အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဥ္စူသကကုန်းတော်ဖြစ်ပြီး ဝတ္ထုကံမြေ ပရိဝုဏ်အကျယ် အဝန်း ၁၁၃.၅၆ ကေရှိသည်။ ထိုစဉ်က မဥ္စူသကကုန်းတော်ဟု ခေါ်ဝေါ်သုံးနှုန်းခဲ့သော်လည်း စွယ်တော်မြတ်စေတီတော် (ရန်ကုန်) တည်ဆောက်နေသော ရန်ကုန်မြို့ မရန်းကုန်းမြို့နယ်ရှိကုန်းမြေကို ဓမ္မပါလကုန်းမြေဟု သတ်မှတ်ထားသဖြင့် မန္တလေးမြို့ အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိ မဥ္စူသကကုန်းတော်ကို မဟာဓမ္မရံသီကုန်းတော်ဟု နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က ပြောင်းလဲခေါ်ဝေါ်စေသည်။

မြေသန့်မဟာမင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်ဩဝါဒါစရိယ အဘိဇမဟာရဋ္ဌဂုရု ဒေးဝန်းအုတ်ကျောင်းဆရာတော် ဘဒ္ဒန္တဇောတိကာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော် ၁၀၈ ပါးတို့ ကြွရောက်တော်မူကြသည်။ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါက်တာတင်လင်းမြင့်၊ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းထွန်း၊ တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်ချစ်နှင့် အဖွဲ့ဝင်များ၊ မန္တလေးတပ်နယ်အတွင်းရှိ တပ်ရင်းတပ်ဖွဲ့မှူးများနှင့် ယင်းတို့၏ဇနီးများ၊ မန္တလေးခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးကြင်စိုးနှင့် အဖွဲ့ဝင်များ၊ တိုင်းအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များ၊ မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများမှ ဂေါပကအဖွဲ့ဝင်များ၊ မန္တလေး ခုနစ်မြို့နယ်မှ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ ဥပါသကာ ၉ ဦးတို့က နံနက် ၆ နာရီတွင် ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ရတနာသုံးပါးကို ရိုသေစွာရှိခိုး ကန်တော့ကြသည်။ ထို့နောက် ကန်တော့ပွဲ ၉ ပွဲဖြင့် ဘုရား အမှူးပြုသော ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်တို့အား ကပ်လှူပူဇော်ကြပြီး မေတ္တာပို့ အမျှဝေကာ ဒေဝတာဗလိနတ်စာ ကျွေးကြသည်။

ထို့နောက် နံနက် ၈ နာရီတွင် စွယ်တော်မြတ်စေတီတော် ပရိဝုဏ် မြေသန့်မင်္ဂလာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်သည်။ ဒေးဝန်းဆရာတော်ဘုရားကြီးထံမှ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် အမှူးပြုသော ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက် သံဃာတော် အရှင်သူမြတ်တို့က ရတနသုတ်၊ မေတ္တာသုတ်၊ ခန္ဓသုတ်၊ အာဋာနာဋိယ သုတ်၊ ပုဗ္ဗဏှသုတ် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်တို့အား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းတို့ကို ဆက်ကပ်လှူဒါန်းကြကာ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသ ဆရာတော်ထံမှ ရေစက်ချ အနုမောဒနာတရား နာယူကြသည်။

ထို့နောက် ပိတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသော ဥပါသကာ ၁၈ ဦးတို့က ပရိတ်တော်သဲအိုး ၉ လုံး၊ ပရိတ်ပန်းအိုး ၉ အိုးတို့ကို စေတီတော် တည်နေရာ အရပ်ရှစ်မျက်နှာသို့ သယ်ဆောင်ကြ၍ သတ်မှတ်သည့် နေရာများတွင် ပရိတ်သဲများ မြှုပ်ထားကြသည်။ ပရိတ်ပန်းများ စိုက်ထူကြသည်။ ပရိတ်ရေများ သွန်းလောင်းကြသည်။

ထို့နောက် ဆရာတော်ကြီးများက စေတီတော်တည်မည့်နေရာတွင် မြေသန့်ကမ္ဗဝါ ဖတ်ကြားချီးမြှင့်တော်မူကြပြီး မြေသန့်မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုပ်သိမ်းသည်။

စွယ်တော်မြတ်စေတီတော်တွင် အန္တရာယ်အပေါင်းမှ ကင်းဝေးစေခြင်းအလို့ငှာ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အစီအစဉ်ကို မွန်းလွဲ ၁၂ နာရီခွဲ၌ ဆက်လက်ကျင်းပသည်။ ရှေးဦးစွာ ဥပါသကာ ၉ ဦးတို့က နတ်ဒေဝတာတို့အား တရားနာပင့်ဖိတ်သည်။ ပဋ္ဌာနဘာဏက ဆရာတော်က ပဋ္ဌာန်းအမွှန်းကို ရွတ်ဖတ်၍ သံဃာတော် အရှင်သူမြတ်တို့က မဟာပဋ္ဌာန်းကျမ်းမြတ်ကို ရွတ်ဖတ်ပူဇော်တော်မူကြသည်။ အသံမစဲ မဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၆ ရက်မှ ၁၄ ရက်ထိ ရွတ်ဖတ်ပူဇော်ကြသည်။

ဗုဒ္ဓမြတ်စွယ်တော် တည်ထားကိုးကွယ်ရာ၌ အခြေတော်မှ ထီးတော်အထိ မဟာမင်္ဂလာ အခမ်းအနား ၉ ပါးဖြင့် တည်တော်မူခဲ့သည်။ ဤမြေသန့်မဟာမင်္ဂလာ အခမ်းအနားမှာ ပထမဦးဆုံး မဟာမင်္ဂလာ အခမ်းအနားဖြစ်သည်။

## မြေသန့်မဟာမင်္ဂလာ အခမ်းအနားအတွက် အသုံးပြုသောပစ္စည်းများ

၁။ စေတီတော်တည်မည့်နေရာ အနောက်ဘက်ခြမ်း၌ အရှေ့ဘက်သို့ မျက်နှာမူလျက် ၂၀ ပေ × ၄၀ ပေရှိ မင်္ဂလာမဏ္ဍပ်တစ်ခု။

၂။ မင်္ဂလာမဏ္ဍပ်အတွင်း၌ ၁၀ ပေ × ၂၀ ပေ အကျယ်နှင့် အမြင့်တစ်ပေရှိ သံဃာစင်။

၃။ သဲသန့်သန့် ထည့်ထားသော ပြည့်ဝင်အိုး (မြေအိုး သို့မဟုတ် ဖန်အိုး) ၉ လုံး။

၄။ ပရိတ်ပန်း ၉ မျိုး စိုက်ထားရန် ပရိတ်ရေအိုး ၉ လုံး။

| | | |
|---|---|---|
| (က) အုန်းပန်း | (ခ) ကံ့ကော်ပန်း | (ဂ) ဇော်စိမ်းပန်း |
| (ဃ) ရွက်လှပန်း | (င) မြေစာမြက် | (စ) သီဟိုဠ်ညွန့် |
| (ဆ) ဒန်းညွန့် (သို့) ဒေါနပန်း | (ဇ) ရဲယိုညွန့် | (ဈ) ပရိတ်ချည် (အပ်ချည်လုံး) |

၅။ စေတီတော် အရပ်ရှစ်မျက်နှာနှင့် စေတီတော် ဗဟိုချက်အနီး၌ ပြည့်ဝင်အိုးမြှုပ်ရန်အတွက် ကျင်း ၉ ကျင်း။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထဲရေးဝန်ကြီးဌာန
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
မန္တလေးခရိုင်၊ မန္တလေးမြို့

**အခွန်တော်အမှုတွဲအမှတ် – ၂/၉၆–၉၇**

# သာသနာရေး သာသနာမှုအလို့ငှာ မြေရာအပိုင် ပတ္တာစာချုပ်

၁၈၈၉ ခုနှစ်၊ မြန်မာနိုင်ငံအထက်ပိုင်း မြေမှုမှစ၍ အခွန်တော်ရက်ဂယူလေးရှန်း ဥပဒေအရ
နည်းဥပဒေ ၅၂၊ ၅၃ နှင့် ၅၅။
၁၈၇၆ ခုနှစ်၊ မြန်မာနိုင်ငံ (အောက်ပိုင်း) မြေရာနှင့် အခွန်တော်အက်ဥပဒေအရ
နည်းဥပဒေ ၃၂၊ ၃၃ နှင့် ၃၆။
၁၈၉၈ ခုနှစ်၊ မြန်မာနိုင်ငံ (အောက်ပိုင်း) မြို့ရွာရှိ မြေရာအက်ဥပဒေအရ
နည်းဥပဒေ ၅၀၊ ၅၁ နှင့် ၅၄။

ယခုအပိုင်ပတ္တာစာချုပ်ကို ၁၃၅၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၂ ရက် (၁၉၉၆ ခုနှစ် နိုဝင်ဘာလ ၂၇ ရက်) ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ (ကိုယ်စား) ကော်လိတ္တော်အရာရှိ၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ဥက္ကဋ္ဌ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေး အနီးကပ်ကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ ချုပ်ဆိုကြသည်မှာ အမရပူရမြို့နယ်၊ နတ်ရေကန်ကျေးရွာအုပ်စု၊ ထန်းစဉ်လှတောင်ကွင်း၊ ကွင်းအမှတ် (၅၈၈/ဂ)၊ ဦးပိုင်အမှတ် (၁၂၊ ၁၂–က၊ ၁၂–ခ/၁ မှ ၁၂–ခ/၄၊ ၁၂–ဂ၊ ၁၂–င/၁ မှ ၁၂–င/၇၊ ၁၂–စ/၁၊ ၁၂–စ/၃၊ ၁၂–ဆ/၂၊ ၁၂–ဆ/၃၊ ၁၂–ဆ/၅၊ ၁၂–ဇ/၁၊ ၁၂–ဇ/၂၊ ၁၂–ၛ/၁ မှ ၁၂–ၛ/၇၊ ၁၂–ၛ/၈က၊ ၁၂–ၛ/၈ခ၊ ၁၂–ၛ/၉ မှ ၁၂–ၛ/၁၃၊ ၁၂–ၛ/၁၄–က၊ ၁၂–ၛ/၁၄–ခ၊ ၁၂–ၛ/၁၅၊ ၁၂–ၛ/၁၆–က၊ ၁၂–ၛ/၁၆–ခ၊ ၁၂–ဠ/၁၊ $\frac{၁၂}{၅၈}$/၁၊ $\frac{၁၂}{၅၈}$/၂၊ ၁၁–က၊ ၁၁–စ/၁၊ ၁၁–စ/၂၊ ၁၁–ဆ/၁၊ ၁၁–ဆ/၂၊ ၁၁–ၛ/၁ မှ ၁၁–ၛ/၄ ရှိ ဧရိယာ ၉၈.၂၅ ဧက၊ အိုအေ ၂.၆၀ ဧက၊ ထန်းစဉ်လှမြောက်ကွင်း၊ ကွင်းအမှတ် (၅၈၈/က)၊ ဦးပိုင်အမှတ် (အန်–၁)၊ ဧရိယာ (၀.၆၆) ဧက၊ အိုအေ (၁.၇၇) ဧက၊ ပြောင်းကွင်း ကန်ကွင်း ကွင်းအမှတ် (၅၈၈/ခ)၊ ဦးပိုင်အမှတ် (၉/၃၊ ၉/၅၊ ၉–ခ/၂၊ ၉–ခ/၄၊ ၁၁–စ/၃–က၊ ၁၁–စ/၃–ခ၊ ၁၁–စ/၄ မှ ၁၁–စ/၆ ဧရိယာ ၉.၈၅ ဧက၊ ဆည်မြောင်း အသုံးပြုမြေဧရိယာ (၁.၀၃) ဧက အတွင်း တည်ရှိသော ပူးတွဲမြေပုံတွင် အစိမ်းရောင် ရေးခြယ်၍ နယ်နိမိတ် ပိုင်းခြားသတ်မှတ်လျက်ပါသည့် (၁၁၃.၅၆) ဧကခန့် ဧရိယာရှိ မြေအားလုံးကို ဆိုခဲ့သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရက (နောင်တွင် ယုံမှတ်အပ်နှံသူများဟု ခေါ်တွင်စေမည့်) ယခုစာချုပ်အရ ဖြစ်ပွား စေသည့် ယုံမှတ်အပ်နှံမှုတွင် ယုံမှတ်အပ်နှံဆဲဖြစ်သူတစ်ဦး (သို့မဟုတ်) အများဖြစ်သော ဥက္ကဋ္ဌ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေး အနီးကပ် ကြီးကြပ်ကွပ်ကဲရေး ကော်မတီ အား စ၍ ၎င်းတို့အနက် တစ်ဦးဦးသေဆုံးလျှင် ကျန်ရစ်သူ (သို့မဟုတ်) အခြားသူတို့သို့ ယခုစာချုပ်အရ ချထားပေးလိုက်သည်။

၄င်းမြေနေရာကို စွယ်တော်မြတ်စေတီတော် (မန္တလေး) **အခွန်လွတ် သာသနာ့ဂရန်** အတွက် ယုံမှတ်အပ်နှံသည့်အလျောက် အောက်ပါအခွင့်များ၊ စည်းကမ်းချက်များနှင့်အညီ လက်ရှိထားစေမည်။ ၄င်းစည်းကမ်းချက်များမှာ–

(၁) အဆိုပါမြေနေရာကို **အခွန်လွတ် သာသနာ့ဂရန်** အတွက် အသုံးပြုသည့်ကာလပတ်လုံး နိုင်ငံတော်အစိုးရသို့ ထမ်းဆောင်သည့် အရပ်ရပ်မြေခွန်တော်မှစ၍ အခြားအခွန်အတုပ် အကောက်တော်တို့မှ လွတ်ငြိမ်းချမ်းသာစေရမည်။

(၂) အဆိုပါ မြေနေရာအားလုံးသော်လည်းကောင်း၊ တစ်စိတ်တစ်ပိုင်းသော်လည်းကောင်း ယခုစာချုပ်အရ ပေးအပ်သည့်ကိစ္စမှတစ်ပါး အခြားကိစ္စအလို့ငှာ အသုံးပြုခဲ့လျှင် ၄င်းမြေနေရာပေါ်တွင် မြေခွန်တော် စည်းကြပ်တောင်းခံရန် ထိုက်သင့်စေရမည်။ ၄င်းအပြင်–

(၃) အဆိုပါ မြေနေရာ (သို့မဟုတ်) အဆောက်အအုံများကို ယင်းသို့ပေးအပ်သည့်ကိစ္စမှတစ်ပါး အခြားကိစ္စအလို့ငှာ မည်သည့်အခါမဆို အသုံးပြုခဲ့လျှင် (+) (သို့မဟုတ်) အဆောက်အအုံများကို ဇရပ်ပြုလုပ် အသုံးချရန် မသင့်လျော်လောက်အောင် ပျက်စီးခြင်းသို့ရောက်စေရန် ထားရှိလျှင် (+) ၄င်းအချက်အားလုံး၌ မူလအပိုင် ပတ္တာရသူက အစိုးရသို့ မြေတန်ဖိုးငွေကို ပေးသွင်းသည်ဖြစ်ခဲ့သော် ၄င်းမြေတန်ဖိုးငွေကို ယခုမြေရာလက်ရှိဖြစ်သူအား ပြန်ပေးရမည်ဟူသော စည်းကမ်းချက်ကို အထောက်အထားပြု၍ ၄င်းမြေနေရာနှင့်တကွ ၄င်းမြေနေရာတွင် တည်ဆောက်လုပ်ကိုင်သည့် အရပ်ရပ် အဆောက်အအုံ (သို့မဟုတ်) အခြားအလုပ်အဆောင်များပါ နိုင်ငံတော်အစိုးရက သိမ်းယူရန် ထိုက်သင့်စေရမည်။

ဤစာချုပ်ကို ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ကိုယ်စား ကော်လိတ္တော်အရာရှိ၊ မန္တလေးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန နှင့် ဥက္ကဋ္ဌ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေး အနီးကပ်ကြီးကြပ်ကွပ်ကဲရေးကော်မတီ တို့ သဘောတူချုပ်ဆို လက်မှတ်ရေးထိုးကြသည်။

| | |
|---|---|
| (ပတ္တာစာချုပ်ရသူ) | (ကော်လိတ္တော်အရာရှိ) |
| ဥက္ကဋ္ဌ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး)<br>တည်ဆောက်ရေး အနီးကပ် ကြီးကြပ်ကွပ်ကဲရေးကော်မတီ | မန္တလေးခရိုင် |
| (၁) အသိသက်သေ | (၂) အသိသက်သေ |
| တိုင်းအုပ်ချုပ်ရေးမှူး<br>တိုင်းအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>မန္တလေးတိုင်း | လက်ထောက်ကော်လိတ္တော်အရာရှိ<br>မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန<br>အမရပူရမြို့နယ် |

ယခုနေရာတွင် မြေကို အပိုင်ပတ္တာပေးအပ် ချထားပေးရန်ကိစ္စကို ဥပမာအားဖြင့်ဆိုသော ဇရပ်၊ ဗဒ္ဓသိမ်၊ ကျောင်း စသည်ဆောက်လုပ်ရန်ဟူ၍ ရေးသားဖော်ပြရမည်။

(+) (+) ဤစကားရပ်ကို ဇရပ်ဆောက်လုပ်ရန် အပိုင်ပတ္တာစာချုပ်များတွင်မှတစ်ပါး အခြားအပိုင်ပတ္တာစာချုပ်များတွင် မထည့်သွင်းရ။

မှတ်ရန် – ယခုပုံစံကို ဗဒ္ဓသိမ် သမုတ်ရန် မြေပေးအမိန့်များ ထုတ်ပေးရန်အတွက် အသုံးမပြုရ။

# ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ

နှစ်နိုင်ငံ ချစ်ကြည်ရေးခရီး အစီအစဉ်အရ မြန်မာနိုင်ငံသို့ ဒေသစာရီ ကြွချီတော်မူလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်သည် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီးအတွင်း၌လည်းကောင်း၊ မန္တလေးမြို့ နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်အတွင်းရှိ မဟာဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၌လည်းကောင်း ၄၅ ရက်ပတ်လုံး ရဟန်းရှင်လူ ပြည်သူများ၏ ဖူးမြော်အပူဇော်ခံတော်မူခဲ့သည်။

ဗုဒ္ဓမြတ်စွယ်တော် အပူဇော်ခံရာတွင် ရဟန်းရှင်လူ ပြည်သူအများမှ လှူဒါန်းကြသော အလှူငွေနှင့် ဥာပနာပစ္စည်း အများအပြားရှိခဲ့သည်။ ဗုဒ္ဓမြတ်စွယ်တော်အတိုင်း ဆင်စွယ်ဖြင့် ပြုလုပ်ထားသော စွယ်တော်ပွားနှစ်ဆူသည် ဗုဒ္ဓမြတ်စွယ်တော်နှင့်အတူ အပူဇော်ခံတော်မူခဲ့၍ မြတ်စွယ်တော်ရင်ငွေ့တော်ကို ခိုလှုံခွင့်ရရှိသည်။ ယင်းစွယ်တော်နှစ်ဆူနှင့် ရဟန်းရှင်လူ ပြည်သူအများ လှူဒါန်းထားသော ဥာပနာပစ္စည်းများကို အသီးသီး ဥာပနာ၍ ရန်ကုန်မြို့တွင် စွယ်တော်မြတ်စေတီတစ်ဆူ၊ မန္တလေးမြို့တွင် စွယ်တော်မြတ်စေတီတော်တစ်ဆူ တည်ထားကိုးကွယ်ရန် နိုင်ငံတော်က သတ်မှတ်ပါသည်။

ဗုဒ္ဓစွယ်တော်မြတ်စေတီတော်နှစ်ဆူ တည်ထားကိုးကွယ်ရန် သတ်မှတ်ထားသည်နှင့်အညီ မန္တလေးတိုင်း အမရပူရမြို့နယ် ရှားတောလေးကျေးရွာ နတ်ရေကန်အနီးရှိ မဟာဓမ္မရံသီကုန်းတော်၌ တည်ထားနိုင်ရန် မြေသန့်စင်မဟာမင်္ဂလာ အခမ်းအနားကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် ကြာသပတေးနေ့ နံနက် ၈ နာရီအချိန်တွင် စတင်ပြုလုပ်၍ နံနက် ၉ နာရီအချိန်တွင် ပြီးစီးအောင်မြင်ခဲ့သည်။

မြေသန့်မဟာမင်္ဂလာ ဆောင်ရွက်ပြီးနောက် ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ ပြုလုပ်ရမြဲဖြစ်သည့်အားလျော်စွာ စွယ်တော်မြတ်စေတီ ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် စနေနေ့ နံနက် ၈ နာရီ ၁၈ မိနစ် ၁၈ စက္ကန့်အချိန်တွင် ကျင်းပပြုလုပ်မည်ဖြစ်ရာ ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနား၏ ပရိကမ္မ အကြိုမင်္ဂလာ အစီအစဉ်များကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၆ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၃၀ မှ ၁၅ ရက်နေ့ နံနက်အထိ ၉ ရက်တိုင်တိုင် ကျင်းပပြုလုပ်ခဲ့ပါသည်။

မဟာဓမ္မရံသီကုန်းတော်သို့ ပင့်ဖိတ်သဖြင့် စုံညီစွာ ကြွရောက်တော်မူလာကြကုန်သော ဆရာတော် သံဃာတော် အရှင်မြတ်တို့နှင့် ပရိသတ်အပေါင်း သူတော်ကောင်းတို့သည် သတ်မှတ်ထားသောနေရာများတွင် နေရာယူကြပြီးနောက် ဗုဒ္ဓမြတ်စွာ သာသနာတော်နှစ် ၂၅၃၉ ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် ဝါဆိုလဆန်း ၁၀ ရက် ကြာသပတေးနေ့ ၁၂ နာရီ ၃၀ မိနစ် အချိန်အခါသမယသည် စေတီတော်ပန္နက်တင်မင်္ဂလာသဘင်၏ ပရိကမ္မအကြို အခါတော်ဖြစ်ပါကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေး

ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က ကြေညာသည်။ အောင်စည်အောင်မောင်း ၉ ချက် တီးသည်။ ဆက်လက်၍ ဤတောင်စဉ်တောင်ညွှန့် ကုန်းတော်မြတ်သည် ဘူမိနက်သန် နေရာမှန်သော မဟာဓမ္မရံသီကုန်းတော်ဖြစ်ပါသည်။ ဤကုန်းတော်မြတ်ကို စွယ်တော်မြတ်စေတီ၏ ဝတ္ထုကံမြေနေရာ စေတိယဘူမိ၊ စေတိယဝတ္ထုအဖြစ် ရွေးချယ်ထားကြောင်း၊ ဤစေတီတော် ဝတ္ထုကံမြေနေရာကို ဗုဒ္ဓမြတ်စွာ သာသနာတော်နှင့် ကျမ်းဂန်များ လာသည့်အတိုင်း ရှေးထုံးစဉ်လာမပျက် သဲဖြူခင်းပြီး ရာဇမတ်ခြံရံကာ ကြက်လျှာတံခွန်၊ အလံကုက္ကား၊ မုလေးပွားတို့ဖြင့် ခမ်းနားထည်ဝါစွာ စီရင်ထားပြီးဖြစ်ပါကြောင်း၊ နေရာ တော်ကြား လျှောက်ထားအစီရင်ခံသည်။ သံဃာတော်အရှင်မြတ်များနှင့် ပရိသတ်များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး အောင်စည်အောင်မောင်း ကိုးချက်တီးသည်။

ဆက်လက်၍ စေတိယဘူမိ၊ စေတိယဝတ္ထုကံဖြစ်သော မဟာဓမ္မရံသီကုန်းတော် နိမိတ်ကြားရန် လျှောက်ထားပြီး ဘုရားဒါယကာ သောဏြာသား ဦးဆောင်သော ဒါယကာ ကိုးဦးတို့က အညွှန့်ပန်းကိုးပွဲ ဖြင့် မြတ်စွာဘုရားအား ဆက်ကပ်လှူဒါန်းကြသည်။ ဥပတ္ထမ္ဘကအဖွဲ့ဝင်များက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပန္နက်တော်၊ ပန္နက်ကြိုး၊ ပန္နက် စသည်တို့ကို သံဃာတော်များရှေ့မှောက်သို့ ယူဆောင်ဆက်ကပ် ကြပြီး ပရိသတ်များက နိုင်ငံတော်ဩဝါဒါစရိယ ဒေးဝန်းဆရာတော်ဘုရားကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိကာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ရန် ဩကာသကန်တော့ချီးဖြင့် ညီညာဖြိုဖြို ကန်တော့ကြသည်။ ဆရာတော် သံဃာတော် အရှင်သူမြတ်များက မေတ္တာသုတ်ပရိတ်တရားတော်ကို ချီးမြှင့်တော်မူကြ၍ ပြုပြုသမျှကုသိုလ်အဖို့တို့ကို အမျှဝေရန်အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဝါးတန်းစာချကျောင်း ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဉာဏာဘိဝံသက ရေစက်ချ ချီးမြှင့်တော်မူသည်။

ဦးမင်းကြည်က နတ်ဒေဝါများအား ပင့်ဖိတ်၍ စွယ်တော်၊ ဓာတ်တော်များ၏ ကြီးကျယ်ခမ်းနားပုံ၊ အံ့ဩဖွယ်ကောင်းပုံများကို ကြည်ညိုနာယူနိုင်ရန် ဓာတ်တော်၊ စွယ်တော်အမွှန်းဂါထာများကို ရွတ်ဖတ် ပူဇော်သည်။ ဆက်လက်၍ သာသနာရေးဦးစီးဌာန လက်ထောက်ကျမ်းပြုမှူး ဦးစံသင်းလှိုင်က ပဋ္ဌာန်း ဒေသနာတော်မြတ်၏ ခမ်းနားကြီးကျယ်ပုံ၊ အံ့ဩဖွယ်ဖြစ်ပုံကို ရောင်ရှိခြည်တော်ဘွဲ့အမွှန်းဖြင့် မွှန်းဆိုပေး သည်။ ထို့နောက် ပဋ္ဌာနဘာဏက သံဃာတော်အရှင်မြတ်တို့က စေတီဒါယကာများနှင့် ခုနစ်ရက်သားသမီး များ၊ နတ်ဗြဟ္မာဒေဝတာများ၊ သဝိညာဏက သက်ရှိပုဂ္ဂိုလ်အချင်းချင်း မေတ္တာပွားကြရန်၊ ဘေးကင်းရန်ကျွာ ချမ်းသာကြစေရန် ပဋ္ဌာန်းဒေသနာတော်ကို ၁၃–၇–၉၅ ရက်နေ့အထိ အလှည့်ကျရွတ်ဖတ်တော်မူကြသည်။

၁၃–၇–၉၅ ရက်နေ့ အသံမစဲပဋ္ဌာန်းရွတ်ဆိုပွဲ ပြီးဆုံးပြီးနောက် မွန်းလွဲ ၁ နာရီတွင် သံဃာတော် ကိုးပါးတို့က မဟာအာဋာနာဋိယသုတ်တော်၊ မဟာသမယသုတ်တော်၊ ဒသဒိသာစည်းချဂါထာများ၊ ပရိမိတ္တဇာလသုတ်တော်၊ ဗထဝိဇယမန္တန်တော်များကို ဆက်လက်ရွတ်ဆို ချီးမြှင့်တော်မူကြသည်။ ပြီးဆုံး လျှင် ပရိသတ်များက သာဓုသုံးကြိမ် ခေါ်ဆိုကြ၍ အောင်စည်အောင်မောင်း ကိုးချက်တီးသည်။ ဥပါသကာ ဝတ်အသင်းများက ကိုးပါးသီလ ဆောက်တည်ကြရန်အတွက် ဩကာသကန်တော့ချီးဖြင့် ညီညာဖြိုဖြို

ကန်တော့ကြသည်။ အလှည့်ကျ ဥပါသကာဝတ်အသင်းသား ကိုးဦးတို့က စေတီတော် ဝတ္တုကံမြေနေရာတော်သို့ ကြွရောက် ဝတ်ရွတ်တော်မူကြသည်။ ဝတ်ရွတ်အဖွဲ့ဝင် ဥပါသကာများက ရတနတ္တယဝန္ဒနာမှ စတင်၍ ပထဝီဇယမန္တန်အထိ ဘာဏဝါရအလှည့် တစ်ကြိမ်အားလျော်စွာ ရွတ်ဖတ်တော်မူကြသည်။

၁၄-၇-၉၅ ရက်နေ့ ညနေ ၃ နာရီခွဲတွင် ဝတ်အဖွဲ့များ၏ ရွတ်ဆိုမှု ခေတ္တရပ်နား၍ အောင်စည်အောင်မောင်းတီးကာ မြစောင်းသံဖြင့် ဆက်လက်ပူဇော်သည်။ ပင့်ဖိတ်ထားသော ဆရာတော် သံဃာတော် ၄၅ ပါးတို့ကို စေတိဘူမိ စေတိယဝတ္ထုကံမြေနေရာသို့ ကြွရောက်တော်မူကြပါရန် ရိုသေစွာ ပင့်လျှောက်ကြသည်။ နမောတဿ သုံးကြိမ်ရွတ်ဆိုကာ ဘုရားကန်တော့၍ အခမ်းအနားကို စတင်ဖွင့်လှစ်သည်။ ပရိသတ်များက နိုင်ငံတော်သြဝါဒါစရိယ ဒေးဝန်းအုတ်ကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိကာဘိဝံသထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ဆရာတော် သံဃာတော် အရှင်သူမြတ်တို့ကို မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တာသုတ်၊ ရတနာသုံးပါး ဂုဏ်တော်၊ ပုရတ္ထိမသ္မိံ ဒိသာဘာဂေမှ အဆုံးအထိနှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်ချီးမြှင့်တော်မူကြသည်။ ထို့နောက် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချ အမျှပေးဝေသည်။ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းသည်။ အောင်စည် အောင်မောင်း ကိုးချက်တီးသည်။ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့မှ စီစဉ်သော ဝတ်အသင်းများက ပရိတ်တော်များကို ဆက်လက်ရွတ်ဖတ် ပူဇော်ကြသည်။

အထက်ပါအတိုင်း ပရိကမ္မအကြို မင်္ဂလာ အစီအစဉ်များကို ဆောင်ရွက်ပြီးနောက် ခရစ်နှစ် ၁၉၉၅ ခုနှစ် ဇူလိုင်လ ၁၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် ဝါဆိုလပြည့်ကျော် ၄ ရက် စနေနေ့တွင် ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကို ကျင်းပရန် ထိုနေ့နံနက် ၅ နာရီခွဲအချိန်တွင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက သက်တော်ရှည် ရွှေဟင်္သာဆရာတော်ကြီး ဘဒ္ဒန္တပဏ္ဍိတသိရီ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော် ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများနှင့် တိုင်းသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးမောင်အေးနှင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်တင်အေး၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်တင်ငွေ၊ တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေ၊ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များ၊ ဝတ်အဖွဲ့များနှင့် ပြည်သူများ တက်ရောက်ကြည်ညိုကြပါသည်။

စေတီတော်ပန္နက် သဲတင်မည့်အဖွဲ့က စေတီတော်၏ ဖိနပ်တော်နေရာ၊ သတ္တဌာန ဌာပနာတိုက် နေရာတို့ကို ကြိုတင်တိုင်းတာ၍ ပန္နက်နေရာများ သတ်မှတ်ထားပေးပြီး စေတီတော် ဝတ္ထုကံမြေနေရာကို ရာဇမတ် ကာရံခြင်း၊ သဲဖြူခင်းခြင်း၊ ငှက်ပျောပင်ရှင်နှင့် ကြံပင်ရှင် စိုက်ထူခြင်း၊ အုန်းညွန့်နှင့် ကြက်လျှာ တံခွန်၊ အလံကုက္ကား၊ မုလေးပွားတို့ဖြင့် ခမ်းနားတင့်တယ်စွာ ခင်းကျင်းထားပါသည်။ ပရိသတ်ကလည်း စေတိယဘူမိ၊ စေတိယဝတ္ထုကံမြေနေရာ၏ ရာဇမတ်နှစ်ခုအလယ်တွင် ဝန်းရံနေရာယူထားကြပါသည်။ စေတိယဝတ္ထုကံမြေနေရာအတွင်းသို့ ဒီးဒုတ်၊ ခင်ပုတ်၊ ဘုတ်တလုတ်နှင့် ကျီးယုတ်၊ စွန်ရဲ၊ လင်းတ စသည့် ငှက်ဆိုးများနှင့် အခြေလေးချောင်းသတ္တဝါများ မလာမဝင်နိုင်စေရန် လုံခြုံရေး လေးသည်တော်များက ကြိုတင်စောင့်ရှောက်ပေးထားကြပါသည်။

အခမ်းအနား မစမီ အခမ်းအနားမှူး ဦးမင်းကြည်က အခမ်းအနား အစီအစဉ် လျှောက်ထားဖတ်ကြား ပြီး ဥပါသကာအဖွဲ့က ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်နှင့် ပန္နက်ကြိုး၊ ပန္နက်တော်တို့ကို ဆရာတော်ကြီးများအား ဆက်ကပ်ကြသည်။

နံနက် ၆ နာရီအချိန်တွင် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် ဩဝါဒါစရိယ ဒေးဝန်းကျောင်း ဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဇောတိကာဘိဝံသ ထံမှ ပရိသတ်များက ကိုးပါးသီလခံယူကြပြီး သံဃာတော် အရှင်သူမြတ်တို့ ချီးမြှင့်တော်မူအပ်သော ပရိတ် တရားတော်မြတ်ကို ရိုသေစွာ နာယူကြသည်။

ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဆရာတော်ကြီးများထံမှ ယူဆောင်၍ စေတိယဘူမိ စေတိယဝတ္ထုကံမြေ၌ ပက်ဖျန်းချည်နှောင်ကြသည်။ တစ်ချိန်တည်းတွင် ဗြဟ္မာ၊ သိကြား၊ နတ်ဒေဝါ၊ ဒေဝီများက သံဃာတော်များထံမှ ပန္နက်ကြိုး၊ ပန္နက်တော်တို့ကို ယူဆောင်၍ ဒေဝါ ဝင်း၊ ရာဇာဝင်း ခင်းကျင်းလျက် သတ်မှတ်နေရာ၌ နေရာယူကြသည်။

ဗိုလ်ချုပ်ကြီးမောင်အေး အမှူးပြုသော တာဝန်ရှိသူများက သံဃာတော် အရှင်သူမြတ်တို့အား လှူဖွယ် ဝတ္ထုပစ္စည်းများ ဆက်ကပ်ကြသည်။ ဆက်လက်၍ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာ ပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသက ရေစက်ချ ချီးမြှင့်တော်မူသည်။

ထို့နောက် ပန္နက်တော်တင် မင်္ဂလာ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များက သက်ဆိုင်ရာနေရာများတွင် နေရာယူကြသည်။ ထိုအချိန်တွင် ဝတ်အသင်းများက ဘဝတုသဗ္ဗမင်္ဂလံ သုံးဂါထာကို ဖြည်းညင်းသာယာစွာ ရွတ်ဆိုကြသည်။ စေတီတော် ဝတ္ထုကံ အရှေ့မြောက် ပန္နက်ရာမှ စတင်ပြီး အင်္ဂါသားက ကြိုးရင်း၊ ဗုဒ္ဓဟူးသားက ကြိုးဖျားက ကြိုးတင်းတင်းဆွဲကြ၍ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်စိုးက အရှေ့တောင်အရပ်ကို မျက်နှာမူလျက် ပျဉ်းမသားပန္နက် တော်ကို ပျဉ်းမသား လက်ရိုက်တော်ဖြင့် နံနက် ၇ နာရီ ၅၃ မိနစ်တွင် ပန္နက်တော်တင် မင်္ဂလာ စတင်သော အားဖြင့် ၉ ချက် ပန္နက်တင်ပေးသည်။

ဆက်လက်၍ ဒုတိယပန္နက်တော်မှစ၍ လက်ယာရစ်ပတ်ပြီး တစ်ပတ်ပြည့်အောင် တာဝန်ရှိပုဂ္ဂိုလ်များက ပန္နက်တင်ပေးကြသည်။ အခမ်းအနားမှူးက "စွယ်တော်မြတ်စေတီ ပန္နက်တော်တင် မင်္ဂလာ အခမ်းအနားကြီး" ဟု သုံးကြိမ်ဟစ်ကြွေးလျက် အောင်စည်အောင်မောင်း ကိုးချက်တီးကြသည်။

ထို့နောက် သမ္ဗုတိတွင်းတော်ဝန်း မင်္ဂလာ အခမ်းအနား ဆက်လက်ကျင်းပရာ မင်္ဂလာအခါတော်ကြားက မင်္ဂလာ အခါတော်စာတမ်းနှင့် မင်္ဂလာအခါတော်၏ ကောင်းမြတ်ပုံကို ဖတ်ကြားသည်။ ဆက်လက်၍ မင်္ဂလာအခါတော်ဖြစ်သည့် နံနက် ၈ နာရီ ၁၈ မိနစ် ၁၈ စက္ကန့်တွင် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲမြင့် ခေါင်းဆောင်သည့်အဖွဲ့က အရှေ့တောင်အရပ်ကို ကျောပေး၍ ပထဝီဇယမန္တန် ရွတ်ဆိုလျက် တွင်းတော်ဝန်းပေးကြသည်။ ထိုအချိန်တွင် မင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်း ကိုးချက်တီးသည်။

ဆက်လက်၍ အလယ်ဗဟိုတွင် အလျား၊ အနံ၊ စောက် ၆ လက်မရှိသော နဂါးတွင်းတူးခြင်း၊ နဂါးစာ ကျွေးခြင်းများ ဆောင်ရွက်သည်။ ဆရာတော် သံဃာတော် အရှင်မြတ်တို့က ဇယန္တောဘောဓိယာမူလေ အစချီ၍ သဟာသဗ္ဗေဟိဉာတိဘိထိအောင် ရွတ်ဆိုချီးမြှင့်တော်မူကြသည်။ အခမ်းအနားမှူးက "စွယ်တော်မြတ်စေတီတော် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကြီး" ဟု သုံးကြိမ်တိုင်ပေး၍ ပရိသတ်များက "အောင်ပြီ" ဟု သုံးကြိမ်ဟစ်ကြွေးကြရာ မင်္ဂလာစည်တော်အဖွဲ့က အောင်စည်အောင်မောင်း ကိုးချက်တီးသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော် (မန္တလေး) ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ရုပ်သိမ်းပြီး ရတနာရွှေမိုးငွေမိုး ရွာသွန်းကြသည်။ အခမ်းအနားအပြီးတွင် ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးမောင်အေးနှင့် အဖွဲ့ဝင်များက ဆွမ်းဆက်ကပ် လှူဒါန်းခဲ့သည်။

# ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ

စွယ်တော်မြတ်စေတီတော်ကြီးကို တည်ဆောက်ရာတွင် ခေတ်အဆက်ဆက် လက်ခံယုံကြည်လိုက်နာခဲ့ကြသော ပုဂံခေတ် သာသနာဝင်ကျမ်းများ၊ စစ်ကိုင်းခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ ကုန်းဘောင်ခေတ် ဗိသုကာကျမ်းများ၊ ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော်တို့၏ ဌာပနာပုံကျမ်း၊ မြန်မာ့ရိုးရာ ပဒိုမာသိပ္ပံမှုဒြာကျမ်း အစရှိသော ကျမ်းဂန်စာပေများနှင့်အညီ နဝမင်္ဂလာကမ္မဟူသော မင်္ဂလာသဘင် အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပူဇော်ခဲ့သည်။

စွယ်တော်မြတ်စေတီတော်ကြီး၏ ရတနာအုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကို ၁၃၅၇ ခုနှစ် ဝါခေါင်လဆန်း ၉ ရက် (၄–၈–၉၅) သောကြာနေ့ နံနက် ၉ နာရီ ၁၈ မိနစ် ၁၈ စက္ကန့် မင်္ဂလာအချိန်တွင် ခမ်းနားထည်ဝါစွာ ကျင်းပခဲ့သည်။ ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနား မကျင်းပမီ တစ်ရက်အလိုတွင် ပရိကမ္မအကြိုနေ့အဖြစ် စီစဉ်ဆောင်ရွက်သည်။

## ပရိကမ္မအကြိုနေ့

၁၃၅၇ ခုနှစ် ဝါခေါင်လဆန်း ၈ ရက် (၃–၈–၉၅) ကြာသပတေးနေ့နံနက်ပိုင်းတွင် စေတီတော်ပရိဝုဏ်အား သဲဖြူခင်းခြင်း၊ ရာဇမတ်ကာရံခြင်း၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင် စိုက်ထူခြင်း၊ တံခွန်တိုင်များစိုက်ထူ၍ တံခွန်လုံးများ လွှင့်တင်ခြင်း၊ သာသနာ့အလံများ လွှင့်တင်ခြင်း စသည်များကို စုံလင်စွာပြုလုပ်၍ မွမ်းမံပြင်ဆင် ပူဇော်သည်။ ကန်တော့ပွဲတင်စင်တော်တွင် ကန်တော့ပွဲ ၉ ပွဲ၊ ပန်းမျိုးစုံပါသည့် ပရိတ်ပန်း၊ ပရိတ်ရေအိုး ၉ လုံး၊ သစ်သီး ၉ မျိုး၊ ယို ၉ မျိုးတို့ဖြင့် ဥပါသကာ ၉ ဦးအဖွဲ့က နံနက် ၆ နာရီတွင် ဆက်ကပ်လှူဒါန်းသည်။ ဝတ်အဖွဲ့များက ပရိကမ္မအကြိုနေ့ နံနက် ၈ နာရီမှစ၍ နောက်နေ့ (၄–၈–၉၅) နေ့ နံနက် ၅ နာရီ ၃၀ မိနစ်အထိ ဝတ်ရွတ်ပူဇော်ကြသည်။

## မင်္ဂလာအခမ်းအနားသို့ ကြွရောက်ခြင်း

မန္တလေးတိုင်း အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီး မဟာဓမ္မရံသီကုန်းတော်မြတ်တွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားသို့ မန္တလေးမြို့ပေါ်ရှိ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ မန္တလေးမြို့ပေါ်ရှိ နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် ဆရာတော်ကြီးများ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ၊ မန္တလေးခရိုင်အတွင်းရှိ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးများနှင့် အကျိုးတော်ဆောင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြသည်။ နိုင်ငံတော်

ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်မှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စေတီတော်တည်ဆောက်ရေးကော်မတီဝင်များ၊ ဘာသာရေး၊ သာသနာရေး အသင်းအဖွဲ့ဝင်များ၊ အလှူရှင်များ၊ ရဟန်းရှင်လူ ပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

## အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား
## ပထမပိုင်း

စွယ်တော်မြတ်စေတီတော် အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား မစတင်မီ နံနက် ၅ နာရီခွဲမှ ၆ နာရီထိ ဥပါသကာ ၉ ဦးတို့က ဆွမ်း၊ ရေချမ်း၊ ပန်းတို့ဖြင့် ရတနာသုံးပါးကို ဆက်ကပ်လှူဒါန်းသည်။ နံနက် ၆ နာရီမှစ၍ မန္တလေး အောင်မြေသာစံမြို့နယ် မင်္ဂလာစည်တော်အဖွဲ့နှင့် ငါးမည်ရတင်သိန်းအဖွဲ့၊ စောင်းမူမူသိန်းနှင့် ရုပ်ရှင်၊ သဘင်၊ ဂီတ အနုပညာရှင်များက ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

## ဒုတိယပိုင်း

နံနက် ၇ နာရီတွင် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို စတင်ကျင်းပရာ သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အစီအစဉ်များကို ဖတ်ကြားလျှောက်တင်ကာ နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်လိုက်သည်။ ထိုစဉ် စေတီတော် ဝတ္ထုကံမြေနေရာအတွင်းဘက်သို့ တာဝန်ရှိသူများမှအပ အခြားပရိသတ်များ မဝင်စေရန်နှင့် ကျွဲ၊ နွား၊ ဆိတ်၊ ခွေး၊ ဝက် စသော ခြေလေးချောင်းသတ္တဝါများ၊ ကျီး၊ လင်းတ၊ စွန်ရဲ၊ ခင်ပုတ်၊ ဘုတ်တလုတ် စသော အမင်္ဂလာငှက်ဆိုးငှက်ယုတ်များ မဝင်လာရစေရန် လေးသည်တော်များက စေတီတော် ဝတ္ထုကံမြေအတွင်း မုခ် ၉ မုခ်တွင် အသီးသီးနေရာယူ ကာကွယ်စောင့်ရှောက်ကြသည်။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံဆရာတော်ဘုရားကြီး ဘဒ္ဒန္တသောဘိတထံမှ ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။ ဆက်လက်၍ ဥပါသကာများက ဆရာတော် သံဃာတော်များထံသို့ ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများနှင့် ရတနာအုတ်တော်များကို ဆက်ကပ်ကြသည်။ ဆရာတော် သံဃာတော် အရှင်မြတ်များက မင်္ဂလသုတ်၊ ရတနသုတ်၊ မေတ္တသုတ်၊ အာဋာနာဋိယသုတ်၊ ရတနာသုံးပါးဂုဏ်တော်များနှင့် ပုဗ္ဗဏှသုတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်ပန်း၊ ပရိတ်ချည်၊ ပရိတ်သဲတို့ကို ဥပါသကာ ၉ ဦးတို့ ယူဆောင်၍ စေတီတော် ဝတ္ထုကံမြေနေရာ၌ ပက်ဖြန်း၊ ကြဲဖြန့်ခြင်း၊ ပရိတ်ချည်ဖြင့် တားဆီးကာရံခြင်းများ ပြုလုပ်ကြသည်။

နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသော တာဝန်ရှိပုဂ္ဂိုလ်များက ဆရာတော် သံဃာတော်များအား လှူဖွယ် ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် နိုင်ငံတော်ဩဝါဒါစရိယ ဒေးဝန်းဆရာတော်ကြီး အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇောတိကာဘိဝံသက ရေစက်ချတရားတော်ကို ချီးမြှင့်၍ ပရိသတ်များက လှူဒါန်းမှုအစုစုအတွက် အမျှပေးဝေကာ သာဓုသုံးကြိမ် ခေါ် ဆိုကြသည်။ အောင်စည်အောင်မောင်း ကိုးကြိမ် တီးခတ်သည်။

## တတိယပိုင်း

ဒေဝါဝင်းခင်း၍ ဗြဟ္မာမင်း၊ သိကြားမင်းတို့က ဦးဆောင်ပြီး ရတနာကိုးမျိုး ပါဝင်သော ရတနာ ရွှေကြုတ်တော်၊ စွယ်တော်မြတ်စေတီတော် မော်ကွန်းကြေးပြားတော်၊ မော်ကွန်းကမ္ပည်းအုတ်မြစ်တော်၊ ရတနာအုတ်တော်များနှင့် နံ့သာပရိတ်ရေများကို ဆရာတော် သံဃာတော်များထံမှ လက်ခံရယူ၍ အုတ်မြစ် တော်စီမည့်နေရာသို့ ပို့ဆောင်ပေးကြသည်။ ထိုအချိန် တူရိယာအဖွဲ့က ငြိမ့်ညောင်းသာယာသော စောင်းသံ ဖြင့် ပူဇော်ပြီး ဘုရင်နှင့် မိဖုရား ဦးဆောင်သော ရာဇာဝင်းက ဒေဝါဝင်းနောက်မှလိုက်ပါ၍ စေတီတော် ဝတ္တုကံအဝင် မင်းလမ်းမ ညာဘက်၌ ဝင်းခင်းပူဇော်ကြသည်။

ဆက်လက်၍ သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က စွယ်တော်မြတ်စေတီ အုတ်မြစ်တော်စီ မဟာမင်္ဂလာ အခါတော်ကြားစာတမ်းကို ဖတ်ကြား ပူဇော်သည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များဖြစ်ကြသော ဒုတိယ ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်နှင့် လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင်တို့က စေတီတော်ဝတ္တုကံအဝင် မုခ်ဝ၌ အဆောင်ပန်းများ ရယူပြီး အောင်သပြေ ပန်းစည်း အသီးသီးကိုင်ဆောင်လျက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေကို ဆီးကြိုကာ အဓိက အုတ်မြစ်တော်စီမည့် နေရာ အုတ်မြစ်တော်ကျင်းသို့ ခေါ်ဆောင်သွားသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အဖွဲ့ အတွင်းအုတ်မြစ် တော်ကျင်းကို ဝန်းရံလျက် ကြည်ညိုသဒ္ဓါပွားနေချိန်တွင် သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းကြည်က မော်ကွန်းကမ္ပည်းစာတမ်းကို ဖတ်ကြားပူဇော်သည်။

မင်္ဂလာအခါတော်ရောက်ရန် အချိန်နီးကပ်လာသောအခါ ပရိသတ်များက ရတနာသုံးပါးဂုဏ်တော် ကို ပွားများအာရုံပြုနေကြပြီး အခမ်းအနားမှူး ဦးအုံ့မောင်က နံနက် ၉ နာရီ ၁၈ မိနစ် ၁၈ စက္ကန့်တွင် "မင်္ဂလာ အခါတော်" ဟု ကြွေးကြော်လိုက်သောအခါ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မောင်သင့် ပေးအပ်သော သန္တာရတနာ စီခြယ်ထားသော ခဲသတ္တုရတနာအုတ်မြစ်တော်ကို အရှေ့မြောက် ထောင့် အုတ်မြစ်တော်နေရာတွင် အုတ်မြစ်ချ လှူဒါန်းပေးသည်။ ထိုအချိန်တွင် ဆရာတော် သံဃာတော် များက "ဇယန္တော ဗောဓိယာမူလေ" အစချီသော အောင်ဂါထာတော်ကို ရွတ်ဆိုချီးမြှင့်တော်မူသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲမြင့် ပေးအပ်သော နံ့သာဖလားကိုယူ၍ အောင်သပြေ ပန်းနှင့် သန္တာရတနာ စီခြယ်ထားသည့် ခဲသတ္တုရတနာအုတ်မြစ်တော်ကို နံ့သာရေများ ပက်ဖျန်းပေးသည်။

ထို့နောက် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် ပေးအပ်သော ရတနာကြုတ်တော်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အုတ်မြစ်တော်ကျင်း အလယ်ဗဟို၌ ထားရှိ လှူဒါန်းပေးသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း ပေးအပ်သော မော်ကွန်းစာပါ ရတနာကြေးပြားတော်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ရတနာရွှေကြုတ်တော်ပေါ် ဖုံးအုပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်းနှင့် စစ်ထောက်ချုပ် ဗိုလ်ချုပ်တင်လှတို့ပေးအပ်သော ကမ္ပည်းရတနာအုတ်တော်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကယူ၍ ရတနာကြေးပြားပေါ်မှ ထပ်မံဖုံးအုပ် လှူဒါန်းသည်။ ဆက်လက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၂) ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး ပေးအပ်သော အဖုံးရတနာရွှေအုတ်တော်ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေကယူ၍ အုတ်မြစ်တော်ကျင်း အလယ်ဗဟို၌ ရတနာရွှေကြုတ်တော်၊ မော်ကွန်းကမ္ပည်းစာပါ ကြေးပြားတော်၊ မော်ကွန်းကမ္ပည်းစာပါ ရွှေအုတ်တော်သို့ အပေါ်မှတစ်ဆင့် ဖုံးအုပ်လှူဒါန်းပူဇော်သည်။

အဓိက အုတ်မြစ်တော် စီထားလှူဒါန်းပြီးဖြစ်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ကာ အုတ်မြစ်တော်ကျင်းအတွင်းမှ ပြန်လည်ထွက်ခွာပြီး အုတ်မြစ်တော်ကျင်း၏ တောင်ဘက်အရပ်တွင် နေရာယူကာ အုတ်မြစ်တော်ကို ဆက်လက်ကြည်ညို ပူဇော်ကြသည်။

ထို့နောက် အတွင်းအုတ်မြစ်တော် အရပ်ရှစ်မျက်နှာတွင် အမှတ် (၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကျော်သန်းက တနင်္လာ (အရှေ့) အရပ်၌ စိန်ရတနာ စီခြယ်ထားသော ကြွပ်သတ္တုရတနာအုတ်မြစ်တော်ကိုလည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အင်္ဂါ (အရှေ့တောင်) အရပ်၌ ပုလဲရတနာ စီခြယ်ထားသော သံသတ္တုရတနာအုတ်မြစ်တော်ကိုလည်းကောင်း၊ ဝန်ကြီးချုပ်ရုံးဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်က ဗုဒ္ဓဟူး (တောင်) အရပ်၌ ကြောင်မျက်ရွဲရတနာ စီခြယ်ထားသော ဘင်သတ္တုရတနာ အုတ်မြစ်တော်ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်တင်အေးကစနေ (အနောက်တောင်) အရပ်၌ ဂေါမုတ်ရတနာ စီခြယ်ထားသော ပြဒါးသတ္တုရတနာအုတ်မြစ်တော်ကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်းက ကြာသပတေး (အနောက်) အရပ်၌ မြရတနာ စီခြယ်ထားသော သွပ်သတ္တုရတနာအုတ်မြစ်တော်ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲမြင့်က ရာဟု (အနောက်မြောက်) အရပ်၌ ဥဿဖယားရတနာ စီခြယ်ထားသော ကြေးနီသတ္တုရတနာ အုတ်မြစ်တော်ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးသန်းထွန်းက သောကြာ (မြောက်) အရပ်၌ နီလာရတနာ စီခြယ်ထားသော ငွေသတ္တုရတနာအုတ်မြစ်တော်ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန

ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က တနင်္ဂနွေ (အရှေ့မြောက်) အရပ်၌ သန္တာရတနာ စီခြယ်ထားသော ခဲသတ္တု ရတနာအုတ်မြစ်တော်ကိုလည်းကောင်း သက်ဆိုင်ရာနေရာများတွင် အသီးသီးစီထား လှူဒါန်းကြသည်။ ရတနာအုတ်မြစ်တော်အပေါ်မှ အောင်သပြေခက်နှင့် နံ့သာရေများ ပက်ဖျန်းကြသည်။

စွယ်တော်မြတ်စေတီတော် (မန္တလေး) ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို နံနက် ၉ နာရီ မိနစ် ၄၀ တွင် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့သည်။ အခမ်းအနားမှူးက ဝရဒါဠာဓာတု စေတိယာရ စွယ်တော်မြတ်စေတီတော် (မန္တလေး) ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးစီးပြီဖြစ်ကြောင်း ကြေညာရာ ဆရာတော် သံဃာတော်များ၊ ပရိသတ်များက ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ သာဓုသုံးကြိမ် ခေါ်ဆိုကြပြီး အောင်စည်အောင်မောင်း ကိုးကြိမ်တီးခတ်သည်။ ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမှူးပြုသည့် အဖွဲ့ဝင်များက ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြပြီး စွယ်တော်မြတ်စေတီတော် (မန္တလေး) ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းသည်။ ဆက်လက်၍ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ အင်ဂျင်နီယာများက စီထားသည့် ရတနာအုတ်မြစ်တော်များကို ကွန်ကရစ် သွန်းလောင်း၍ နေ့မကူးမီ အုတ်မြစ်တော်ကျင်းများ ဖို့ပိတ်ခြင်းကို ဆောင်ရွက်ကြသည်။

## မန္တလေး စွယ်တော်မြတ်စေတီ

## ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာအခါတော်တမ်း

၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း (၈) ရက်၊ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ (၄) ရက်
သောကြာနေ့၊ နံနက်၊ နေတက် မြန်မာ့စံတော်ချိန် (၉) နာရီ၊ ၁၈ မိနစ်၊ ၁၈ စက္ကန့်။
အရှေ့တောင် မျက်နှာပြု၍ အုတ်မြစ်စီရန်၊ အထက်ကောင်းကင်အရပ် ဂြိုဟ်ဇာတာပွင့်၏။

Current Date = 30.6.1995 Time = 10:15
Name = Enshrining of Pagoda
Day = Friday Date of Birth = 4.8.95 Hour: Min: Sec 9:18:18
Town - Mandalay (near) Letitude = 21° 54' Longitude = 96° 6'

| Bawa | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | 5 | 6 | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 |
| Miza | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 |
| | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 |
| | 5 | 6 | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 |
| Thandi | 22 | 22 | 22 | 22 | 22 | 22 | 22 | 22 | 22 | 22 | 22 | 22 |
| | 18 | 18 | 17 | 17 | 18 | 18 | 18 | 18 | 17 | 17 | 18 | 18 |

| No. | Gyoh | Rathi | Bawa | Nawin | 1/2 | 1/3 | 1/7 | 1/12 | 1/30 | 1/10 | 1/16 | Sht |
|---|---|---|---|---|---|---|---|---|---|---|---|---|
| 1 | Sun | 3 17 30 | 11 | 8 | 4 | 7 | 1 | 10 | 11 | 4 | 9 | B |
| 2 | Moon | 6 17 18 | 2 | 11 | 3 | 10 | 10 | 0 | 8 | 11 | 9 | G |
| 3 | Mars | 5 14 27 | 1 | 1 | 3 | 9 | 2 | 10 | 11 | 5 | 3 | B |
| 4 | Merrcury | 3 25 7 | 12 | 10 | 4 | 11 | 2 | 0 | 9 | 7 | 1 | B |
| 5 | Jupiter | 7 11 43 | 3 | 6 | 3 | 11 | 3 | 11 | 11 | 6 | 10 | G |
| 6 | Venus | 3 12 51 | 11 | 6 KA | 3 | 7 | 11 | 8 | 11 | 3 | 6 | B |
| 7 | Saturn | 10 29 53 | KA 7 | 2 | 3 | 6 | 4 | 7 | 6 | 7 | 7 | |
| 8 | Rahu | 6 6 21 | 2 | 7 | 4 | 6 | 7 | 8 | 10 | 8 | 3 | G |
| 9 | Ketu | 0 6 21 | 8 | 1 | 4 | 0 | 1 | 2 | 10 | 2 | 3 | G |
| | ASC | 5 7 18 | | 11 | 3 | 5 | 0 | 7 | 5 | 3 | 11 | B |

### RATHI, BAWA AND NAWIN CHARTS









သိဒ္ဓမ်။ ။ဝန္ဒာမိ ဝရဒါဠံ စ၊ ဝရမာနံ မဟာ[illegible]။
မောဒံ လဘန္တု ရာဇာနော၊ သုသုခံ စ သရဋ္ဌိကာ၊

# ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတိယာရမ္ဘ
# မန္တလေး စွယ်တော်မြတ်စေတီ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ
# အခါတော်စာတမ်း



မင်္ဂလာအခါ၌ ကောင်းကင်တွင်
ဂြိုဟ်များနှင့် လဂ်တို့ရပ်တည်ပုံ

| လဂ်စီး | စင် | တီတီ |
|---|---|---|
| ၁၁ | ၁၄ | ၇ |
| ၃ | ၃ | ၂၉ |
| ၃ | ၃ | ၀ |



မင်္ဂလာအခါ၌ နဝင်းစက်တွင်
ဂြိုဟ်များနှင့် လဂ်တို့စီးနေပုံ

**သိဒ္ဓိရတ္ထု၊ ဇယတု၊ ဘဝတု သဗ္ဗမင်္ဂလံ။** မြရောင်ရွှန်းဝေ၊ မန်းတောင်ဗွေမှ၊ သပြေလကျာ၊ တောင်မျက်နှာတည့်၊ ရတနာပုံမ်၊ နန်းနိတုံ၌၊ ယှက်ရုံခပင်း၊ ညီညွတ်ခြင်းဖြင့်၊ မင်းနှင့်ပြည်သူ၊ အောင်ဆုယူသား၊ ကြည်ဖြူကော်ရော်၊ စဉ်ပူဇော်သည်၊ စွယ်တော်စင်နှင့် သမ္ဘာတင့်ခဲ့၊ အခွင့်မသာ၊ နှစ်များစွာလျှင်၊ ကင်းကွာခဲ့ပြီ၊ သို့ဖြစ်သည်လည်း၊ မြန်ပြည်ရှေးကံ၊ ဘုန်းရောင်လျှံ၍၊ ရှေ့ယံရှမ်းတောင်၊ အဆောင်ဆောင်နှင့်၊ မန်းတောင်မြောက်က၊ မြရောင်ကြွသည်၊ တောင်မှ မြစ်ငယ်၊ အနောက်ဝယ်လျှင်၊ တန်းသွယ်ဧယျာ၊ မြစ်ရောမှ၊ ဝိုက်ဖြာထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ရေညာ၊ ရေပန်းလာသား၊ အံ့ရာထွေထွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ လှမျိုးစုံတည့်၊ ကြည်ထုံသာမော၊ လွမ်းမောစရာ၊ မြေမြတ်စွာတွင်၊ မဟာဓမ္မရံသီ၊ ကုန်းဌာနီဟု၊ မဟီညွန့်လူ၊ မြမြေငူဝယ်၊ လူလည်းလေးမြတ်၊ နတ်လည်းကြည်ညို၊ ဗြဟ္မာလိုသည့်၊ များထိုညွတ်ခ၊ ပူဇော်သသည်၊ ဝရဒါဌာ၊ သွင်းနှံ့ပါသား၊ ရတနာနဝရတ်၊ စွယ်တော်မြတ်စေတီ၊ နန်းသိင်္ဂီကို၊ အညီစဉ်လာ၊ အောင်ဧယျာဖြင့်၊ မင်္ဂလာအလီလီ၊ ရတနာအုတ်မြစ်တော် စီအံ့သော အချိန်အခါသော်မူကား–

မင်္ဂလာရက် ။ ။ သာသနာတော်နှစ် ၂၅၃၉ ခုနှစ်၊ ဝသန္တဥတု၊ သာဝဏမာသ၊ သုက္ကပက္ခ။
မြန်မာနှစ် ၁၃၅၇ ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်၊ သောကြာနေ့။
ခရစ်နှစ် ၁၉၉၅ ခုနှစ် ဩဂုတ်လ ၄ ရက်။

မင်္ဂလာအချိန် ။ ။ နံနက်၊ နေတက် မြန်မာ့စံတော်ချိန် စက် ၉ နာရီ ၁၈ မိနစ် ၁၈ စက္ကန့် သမယဖြစ်သတည်း။

# တြိစက္ကဇာတာတော်များနှင့် ဣဋ္ဌမင်္ဂလာ

According to Burmese Horoscope (Version 6.0)
(4-8-95) 9:18:18 A.M Friday, Mandalay, 21 N 54, 96 E 6

| Bawa | 1 | 2 | 3 | 4 | 5 | 6 | 7 | 8 | 9 | 10 | 11 | 12 |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | 5 | 6 | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 |
| Miza | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 | 7 |
| | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 | 18 |
| | 5 | 6 | 7 | 8 | 9 | 10 | 11 | 0 | 1 | 2 | 3 | 4 |
| Thandi | 22 | 22 | 22 | 22 | 22 | 22. | 22 | 22 | 22 | 22 | 22 | 22 |
| | 18 | 18 | 17 | 17 | 18 | 18 | 18 | 18 | 17 | 17 | 18 | 18 |

| No. | Gyoh | Rathi | | |
|---|---|---|---|---|
| 1 | Sun | 3 | 17 | 30 |
| 2 | Moon | 6 | 17 | 18 |
| 3 | Mars | 5 | 14 | 27 |
| 4 | Mercury | 3 | 25 | 7 |
| 5 | Jupiter | 7 | 11 | 43 |
| 6 | Venus | 3 | 12 | 51 |
| 7 | Saturn | 10 | 29 | 53 |
| 8 | Rahu | 6 | 6 | 21 |










ပိဋကတ်ဓမ္မက္ခန်ကျမ်းဂန်တော်များနှင့်အညီ နက္ခတ်တို့ မညှိုးမမှိန် ထွန်းလင်းတောက်ပခြင်း၊ ဂြိုဟ်တာရာများ အင်အားဗလကောင်းပြီး ထွန်းတောက်ခြင်းဟူသော နက္ခတ္တဝိရောစန၊ တာရာဂဏသြဘာသန နှင့် ဝတာဂဏဝ ဘာသနဖြစ်သော မင်္ဂလာအခါကို ပဓာနထား၍ ရွေးထားသည်။ အထူးသဖြင့်–

ရဇော နဒ္ဓသတိ ဥဒ္ဓိ၊ အန္တပေတ် ပဒိဿတိ။
တေန လိင်္ဂေန ဇာနာမ၊ စုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ထလဇာ ဒကဇာ ပုပ္ဖါ၊ သဗ္ဗေ ပုပ္ဖန္တိ တာဝဒေ။
တေပဇ္ဇ ပုပ္ဖိတာ သဗ္ဗေ၊ စုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ရတနာ ဇောတန္တိ တာဝဒေ။
တေပဇ္ဇ ရတနာ ဇောတန္တိ၊ စုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ဝိမလော ဟောတိ သူရိယော၊ သဗ္ဗာ ဒိဿန္တိ တာရကာ။
တေပိ အဇ္ဇ ပဒိဿန္တိ၊ စုဝံ ဗုဒ္ဓေါ ဘဝိဿတိ– ဟူလော။

ဗုဒ္ဓဝံသပါဠိတော်နှင့်အညီ ဝန်းကျင်ဥဿုံ မြူဖုန်မထ လှပသန့်ရှင်းနေသောအချိန်၊ ရေပန်း၊ ကုန်းပန်းတို့ လန်းဆန်းဖူးပွင့်နေကြသောအချိန်၊ မြေပြင်နှင့် ဝေဟင်တွင် အရောင်အသွေးမျိုးစုံ ပါဝင်သော တွင်းထွက်အမျိုးမှန် အဖိုးတန် နဝရတ်ရတနာအစစ်တို့ အရည်လျှံတက်၍ တလက်လက်ထွန်းလင်းတောက်ပနေသော မင်္ဂလာအချိန်တော်တွင် ရွေးချယ်၍ ဤစေတီတော်တွင် ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာပြုသည်ဖြစ်ပေရကား ဤစေတီတော်သည် လျင်မြန်ချောမွေ့စွာ ဆက်လက်ကာပြီးမြောက်အောင်မြင်၍ သုံးဘုံသားတို့ အားထားကြည်ညို ကိုးစားရာ စေနိမုချ ဖြစ်လာပေလိမ့်မည်။

## အခါတော်၏ ကောင်းမြတ်ပုံ

- "အဘိသေက၊ ဥတ္တရဖဂ္ဂုသည်၊ ဤသုံးမည်တွင်" ဟု လာရှိသော ဘိသိက်နက္ခတ်သုံးလုံးတွင် တစ်လုံးအပါအဝင်ဖြစ်သော ဥတ္တရလေဂနီနက္ခတ်တွင် လက်စီးပြီး နဝင်းဇာတာတွင် အတိသောမ ဂြိုဟ် ၅ တေး နဝင်း စီးနင်းခိုက်ကြုံခြင်း၊
- လက်သခင် ၄ ဟူးကို အတိသောမဂြိုဟ် ၅ တေးက ကိန်းအမြင်ဖြင့်မြင်ခြင်း၊ ရှေ့တည့်တည့်ကို သာ ယေဘုယျ ကောင်းကျိုးဆိုးပြစ်ပြုသော ၃-ဂံသည် ၇ အံသာကျော်လွန်သွားပြီဖြစ်၍ အနှောင့်အယှက် မပြုတော့ခြင်း၊
- မင်္ဂလာအခါ လက်ထွက်ပေါ်နေချိန်တွင် အနောက်မိုးကုပ်စက်ဝိုင်းတွင် ဝင်နေဆဲဂြိုဟ် မရှိခြင်း၊
- စန်းသည် ရာဟုရပ်တည်ရာကို ၁၁ အံသာခန့် ကျော်လွန်ပြီး မြန်မာပြည် တိတ်ဆွဲရာသီဖြစ်သော တူရာသီတွင် ရပ်တည်ခြင်း၊ ထို့ပြင် အတိသောမဂြိုဟ် ၅-တေး နဝင်းစီးနင်းခြင်း၊
- မြန်မာပြည် ဒုတိယတိတ်စွဲရာသီဖြစ်သော ဗြိစ္ဆာရာသီတွင် မြန်မာပြည်၏ဂြိုဟ်ဖြစ်သော အတိသောမ ၅-တေးဂြိုဟ် ရပ်တည်ပြီး သောကြာသောမနဝင်း စီးနင်းခြင်း၊
- ပါပဂြိုဟ် စနေသည် အပြစ်မပြုတော့သည့်အပြင် ကသစ်စံလျက် ကောင်းကျိုးပြုနေခြင်း၊
- ၄-ဟူးနှင့် စနေတို့သည် ပရိဝတ္တန နဝင်းအဖြစ် အပြန်အလှန် လဲလှယ်နေခြင်း၊
- အတိသောမဂြိုဟ် ၅-တေး၏ ၅-တန့်တွင် စနေ၊ ၉-တန့်တွင် ၁-နွေနှင့် ၆-ကြာတို့ ရပ်တည်သဖြင့် တြိကောဏ အကောင်းမြင်နှင့် ကြုံကြိုက်ခြင်း၊
- နှစ်ဖက်မြင် တိထိ၊ ကောင်းသော ဇယာတိထိနှင့် ကြုံကြိုက်ခြင်း၊
- "သာယာစွာသောအသံကို ကြားရအံ့၊ ကောင်း၏၊ ဆောင်လေ" ဟူ၍ လာရှိသော ကန်ရာသီ တတိယနဝင်းထက်တွင် လက်စီးနင်းနေခြင်း၊
- လတ္တာပါတော ယုတိ ဝေဓော၊ တြန္တိသာပုံ တထာဝရုံ။
  ကေဂ္ဂလော ပဂ္ဂဟော စ၊ ဇာမိတြ ဗုဓ ပဥ္စကံ။
  ဒဋ္ဌါတိထီ စ ဝိဥေယျာ၊ ဒသဒေါသာ မဟာဗလာ။
  ဧတံ ဒေါသံ ပရိစ္စဇ္ဇ၊ လဂ္ဂနံ သံသောဓယေ ဗုဓော-

  ဟူသော မကောင်းပြစ်ဒေသများမှ ကင်းလွတ်သည့်ပြင် ဒံ့စွန်းအနားအပြစ်များမှ ကင်းပျောက် အောင်လည်း ယာတြာသျှ္ကိများ ပေးထားပြီးဖြစ်ခြင်း၊
- "သုနက္ခတ္တံ ........................................ သုယိဋ္ဌံ ဗြဟ္မစာရိသု" ဟူ၍ လာရှိသည်နှင့်အညီ ဘုရားဒါယကာ၊ ဘုရားဒါယိကာမတို့သည် ၉ ပါးသီလဍ္ဍ တည်ကြသဖြင့် ကောင်းသောနက္ခတ်၊ ကောင်းသောမင်္ဂလာများနှင့် ကြုံကြိုက်နေခြင်း။

ဖော်ပြခဲ့သည့် ပိဋကတ်ဓမ္မက္ခန်ကျမ်း၊ သာသနာတော်ထုံးတမ်းများနှင့် အထက်ပါအချက်များအရ မင်္ဂလာအခါ၏ ကောင်းမွန်ခြင်း စသည်တို့ကြောင့် ဘုရားဒါယကာ၊ ဒါယိကာမများ၊ ဘုရားတည်ဆောက်သူ အင်ဂျင်နီယာ မိသုကာအုပ်စုများနှင့် ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ၊ ဥပါသိကာမတို့အား အန္တရာယ် မပြု၊ ကောင်းကျိုးကိုသာပြုနိုင်သည့် မင်္ဂလာအခါသမယဖြစ်ပေသည်။

## ပရိကမ္မ ကြိုတင်အစီအစဉ်

“ရှုကြည့်မညောင်း၊ ဖုံမထောင်းတည့်၊ သဲလောင်းမြေသိပ်၊ မြူနှိပ်သုတ်သင်၊ ငှက်ပျောပင်နှင့်၊ ကြံပင်ညွှန့်လန်း၊ ထွေထွေဆန်းသား၊ ကြံပန်းစုံစီ၊ ရှုဖွယ်အိမ်မျှ၊ ဖြူနီတံခွန်၊ မိုးစွန်ဆောက်လွှား၊ မုလေးပွားက၊ ကုက္ကားနိမ့်မြင့်၊ ဆင့်ရရင့်တည်း၊ ဆင့်ဆင့်ဝေဆာ၊ ဝတိ ံသာက၊ မဟာသုဒဿန၊ နတ်လမ်းမသို့၊ တူလှ ယိုးယောင်၊ ဆင်ယင်ဆောင်သည်” ဟူသော မဃဒေဝလင်္ကာကြီးတွင် လာသည့်ထုံး၊

“ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ” ဟူသော သာသနာတော်ထုံး၊ မြန်မာ့ ဗိသုကာ အစဉ်အလာများနှင့်အညီ ဘေးရန်အန္တရာယ် ကင်းကွာခြင်း၊ အသက်ရှည်ခြင်း၊ ငြိမ်းချမ်းသာယာ ခြင်းနှင့် ဘုန်းကံရောင်ဝါ တောက်ပပါစေခြင်းအကျိုးငှာ သဲဖြူခြင်း၊ ရာဇမတ်ကာ၊ ငှက်ပျောပင်ရှင်၊ ကြံပင် ရှင် စသည်စုံစွာဖြင့် အုတ်မြစ်ကျင်းပတ်လည်မြေနေရာကို တန်ဆာဆင်ခြင်း၊ ပရိတ်တော်နှင့် ဒေသနာ တော်များကို ဝတ်အသင်းများက ရွတ်ဖတ်၊ မေတ္တာပို့၊ အမျှဝေခြင်းပြုထားနှင့်ရာသည်။

“ရတနာသုံးပါး၊ ရိုညွှတ်တွား၍၊ ဆပွားလေးမြတ်၊ ပြည်စောင့်နတ်အား၊ စွဲမှတ်သီးသီး၊ ပူဇော်ပြီးမှ၊ ကောင်းချီးကျော်ညီ၊ လုပ်ငန်းချီအံ့” ဟူသော နိုင်ငံတော်လုပ်ငန်းဆိုင်ရာ ထုံးတမ်းအစဉ်အလာ၊ “အုန်းလည်း ညွှန့်ပေါ်၊ ကံ့ကော်ညွှန့်ဖြာ၊ နေစာညွှန့်ထွား၊ ချယားညွှန့်ဝေ၊ သပြေ, သီး, ထန်း၊ ညွှန့်လန်းလန်းတည့်။ ပန်းခုနစ်မြိတ်၊ ပရိတ်တော်ရေ၊ ငှဝေပန်ဆင်” ဟူသော အောင်ကြောင်းအောင်ရာ မြန်မာ့ထုံးတမ်း အစဉ် အလာများနှင့်အညီ ရတနာသုံးပါးအား သာသနာတော်ပွဲများဖြင့် ပူဇော်ခြင်း၊ နတ်မင်းများအား ဒေဝတာ ဗလိ စီရင်တင်သခြင်း ပြုလုပ်ရာသည်။

| | | | |
|---|---|---|---|
| ဘုရားဒါယကာ | ၆ ကြာသားသည် | ထန်းညွှန့်ဆောင် | စိန်ရတနာဝတ် |
| | စနေ ။ | အုန်း ။ | နီလာ ။ |
| | ၁ နွေ ။ | ကံ့ကော် ။ | ပတ္တမြား ။ |
| | ၂ လာ ။ | မြေစာ ။ | ပုလဲ ။ |
| | ၃ ဂါ ။ | ခရေ ။ | သန္တာ ။ |
| | ၄ ဟူး ။ | သပြေ ။ | မြ ။ |
| | ၅ တေး ။ | သီး (သီဟိုဠ်) ။ | ဥဿဖရားရတနာဝတ်ဆင်၍ |

၁။ ဘုရား ၁ ပွဲ၊ ၂။ တရား ၁ ပွဲ၊ ၃။ သံဃာ ၁ ပွဲ၊ ၄။ ရှင်သောဏမထေရ်၊ ရှင်ဥတ္တရမထေရ်နှင့် ရှင်ဓမ္မဝသီ (ရှင်အရဟံ) ၁ ပွဲ၊ ၅။ ရှင်ဥပဂုတ္တ ၁ ပွဲ၊ ၆။ ဗြဟ္မာ, သိကြား, သာသနာတော်စောင့်နတ်မင်းများ ၁ ပွဲ၊ ၇။ ဆောက်လုပ်ရေးဆိုင်ရာနတ်မင်း (ဝိသကြုံနတ်မင်း) ၁ ပွဲ၊ ၈။ နိုင်ငံတော်စောင့် ရဋ္ဌာဒေဝတာ ၁ ပွဲ၊ ၉။ ကုန်းမြေစောင့် ဘုမ္မစိုး ၁ ပွဲဖြင့် အသီးသီးတင်သ ပူဇော်ရာသည်။

မြေအိုးသစ်တွင် အုန်း၊ ကံ့ကော်၊ မြေစာ၊ ခရေ၊ သပြေ၊ သီး၊ ထန်း ဟူသော ကမ္ဘာ့အညွန့်ပန်း ခုနစ်မျိုးနှင့် သဇင်၊ မြတ်လေးဟူသော ဆောင်ပန်းနှစ်မျိုး ရောပေါင်း၍ အညွန့်ပန်း ၉ မျိုးကို ထိုးစိုက်ကာ ရေအပြည့်ထည့် ပူဇော်ခြင်း၊ သစ်သီး ၉ မျိုး၊ အပွင့်ပန်း ၉ မျိုး၊ ဆွမ်း ၉ ပွဲ၊ ဖယောင်း ၉ တိုင်၊ အမွှေးတိုင် ၉၊ ကြက်လျှာ၊ တံခွန် ၉၊ ပေါက်ပေါက် ၉ ပွဲ တင်လှူပူဇော်ခြင်းပြုရာသည်။ ထို့နောက် ဂြိုဟ်ဇာပွင့်ရာဖြစ်သော အရှေ့မြောက်အထက်ကောင်းကင် မျက်နှာမူ၍ ဆုတောင်းဆုမွန်တောင်းရာသည်။

သံဃာတော်များကိုပင့်၍ “နန်းကြီးထက်ပေါ်၊ တက်ပြီးသော်လျှင်၊ သူတော်မြတ်စစ်၊ တစ်ရာ့ရှစ်လည်း၊ ရွှေမေတ္တာစိတ်၊ မွှန်းမွှန်းထိတ်မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာဖြင့်” ဟူသော နိုင်ငံတော်မင်္ဂလာ အခမ်းအနား ထုံးတမ်းစဉ်လာအရ ၉ ပါးသီလ ခံယူရာသည်။ ပရိတ်တော်တန်ခိုး ထုံဝင်နေစေရန် ရတနာ အုတ်တော်များ၊ ဌာပနာမည့် ရတနာများ၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များအား ဆက်ကပ်ရာသည်။ တေလပတ္တဇာတ်နှင့် ပါရာဇိကဏ် အဋ္ဌကထာလာ သာသနာတော် ထုံးနှင့်အညီ အသီးသီးစွဲကိုင်၍ ရွတ်ဖတ်တော်မူကြရန် လျှောက်ထားတောင်းပန်ရာသည်။

ဆက်လက်၍ ကမ္ဘာ့တန်ဆာ အညွန့်ပန်း ၉ မျိုးကို ရတနာမြေအိုးသစ်တွင် ထိုးစိုက်၍ ရေအပြည့် လောင်းထည့်ကာ လှူရာသည်။ ခရုသင်း၊ ရွှေဆိုင်း၊ ဆန်၊ နှမ်း၊ နှမ်းဆီ၊ ကြက်သွန်ဖြူ၊ ဆား၊ စပါး၊ ပတ္တမြား နှင့် နွာ ရုပ် အစုံပါသည့် လှူဖွယ်များကိုလည်း ယတြာသျှန္တိအလို့ငှာ လှူဒါန်းရာသည်။ ထို့ပြင် “ဒသ သဟဿီ၊ သိန်းကောင်ဝိုလျှင်၊ နံ့သိစကြဝဠာ၊ စောမြတ်စွာ၏ ဒေသနာပရိတ်၊ မေတ္တာစိတ်” ဟု ဆိုအပ်သော ပရိတ်တော်၊ ပထဝီဇယမန္တန်တော်များ နာကြားခြင်း၊ အမျှဝေ ရေစက်ချခြင်း ပြုလုပ်ရာသည်။ ထို့နောက် ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ကျောက်နှင့် ပရိတ်ချည်များကို စေတီတော်ဝင်္ကပ်မြေရာတော်တွင် ဥပါသကာများက လက်ယာရစ် စနစ်တကျ ပက်ဖျန်းချည်ဖွဲ့ကြရာသည်။

“အာယာဂသေဋ္ဌေဟိ မဟီ အလင်္ကတာ” ဒေသနာတော်နှင့်အညီ ဤမြေပထဗျာကို အတင့်တယ်ဆုံး ဖြစ်စေရန် ဓာတ်တော်၊ မွေတော်၊ စွယ်တော်မြတ်များဖြင့် တန်ဆာမဆင်မီ ရှေးဦးစွာ စိန်၊ ပတ္တမြား၊ ပုလဲ၊ နီလာ စသော လောကီရတနာအမျိုးမျိုးတို့ဖြင့် ရတနာအုတ်မြစ်တော်အောက်တွင် စီခြယ်လှူဒါန်းပူဇော်ရာသည်။ “ယာဒိသံ ပပတေ ဗိဇံ၊ တာဒိသံ ဟရတေ ဖလံ” သုတ္တန်နှင့်အညီ “ဤပထဗျာမြေသားတို့ လောကီရတနာများကို ကြွယ်ဝအောင် ရရှိကြပါစေ၊ ချမ်းသာကြသော် သာသနာတော်ကို ထွန်းလင်းအောင် ထောက်ပံ့နိုင်ကြပါစေ” ဟု ရည်သန်၍ လှူရာသည်။ အကြောင်းမူကား ရှေးဘုရားရှင်များထံတော်တွင် ရတနာများ လှူဒါန်းသည့်အကြောင်း ဇာတ်နိပါတ်တော်များတွင် လာရှိသောကြောင့်လည်းကောင်း၊ မြေထွက်သယံဇာတ သဘာဝပစ္စည်းများ ပေါကြွယ်ဝစေရန်အလို့ငှာ ပုဂံဘုရားပုထိုးများတွင် သတ္တုများ လှူရိုးလှူထုံးရှိသောကြောင့်လည်းကောင်း သယံဇာတ သဘာဝသတ္တုများကို လှူရာသည်။ အညွန့်အတက် ထွက်ကာ တိုးပွားစေတတ်သည့် လက္ခဏာပါသော ဓာတ်မ ၉ ပါး (နာ၊ ကြွပ်၊ သံ၊ ဗင်၊ ပြဒါးစင်၊ သွပ်လျှင် ဒင်္ဂ၊ ဘော်၊ ရွှေ) သတ္တုရတနာများကိုလည်း လှူဒါန်းရာသည်။

# ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ

မင်္ဂလာအချိန်တော် ကျရောက်သည်နှင့်တစ်ပြိုင်နက်–

ဘုရားဒါယကာ ၆ ကြာသားသည် တနင်္ဂနွေသားက ကမ်းလင့်သော သန္တာရတနာ အုတ်မြစ်တော်ကို အပြင်ရစ်ရှိ ၁ နွေထောင့် အုတ်မြစ်တော်နေရာတွင် အရှေ့တောင်အရပ် မျက်နှာမူကာ စီထားလှူရာ၏။

ထို့နောက် အတွင်းရစ် အုတ်မြစ်တော်နေရာတွင် ဂဗ္ဘေဓာတ် (၂ လာ်၊ ၅ တေး) သားတို့က ဗဟိုမဏ္ဍိုင်မြေရာ၏ အရှေ့ဘက်၊ အနောက်ဘက်၌ နေကြ၍ ပန်းစည်းတို့ဖြင့် ရတနာမျိုးစုံကြုတ်တော်နှင့် ရတနာအုတ်တော်များက ကြိုလင့်ရာ၏။ ရတနာမျိုးစုံကြုတ်တော်ကို အလယ်ဗဟိုနေရာတွင် ၆ ကြာသားက အရှေ့တောင်မျက်နှာမူကာ စီထားလှူရာ၏။ ကိတ်သားက မော်ကွန်းစာပါသော ကြေးပြားတော်ကို ကမ်းလင့်လတ်သော် ၆ ကြာသားက ရတနာမျိုးစုံကြုတ်တော်ပေါ်တွင် ထပ်ဆင့်ကာ ကြေးပြားတော်ကို စီထားလှူရာ၏။ မော်ကွန်းစာပါသော ရတနာအုတ်မြစ်တော်တို့ကို ဆွေသားမာတ ၃ ဂ်ါသားက အရှေ့(အဖျား)၊ အမြစ်နံ ၅ တေးသားက အနောက် (အရင်း) ပိုင်းက ချီမ ယူလာစဉ် ဥဿာဓာတ် ၁ နွေသားက လက်ဆင့်ကမ်း၍ ၆ ကြာသားက အလယ်မှ လက်ခံယူကာ စီထားလှူရာသည်။ ထို့နောက် အညွန့်စနေသားက ရတနာရွှေအုတ်မြစ်တော်ကြီးကို ကူညီမယူ ကမ်းလင့်လတ်သော် ၆ ကြာသားက စီထားလှူဒါန်းရာ၏။ စီနေဆဲတွင် သဗ္ဗတ္တော ၃ ဂါထာဖြင့် အောက်မေ့ဆင်ခြင် ပွားများရာ၏။

ထို့နောက် "သန္တာ တိတျ၊ စန္ဒကား စိန်၊ မှူးချိန်ပြည်ကဲ၊ ပုလဲဘောမ၊ ဗုဓကြောင်သာ၊ သောရာဂေါ်မုတ်၊ ဥဿဖရား၊ ရာဟုထားလော့၊ ထူးခြားရောင်ဝါ၊ နီလာသောကြ၊ ထွန်းပချက်ဖွေ၊ လျှံဝေပတ္တမြား၊ စီထားကေတု၊ ဤသို့ပြုမှ" ဟူသော ကျောက်မျက်စီခြယ်နည်းကျမ်းများနှင့်အညီ–

| | | |
|---|---|---|
| အရှေ့အရပ်တွင် | ၂ လာ်သားက | စိန်ရတနာအုတ်မြစ် |
| အရှေ့တောင် | ၃ ဂ်ါ ॥ | ပုလဲ ॥ |
| တောင် | ၄ ဟူး ॥ | ကြောင် ॥ |
| အနောက်တောင် | စနေ ॥ | ဂေါ်မုတ် ॥ |
| အနောက် | ၅ တေး ॥ | မြ ॥ |
| အနောက်မြောက် | ရာဟု ॥ | ဥဿဖရား ॥ |
| မြောက် | ၆ ကြာ ॥ | နီလာ ॥ |
| အရှေ့မြောက် | ၁ နွေ ॥ | သန္တာ ॥ |

အုတ်မြစ်တော်အသီးသီးကို သဗ္ဗတ္တော ၃ ဂါထာကို အာရုံယူပြီး လက်ယာရစ် စီထားကြရာသည်။

စီထားပြီး ရတနာအုတ်မြစ်များပေါ်တွင် ပရိတ်တော်ရေ၊ နံ့သာရေ ပက်ဖျန်း၍ "ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနားကြီး" "အောင်ပြီ" ဟု မြွက်ဆို၍ အခမ်းအနား ရုပ်သိမ်းကြရာသည်။

ထို့နောက် ဗိသုကာတို့ အလိုရှိတိုင်း ဆက်လက်ဆောင်ရွက်ကြရာသတည်း။ ॥

# မန္တလေး စွယ်တော်မြတ်စေတီတော်
# ရတနာအုတ်မြစ်တော်စီ
# မင်္ဂလာမော်ကွန်းစာ

သိဒ္ဓမ်၊ ဝန္ဒာမ ဝရဒါဋ္ဌ စ၊ ဓရမာနံ မဟာမုနိံ။
ဒ္ဓိသဟဿေ ပဉ္စသတေ၊ နဝတိံ သတိမေ ဝရေ။
သာဝဏေ ဗုဒ္ဓဝဿေဝ၊ မာသေ စ နဝမေ ဒိနေ။
နဂရေ ရတနာပုဏ္ဏေ၊ သုသုဏ္ဍေ သုက္ကဝါသရေ။
မရမ္မရဋ္ဌာဓိပါဒီဟိ၊ နိဟိတာ'ယံ သုဘာ သိလာ။
အသ္မာ ဧဝ သိလာ သင်္ဂါ၊ ဒါတာန ပုညရာသိယော။
ဥဒေန္တု သုခသောဘာယ၊ အသဒ္ဓမ္မတမောနုဒါ'တိ။ ။

အောင်ပါစေသတည်း။ ဗုဒ္ဓစွယ်တော်မြတ်နှင့် မဟာမုနိရုပ်ရှင်တော်မြတ်ကို ညွတ်တွားရှိခိုးပါကုန်၏။

မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ ဝေါဟာရမာသ၊ ဝါခေါင်လဆန်း ၉ ရက်၊ သောကြာနေ့၊ နံနက်၊ နေတက်၊ မြန်မာ့စံတော်ချိန်၊ စက် ၉ နာရီ၊ ၁၈ မိနစ်၊ ၁၈ စက္ကန့် မင်္ဂလာအချိန်တော်တွင် စွယ်တော်မြတ်စေတီတော် ဝတ္ထုကံတည်ရာမဟာဓမ္မရံသီကုန်းတော်မြတ်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော်နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအမှူးပြုသော ဘုရားဒါယကာ၊ ဒါယိကာမများက ဤရတနာအုတ်မြစ်တော်ကို စီထားတည်ဆောက် လှူဒါန်းကြပါကုန်၏။

သုံးလောကသားတို့ ကောင်းကျိုးချမ်းသာရကြပါစေရန်အလို့ငှာ ဤရတနာအုတ်မြစ်တော်မှ မြန်မာပြည်သူပြည်သားတို့၏ ပုညကုသိုလ် စေတနာရောင်ခြည်တို့သည် မသူတော်တရားများကို ဖယ်ရှားလွှင့်ဖျောက်လျက် ပေါ်ထွက် ကွန့်မြူးလာကြပါစေကုန်သတည်း။ ။

Prevail !

Be our devoted veneration to the Sacred Tooth of the Enlightened Buddha and the Image known as Maha Muni Yoke Shin Daw.

On 09:18:18 A.M. 4 August, 1995, Friday, the foundation stone is here laid at this Pagoda which is known as Swe Daw Myat Ceti in Maha Dahmmaramsi compound near Mandalay, by the government of the State Law and Order Restoration Council of the Union of Myanmar on behalf of the donors. The foundation stone and the copper plate, bearing the inscriptions in Pali and Myanmar are also traditionally enshrined.

May the rays of the merit accrued by the donors radiate from this auspicious foundation stone dispelling the darkness of evil elements, for the benefit and perfect bliss of the Three Spheres of Universe.

# သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ

စွယ်တော်မြတ်စေတီတော် (မန္တလေး) သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို အမရပူရမြို့နယ် ရှားတောလေးကျေးရွာ မဟာဓမ္မရံသီကုန်းတော်မြတ်၌ မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ် တပို့တွဲလပြည့်ကျော် ၃ ရက် အင်္ဂါနေ့၊ ခရစ်နှစ် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက် အင်္ဂါနေ့ နံနက် ၈ နာရီ ၁၅ မိနစ်တွင် စတင်ကျင်းပသည်။

သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်း မဟာမင်္ဂလာ မစတင်မီ ပရိကမ္မ အကြိုအစီအစဉ်အဖြစ် ဖေဖော်ဝါရီလ ၂ ရက်နေ့မှ စတင်ခဲ့သည်။ ရာဇမတ်ကာ၍ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင်များ စိုက်ထူခဲ့သည်။ တံခွန်လုံးများ၊ သာသနာ့အလံများ လွှင့်ထူထားသည်။ စေတီတော်နှင့် စေတီတော်ဝတ္တကံ ပရိဝုဏ်အတွင်းရှိ သတ်မှတ်ထားသော နေရာအသီးသီးတွင် ဥပါသကာအဖွဲ့ဝင်များက ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးစုံတို့ကို ဆက်ကပ်လှူဒါန်း ပူဇော်ကြသည်။ ထို့အပြင် ဆရာတော် သံဃာတော်များကလည်း ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။ ဝတ်အသင်းအဖွဲ့အသီးသီးက ဓမ္မစကြာဝတ်ရွတ်စဉ်များကို နေ့ညအလှည့်ကျရွတ်ဆို ပူဇော်ကြသည်။

သတ္တဋ္ဌာန မူလဋ္ဌာပနာတော်သွင်းမင်္ဂလာ ကျင်းပသော နံနက် ၅ နာရီတွင် ဥပါသကာအဖွဲ့က ရတနာသုံးပါးအား ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။ အနုပညာဦးစီးဌာန မန္တလေး ကဇာတ်ဌာနခွဲမှ အနုပညာရှင်များအဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံး အနုပညာရှင်များအဖွဲ့တို့က ဓမ္မတေးများဖြင့် သီကျူးပူဇော်ကြသည်။

ထို့နောက် နံနက် ၈ နာရီ ၂၅ မိနစ်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်က စောင်းမှုမှုသိန်းအဖွဲ့နှင့် တွဲဖက်ကာ စွယ်တော်ဘုရားရှိခိုး ရတုပိုဒ်စုံတို့ကို သီဆိုပူဇော်သည်။

ရတုပိုဒ်စုံဖြင့် ပူဇော်အပြီးတွင် ဗြဟ္မာမင်းတစ်ပါး၊ သိကြားမင်းတစ်ပါး၊ လောကပါလနတ်မင်းကြီးလေးပါး၊ သေနာပတိမင်းကြီးသုံးပါးတို့က ဦးဆောင်လျက် နဂါး၊ ဂဠုန်၊ ကုမ္ဘာန်၊ ယက္ခ၊ ဂန္ဓဗ္ဗ၊ ဝိသကြုံ၊ မာတလိ၊ ပဥ္စသိခ်နတ်သား၊ ဝသုန္ဒြေနတ်သားတို့ ပါဝင်သော အဖွဲ့ဝင် ၁၈ ဦးရှိသည့် ဒေဝါဝင်းက နေရာယူသည်။

တစ်ဆက်တည်း၌ပင် သိုင်းကိုင်နှစ်ဦး၊ ကျိုင်းကိုင်နှစ်ဦး၊ ရှင်ဘုရင်နှင့် မိဖုရား၊ လွှတ်တော်ဝန်ကြီးလေးဦး၊ စစ်သူကြီးလေးဦး၊ လုပ္ပျိတော်ကိုးဦး၊ သူဌေးကြီးနှင့် သူဌေးကတော်နှစ်ဦး၊ လေးသည်တော်နှစ်ဦးတို့ စုပေါင်း၍ အဖွဲ့ဝင် ၄၅ ဦး ပါဝင်သော ရာဇာဝင်းအဖွဲ့က စေတီတော်ရှိ သတ်မှတ်နေရာ၌ ဆက်လက်နေရာယူကြသည်။ ယင်းအဖွဲ့များနောက်မှနေ၍ ဥပါသကာအဖွဲ့ဝင်များက လိုက်ပါနေရာယူကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ အမှူးပြုသော ဩဝါဒါစရိယဆရာတော်များ၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အဖွဲ့ဝင်များ၊ ဗဟိုသံဃဝန်ဆောင်ဆရာတော်များ၊ မန္တလေးတိုင်း သံဃနာယကအဖွဲ့ဝင် ဆရာတော်များ၊ တိုင်းဝန်ဆောင်ဆရာတော်များ၊ စုစုပေါင်း ၄၅ ပါးတို့က အခမ်းအနား ကျင်းပမည့်နေရာသို့ ကြွရောက်ချီးမြှင့် သီတင်းသုံးတော်မူကြသည်။

နံနက် ၈ နာရီ ၅၅ မိနစ်တွင် စွယ်တော်မြတ်စေတီတော် (မန္တလေး) သတ္တဋ္ဌာန ဌာပနာတော်သွင်းမင်္ဂလာ အခမ်းအနားကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ပရိသတ်အပေါင်းတို့က နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ရာ မင်္ဂလာခရုသင်းမှုတ်၍ မင်္ဂလာထိုးစည်၊ မင်္ဂလာထိုးမောင်းအဖွဲ့တို့က အောင်စည်အောင်မောင်း ကိုးချက်တီးမှုတ်၍ ပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက်ဆရာတော်ဘုရားကြီးထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ဘုရားကြီးများထံသို့ ဥပါသကာအဖွဲ့ အဖွဲ့ဝင်များက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ဆက်ကပ်ကြသည်။ ဆရာတော် အရှင်သူမြတ်တို့က သမန္တာမှစ၍ မေတ္တာသုတ်ပရိတ်တော်၊ ဓဇဂ္ဂသုတ်ပရိတ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ယူဆောင်ကာ စေတီတော်ရင်ပြင်၌ ပက်ဖျန်းချည်နှောင်ကြသည်။

ဆက်လက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦး စီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက သတ္တဋ္ဌာန ပဋ္ဌာနရုပ်တုတော် ခုနစ်ဆူနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီးထံသို့ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် တာဝန်ရှိသူများက ဆရာတော်အရှင်သူမြတ်တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အရှင်သူမြတ်က ရေစက်ချတရား ချီးမြှင့်တော်မူသည်။ အလှူရှင် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများက ရေစက်သွန်းချ အမျှပေးဝေကာ သာဓုသုံးကြိမ်ခေါ် ဆိုကြသည်။

ထိုအခါ မင်္ဂလာငွေခရုမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်သည်။ ထို့နောက် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံးမောင်က သတ္တဋ္ဌာနပဋ္ဌာနရုပ်တုတော်များ ဌာပနာတော်သွင်း ပူဇော်မည့် အစီအစဉ်များကို ဖတ်ကြားသည်။ ဆက်လက်၍ သာသနာရေးဦးစီးဌာန လက်ထောက်ကျမ်းပြုမှူးဦးစံသင်းလှိုင်က မင်္ဂလာအခါတော်ကြားစာတမ်းကို ဖတ်ကြားသည်။

ထို့နောက် မင်္ဂလာအချိန် ကျရောက်သော ၁၀ နာရီ ၃ မိနစ် ၉ စက္ကန့်တိတိတွင် အခမ်းအနားမှူးက "မင်္ဂလာအခါတော်" ဟု ကြေညာလိုက်သောအခါ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က မယ်တော်မာယာ ဘုရားအလောင်းတော် ဖွားမြင်တော်မူဟန်ရုပ်တုတော်ကို ဌာပနာထည့်သွင်း ပူဇော်သည်။ ထို့နောက် ဌာပနာသွင်းမည့် အကြီးအကဲများအား အခမ်းအနားမှူးက အစီအစဉ်အတိုင်း ဖိတ်ခေါ်သည်။

ဘုရားအလောင်းတော် ခြေလှမ်းခုနစ်လှမ်း လှမ်းပြီး ကြုံးဝါးနေဟန်ရုပ်တုတော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ဘုရားအလောင်းတော် မင်္ဂလာရထားစီး၍ ဥယျာဉ်တော်ကို ထွက်တော်မူဟန်ရုပ်တုတော်နှင့် နိမိတ်ကြီးလေးပါး မြင်တော်မူဟန်ရုပ်တုတော်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဘုရားအလောင်းတော် တောထွက်တော်မူစဉ် မာရ်နတ်တားဟန် ရုပ်တုတော်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးကြီးတင်စိုး၊ ဘုရားအလောင်း ဆံတော်ပယ်ဟန်ရုပ်တုတော်နှင့် ကဏ္ဍကမြင်း အနော်မာသောင်ယံ၌ ရပ်နေဟန်ရုပ်တုတော်ကို မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်၊ ဘုရားအလောင်းတော် ဃဋိကာလပြဟ္မာမင်းထံမှ ကြာသင်္ကန်း အလှူခံဟန်ရုပ်တုတော်နှင့် ဃဋိကာလပြဟ္မာမင်း ကြာသင်္ကန်းကပ်လှူဟန်ရုပ်တုတော်ကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်ချစ်ကလည်းကောင်း အသီးသီးထည့်သွင်း ပူဇော်ကြသည်။

ဆက်လက်၍ သုဇာတာ ဃနာနို့ဆွမ်း ကပ်လှူဟန်ရုပ်တုတော်ကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးတင်အေး၊ ဃနာနို့ဆွမ်း ဘုဉ်းပေးဟန်ရုပ်တုတော်ကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြီးရွှေ၊ မြက်ရှစ်ဆုပ် လှူဒါန်းဟန်ရုပ်တုတော်ကို မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးတို့က အသီးသီးထည့်သွင်း ပူဇော်ကြသည်။ (ပလင်္ကသတ္တာဟ) ဗောဓိပင်နှင့် ရွှေပလ္လင်၌ မာရ်နတ်သားကို အောင်တော်မူဟန်ရုပ်တုတော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဌာပနာထည့်သွင်း ပူဇော်ပေးသည်။

(အနိမိသတ္တာဟ) ဗောဓိပင်နှင့် ရွှေပလ္လင်ကို ခုနစ်ရက် မမှိန်မသုန် ကြည့်နေတော်မူဟန် ရုပ်တုတော်ကို ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်၊ (စင်္ကမသတ္တာဟ) စင်္ကြံခုနစ်ရက်ကြွတော်မူဟန် ရုပ်တုတော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်၊ (ရတနာဃရသတ္တာဟ) ရတနာရွှေအိမ်၌ ခုနစ်ရက် အဘိဓမ္မာပိဋကတ်ကို ဆင်ခြင်တော်မူဟန် ရုပ်တုတော်ကို လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်၊ (အဇပါလသတ္တာဟ) ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ခုနစ်ရက် စံနေတော်မူဟန်ရုပ်တုတော်ကို ကုန်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်၊ (မုစ္စလိန္ဒသတ္တာဟ) မုစ္စလိန္ဒာနဂါးမင်း၏ ပါးပျဉ်းအောက်၌ ခုနစ်ရက် စံနေတော်မူဟန်ရုပ်တုတော်ကို ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး

သိန်းဝင်း၊ (ရာဇာယတနသတ္တာဟ) လင်းလွန်းပင်ရင်း၌ ခုနစ်ရက် စံနေတော်မူဟန် ရုပ်တုတော်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမင်းသိမ်း၊ တဖုဿနှင့် ဘလ္လိကညီနောင်တို့ ပျားမုန့်ဆွမ်းကပ်ဟန်ရုပ်တုတော်ကို ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီး တင်ငွေ၊ သဟမ္ပတိဗြဟ္မာက မြတ်စွာဘုရားရှင်အား တရားတော် ဟောကြားပေးတော်မူပါရန် တောင်းပန်ဟန်ရုပ်တုတော်ကို ကာကွယ်ရေးဝန်ကြီးဌာန စစ်ရေးချုပ် ဗိုလ်ချုပ်ဝင်းမြင့်၊ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောတော်မူဟန်ရုပ်တုတော်ကို ကာကွယ်ရေးဝန်ကြီးဌာန စစ်ထောက်ချုပ် ဗိုလ်ချုပ်တင်လှ၊ အရှင်ကောဏ္ဍည ရဟန္တာရုပ်တုတော်ကို မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးမောင်ပါ၊ အရှင်ဝပ္ပရဟန္တာရုပ်တုတော်ကို စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးခင်မောင်သိန်း၊ အရှင်ဘဒ္ဒိယရဟန္တာရုပ်တုတော်ကို ဗဟိုဆက်သွယ်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီးလှမိုး၊ အရှင်မဟာနာမ်ရုပ်တုတော်ကို သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဦးသန်းအောင်၊ အရှင်အဿဇိရဟန္တာရုပ်တုတော်ကို ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးညွန့်တင်တို့က အသီးသီး ဌာပနာထည့်သွင်း ပူဇော်ကြသည်။

မြတ်စွာဘုရားရှင် ယမိုက်ပြာဋိဟာ ပြတော်မူဟန်ရုပ်တုတော်ကို လေကြောင်းအတတ်သင်လေတပ်စခန်းမှူး ဗိုလ်မှူးချုပ်တင်လတ်၊ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရား ဟောတော်မူဟန်ရုပ်တုတော်ကို ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီး ဗိုလ်မှူးကြီးစိုးဝင်းမောင်၊ တရားနာယူနေသည့် နတ်ဒေဝါပုံတော်ကို အမှတ် (၃၃) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးသူရအေးမြင့်၊ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်သို့ သက်ဆင်းတော်မူဟန်ရုပ်တုတော်ကို အမှတ် (၉၉) ခြေမြန်တပ်မဌာနချုပ် ဒုတိယတပ်မမှူး ဗိုလ်မှူးကြီးသိန်းအောင်၊ အောင်ခြင်းရှစ်ပါး အောင်တော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကို ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယ စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဝင်းအောင်တင့်၊ ပထမ အောင်ခြင်းရှစ်ပါးရုပ်တုတော်နှင့် ဒုတိယ အောင်ခြင်းရုပ်တုတော်ကို မြေပြင်အတတ်သင် လေတပ်စခန်းမှူး ဗိုလ်မှူးကြီးမြသန်း၊ တတိယအောင်ခြင်းရုပ်တုတော်နှင့် စတုတ္ထအောင်ခြင်း ရုပ်တုတော်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပျဉ်းမနားတပ်နယ်မှ ဗိုလ်မှူးကြီးမောင်ဘို၊ ပဉ္စမအောင်ခြင်းရုပ်တုတော်နှင့် ဆဋ္ဌမအောင်ခြင်းရုပ်တုတော်ကို ဗဟိုအင်ဂျင်နီယာတပ် တပ်မှူး ဗိုလ်မှူးကြီးကျော်ရှိန်၊ သတ္တမအောင်ခြင်းရုပ်တုတော်နှင့် အဋ္ဌမအောင်ခြင်းရုပ်တုတော်ကို အမှတ် (၁) အခြေချစစ်ဆေးရုံ တပ်မှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ ပရိနိဗ္ဗာန် စံတော်မူဟန်ရုပ်တုတော်ကို နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ တောဓာတ်ဖြင့် ပူဇော်ဟန် ရုပ်တုတော်ကို ကာကွယ်ရေးဝန်ကြီးဌာန ယာယီ စစ်ဦးစီးဗိုလ်မှူးကြီး ဒုတိယဗိုလ်မှူးကြီးမြင့်ဆွေ၊ ဒေါနပုဏ္ဏား ဓာတ်တော်ဝေဟန်ရုပ်တုတော်ကို သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ခ၊ ပရိက္ခရာရှစ်ပါးရုပ်တုတော်ကို ထောက်လှမ်းရေးကွပ်ကဲမှုရုံး ကွပ်ကဲရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ဌေး၊ သတ္တဌာနမူလဌာပနာတော်သွင်း ကမ္ပည်းငွေပေလွှာကို သာသနာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ခင်၊ အောင်ဂါထာတော်များ ရေးသားထားသည့် ရွှေပေလွှာကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး

အဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အောင်မြေများ ထည့်သွင်းထားသည့် ရွှေကြုတ်တော်ကို သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်တို့ကလည်းကောင်း၊ ဌာပနာထည့်သွင်း ပူဇော်ကြပြီး မန္တလေးခရိုင် ငြိမ်ဝပ် ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောလွင်၊ ကျောက်ဆည်ခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်ဝင်း၊ မိတ္ထီလာခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်သောင်း၊ ရမည်းသင်းခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်အေး၊ မြင်းခြံခရိုင် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ဌေးအောင်တို့က ဌာပနာတိုက်အဖုံးကျောက်ပြားကို ပိတ်ပေးခဲ့သည်။

ဌာပနာတော်တိုက်ကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ကွန်ကရစ်လောင်း ပိတ်ပေးခဲ့သည်။

သတ္တဌာနရုပ်တုတော်များ ထည့်သွင်းဌာပနာနေစဉ်တွင် ဉပါသကာ ၉ ဦးတို့က ဇယမင်္ဂလာ အောင်ခြင်းဂါထာတော်များ ရွတ်ဆိုကြသည်။ ဌာပနာတော်များ ထည့်သွင်းဌာပနာအပြီးတွင် ဆရာတော် အရှင်သူမြတ်တို့က "ဇယန္တောဗောဓိယာမူလေ" အစရှိသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ချီးမြှင့်ကြသည်။

ထို့နောက် သီဟသုဓမ္မမဏိဇောတဓရနှင့် သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရွှေမြင်တင်ဦးညိုက အောင်ဆုမင်္ဂလာဂါထာနှင့် အမျှပေးဝေသည်။ ထိုအခါ ဘုရားဒါယကာ၊ ဒါယိကာမများက သာဓု သုံးကြိမ်ခေါ်ဆိုကြသည်။

ထို့နောက် ပရိသတ်အပေါင်းတို့က ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုကာ ဆုတောင်းကြသည်။ စွယ်တော်မြတ်စေတီတော် (မန္တလေး) သတ္တဌာန ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို မင်္ဂလာငွေခရသင်းမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ပြီး နံနက်ပိုင်းတွင် အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

ထိုသို့ရုပ်သိမ်းအပြီးတွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များက စွယ်တော်မြတ်စေတီတော် (မန္တလေး) ၏ အရပ်ကိုးမျက်နှာမှနေ၍ ရတနာ ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။ ထိုအခါ အနုပညာဦးစီးဌာန မန္တလေး ကဇာတ်ဌာနခွဲမှ အနုပညာရှင်များ အဖွဲ့နှင့် မြန်မာနိုင်ငံ ဂီတအစည်းအရုံးတို့မှ အနုပညာရှင်များက တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက မင်းကွန်း ဆရာတော်ဘုရားကြီး၏ ဒိသာဖရဏ မေတ္တာဘာဝနာပွားနည်းကို ရွတ်ဆိုပူဇော်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော သံဃာတော် အရှင်သူမြတ်တို့အား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် အဖွဲ့ဝင်များက ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

# စွယ်တော်မြတ်စေတီ သတ္တဌာနတိုက်
# ဌာပနာတော်သွင်း အစီအစဉ်ပုံစံ



သိဒ္ဓမ်။ ။ဝန္ဒာမိ ဝရဒါဋ္ဌံ စ၊ ဝရမာနံ မဟာမုနိ။
မောဒံ လဘန္တု ရာဇာနော၊ သုသုခံ စ သရဋ္ဌိကာ။

# ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတိယသတ္တသတ္တာဟပဋိမာနိဓာန စွယ်တော်မြတ်စေတီ (မန္တလေး) သတ္တဋ္ဌာနမူလဌာပနာတော်သွင်းမဟာမင်္ဂလာ အခါတော်စာတမ်း




မင်္ဂလာအခါ၌ ကောင်းကင်တွင်
ဂြိုဟ်များနှင့် လဂ်တို့ရပ်တည်ပုံ

| တိထိ | စင် | လဂ်စီး |
|---|---|---|
| ၂၆ | ၉ | ၀ |
| ၃ | ၂ | ၀ |
| ၅ | ၁၂ | ၂၃ |




မင်္ဂလာအခါ၌ နဝင်းစက်တွင်
ဂြိုဟ်များနှင့် လဂ်တို့စီးနေပုံ

**သိဒ္ဓိရတ္ထု၊ ဇယတု၊ ဘဝတု သဗ္ဗမင်္ဂလံ။**

မြရောင်ရွှန်းဝေ၊ မန်းတောင်ဗွေမှ၊ သပြေလကျာ၊ တောင်မျက်နှာက၊ ရတနာပုံမ်၊ နန်းနိတုံ၌၊ ယှက်ရုံခပင်း၊ ညီညွတ်ခြင်းဖြင့်၊ မင်းနှင့်ပြည်သူ၊ အောင်ဆုယူသား၊ ကြည်ဖြူကော်ရော်၊ စဉ်ပူဇော်သည်၊ စွယ်တော်စင်နှင့် သမ္ဘာတင့်ခဲ့၊ အခွင့်မသာ၊ နှစ်များစွာလျှင်၊ ကင်းကွာခဲ့ပြီ၊ သို့ဖြစ်သည်လည်း၊ မြန်ပြည်ရှေးကံ၊ ဘုန်းရောင်လျှံ၍၊ ရှေ့ယံရှမ်းတောင်၊ အဆောင်ဆောင်နှင့်၊ မန်းတောင်မြောက်က၊ မြရောင်ကြွသည်၊ တောင်မှ မြစ်ငယ်၊ အနောက်ဝယ်လျှင်၊ တန်းသွယ်ဧယျာ၊ မြစ်ရောမှ၊ ဝိုက်ဖြာထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ရေညာ၊ ရေပန်းလာသား၊ အံ့ရာထွေထွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ လှမျိုးစုံတည့်၊ ကြည်ထုံသာမော၊ လွမ်းမောစရာ၊ မြေမြတ်စွာတွင်၊ မဟာဓမ္မရံသီ၊ ကုန်းဌာနီဟု၊ မဟီညွန့်လူ၊ မြမြေငူဝယ်၊ လူလည်းလေးမြတ်၊ နတ်လည်းကြည်ညို၊ ဗြဟ္မာလိုသည့်၊ များထိုညွတ်ခ၊ ပူဇော်သသည်၊ ဝရဒါဌာ၊ သွင်းနှံပါသား၊ ရတနာနဝရတ်၊ စွယ်တော်မြတ်စေတီ၊ နန်းသိင်္ဂီ၌၊ အညီတေဇာ၊ အောင်ဧယျာဖြင့်၊ ဌာပနာတော်သွင်း၊ ပူဇော်ခင်း၍၊ မင်းမင်းစဉ်လာ၊ အောင်စေရာသည်၊ မဟာမင်္ဂလာပြုအံ့သော အချိန်အခါသော်မူကား–

**မင်္ဂလာရက်** ။ ။ <u>သာသနာတော်နှစ် ၂၅၃၉ ခုနှစ်၊ ဟေမန္တဥတု၊ ဖဂ္ဂုနမာသ၊ ကဏှပက္ခ။</u>
<u>မြန်မာနှစ် ၁၃၅၇ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့။</u>
<u>ခရစ်နှစ် ၁၉၉၆ ခုနှစ် ဖေဖော်ဝါရီလ ၆ ရက်။</u>

**မင်္ဂလာအချိန်**။ ။ <u>နံနက်၊ နေတက် မြန်မာ့စံတော်ချိန် စက် ၁၀ နာရီ ၃ မိနစ် ၉ စက္ကန့်</u>
သမယဖြစ်သတည်း။

# တြိစက္ကဇာတာတော်များနှင့် ကျမ်းဂန်များအဆိုအမိန့်

(၆-၂-၉၆) ၁၀:၀၃:၀၉ နာရီ၊ မန္တလေး

၁ နွေ = ၉ ၂၂ ၄၉
၄ ဟူး = ၈ ၂၇ ၄၈
စနေ = ၁၀ ၂၈ ၂၉

၂ လ်ာ = ၄ ၉ ၂၅
၅ တေး = ၈ ၁၃ ၂၉
ရာဟု = ၅ ၂၆ ၂၉

၃ ဂ်ါ = ၉ ၂၈ ၄၈
၆ ကြာ= ၁၁ ၂ ၄၁
လဂ် = ၁၁ ၂၇ ၄၃










ပိဋကတ်ဓမ္မက္ခန်ကျမ်းဂန်တော်များနှင့်အညီ နက္ခတ်တို့ မညှိုးမမှိန် ထွန်းထိန်တောက်ပခြင်း၊ ဂြိုဟ်တာရာများ အင်အားဗလကောင်းပြီး ထွန်းတောက်ခြင်းဟူသော နက္ခတ္တဝိရောစန၊ တာရာဂဏဩဘာသန၊ ဂတဂဏာဝဘာသနဖြစ်သော မင်္ဂလာအခါကို ပဓာနထား၍ ရွေးထားသည်။ ထို့ပြင် အန္တရာယ်ကင်း၍ အရှည်တည်တံ့ခြင်းအကျိုးငှာ နေလကြတ်ပြီးနောက်တွင်သာ ဌာပနာရိုး ရှိခဲ့ကြသည်။ ရဟန္တာအရှင်မြတ်များနှင့် အသောကမင်းတရားကြီးတို့သည် လကြတ်ပြီးနောက် စေတီပေါင်း ရှစ်သောင်းလေးထောင်တို့တွင် "တစ်သောင်းရှစ်ပြန်၊ လေးထောင်လွန်သား၊ ယုဂန်လှည့်သွား၊ လရထားနှင့်၊ နတ်သားနီးကြ၊ သောကာလဝယ်၊ သောကဓမ္မာ၊ ဌာပနာသား" စသည်ဖြင့် ရဟုမှတ်တမ်းပြသည့်အတိုင်း ဌာပနာသွင်းတော်မူခဲ့ကြသည်။ ဤစွယ်တော်မြတ်စေတီတော်တွင်လည်း အနှောင့်အယှက် အဖျက်အဆီး အန္တရာယ်ကင်း၍ အရှည်တည်တံ့စွာ ချမ်းချမ်းသာသာ ပူဇော်ကိုးကွယ်နိုင်ကြပါရန်အလို့ငှာ နေကြတ်ပြီးနောက် ရရှိသော မင်္ဂလာ အခါကောင်းကို ရွေးထားသည်။ အထူးသဖြင့်-

ရဇော နန္ဒံသတိ ဥဒ္ဓံ၊ အဓ္ဓပေတံ ပဒိဿတိ။
တေန လိင်္ဂေန ဇာနာမ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ထလဇာ ဒကဇာ ပုပ္ဖါ၊ သဗ္ဗေ ပုပ္ဖန္တိ တာဝဒေ။
တေပဇ္ဇ ပုပ္ဖိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ရတနာ ဇောတန္တိ တာဝဒေ။
တေပဇ္ဇ ရတနာ ဇောတန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ဝိမလော ဟောတိ သူရိယော၊ သဗ္ဗာ ဒိဿန္တိ တာရကာ။
တေပိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ- ဟူလော။

ဗုဒ္ဓဝံသပါဠိတော်နှင့်အညီ ဝန်းကျင်ဥဿုံ မြူဖုန်မထ လုပသန့်ရှင်းနေသောအချိန်၊ ရေပန်း၊ ကုန်းပန်းတို့ လန်းဆန်းဖူးပွင့်နေကြသောအချိန်၊ မြေပြင်နှင့် ဝေဟင်တွင် အရောင်အသွေးမျိုးစုံ ပါဝင်သော တွင်းထွက်အမျိုးမှန် အဖိုးတန် နဝရတ်ရတနာအစစ်တို့ အရည်လျှံတက်၍ တလက်လက်ထွန်းလင်း တောက်ပနေသော မင်္ဂလာအချိန်တော်တွင် ရွေးချယ်၍ ဤစေတီတော်တွင် သတ္တဋ္ဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာပြုသည်ဖြစ်ပေရကား ဤစေတီတော်သည် လျင်မြန်ချောမွေ့စွာ ဆက်လက်ကာ ပြီးမြောက်အောင်မြင်၍ သုံးဘုံသားတို့ အားထားကြည်ညို ကိုးစားရာ ဇေန်မုချ ဖြစ်လာပေလိမ့်မည်။

## မဟာမင်္ဂလာအခါတော်၏ ကောင်းမြတ်ပုံ

၁။ “အဘိသေက၊ ဥတ္တရဟူသည်၊ ဉာသုံးမည်တွင်၊ ရောင်ခြည်ပြံ့ပြံ့၊ နှစ်ဆယ့်ခြောက်လုံး၊ မင်းသုံးနက္ခတ်” ဟူသောသတ်မှတ်ချက်အရ အဘိသိက်နက္ခတ်အဖြစ် သတ်မှတ်ထားသော ဥတ္တရ အမည်ရ နက္ခတ်သုံးလုံးတွင် တစ်လုံးအပါအဝင်ဖြစ်သည့် ဥတ္တရာသဠ်နက္ခတ်တွင် လဂ်စီးသော မင်္ဂလာအခါဖြစ်ခြင်း။

၂။ မိန်လဂ်အဖို့ ရှောင်အပ်သော ပထမတြွင်းမှ လွတ်ကင်းပြီး ကောင်းသော တတိယတြွင်းထက်တွင် လဂ်စီးခြင်း။

၃။ တိထိ ၂ လုံး၊ ဘဒြာတိထိ၊ ဆောက်လုပ်မှုတွင် ကောင်းမြတ်သော တေထိလကရိက်္ခာနှင့် ကြုံခြင်း၊ ထို့ပြင် စန်းနှင့် ၅–တေး တြိကောဏ ကြုံသဖြင့် ဂေါရီယုဂ်ရခြင်း၊ စန်းအားကောင်းသဖြင့် စန္ဒြသုဒ္ဓိကြုံပြီး ကသစ်စံနေခြင်း။

၄။ ဆိုးကျိုးပေးသော ပါပစနေဂြိုဟ်သည် ကသစ်မူနေပြီး ၁၂ တန့်တွင် ရပ်တည်လျက် ကောင်းကျိုးပြုခြင်း၊ ၂ တန့်သခင် ၃–ဂ်ါသည် ၁၁ တန့်တွင်ရပ်လျက် ဥစ်မူပြီး ကောင်းကျိုးပြုလျက် ခနယုဂ် ဖန်တီးနေခြင်း။

၅။ “ကဏ္ဍသုံးပါး၊ စန်း, လဂ်နားမူ၊ ကောင်းစားစစ်စစ်၊ မင်းလျှင်ဖြစ်အံ့” ဟု အဟောလာရှိသည့်အတိုင်း တတိယကဏ္ဍတွင် လဂ်ရပ်နားခြင်း၊ ထို့ပြင် ကိန်းမွန်းတည့်အိမ်ရှိ ၅–တေးသည် ကသစ်စံပြီး ဝဂ္ဂုတ္တမနဝင်း စီးနင်းသော ၄–ဟူးနှင့် ယှဉ်လျက် အခါလဂ်ကို အကောင်းဆုံးအကျိုးပြုနေခြင်း။

၆။ သောမဂြိုဟ် ၆–ကြာသည် ဥစ်မူခြင်း၊ လဂ်သခင်လည်းဖြစ်၊ လုပ်ငန်းကို စိုးမိုးဂြိုဟ်လည်း ဖြစ်သော ၅–တေးလည်း ကသစ်မူပြီး ဟံသမဟာပုရိသယုဂ် ရနေခြင်း။

၇။ မရဏသခင် ၆–ကြာသည် ဘဝဇာတာတွင် ဗျယဋ္ဌ အိမ်ရှင်ကသစ်ဂြိုဟ် စနေနှင့်ယှဉ်တွဲ ရပ်တည်နေလျက် ဝိပရိတရာဇယုဂ် မူနေခြင်း။

၈။ လဂ်နှင့် ၄–ဟူးဂြိုဟ်သည် ဝဂ္ဂုတ္တမ နဝင်းစီးနင်းနေခြင်း၊ အသလဂ်၏ သမလဂ်နှင့် ၈ တန့်တွင် ဝင်နေဆဲဂြိုဟ်အစစ်တို့ မရှိခြင်း။

၉။ မိန်ရာသီ ကောင်းမြတ်သော နဝမ နဝင်းထက်တွင် မင်္ဂလာအခါတော်လဂ် စီ·နင်းနေခြင်း။

၁၀။ **လဂ္ဂါ ပါတော ယုတိ ဝေဓော၊ တြန္တိသာပျံ တထာဝရံ။**
**ကေဂ္ဂလော ပဂြဟော စ၊ ဇာမိတြ ဗုဓ ပဥ္စကံ။**
**ဒဒ္ဓါတိထိ စ ဝိဍေယျာ၊ ဒသဒေါသာ မဟာဗလာ။**
**တော် ဒေါသံ ပရိစ္စဇ္ဇ၊ လဂ္ဂနံ သံသောဓယေ ဗုဓော–** ဟူသော မကောင်းပြစ်ဒေါသများမှ လွတ်ကင်းသောလဂ်ဖြစ်သည့်ပြင် အစွန်းအနားဖြစ်သော အပြစ်ဒေါသများမှ လွတ်ကင်းအောင်လည်း ယာတြာသျှန္တိများ ပေးထားပြီးဖြစ်ခြင်း။

၁၁။ အဖျက်အဆီး အနှောင့်အယှက်ပိုင်းဆိုင်ရာ ၈ တန့်အိမ်ခွင်ကို ပါပဂြိုဟ်များ မြင်ထားခြင်း ကင်းသည့်ပြင် သခင်ဂြိုဟ် အားကောင်းနေခြင်း။

၁၂။ ဖော်ပြပါ သုံးသပ်ချက်များအရ အောင်မြင်ချမ်းသာ ကောင်းကျိုးများစွာ ရရှိနိုင်ခြင်းကြောင့် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ၊ ဘုရားတည်ဆောက်သူ အင်ဂျင်နီယာ၊ ဗိသုကာအုပ်စုများနှင့် ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ၊ ဥပါသိကာမတို့အား အန္တရာယ်မပြု၊ ကောင်းကျိုးချမ်းသာများကိုသာ ပြုနိုင်သည့် မဟာမင်္ဂလာအခါတော်မြတ်ဖြစ်ပေသည်။

## ပရိက္ခမ္မ ကြိုတင်အစီအစဉ်

ရွှေတိဂုံဆံတော်စေတီတော်မြတ်ကို သိကြားမင်း၊ ဝိသကြုံနတ်သားတို့ စီရင်ပေသောအတိုင်း ဝိသကြုံနတ်သား၏ တပည့်ဖြစ်သော ကဝိလမိုင်းဆရာကြီးနှစ်ပါးတို့ ထားခဲ့သည့် ဗိသုကာကျမ်းရိုးတွင် "အလယ်ဌာပနာတွင်းကား ရဟန်း၊ ပုဏ္ဏား၊ မင်း ကောင်းမှုတို့မှာ ၇ မိုက်တူးရမည်။ ဌာပနာတိုက် ထုံးပြီးသော် ရာဇမတ် ဝန်းကျင်ကာလေ။ တိရစ္ဆာန် ခွေး၊ ဝက် +++ တို့ကို မဝင်စေရ။ ကျီးလည်း မနားစေရ။ ကြပ်ကြပ်စောင့်စည်းကုန်ရာ၏။" ဟူ၍ လာရှိသည်အရလည်းကောင်း၊ "ရှုကြည့်မညောင်း၊ ပုံမထောင်း တည်၊ သဲလောင်းမြေသိပ်၊ မြူနှိပ်သုတ်သင်၊ ငှက်ပျောပင်နှင့်၊ ကြံပင်ညွှန့်လန်း၊ ထွေထွေဆန်းသား၊ ကြပန်း စုံစီ၊ ရှုဖွယ်အီမျှ၊ ဖြူနီတံခွန်၊ မိုးစွန်ဆောက်လွှား၊ မုလေးပွားက၊ ကုက္ကားနိမ့်မြင့်၊ ဆင့်ရရင့်တည့်၊ ဆင့်ဆင့် ဝေဆာ၊ ဝတိ သာက၊ မဟာသုဒဿန၊ နတ်လမ်းမသို့၊ တူလှယိုးယောင်၊ ဆင်ယဉ်ဆောင်သည်" ဟူသော မဃဒေဝလင်္ကာအရလည်းကောင်း စေတီတော်နှင့် စေတီပရိဝုဏ်ကုန်းတော်တို့ကို သပ္ပာယ်စွာ တန်ဆာ ဆင်၍ ပူဇော်ရာသည် အဆိုအမိန့်အတိုင်း စနစ်တကျ စီစဉ်ရာသည်။

"ရဟန်းသံဃာတို့ကို ပရိတ်မေတ္တာ ကမ္မဝါစာ ရွတ်စေရာ၏" ဟူ၍ ဗိသုကာကျမ်းတွင် လာရှိသော ကြောင့် ဌာပနာတော်သွင်း မဟာမင်္ဂလာရက်မတိုင်မီရက်များက စတင်၍ ရဟန်းသံဃာတော်များကို ပင့်ဖိတ်ကာ စေတီဒါယကာများနှင့် သုံးလောကသားတို့ ကြောင်းကျိုးဆက်စပ်ပြီး မေတ္တာဓာတ်ပွားကာ ငြိမ်းချမ်းသာယာခြင်း၊ ဘုန်းကံရောင်ဝါ တောက်ပပါစေခြင်းအကျိုးငှာ ပဋ္ဌာန်းဒေသနာတော်ကို အဆက် မပြတ် ရွတ်ဖတ်ခြင်း၊ အန္တရာယ်လွတ်ကင်း ဘေးရန်ရှင်း၍ ချမ်းသာပါစေခြင်းအကျိုးငှာ ပရိတ်တော်အကုန်၊ မဟာသမယသုတ်များနှင့် မဟာအာဋာနာဋိယသုတ်များကို ရွတ်ဖတ်ခြင်းနှင့် ဥပတ္တမ္ဘက အထောက်အကူ အလို့ငှာ ဝတ်အသင်းများက ရွတ်ဖတ်ခြင်းပြုထားနှင့်ရာသည်။

"ရွတ်ဖတ်ပြီးသော် ရွှေအုတ်၊ ငွေအုတ်တို့ကို ဌာပနာတိုက်တွင်းသို့ သွင်းကုန်ရာ၏။ ရွှေအုတ်ကား ဆဋ္ဌာဘိညအလိုအားဖြင့် ၆ ချပ်တည်း" ဟူ၍ ဗိသုကာကျမ်းတွင် လာသောကြောင့်လည်းကောင်း ဒုဋ္ဌဂါမဏိ အဘယမင်းကြီး မဟာစေတီ ဌာပနာရာတွင် "မေဒဝဏ္ဏ အမည်ရှိသော ကျောက်ဖျာကြီး ၆ ချပ်တို့ကို ဆောင်ခဲ့၍ ပန်းတည်၏အလယ်၌ ၁ ချပ်ကိုခင်း၍ ၄ ချပ်ကို အရပ်လေးမျက်နှာ၌ သေတ္တာကဲ့သို့ ထောင်ပြီး ၍ ၁ ချပ်ကို အပေါ်ကပိတ်ခြင်းငှာ အရှေ့မျက်နှာအရပ်၌ သိုဝှက်ကာထားပေ၏" ဟူ၍ မဟာဝင်ကျမ်း ကြီးတွင် လာသောကြောင့်လည်းကောင်း၊ ရွှေသလင်းကျောက်ချပ် ၆ ချပ်ကို အဆင်သင့် ထားရှိစေပြီးလျှင် "သတ္တတွာ ၃ ဂါထာနှင့် ရွတ်ပြီးလျှင် ရွှေအုတ်ဂါထာဖြင့်ပိတ်၍ ချလေ" ဟူ၍လည်းကောင်း၊ "ရွှေအုတ် မချမီ ဗိသုကာနတ်ရကာကို ရည်မှတ်၍တင်။ ဗိသုကာအလယ်ပွဲမှာ ဖျင်တစ်စုံ၊ ငွေစင် ၅ ကျပ်၊ ငှက်ပျော၊ ရေတကောင်း၊ လက်ဖက်၊ ++ ကြံချောင်း၊ မြေစာ၊ သပြေပန်း၊ ++ လှပစွာစိုက်၍ ဆန်ဖြူတစ်ခွက်၊ ဒေါင်းလန်းနှင့်တည်၍ အလယ်ပွဲခင်းရမည်။ ကဝိလမိုင်းဆရာကို ရည်မှတ်၍တင်။ အပြင်လေးပွဲမှာ ဖျင်တဘက်၊ ငွေ ၁ ကျပ်၊ ငှက်ပျော၊ ++ လက်ဖက်၊ ++ ပန်းပေါက်ပေါက်တို့ဖြင့် လှပစွာ အလယ်ပွဲကဲ့သို့

ဒေါင်းလန်းနှင့်တည်ရမည်။ ဖျာ ၅ ချပ်တည့်၍ ခင်းရမည်။ ဤသို့စီရင်ပြီး ပန်းရုံသမားတို့သည် ရတနာသုံးပါးတို့ကို ရှိခိုးပူဇော်ပြီးမှ ဆရာ, နတ်ရကာနှစ်ပါးမှစ၍ မိခင်, ဖခင်၊ လောကဦ သွန်သင်ပေးသော ဆရာအပေါင်းတို့ကို ရှိခိုး၍ ကောင်းသောဆုကိုပန်၍ ရွှေအုတ်မြစ်ချရာသည်" ဟူ၍လည်းကောင်း မိသုကာကျမ်းတွင် လာရှိသောကြောင့် ညွှန်းမှာသည့်အတိုင်း မိသုကာ အင်ဂျင်နီယာတို့ ပြုလုပ်ကာ ခရေညွှန့်ဆောင် အင်္ဂါသားက ရှေ့က၊ သပြေညွှန့်ဆောင် ဗုဒ္ဓဟူးသားက နောက်က မ,ယူကာ ရွှတ်ဆို၍ စနစ်တကျ စီထားနှင့်ကြရာသည်။

"ရတနာသုံးပါး၊ ရှိညွှတ်တွား၍၊ ဆပွားလေးမြတ်၊ ပြည်စောင့်နတ်အား၊ စွဲမှတ်သီးသီး၊ ပူဇော်ပြီးမှ၊ ကောင်းချီးကျော်ညီ၊ လုပ်ငန်းချီအံ့" ဟူသော နိုင်ငံတော်လုပ်ငန်းဆိုင်ရာ ထုံးတမ်းအစဉ်အလာ၊ "အုန်းလည်းညွှန့်ပေါ်၊ ကံ့ကော်ညွှန့်ဖြာ၊ နေစာညွှန့်ထွား၊ ချယားညွှန့်ဝေ၊ သပြေ, သီး, ထန်း၊ ညွှန့်လန်းလန်းတည်။ ပန်းခုနစ်မြိတ်၊ ပရိတ်တော်ရေ၊ ငှဝေပန်ဆင်" ဟူသော အောင်ကြောင်းအောင်ရာ မြန်မာ့ထုံးစံ အစဉ်အလာများနှင့်အညီ ရတနာသုံးပါးအား သာသနာတော်ပွဲများဖြင့် ပူဇော်ခြင်း၊ နတ်မင်းများအား ဒေဝတာဗလိ စီရင်တင်သခြင်း ပြုလုပ်ရာသည်။

ပူဇော်ဟန်မှာ–

| ဘုရားဒါယကာ | ၆ ကြာသားသည် | ထန်းညွှန့်ဆောင် | စိန်ရတနာဝတ် |
|---|---|---|---|
| | စနေ ။ | အုန်း ။ | နီလာ ။ |
| | ၁ နွေ ။ | ကံ့ကော် ။ | ပတ္တမြား ။ |
| | ၂ လာ ။ | မြေစာ ။ | ပုလဲ ။ |
| | ၃ ဂါ ။ | ခရေ ။ | သန္တာ ။ |
| | ၄ ဟူး ။ | သပြေ ။ | မြ ။ |
| | ၅ တေး ။ | သီး ။ | ဥဿဖရားရတနာဝတ်ဆင်၍ |

၁။ ဘုရား ၁ ပွဲ၊ ၂။ တရား ၁ ပွဲ၊ ၃။ သံဃာ ၁ ပွဲ၊ ၄။ ရှင်သောဏမထေရ်၊ ရှင်ဥတ္တရမထေရ်နှင့် ရှင်ဓမ္မဝသီ (ရှင်အရဟံ) ၁ ပွဲ၊ ၅။ ရှင်ဥပဂုတ္တ ၁ ပွဲ၊ ၆။ ဗြဟ္မာ, သိကြား, သာသနာတော်စောင့်နတ်မင်းများ ၁ ပွဲ၊ ၇။ ဆောက်လုပ်ရေးဆိုင်ရာနတ်မင်း (ဝိသကြုံနတ်မင်း) ၁ ပွဲ၊ ၈။ နိုင်ငံတော်စောင့် ရုဗ္ဗာဒေဝတာ ၁ ပွဲ၊ ၉။ ကုန်းမြေစောင့် ဘုမ္မစိုး ၁ ပွဲဖြင့် အသီးသီးတင်သ ပူဇော်ရာသည်။

မြေအိုးသစ်တွင် အုန်း၊ ကံ့ကော်၊ မြေစာ၊ ခရေ၊ သပြေ၊ သီး၊ ထန်း ဟူသော ကမ္ဘာ့အညွှန့်ပန်းခုနစ်မျိုးနှင့် သဇင်၊ မြတ်လေးဟူသော ဆောင်ပန်းနှစ်မျိုး ရောပေါင်း၍ အညွှန့်ပန်း ၉ မျိုးကို ထိုးစိုက်ကာ ရေအပြည့်ထည့် ပူဇော်ခြင်း၊ သစ်သီး ၉ မျိုး၊ အပွင့်ပန်း ၉ မျိုး၊ ဆွမ်း ၉ ပွဲ၊ ဖယောင်း ၉ တိုင်၊ အမွှေးတိုင် ၉၊ ကြက်လျှာ၊ တံခွန် ၉၊ ပေါက်ပေါက် ၉ ပွဲ တင်လှူပူဇော်ခြင်းပြုရာသည်။ ထို့နောက် ဂြဟဇာပွင့်ရာဖြစ်သော အနောက်တောင်အရပ်ကို မျက်နှာမူ၍ ဆုမွန်တောင်းရာသည်။

သံဃာတော်များကိုပင့်၍ "နန်းကြီးထက်ပေါ်၊ တက်ပြီးသော်လျှင်၊ သူတော်မြတ်စစ်၊ တစ်ရာ့ရှစ်လည်း၊ ရွှေမေတ္တာစိတ်၊ မွန်းမွန်းထိတ်မျှ၊ ပရိတ်ဂါထာ၊ ဟောရွတ်ကာဖြင့်" ဟူသော နိုင်ငံတော် မင်္ဂလာအခမ်းအနား ထုံးတမ်းစဉ်လာအရ ကိုးပါးသီလ ခံယူရာသည်။ ပရိတ်တော်တန်ခိုး ထုံဝင်နေစေရန် ဌာပနာမည့် ဗုဒ္ဓအဖြစ်တော် ရုပ်ပွားများ၊ ပရိတ်ချည်၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ကျောက်များကို သံဃာတော်များအား ဆက်ကပ်ရာသည်။ တေလပတ္တဇာတ်နှင့် ပါရာဇိကဏ် အဋ္ဌကထာလာ သာသနာတော်ထုံးနှင့်အညီ အသီးသီးစွဲကိုင်၍ ရွတ်ဖတ်တော်မူကြရန် လျှောက်ထားတောင်းပန်ရာသည်။

ဆက်လက်၍ ကမ္ဘာ့တန်ဆာ အညွန့်ပန်း ၉ မျိုးကို ရတနာမြေအိုးသစ်တွင် ထိုးစိုက်၍ ရေအပြည့်လောင်းထည့်ကာ လှူရာသည်။ ခရုသင်း၊ ရွှေဆိုင်း၊ ဆန်၊ နှမ်း၊ နှမ်းဆီ၊ ကြက်သွန်ဖြူ၊ ဆား၊ စပါး၊ ပတ္တမြားနှင့် နွားရုပ် အစုံပါသည့် လှူဖွယ်များကိုလည်း ယတြာသျှန္တိအလို့ငှာ လှူဒါန်းရာသည်။ ထို့ပြင် "ဒသသဟဿီ၊ သိန်းကောဋိလျှင်၊ နှံ့သိစကြာဝဠာ၊ စောမြတ်စွာ၏ ဒေသနာပရိတ်၊ မေတ္တာစိတ်" ဟု ဆိုအပ်သော ပရိတ်တော်၊ ပဋ္ဌာန်ဝိဇယမန္တန်တော်များ နာကြားခြင်း၊ အမျှဝေ ရေစက်ချခြင်း ပြုလုပ်ရာသည်။ ထို့နောက် ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ပန်း၊ ပရိတ်ကျောက်နှင့် ပရိတ်ချည်များကို စေတီတော်ဝတ္ထုကံမြေရာတော်တွင် ဥပါသကာများက လက်ယာရစ် စနစ်တကျ ပက်ဖျန်းချည်ဖွဲ့ကြရာသည်။

## သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာ

မိသုကာကျမ်း ဌာပနာသွင်းရာ၌ ပန်းရံသမားတို့ ပြုလုပ်ဖွယ်အခန်းတွင် "ဌာပနာသွင်းခါနီး ဘုရားဒါယကာ ပန်းရံသမားတို့သည် ကိုယ်၌ အညစ်အကြေး ဖြူစင်စွာ ဆေးလျှော်၍ အဝတ်ဖြူဝတ်ပြီးမှ သရဏဂုံသုံးပါး၊ ပဥ္စသီ၊ အဋ္ဌသီဥပုသ်ရှစ်ပါးတို့ကို ဆောက်တည်စေ၍ ပန်းရံသမားတို့က ကြပ်ကြပ်သတိပြု၍ မမှားမယိမ်း မယွင်းမစောင်း မယိုင်မယိမ်းရအောင် သတိဆောင်၍ အင်္ဂတေတို့ဖြင့် သေသေချာချာ ကြပ်မတ်၍ ဌာပနာသွင်းရာ၏။ သွင်းပြီးမှ တံပူခြမ်း၊ နှမ်းတစ်လုံး၊ နှီးတစ်ပျက်မျှ မရွေ့စေရ၊ မလှုပ်ရှားစေရာ" ဟူ၍ ညွှန်းမှာသည့်အတိုင်း ဘုရားဒါယကာ ဥပါသကာနှင့် မိသုကာဆရာတို့သည် ပြည့်စုံစွာ လိုက်နာမှတ်သားပြီးလျှင် မူလဌာပနာတော်တိုက်သို့ တက်ရောက်၍ စောင့်လင့်နေကြရာသည်။

ဘုရားဒါယကာများသည် ဝပ်တွားကန်တော့ပြီးလျှင် ပဋိမာနည်းစနစ်နှင့်အညီ သွန်းလုပ်ထားသော–

၁။ ဖွားတော်မူဟန်
၂။ ခုနစ်ဖဝါး ကြွတော်မူဟန်
၃။ နိမိတ်လေးပါးပြဟန်
၄။ မာရ်နတ်သား တားဟန်
၅။ ဆံတော်ပယ်ဟန်
၆။ ကြာသကၡန်းကပ်ဟန်
၁၄။ အဇပါလဆိတ်ကျောင်းညောင်ပင်၌ စံနေဟန်
၁၅။ မုစလိန္ဒအိုင် ကျည်းပင်ရင်း၌ စံနေဟန်
၁၆။ ရာဇာယတန လင်းလွန်းပင်ရင်း၌ စံနေဟန်
၁၇။ တဖုဿ၊ ဘလ္လိကတို့ မုန့်ဆွမ်းကပ်ဟန်
၁၈။ သဟမ္ပတိဗြဟ္မာ တရားတောင်းဟန်
၁၉။ ဓမ္မစကြာတရားဟောဟန်

၇။ ဃနာနိုဆွမ်းလှူဒါန်
၈။ ဆွမ်းဘုဉ်းပေးဟန်
၉။ စေင်မြက်ရှစ်ဆုပ်လှူဟန်
၁၀။ အပရာဇိတမာရ်နတ်အား အောင်မြင်ဟန်
၁၁။ အနိမိသ မမှိတ်သောမျက်လုံးဖြင့် ကြည့်ဟန်
၁၂။ စင်္ကမစင်္ကြံကြွဟန်
၁၃။ ရတနာဃရ ရွှေအိမ်၌နေဟန်
၂၀။ ယမိုက်ပြာဋိဟာပြဟန်
၂၁။ အဘိဓမ္မာခုနစ်ကျမ်းဟောဟန်
၂၂။ သင်္ကဿနဂိုရ်ဆင်းဟန်
၂၃။ အောင်ခြင်းရှစ်ပါးဟန်
၂၄။ ပရိနိဗ္ဗာန်ပြုတော်မူဟန်
၂၅။ တေဇောဓာတ်လောင်ဟန်
၂၆။ ဓာတ်တော်ဝေဟန်နှင့်
၂၇။ ပရိက္ခာရာရှစ်ပါးဟန်

ဟူသော သတ္တဋ္ဌာနတိုက်ဆိုင်ရာ ဗုဒ္ဓအဖြစ်တော်ရုပ်ပွားများကို ရှေ့နောက်အစဉ်မပျက်စေဘဲ ယာယီစံကျောင်းတော်မှ သတ္တဋ္ဌာနတိုက်သို့ ရိုသေစွာ ပင့်ဆောင်၍ အသင့်စောင့်နေသော နားလည်ကျွမ်းကျင်သည့် ဉပါသကာနှင့် ဗိသုကာတို့အား ကမ်းလင့်ရာ၏။

ဤသို့ ဉပါသကာနှင့် ဗိသုကာတို့သည် "အစဉ်သင့် ဌာပနာရမည်၊ ရှေ့နောက်ပြု၍ ဌာပနာမသွင်းအပ်" ဟူ၍လည်းကောင်း၊ "သတ္တဋ္ဌာနမှာ အနိမိသတစ်ဆူကိုသာ ဗောဓိပင်ရှိရာ အနောက်တောင်ထောင့်သို့ မျက်နှာတော်ပြုလေ။ ထို့ပြင် ခြောက်ဆူမှာ အရှေ့စူးစူး မျက်နှာပြုရမည်။ ဗောဓိပင်တောင် လင်းလွန်းပင် အနောက်နားကစ၍ ဖွားတော်မူသောတိုက်တို့ကို မြောက်သို့ မျက်နှာပြုနေပြီးမှ လက်ယာရစ်လည်၍ ချလေ။ အရှေ့တောင်ထောင့်တွင် ပရိနိဗ္ဗာန်တိုက်ကိုထားလေ။ ပရိနိဗ္ဗာန်တိုက်နှင့် ဖွားတော်မူဟန်တိုက်အကြား လင်းလွန်းပင်နားတွင် ++ တပုဿ၊ ဘလ္လိက ++ တိုက်တို့ကိုထားပါလေ" ဟူ၍လည်းကောင်း လာရှိသော ဗိသုကာကျမ်းအဆိုကို နှလုံးသွင်းပြီးလျှင်–

၁။ အဖြစ်တော်ရုပ်ပွားများ၏ ရှေ့နောက်အစီအစဉ်၊

၂။ အဖြစ်တော်ရုပ်ပွားများ၏ တည်နေရာနှင့်

၃။ အဖြစ်တော်ရုပ်ပွားများ၏ မျက်နှာတော်မူရာအရပ်တို့ကို မတိမ်းမမှားရအောင် သတိဆောင်၍ မဟာမင်္ဂလာတော်အချိန် ကျရောက်သည်နှင့်တစ်ပြိုင်နက် "သတ္တဋ္ဌာန ၇ နေ့ ပါဠိအနက်တို့၌ တစ်ဂါထာစီ နောက်ပိတ်ဂါထာနှင့်ရွတ်၍ ၇ ဌာနကို ချပြီးမှ အဆင်သင့် ဘုရားဖြစ်တော်မူချက်အတိုင်း ဌာပနာပြီးလျှင်" ဟူ၍ ဗိသုကာကျမ်းတွင် လာရှိသည့်အတိုင်း ဌာပနာတော်သွင်းစီ ပူဇော်ကြရာ၏။ (ဌာပနာသွင်း အစီအစဉ် ပုံစံနှင့် ရွတ်ဖတ်ရန်ဂါထာများကို နောက်တွင် ပူးတွဲဖော်ပြထားပါသည်။) "ဆံစု၊ ဆံကျင်၊ ဓာတာ၊ အင်းအိုင်၊ ထိုးကွင်းလက်ဖွဲ့၊ ကျောက်မျိုး၊ မိုးကြိုးစက်၊ အရိုးဟူသမျှ (ဆွေးမြည့်စေတတ်သော အရာဝတ္ထုများ၊ သတ္တုရုပက) ဌာပနာမသွင်းအပ်နိုင်အောင် ပန်းရံသမားတို့က ဆီးတားရမည်" လာရှိသည့်အတိုင်း လိုက်နာ ပြုလုပ်ကြရာသည်။

ဥာပနာပြီးလျှင် "သမ္ဗုဒ္ဓေပါဠိအနက်ကိုရွတ်၍ ရှိခိုးရမည်။ သတ္တဋ္ဌာန ရှိခိုးဂါထာပါဠိအနက် ++ တို့ဖြင့် ပူဇော်၍ ဥာပနာတိုက် ပိတ်ရမည်" ဟူ၍လည်းကောင်း၊ "ရှိခိုးပြီးလျှင် လိုအပ်သောဆုကိုတောင်း၍ သုံးဆယ့်တစ်ဘုံ၌ ကျင်လည်ကုန်သော လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား အမျှဝေ၍ ဥာပနာတိုက်ကို ပိတ်ရာ၏" ဟူ၍လည်းကောင်း၊ "ဤသို့ ဂါထာများနှင့်ရွတ်၍ ချရာ၏။ ချပြီးလျှင် တတ်အားသမျှ မဂ်ဖိုလ် နိဗ္ဗာန်ချမ်းသာ သုံးပါးဆုကိုတောင်း၍ ဆရာသမား မိဘဉာတကာမှစ၍ သိကြားမင်း စသော သမ္မာဒေဝ နတ်တို့ကိုလည်းကောင်း၊ သုံးဆယ့်တစ်ဘုံ၌နေကုန်သော သဗ္ဗေသတ္တာ သတ္တဝါအပေါင်းတို့ကိုလည်းကောင်း ကုသိုလ်ဝေ၍ နေချင်း ဥာပနာတိုက်တွင်းပိတ်အောင် တည်ရာ၏" ဟူ၍လည်းကောင်း၊ "ဥာပနာသွင်းသော လိုဏ်ခေါင်းကိုလည်း နေချင်းပိတ်ရမည်" ဟူ၍လည်းကောင်း ဗိသုကာကျမ်း လာရှိသည့်အတိုင်း စနစ်တကျ ရွတ်ဆို အမျှဝေ၍ ဥာပနာတိုက် ပိတ်ရာသည်။ ထို့နောက် အမွှေးနံ့သာရည်၊ ပရိတ်တော်ရေများ ပက်ဖျန်း ရာသည်။

ထို့နောက် အောင်ကြောင်းအောင်ရာ အောင်မင်္ဂလာအဖြစ်ဖြင့် "ဇယန္တော ဗောဓိယာမူလေ" အစရှိသော ဂါထာများကို ရွတ်ဖတ်၍ မူလဥာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနား အောင်ပွဲကို အောင်မြင်စွာ သိမ်းကြရာသတည်း။

# စွယ်တော်မြတ်စေတီ (မန္တလေး)
# သတ္တဋ္ဌာနမူလဋ္ဌာပနာတော်သွင်း
# မော်ကွန်းစာ

သိဒ္ဓမ်။ ဝန္ဒာမ ဝရဒါဌံ စ၊ ဓရမာနံ မဟာမုနိံ။

ဒ္ဒိသဟဿေ ပဥ္စသတေ၊ နဝတိံ သတိမေ ဝရေ။
ဗုဒ္ဓံသံဝစ္ဆရေ ကဏှေ၊ ဖဂ္ဂုနေ တတိယေ ကုဝေ။
ပဋိမံ သတ္တသတ္တာဟံ၊ ဝရံ စွယ်တော်မြတ်စေတီယေ။
မရမ္မရဋ္ဌာဓိပါဒီဟိ၊ နိဓာနံ ပူဇယံ ကတံ။
အသ္မာ ဧဝ သိရိဂမ္ဘာ၊ ဗုဒ္ဓါန တေဇရံသိတော။
ဥဒေန္တု သုခသောဘာယ၊ အသဒ္ဓမ္မတမောနုဒါ'တိ။ ။

အောင်ပါစေသတည်း။ ဗုဒ္ဓစွယ်တော်မြတ်နှင့် မဟာမုနိ ရုပ်ရှင်တော်မြတ်အား ညွတ်တွားရှိခိုးကြပါကုန်၏။

မြန်မာသက္ကရာဇ် ၁၃၅၇ ခုနှစ်၊ ဝေါဟာရမာသ၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ အင်္ဂါနေ့၊ နံနက်၊ နေတက်၊ မြန်မာ့စံတော်ချိန်၊ စက် ၁၀ နာရီ၊ ၃ မိနစ်၊ ၉ စက္ကန့် မင်္ဂလာအချိန်တော်တွင် မဟာဓမ္မရံသီကုန်းတော်ရှိ စွယ်တော်မြတ်စေတီတော် သတ္တဋ္ဌာနတိုက်၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော အစိုးရအဖွဲ့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက ဤသတ္တဋ္ဌာနဆိုင်ရာ ရုပ်ပွားတော်များကို စီသွင်း လှူဒါန်း ပူဇော်ကြပါကုန်၏။ သုံးလောကသားတို့၏ ကောင်းကျိုးချမ်းသာ ရကြပါစေရန် အလို့ငှာ ဤသတ္တဋ္ဌာနတိုက်ခန်းတော်မှ ဘုရားရှင်တို့၏ တန်ခိုးအာနုဘော် ရောင်ခြည်တော်တို့သည် မသူတော်တရားများကို ဖယ်ရှား လွှင့်ဖျောက်လျက် ပေါ်ထွက် ကွန့်မြူးလာကြပါစေကုန်သတည်း။ ။

Prevail !

Be our devoted veneration to the Sacred Tooth of the Enlightened Buddha and the Image known as Maha Muni Yoke Shin Daw.

On 10:03:9 A.M. 6 February, 1996, Tuesday, the Images representing the Buddha's Sojourn at the seven places after the Enlightenment are historically enshrined in the Sacrarium of this Pagoda which is known as **Swe' Daw Myat Ceti** in Maha Dhammararnsi compound, by the Government presided by the Chairman of the State Law and Order Restoration Council of the Union of Myanmar Commander-in-Chief of the Defence Services **Senior General Than Shwe** on behalf of the donors. The silver plate bearing the inscriptions of record in Pali, Myanmar and English is also traditionally enshrined.

May the Splandor of Buddhas' miraculous power radiate from this auspicious **Reliquary Sacrarium** dispelling the darkness of evil elements, for the benefit and perfect bliss of the Three Spheres of the Universe.

# ပရိတ် အစီအရင် နောက်ဆက်တွဲ

## (ဗိသုကာကျမ်းမှ)

### ဘုရားပြို၊ ဘုရားပျက်နှင့် ဟောင်းနွမ်းသော စေတီဘုရားများကို ပြုပြင်ရာသော အစီအရင်

အနှစ်ရှည်လျားစွာ ပြိုပျက်၍ရှိသောစေတီ၊ မိုးကြိုးလောင်မီးနတ်စက်ကျ၍ ပြိုပျက်သောဘုရား၊ လျှောင်ကြီးစွာလှုပ်၍ ပြိုပျက်သောဘုရား၊ မုန်တိုင်းလေကြီးလာ၍ ပြိုပျက်သောဘုရား၊ အနှစ်ရှည်စွာရှိသော ဟောင်းနွမ်းသော ဘုရားစေတီတို့ကို ပြုပြင် ပြင်ဆင် လောင်းထပ်၍ တည်ရာသော အစီအရင်ကား ဤသို့ လျှင်တည်း။

လေးမျက်နှာ၌ စင်လွင့်သော အုတ်စတို့ကို ကောက်ယူ၍ ထမင်းလေးဆုပ်၊ ရေလေးမှုတ်တို့နှင့် မုနောလင်ပန်းပြု၍ လေးစုထည့်ပြီးမှ သုဝဏ္ဏဘုမ္မိဂါထာကို ၇ ခါရွတ်၍ တောင်ကအုတ် မြောက်သို့ပို့ရမည်။ မြောက်ကအုတ်ကို တောင်သို့ပို့ရမည်။

အရှေ့ကအုတ်ကို အနောက်သို့ ပို့ရမည်။ အနောက်ကအုတ်ကို အရှေ့သို့ ပို့ရမည်။ ဘုရားစေတီ၌ မှီခို၍နေသော ဖုတ်ပြိတ် နတ်မိစ္ဆာတို့ကို ကျွေးမွေး၍ နှင်ဖြိုပြီးသော် ဘုရားအရှေ့တည့်တည့်အရပ်၌ ရှင်ဥပဂုတ်၊ မာရ်နတ်သား၊ ဝိသကြုံနတ်၊ ကဝါလမိုင်းတို့ကို ရည်မှတ်၍–

## ဗိသုကာကျမ်း

တန်ဆောင်းလုပ်ပြီးမှ ပန်းပေါက်ပေါက် ဆီမီးကြက်လျှာ ငှက်ပျောသီး ရတတ်သမျှ ပူဇော်၍ ကုသိုလ်၏အကျိုးကို အမျှဝေကုန်ရာ၏။ ရှင်ဥပဂုတ်မှာ ရှင်ဥပဂုတ်ငါးဂါထာနှင့်ရွတ်၍ ပူဇော်ရမည်။ လိုအပ်သောဆုကို တောင်းရာ၏။ ရေချမ်းအိုးကြီး လေးလုံးကို သပြေပန်းတို့ဖြင့်စိုက်၍ ဇေ၀အစိန္တေယာ ဂါထာတစ်ထောင်စုပ်၊ ပရိတ်ကြီးတစ်စောင်လုံးရွတ်၍ တောင်းသောဆုကို တောင်းပြီးမှ စေတီထိပ် တည့်တည့် သွန်းချရာ၏။

ဘုရားအရှေ့ ရှင်ဥပဂုတ်စင်တောင်ရံတွင် ဘုရားကိုးဆူ ကိုးဌာနကို လူထိပ်နှင့်အမျှ စင်လုပ်၍ ငှက်ပျောပင်ကို ၉ ကွက်၍ ထီးတံခွန်ကြက်လျှာ ၉ ခုစီ၊ သစ်သီး ၃ မည်၊ မုန့် ၃ မည်၊ ပန်း ၃ မည်၊ ယို ၃ မည်၊ ဖယောင်းတိုင်က ချည် ၁၇ မျှင်၊ ဖယောင်း ၂ ကျပ်သားစီ အရှည်တစ်ထွာလုပ်ပြီးမှ ဇေ၀အစိန္တေယာ ဂါထာကို အရင်းကစ၍ ရေရမည်။ ဆွမ်းမှာ ဒါယကာတစ်ယောက်လျှင် ဆန်ဖြူတစ်ခွက်၊ ရှာဖြစ်လျှင် နှစ်ခွက်၊ မြို့ဖြစ်လျှင် လေးခွက်၊ တစ်ပြည်လုံးတွင် ရှစ်ခွက်သောဆန်ကို ၃ ထပ်ဖွပ်၊ ၃ ထပ်ဆေး၊ စည်းသား၍ ယောကျ်ားချက်စေ။ ခနောက်မှာ ခြသေ့ရုပ်၊ နဂါးရုပ်၊ ဂဠုန်ရုပ်လုပ်၍ချက်။ ဆီမီးကွမ်းအောင် ဤဂါထာနှင့် ရွတ်၍ ပူဇော်ရမည်။ လိုအပ်သောဆုကို တောင်းရမည်။

## ဆီမီးကျွမ်းအောင် ပူဇော်သောဂါထာ

ဤဂါထာဖြင့်ရွတ်၍ အရဏ်လာချိန်၌ ပူဇော်ခြင်းမှာ မြတ်စွာဘုရား ဟောတော်မူသော ဆဒိသာ ပါလသုတ်တွင် လာသောအတိုင်း သောတာပန်တည်သော သမ္မာဒေဝနတ်တို့ကို ပူဇော်၍ ကုသိုလ်အဖို့ကို ဝေကုန်ရာ၏။ လိုအပ်သောဆုကိုလည်း တောင်းကုန်ရာသော အစီအရင်ကား ဘုရားရှေ့စူးစူး ၉ ဌာန တောင်ပါးတွင် ရင်ဘတ်နှင့်အမျှ စင်လုပ်၍ ငှက်ပျောပင်နှင့် ဂြိုဟ်ခွက်ကဲ့သို့ လေးခွက်ပြု၍ သာတာဂီရိ နတ်၊ ဟေမဝန္တနတ်၊ ပုဏ္ဏကနတ် (ဟေမကုတိ) နတ် ၄ ပါး၊ ဘုရားအရှေ့တောင် ဘုရားအရံအစောင့် သာသနာနတ်၊ ရုက္ခစိုး၊ ဘုမ္မစိုး၊ အာကာသစိုး နတ် ၄ ပါး၊ ဘုရားတောင်စူးစူး၌ ကာလနတ်၊ သူရဿတီနတ်၊ ပိမ္မာသူရနတ် ၄ ပါး၊ အနောက်တောင်က တေရဋ္ဌ၊ ဝိရူပက္ခ၊ ကုဝေရ၊ စတုလောကနတ် ၄ ပါး၊ အနောက် စူးစူး၍ ဟရိရနတ်၊ မဟိရနတ်၊ ပါပနတ်၊ ပိင်္ဂလနတ်၊ နတ် ၄ ပါး၊ အနောက်မြောက်က ပစ္ဆုန်မိုးနတ်သား၊ မာတလိနတ်သား၊ တိုင်းကြီးစောင့်သောနတ်သား၊ သမုဒ္ဒရာရေ၌စောင့်သော မဏိမေခလာနတ် ၄ ပါး၊ မြောက်စူးစူးက သခ်နတ်၊ သခ်လနတ်၊ သုသုရနတ်၊ ကဏ္ဍုသေတနတ် ၄ ပါး၊ အရှေ့မြောက်ထောင့်၌ အထက်၌စောင့်သော လနတ်သား၊ နေနတ်သား၊ သိကြားမင်း၊ ဗြဟ္မာမင်း ၄ ပါး၊ အောက်၌စောင့်သော ဓရဏီနတ်၊ တေနဋ္ဌနတ်၊ ကမ္ဗလာနတ်၊ ကမ္ဗလသေဋ္ဌနတ် ၄ ပါး။ ဤသို့လျှင် ဘုရားမြတ်စွာနှင့်တကွ ရဟန္တာ ကိုးပါး၊ အရပ်ဆယ်ပါး၌စောင့်သော နတ်ကြီးလေးဆယ်ကို ပူဇော်ရာ၏။ ခြောက်မျက်နှာ၌စောင့်သော နတ်တို့မှာ ဆဒိသာပါလသုတ်၌လာသော ဂါထာနှင့်အညီရွတ်၍ ပူဇော်ရမည်။ လေးထောင့်၌စောင့်သော နတ်တို့မှာ လိုအပ်သောဆုကိုတောင်း၍ ပူဇော်ရမည်။

မြို့ဖြစ်လျှင် မြို့၌စောင့်သောနတ်၊ ရွာဖြစ်လျှင် ရွာ၌စောင့်သောနတ်၊ ရွာမနီး မြို့မနီးလျှင် အရပ် ထက်ဝန်းကျင်စောင့်သောနတ်တို့ကို အစဉ်မပြတ် ပူဇော်ရာ၏။ အရပ်၌ ပူဇော်တိုင်ကြား၍ ကုသိုလ်၏ အဖို့ကို ဝေကုန်ရာ၏။ တောင်းသောဆုကိုလည်း တောင်းကုန်ရာ၏။

ပွဲကြီးလျှင် ၇ ရက်၊ ပွဲငယ်လျှင် ၃ ရက်ခန့် ဆွမ်းကျွေး၊ မန်ကျွေးဖြစ်လျှင် ရက်ခန့်သာဆောင်ပါလေ။ ဤသို့စီရင်ပြီးမှ ဟောင်းနွမ်းပြိုပျက် ကျိုးပဲ့သော စေတီပုထိုးတို့ကို ပြင်ဆင်ရာ၏။ ပစ္စုပ္ပန်၊ သံသရာ နှစ်ပါး စီးပွားချမ်းသာရှိရာသောအကြောင်းကို ထောက်ရှုဆင်ခြင်၍ စီရင်သောနည်းတည်း။

ဟောင်းနွမ်းသောစေတီ၊ ပြင်ဆင်ရာသော စေတီပုထိုးတို့ကို ပြင်ဆင်ရာသောအမှုချည်းမဟုတ်။ မြို့တည်၊ ရွာတည်၊ ကျောင်းတည်၊ ကန်တူး၊ နန်းတည်တို့၌လည်း စီရင်အပ်၏။ ကူးနာရင်းနာ ရောဂန္တရကပ် ရောက်သော်လည်း စီရင်အပ်၏။ မိသုကာကျမ်းကား ဤရွှေ့ပြီးပြည့်စုံ၏။ ဩ၊ သာဓုနိဗ္ဗာန်ဆု။

ရှင်ဥပဂုတ်ဂါထာကို ဆီ ၅ ကျပ်၊ ချည် ၁၀၈ မျှင်၊ ဆီမီးစာလုပ်၍ ခွက်တွင်ထည့်ပြီး ခုနစ်ရက်ရှိခိုး ရွတ်ပြီးလျှင် ရေချမ်းအိုးတစ်လုံးကို လေးမျက်နှာ လေးပေါက်ဖောက်၍ ဆီမီးခွက်ကိုအုပ်၍ ဆီမီးညှိရမည်။ ကိုးကွယ်ခြင်းမှာ ရှေးထုံးကဲ့သို့ ပူဇော်ကိုးကွယ်လေ။ ရွာလယ်တည့်တည့် ခပ်သိမ်းသောဘေးဒဏ် ရန်မာန် အန္တရာယ်အပေါင်း ကင်းရာ၏။ လေကြီးမိုးကြီးဘေးလွတ်သော ဂါထာတည်း။

# ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာ

စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရာတွင် မဟာမင်္ဂလာ အခမ်းအနားကြီး ၉ မျိုးဖြင့် ကျင်းပဆောင်ရွက်ရန်ရှိသည့်အနက် ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားသည် အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုက် စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားတွင် ပါဝင်သည်။ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်လျက်ရှိရာတွင် ကျောက်၊ ကြေး၊ သတ္တု၊ သစ်သား၊ ပန်းပေါင်း အစရှိသော ဗုဒ္ဓရုပ်ပွားဆင်းတုတော်များနှင့် အခြားသောပစ္စည်းအမျိုးမျိုးတို့ကို ရဟန်းရှင်လူ ဗုဒ္ဓဘာသာဝင်များက လာရောက်လှူဒါန်းခဲ့ကြသည်။ ထိုကဲ့သို့ လှူဒါန်းထားသည့် ရုပ်ပွားဆင်းတုတော်များနှင့် ပစ္စည်းအမျိုးမျိုးတို့အနက်မှ မဆွေးမမြည့်သောပစ္စည်းများကို ရွေးချယ်၍ ကွမ်းတောင်ဌာပနာတိုက်တွင် စုပေါင်းသွင်းလှူပူဇော်ခြင်း ဖြစ်ပေသည်။ ကွမ်းတောင်ဌာပနာတိုက်တွင်ထည့်သွင်း ပူဇော်သည့် ဌာပနာပစ္စည်းများသည် မူလဌာပနာတိုက်၊ အလယ်ဌာပနာတိုက်တို့နှင့် အထက်ဌာပနာတိုက်တို့တွင် သွင်းလှူပူဇော်သည့် ဌာပနာပစ္စည်းများကဲ့သို့ သီးခြားစီရင် ပြုလုပ်ခြင်း မဟုတ်ပေ။

မဟာမင်္ဂလာ အခမ်းအနားကြီးတစ်ခု ပြုလုပ်ကျင်းပလျှင် ကြိုတင်ဆောင်ရွက်သော ပရိကမ္မ အစီအစဉ်များ ဆောင်ရွက်မြဲဖြစ်သည်။ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားအကြို ပရိကမ္မ အစီအစဉ်များကို ၂၀–၉–၉၆ နေ့ နံနက်မှ စတင်ကျင်းပခဲ့သည်။ စေတီတော်နှင့် စေတီတော်ဝတ္ထုကံ ပရိဝုဏ်တွင် ရာဇမတ်ကာ၊ ငှက်ပျောပင်ရှင်၊ ကြံပင်ရှင် စိုက်ထူခြင်း၊ တံခွန်လုံးများ၊ သာသနာ့အလံများ လွှင့်တင်ခြင်း၊ မဏ္ဍပ်ကြီးများ ဆောက်လုပ်မွမ်းမံ ခြယ်သခြင်းတို့ကို ၁၉–၉–၉၆ နေ့ ညနေပိုင်းတွင် ပြီးစီးအောင် ဆောင်ရွက်ခဲ့သည်။ ၂၀–၉–၉၆ နံနက် ၅ နာရီခွဲတွင် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှ ဥပါသကာ ၁၈ ဦးတို့က ကန်တော့ပွဲ ၉ မျိုး၊ ရေပြည့်အိုး ၉ အိုး၊ ပန်းမျိုးစုံ ပါဝင်သည့် ပရိတ်ပန်း၊ ပရိတ်ရေအိုး ၉ လုံး၊ သစ်သီး ၉ မျိုး၊ ယို ၉ မျိုးတို့ဖြင့် စနစ်တကျ ပူဇော်သည်။

အမရပူရမြို့နယ် သံဃာ့နာယကအဖွဲ့ (သုဓမ္မာ) နှင့် (ရွှေကျင်) ဆရာတော်များ ပါဝင်သော သံဃာတော် အရှင်သူမြတ် ၁၈ ပါးတို့က ၂၀–၉–၉၆ နေ့ နံနက် ၇ နာရီမှ ၂၁–၉–၉၆ နေ့ နံနက် ၇ နာရီ အထိ ပဋ္ဌာန်းဒေသနာတော်မြတ်ကို ရွတ်ဖတ်ပူဇော်ကြသည်။ ဆက်လက်၍ မန္တလေးခရိုင်အတွင်းရှိ ဝတ်အသင်းအဖွဲ့များက ၂၆–၉–၉၆ နေ့ နံနက် ၇ နာရီအထိ ဝတ်ရွတ်ပူဇော်ကြပါသည်။

အဆိုပါ ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ခရစ်နှစ် ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၄ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် တော်သလင်းလဆန်း ၁၂ ရက် အင်္ဂါနေ့တွင် မဟာဓမ္မရံသီကုန်းတော်မြတ်တွင် ကျင်းပရာ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ၊ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရနှင့် အဖွဲ့ဝင် ဆရာတော်ကြီး ၄၅ ပါး ကြွရောက်တော်မူကြပြီး နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး

မျိုးညွန့်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင်ကြီး၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌရုံး ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး သိန်းဝင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ စစ်တိုင်းတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မန္တလေး တိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းဇင်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းညွန့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ စစ်ဗျူဟာမှူးများ၊ တပ်ရင်းတပ်ဖွဲ့မှူးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ် ငြိမ်ဝပ်ပိပြားမှု တည်ဆောက် ရေးအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်းကော်မတီဝင် များ၊ အခမ်းအနား ကျင်းပရေးကော်မတီဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ ဘာသာရေး အသင်းအဖွဲ့များ၊ ဘုရားဒါယကာ၊ ဒါယိကာမ များနှင့် ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင် သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံ့မောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်၍ အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထား တင်ပြပြီး "နမောတဿ" သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ကြရာ ခရုသင်းများမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ် ကြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံမှ အတွင်းရေးမှူး (၁) နှင့် ဝန်ကြီးများ၊ တိုင်းမှူးများနှင့် ဧည့်ပရိသတ်တို့က ကိုးပါးသီလခံယူ ဆောက်တည်ကြပြီး ဆရာတော် များအား ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဥပါသကာများက ဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီး အမှူးပြုသော ဆရာတော် များက သမန္တာမှ အစပြု၍ မေတ္တာသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်၍ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို ယူဆောင်၍ စေတီတော်ရင်ပြင်၌ ပက်ဖျန်းပူဇော်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများအား နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်က ဌာပနာတော်သွင်းလှူ ပူဇော်မည့် ငွေဗောဓိပင်နှင့် သက်နိုင်း စသော လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ဝန်ကြီးများ၊ တိုင်းမှူးများ၊ ဒုတိယဝန်ကြီးများ၊ ဒုတိယတိုင်းမှူး၊ မြို့တော်ဝန်နှင့် အလှူရှင်တို့က ငွေစေတီ၊ ပဋိမာဗုဒ္ဓရုပ်ပွား ဆင်းတုတော်များ၊ အခြားဌာပနာပစ္စည်းများနှင့် သက်နိုင်း အစရှိသည့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်ကြသည်။ ဆက်လက်၍ အကြီးအကဲပုဂ္ဂိုလ်များက ပန်းလည်တိုင်ကို ဆက်ကပ်သည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ချီးမြှင့်တော်မူပြီး ဧည့်ပရိသတ်တို့က လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြရာ ခရုသင်းများမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက် တီးခတ်ကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများသည် ဌာပနာတော်များ သွင်းလှူပူဇော်ရန် စွယ်တော်မြတ်စေတီ (မန္တလေး) ကွမ်းတောင်ဌာပနာတိုက်တော်တွင် တက်ရောက်နေရာယူကြသည်။

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်းက ငွေဗောဓိပင်ကို လည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က ကကုသန် မြတ်စွာဘုရား ရုပ်ပွားတော်ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က ကောဏာဂုံ မြတ်စွာ ဘုရား ရုပ်ပွားတော်ကိုလည်းကောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး ဝန်ကြီး ဗိုလ်မှူးချုပ်မျိုးသန့်က ကဿပမြတ်စွာဘုရားရုပ်ပွားတော်ကိုလည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေက ဂေါတမ မြတ်စွာဘုရားရုပ်ပွားတော်ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးက ရွှေစေတီတော်ကိုလည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသန်းဇင်က ငွေစေတီတော်ကိုလည်းကောင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းညွန့်က ရွှေပဒေသာပင်ကိုလည်းကောင်း၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးကြီး စိန်ဝင်းအောင်က ငွေပဒေသာပင်ကိုလည်းကောင်း ဗဟိုမဏ္ဍပ်မှ ပင့်ဆောင်ကာ စွယ်တော်မြတ်စေတီတော် (မန္တလေး) အရှေ့ဘက်မုခ်မှတစ်ဆင့် စေတီတော်ကို လက်ယာရစ်တစ်ပတ် အပူဇော်ခံ၍ အရှေ့တောင်အရပ်ရှိ မြလေယာဉ် ထီးတော်တင်မဏ္ဍပ်သို့ အစီအစဉ်အတိုင်း ပင့်ဆောင်ကြပြီး ဌာပနာတော် သွင်းလှူ ပူဇော်မည့် ပဋိမာရုပ်ပွားတော်များအား ထီးတော်တင် စက်ယန္တရားခုံသို့ ဆက်လက်ပင့်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းကြသည်။

အလားတူ ဌာပနာသွင်းလှူ ပူဇော်မည့် ဌာပနာတော်များကို ဌာနဆိုင်ရာမှ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အမှုဆောင်များက ဗဟိုမဏ္ဍပ်မှတစ်ဆင့် အရှေ့တောင် အရပ်ရှိ ထီးတော်တင် စက်ယန္တရားခုံသို့ အစီအစဉ်အတိုင်း ဆက်လက်ပင့်ဆောင်ကြသည်။

သတ်မှတ်ချိန် ရောက်ရှိသောအခါ ဌာပနာတော်များအား ဝန်ကြီးများနှင့် တာဝန်ရှိသူတို့က စွယ်တော်မြတ်စေတီတော် ကွမ်းတောင်တော်သို့ ရထားပုံများဖြင့် ပင့်ဆောင်ကြရာ ဆရာတော်ကြီးများ၊ ဥပါသကာများ၊ ဧည့်ပရိသတ်များက ရတနာသုံးပါးဂုဏ်တော်များကို အာရုံပြု၍ ငြိမ်သက်စွာနေလျက် ဗုဒ္ဓါနုဿတိဘာဝနာကို ပွားများတော်မူကြသည်။

ထို့နောက် မင်္ဂလာအခါတော် ကျရောက်သည့် နံနက် ၉ နာရီ ၆ မိနစ် ၂၄ စက္ကန့်အချိန်တွင် အခမ်း အနားမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်က “မင်္ဂလာအခါတော်” ကြွေးကြော် လိုက်သည့်အခါ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ကွမ်းတောင်ဌာပနာတိုက်တော်ရှိ အလယ်ဗဟို၌ ငွေဗောဓိပင်၊ အရှေ့အရပ်၌ ဂေါတမ မြတ်စွာ

ဘုရား ရုပ်ပွားဆင်းတုတော်၊ မြောက်အရပ်၌ ကဿပ မြတ်စွာဘုရားရုပ်ပွားဆင်းတုတော်၊ အနောက်အရပ်၌ ကောဏာဂုံ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်၊ တောင်အရပ်၌ ကကုသန် မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်၊ အရှေ့တောင်ထောင့်၌ ရွှေစေတီ၊ အနောက်တောင်ထောင့်၌ ငွေစေတီ၊ အရှေ့မြောက်ထောင့်၌ မြစေတီနှင့် ရွှေပဒေသာပင်၊ အနောက်မြောက်ထောင့်၌ ငွေပဒေသာပင်တို့ကို စတင်ဌာပနာသွင်း ပူဇော်ကြသည်။

ဆက်လက်၍ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများသည် ကွမ်းတော်အလယ်ဌာပနာတိုက်တော်၏ ဗဟို၌ ဗုဒ္ဓရုပ်ပွားတော် ၁၈ ဆူတို့အား ဗောဓိပင်ကို မျက်နှာမူ၍လည်းကောင်း၊ ရဟန္တာဓာတ်တော်များကို ဌာပနာသွင်း ပူဇော်ကြသည်။

ထို့နောက် အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများသည် ကွမ်းတောင်အလယ်ဌာပနာတိုက်ဝန်းကျင်ပတ်ရံ ဌာပနာရှစ်ခန်းဖြစ်သည့် အမှတ် (၁) အခန်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၆၂ ဆူ၊ ရဟန္တာပုံတော် ၄ ပါးတို့ကိုလည်းကောင်း၊ အမှတ် (၂) အခန်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၆၇ ဆူနှင့် ရဟန္တာပုံတော် ၃ ပါးတို့ကိုလည်းကောင်း၊ အမှတ် (၃) အခန်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၅၈ ဆူနှင့် ရဟန္တာပုံတော် ၆ ပါးတို့ကိုလည်းကောင်း၊ အမှတ် (၄) အခန်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၆၁ ဆူ၊ ရဟန္တာပုံတော် ၂ ပါးတို့ကိုလည်းကောင်း၊ အမှတ် (၅) အခန်း၌ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ၆၅ ဆူတို့ကိုလည်းကောင်း၊ အမှတ် (၆) အခန်း၌ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် ၅၈ ဆူတို့ကိုလည်းကောင်း၊ အမှတ် (၇) အခန်း၌ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်အဆူ ၈၀ နှင့် ရဟန္တာပုံတော် ၈ ပါးတို့ကိုလည်းကောင်း၊ အမှတ် (၈) အခန်း၌ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် ၆၂ ဆူနှင့် ရဟန္တာပုံတော် ၂ ပါးတို့ကိုလည်းကောင်း ဗောဓိပင်ရှိရာ မျက်နှာမူလျက် အသီးသီး ဌာပနာသွင်း ပူဇော်ကြသည်။

ထိုသို့ ဌာပနာသွင်း ပူဇော်ကြစဉ် ဥပါသကာများက မြတ်စွာဘုရားဂုဏ်တော်များကို ရွတ်ဆိုပူဇော်ကြပြီး ပန်းလည်တိုင်အဖျားပိုင်းမှ မန္တလေးမြို့ စည်ပင်သာယာရေးကော်မတီ အဖွဲ့ဝင် (၁) ဦးလှသိန်း ဦးဆောင်၍လည်းကောင်း၊ အရင်းပိုင်းမှ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင် ဦးဆောင်၍လည်းကောင်း၊ အလယ်ပိုင်းတွင် မန္တလေးခရိုင် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးစောလွင် ဦးဆောင်သည့်အဖွဲ့တို့ကလည်းကောင်း အသီးသီး ဗဟိုမဏ္ဍပ်မှ ပင့်ဆောင်ကာ အရှေ့မုခ်မှတစ်ဆင့် စေတီတော်အား လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြသည်။ ထို့နောက် ပန်းလည်တိုင်ကို ပင့်ဆောင်ရေးအဖွဲ့များက အရှေ့မြောက်အရပ်ရှိ ရထားပျံယန္တရားနေရာသို့ ပင့်ဆောင်ပြီး စေတီတော်အထက်ရှိ သတ်မှတ်နေရာသို့ ပင့်ဆောင်ကြကာ ပန်းလည်တိုင်အဖျားကို အရှေ့တောင်သို့ယွန်းလျက် ထားရှိကြသည်။

ဌာပနာသွင်းလှူ ပူဇော်ကြခြင်းကို အောင်မြင်စွာ ကျင်းပပြီး ၁၀ နာရီတွင် ကွမ်းတောင်၏ အလယ်ဌာပနာတိုက်ကို ပိတ်လိုက်ရာ ဆရာတော်ကြီးများ အမှူးပြု၍ ဒွေပရိသတ်များက ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသောဂါထာတော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသည်။ ထို့နောက် သာသနာရေးဦးစီးဌာနမှ စာပေလက်ထောက် ဦးစံသင်းလှိုင်က အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြားပြီး ဗုဒ္ဓသာသန် စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ အောင်မြင်စွာ ရုပ်သိမ်းလိုက်ရာ ခရုသင်းမှုတ်၍ အောင်စည် အောင်မောင်း ကိုးချက်တီးသည်။

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၁) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ဂေါတမဘုရားပုံတော် | ၁ ဆူ |
| ၂ | ကဿပဘုရားပုံတော် | ၁ ဆူ |
| ၃ | ကောဏာဂုံဘုရားပုံတော် | ၁ ဆူ |
| ၄ | ကကုသန်ဘုရားပုံတော် | ၁ ဆူ |
| ၅ | ငွေမဟာဗောဓိပင် | ၁ |
| ၆ | ရွှေစေတီ | ၁ ဆူ |
| ၇ | ငွေစေတီ | ၁ ဆူ |
| ၈ | မြစေတီ | ၁ ဆူ |
| ၉ | ရွှေပဒေသာပင် | ၁ |
| ၁၀ | ငွေပဒေသာပင် | ၁ |
| ၁၁ | ကြေးဗုဒ္ဓဆင်းတုတော် | ၁၈ ဆူ |
| ၁၂ | တစိတ်သားဝင် ဓာတ်တော်ငွေသပိတ် | ၁ |
| | | ၂၉ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၂) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၂ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၅ ဆူ |
| ၂ | ၁၀ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၃ ဆူ |
| ၃ | စကျင်ကျောက်ဆင်းတုတော် | ၁၀ ဆူ |
| ၄ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၅ | ၁၀ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၆ | ၇ လက်မရှိ ဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော် | ၇ ဆူ |
| ၇ | ကျောက်စိမ်းဆင်းတုတော် | ၅ ဆူ |
| ၈ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၂ ဆူ |
| ၉ | ၁ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၁၀ | ရဟန္တာပုံတော် | ၄ ပါး |
| | | ၇၁ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၃) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၂ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၃ ဆူ |
| ၂ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၃ | ဉာဏ်တော် ၁၀ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၄ | ဉာဏ်တော် ၆ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၅ | ကျောက်ခွက်ဘုရား | ၁၀ ဆူ |
| ၆ | ဉာဏ်တော် ၁၂ လက်မရှိ ကျောက်ဆင်းတုတော် | ၅ ဆူ |
| ၇ | ဉာဏ်တော် ၇ လက်မရှိ ကျောက်ဆင်းတုတော် | ၅ ဆူ |
| ၈ | ဉာဏ်တော် ၂ လက်မရှိ ကျောက်စိမ်းဆင်းတုတော် | ၅ ဆူ |
| ၉ | ဉာဏ်တော် ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၁၀ | ဉာဏ်တော် ၁ လက်မရှိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၁၁ | ရဟန္တာပုံတော် | ၃ ပါး |
| | | ၇၀ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၄) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၂ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၁ ဆူ |
| ၂ | ၁၂ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၅ ဆူ |
| ၃ | ၁၀ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၄ | အုတ်ခွက်ဘုရား | ၅ ဆူ |
| ၅ | ဉာဏ်တော် ၁၄ လက်မရှိ ကြေးဆင်းတုတော် | ၄ ဆူ |
| ၆ | ဉာဏ်တော် ၉ လက်မရှိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၇ | ဉာဏ်တော် ၆ လက်မရှိ နဂါးရုံဘုရား | ၃ ဆူ |
| ၈ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၁ ဆူ |
| ၉ | ဉာဏ်တော် ၁ လက်မရှိ ကြေးဆင်းတုတော် | ၁၆ ဆူ |
| ၁၀ | ဉာဏ်တော် ၂ လက်မရှိ ကျောက်စိမ်းဆင်းတုတော် | ၈ ဆူ |
| ၁၁ | ရဟန္တာပုံတော် | ၆ ပါး |
| | | ၆၉ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၅) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၄ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁ ဆူ |
| ၂ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၄ ဆူ |
| ၃ | ၁၀ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၄ | ၁၀ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၁၀ ဆူ |
| ၅ | ၃ လက်မရှိ ကျောက်စိမ်းဆင်းတုတော် | ၃ ဆူ |
| ၆ | ၁ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၇ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၈ | ၁ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၉ | ၄ လက်မရှိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၁၀ | ၃ လက်မရှိ ကြေးဆင်းတုတော် | ၃ ဆူ |
| ၁၁ | ရဟန္တာပုံတော် | ၂ ပါး |
| | | ၆၃ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၆) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၆ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၅ ဆူ |
| ၂ | ၁၂ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၃ ဆူ |
| ၃ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၄ | ၆ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၂ ဆူ |
| ၅ | အုတ်ခွက်ဘုရား | ၅ ဆူ |
| ၆ | ၈ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၅ ဆူ |
| ၇ | ၄ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၈ | ၃ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၉ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၈ ဆူ |
| | | ၆၅ ဆူ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၇) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | ၁၆ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၃ ဆူ |
| ၂ | ၁၂ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၅ ဆူ |
| ၃ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၄ | ၉ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၈ ဆူ |
| ၅ | ၁၀ လက်မရှိ မတ်ရပ်ကြေးဆင်းတုတော် | ၅ ဆူ |
| ၆ | ၆ လက်မရှိ ဒက္ခိဏသာခါ ကြေးဆင်းတုတော် | ၆ ဆူ |
| ၇ | ၅ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၄ ဆူ |
| ၈ | ၃ လက်မရှိ ကျောက်စိမ်းဆင်းတုတော် (အနက်) | ၁ ဆူ |
| ၉ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၁၀ | ၁ လက်မရှိ ကြေးဆင်းတုတော် | ၉ ဆူ |
| | | ၅၈ |

## ကွမ်းတောင်ဌာပနာတိုက် အမှတ် (၈) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | အုတ်ခွက်ဘုရား | ၁၅ ဆူ |
| ၂ | ၁၀ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၁၀ ဆူ |
| ၃ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၄ | ၉ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၅ | ၆ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၆ | ၄ လက်မရှိ မတ်ရပ်ကြေးဆင်းတုတော် | ၈ ဆူ |
| ၇ | ၃ လက်မရှိ နဂါးရုံ ကြေးဆင်းတုတော် | ၅ ဆူ |
| ၈ | ၂ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၉ | ၁ လက်မရှိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၁၀ | ၃ လက်မရှိ မတ်ရပ်ကြေးဆင်းတုတော် | ၃ ဆူ |
| ၁၁ | ၅ လက်မရှိ မတ်ရပ်ကြေးဆင်းတုတော် | ၂ ဆူ |
| ၁၂ | ရဟန္တာပုံတော် | ၈ ပါး |
| | | ၈၈ |

## ကွမ်းတောင်ဉာဏနာတိုက် အမှတ် (၉) ရုပ်ပွားဆင်းတုတော်များစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် |
|---|---|---|
| ၁ | အုတ်ခွက်ဘုရား | ၅ ဆူ |
| ၂ | ၁၄ လက်မရှိ ဆင်စီးမြင်းရံ ကြေးဆင်းတုတော် | ၂ ဆူ |
| ၃ | ၁၄ လက်မရှိ စကျင်ကျောက် ဆင်းတုတော် | ၃ ဆူ |
| ၄ | ၁၂ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၇ ဆူ |
| ၅ | ၉ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၈ ဆူ |
| ၆ | ၆ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၅ ဆူ |
| ၇ | ၅ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၁၀ ဆူ |
| ၈ | ၄ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၆ ဆူ |
| ၉ | ၃ လက်မရှိ မဟာမြတ်မုနိ ကြေးဆင်းတုတော် | ၄ ဆူ |
| ၁၀ | ၂ လက်မရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် (ကြေး) | ၆ ဆူ |
| ၁၁ | ၁ လက်မရှိ ဗုဒ္ဓရုပ်ပွား ဆင်းတုတော် (ကြေး) | ၆ ဆူ |
| ၁၂ | ရဟန္တာပုံတော် | ၂ ပါး |
| | | ၆၄ |

# အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ

အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနားများကို ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက် ကြာသပတေး နေ့တွင် မြန်မာ့ရိုးရာ ရှေးထုံးစဉ်လာမပျက် လိုက်နာကျင့်သုံးခဲ့ကြသော ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမုဒြာကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ မဟာဓမ္မရံသီကုန်းတော်မြတ်တွင် ကျင်းပခဲ့သည်။

မင်္ဂလာ အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတ၊ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော်သံဃ မဟာနာယက အဖွဲ့ဝင် ဆရာတော်ကြီးများ အစရှိသော ဆရာတော်ကြီး ၃၆ ပါး ကြွရောက်တော်မူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သား မိသားစုများ၊ ဝတ်အသင်းများနှင့် ရဟန်းရှင်လူပရိသတ် ၁၅၀၀၀ ခန့် တက်ရောက်ကြည်ညိုကြသည်။

သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအံမောင်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပြီး အခမ်းအနား အစီအစဉ်များကို ဖတ်ကြားလျှောက်ထားသည်။ နံနက် ၇ နာရီ ၄၅ မိနစ်တွင် ဆရာတော်ကြီးများနှင့် ပရိသတ်အပေါင်းက “နမောတဿ” သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနား ဖွင့်လှစ်ပြီး မင်္ဂလာခရုသင်းများမှုတ်ကာ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ကြသည်။

ထို့နောက် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မြင်းခြံမြို့ ကိုးဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသောဘိတထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြပြီးနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲနှင့် ပရိတ်ချည်များကို ဆက်ကပ်ကြသည်။

ဆရာတော်ကြီးများက သမန္တာမှစ၍ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များ ယူဆောင်၍ စေတီတော်ရင်ပြင်နှင့် ဝတ္ထုပရိဝုဏ်တွင် ပက်ဖျန်းချည်နှောင်ကြသည်။

ထို့နောက် စွယ်တော်မြတ်စေတီတော်တွင် ဌာပနာထည့်သွင်း ပူဇော်မည့် ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေဗောဓိပင်၊ မဟာမုနိ ဗုဒ္ဓရုပ်ပွားဆင်းတုတော်တို့ကို ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်ကြီးထံ ဆက်ကပ်ပြီး ဆရာတော်ကြီးအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများကိုပါ ဆက်ကပ်လှူဒါန်းပါသည်။

ဆက်လက်၍ အလယ်ဌာပနာတိုက်တွင် ဌာပနာသွင်း ပူဇော်မည့် ကကုသန်မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်နှင့် ကောဏာဂုံ မြတ်စွာဘုရား ဆင်းတုတော်တို့ကို ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်ကလည်းကောင်း၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က ကဿပဘုရားရုပ်ပွားဆင်းတုတော်နှင့် ဂေါတမဘုရား ရုပ်ပွားဆင်းတုတော်တို့ကိုလည်းကောင်း၊ ရွှေအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်နှင့် စိန်အဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်တို့ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီး မြင့်အောင်ကလည်းကောင်း၊ မြအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီနှင့် ပတ္တမြားအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်တို့ကို စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်ကလည်းကောင်း၊ အလယ်ဌာပနာတော် သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မင်္ဂလာမော်ကွန်း ငွေပေလွှာနှင့် ဓာတာတော်ကို ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေကလည်းကောင်း၊ ကျောက်စိမ်းဗုဒ္ဓဆင်းတုတော်နှစ်ဆူ၊ ရုပ်တော်မူ တစ်ဆူနှင့် ရွှေပရိက္ခရာ ပဒေသာပင်များကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါက်တာတင်လင်းမြင့်တို့က လည်းကောင်း ဆရာတော်ကြီးများအား အသီးသီးဆက်ကပ်ကြသည်။

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ မကွေး ဆရာတော် ဘဒ္ဒန္တကုမာရက ရေစက်ချ အနုမောဒနာတရား ချီးမြှင့်ရာ ကုသိုလ်ကောင်းမှု အစုစုတို့ အတွက် ရေစက်သွန်းချ အမျှပေးဝေ၍ သာဓုသုံးကြိမ် ခေါ်ဆိုကြသည်။ ခရာသင်းများမှုတ်ကာ အောင်စည် အောင်မောင်း ကိုးချက်တီးခတ်ကြသည်။

အလယ်ဌာပနာတော်သွင်း ပူဇော်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်စန်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မကွေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်မှူးကြီးသိန်းညွန့်နှင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးထွန်းကြည်တို့က စေတီတော် အလယ်ဌာပနာတိုက်တော်သို့ တက်ရောက်နေရာယူ ကြသည်။ တစ်ချိန်တည်းမှာပင် ဒေဝါဝင်း၊ ရာဇာဝင်းအဖွဲ့များကလည်းသတ်မှတ်နေရာများတွင် နေရာယူ၍ စေတီတော်ကြီးအား မျက်နှာမူ ရှိခိုးအာရုံပြုကြသည်။ အနုပညာဦးစီးအဖွဲ့မှလည်း ဓမ္မတေးများသီဆို ပူဇော်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က ခက်မငါးဖြာနှင့် ပြည့်စုံသော ငွေမောဝိပင်နှင့် မဟာမုနိ ဗုဒ္ဓရုပ်ပွားတော်ကိုလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး မောင်မောင်ခင်က ရွှေအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်ကိုလည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်အောင်က စိန်အဆင်း ရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်ကိုလည်းကောင်း၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ် ရေး ဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်က ကကုသန် မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော် ကိုလည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဒုတိယဗိုလ်ချုပ်ကြီးတင်ငွေက ကောဏာဂုံ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်ကိုလည်းကောင်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်က ကဿပ မြတ်စွာဘုရား ရုပ်ပွားဆင်းတုတော်ကိုလည်းကောင်း၊ တိုင်းမှူး ဗိုလ်ချုပ်လှမြင့်ဆွေက ဂေါတမ မြတ်စွာ ဘုရား ဆင်းတုတော်ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးက အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ မော်ကွန်းငွေပေလွှာကိုလည်း ကောင်း ဗဟိုမဏ္ဍပ် ယာယီစံကျောင်းတော်မှ အရှေ့တောင်အရပ် မင်္ဂလာမဏ္ဍပ်ရှိ တပ်မတော် (လေ) မြလေယာဉ် ထီးတော်တင် ရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းကာ မင်္ဂလာ ရထား ပျံဖြင့် စေတီတော်အလယ်ဌာပနာတိုက်တော်သို့ ပင့်ဆောင်တင်လှူ ပူဇော်ကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က ဗုဒ္ဓရုပ်ပွား ကြေးဆင်းတုတော်နှင့် ဘုရားဓာတ်တော် ကိန်းဝပ်သည့် ငွေဆွမ်းအုပ်ကိုလည်းကောင်း၊ လေကြောင်း အတတ်သင် လေတပ်စခန်း စခန်းမှူး ဗိုလ်မှူးချုပ်တင်လတ်က ဘုရားဓာတ်တော် ကိန်းဝပ်သည့် ငွေသပိတ်တော်နှင့် အိန္ဒိယ ပိပလဝါဓာတ်တော်ရွှေကြုတ်တို့ကိုလည်းကောင်း၊ အမှတ် (၂) တပ်မတော် စစ်ဆေးရုံ (ခုတင် ၇၀၀) တပ်မှူး ဗိုလ်မှူးကြီးအောင်ငြိမ်းက မြအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်ကိုလည်းကောင်း၊ ဒုတိယ တပ်မတော်ထောက်လှမ်းရေး ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီး ကျော်ဝင်းက ပတ္တမြားအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော်ကိုလည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ယာယီစစ်ဗျူဟာမှူး ဒုတိယဗိုလ်မှူးကြီးဇော်ဝင်းက ဝိနယပိဋက ငွေပေလွှာကို လည်းကောင်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက သုတ္တန္တပိဋက ငွေပေလွှာကိုလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြား ရေးမှူး ဦးတင်ခက အဘိဓမ္မာပိဋက ငွေပေလွှာကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်မှူးကြီးနေဝင်းက ရဟန္တာဓာတ်တော်ကြုတ်ကိုလည်းကောင်း ဗဟိုမင်္ဂလာမဏ္ဍပ်မှ အရှေ့တောင်အရပ်ရှိ မြလေယာဉ် ထီးတော်တင် စက်ယန္တရားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းပြီး မင်္ဂလာ ရထားပျံဖြင့် စေတီတော် အလယ်ဌာပနာတိုက်သို့ ပင့်ဆောင်ကပ်လှူ ပူဇော်ကြသည်။

ထိုအတူ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်က ရဟန္တာဓာတ်တော် တံတင်းကိုလည်းကောင်း၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်အုန်းက ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော်တစ်ဆူနှင့် ရဟန္တာဓာတ်တော်ရွှေကြုတ်တို့ကိုလည်းကောင်း၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ မန္တလေးတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြီးရွှေက ရွှေပရိက္ခရာပင်ကိုလည်းကောင်း၊ မန္တလေးတိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးတင်အေးက ကျောက်စိမ်း ဗုဒ္ဓရုပ်ပွားတော် ရတနာတံတင်းကိုလည်းကောင်း၊ တိုင်းတရားသူကြီး ဦးဝင်းလှိုင်က ရတနာသေတ္တာနှင့် ရွှေဓာတ်တော်ကြုတ်ကိုလည်းကောင်း၊ တိုင်းဥပဒေအရာရှိ ဦးသန်းရှိန်က ရုပ်တော်မူ ဗုဒ္ဓရုပ်ပွားတော်ကိုလည်းကောင်း၊ မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးက စွယ်တော်မြတ်စေတီဓာတာပုံနှင့် ရတနာရွှေကြုတ်ကိုလည်းကောင်း ဗဟိုမင်္ဂလာမဏ္ဍပ်မှ မြလေယာဉ် ရထားပျံပေါ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာများ ပက်ဖျန်းကာ မင်္ဂလာရထားပျံဖြင့် အလယ်ဌာပနာတိုက်တော်သို့ ပင့်ဆောင်ကပ်လှူ ပူဇော်ကြသည်။

ထိုသို့ပင့်ဆောင်ကပ်လှူ ပူဇော်နေချိန်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးရွှေနန်းတင်နှင့် ငါးမည်ရ ဦးတင်သိန်းတို့က မင်္ဂလာစည်တော်အဖွဲ့နှင့် တွဲဖက်၍ ရတုပိုဒ်စုံများ ရွတ်ဖတ်ပူဇော်ကြသည်။

ထို့နောက် အခမ်းအနားမှူး သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုံမောင်က မင်္ဂလာအခါတော်ကြားအဖြစ် ဆောင်ရွက်ရာ ပရိသတ်အပေါင်းက ရတနာသုံးပါးဂုဏ်တော်ကို အာရုံပြု၍ တိတ်ဆိတ်စွာ ကြည်ညိုကြပါသည်။ နံနက် ၈ နာရီ ၅၈ မိနစ် ၂၄ စက္ကန့်တွင် “မင်္ဂလာအခါတော်” ဟု မင်္ဂလာအခါတော်ကြားဏာ ကြွေးကြော်လိုက်သည်နှင့်တစ်ပြိုင်တည်း ဌာပနာတိုက်တော်တွင် အသင့်ရောက်ရှိနေသည့် ဗိုလ်ချုပ်စောထွန်းက ခက်မငါးဖြာနှင့် ပြည့်စုံသည့် ငွေဗောဓိပင်ကို အလယ်ဌာပနာတိုက်ပေါ်တွင် စတင်ထည့်သွင်း ပူဇော်ပြီး ကျန်ဌာပနာတော်များကိုလည်း ငွေဗောဓိပင်ကို မျက်နှာမူ၍ အောက်ပါအတိုင်း ဌာပနာထည့်သွင်း ပူဇော်ကြပါသည်။

| | | |
|---|---|---|
| (က) | ကကုသန် မြတ်စွာဘုရားရုပ်ပွားဆင်းတုတော် | တောင်အရပ် |
| ( ခ ) | ကောဏာဂုံ မြတ်စွာဘုရားရုပ်ပွားဆင်းတုတော် | အနောက်အရပ် |
| ( ဂ ) | ကဿပ မြတ်စွာဘုရားရုပ်ပွားဆင်းတုတော် | မြောက်အရပ် |
| (ဃ) | ဂေါတမ မြတ်စွာဘုရားရုပ်ပွားဆင်းတုတော် | အရှေ့အရပ် |
| ( င ) | စိန်အဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီ | အရှေ့မြောက် |
| ( စ ) | ငွေပရိက္ခရာပင် | အရှေ့မြောက်<br>အရှေ့ယွန်း |
| (ဆ) | စွယ်တော်မြတ်စေတီ ဓာတာတော် | အရှေ့မြောက်ယွန်း |
| ( ဇ ) | ဘုရားရှင်ဓာတ်တော်များ ကိန်းဝပ်သည့် ငွေသပိတ်တော် | အရှေ့တောင် |
| ( ဈ ) | အိန္ဒိယ ပိပလဝါဓာတ်တော်ရွှေကြုတ် | အရှေ့တောင် |
| (ည) | ပတ္တမြားအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီတော် | အရှေ့တောင် |

( ဋ ) ဒုတိယ ရတနာသေတ္တာ — အရှေ့တောင်ယွန်း
( ဌ ) ရွှေအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီ — အနောက်မြောက်
( ဍ ) အဘိဓမ္မာပိဋကပါဠိ ငွေပေလွှာ — အနောက်မြောက်
( ဎ ) ရဟန္တာဓာတ်တော်ငွေကြုတ် — အနောက်မြောက်
(ဏ) ရဟန္တာဓာတ်တော် ငွေကွမ်းအစ် — အနောက်မြောက်
(တ) အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာမော်ကွန်း ငွေပေလွှာ — အနောက်မြောက်
(ထ) မြအဆင်းရှိသည့် ဓာတ်တော်များ ကိန်းဝပ်သည့် ငွေစေတီ — အနောက်တောင်
( ဒ ) ဝိနယပိဋကပါဠိ ငွေပေလွှာ — အနောက်တောင်
( ဓ ) သုတ္တန္တပိဋကပါဠိ ငွေပေလွှာ — အနောက်တောင်
( န ) ရဟန္တာဓာတ်တော်တံတင်း — အနောက်ဘက်
( ပ ) ပထမ ရတနာသေတ္တာ — အနောက်တောင်ယွန်း
( ဖ ) ဘုရားရှင်ဓာတ်တော်များ ကိန်းဝပ်သည့် ငွေဆွမ်းအုပ်
( ဗ ) အရန်ငွေဓာတ်တော်ကြုတ်

ထိုအချိန်တွင် ဦးရွှေနန်းတင်၊ ငါးမည်ရ ဦးတင်သိန်းနှင့် အနုပညာဦးစီးဌာန အနုပညာရှင်များက ဓမ္မတေးများကို မင်္ဂလာစည်တော်အဖွဲ့၊ မင်္ဂလာဆိုင်းအဖွဲ့တို့နှင့် တွဲဖက်၍ သီကျူးပူဇော်ကြသည်။ ဖရိုသတ် အပေါင်းက ဗုဒ္ဓနုဿတိ ဘာဝနာတရား ပွားများ၍ ငြိမ်သက်စွာ ပူဇော်ကြသည်။

အလယ်ဌာပနာတိုက်တော်အတွင်း ဌာပနာတော်များ ထည့်သွင်းပူဇော်ခြင်းမင်္ဂလာ အခမ်းအနား သည် နံနက် ၉ နာရီ ၁၈ မိနစ်အချိန်တွင် အောင်မြင်စွာ ကျင်းပပြီးစီးပြီး အလယ်ဌာပနာတိုက်တော်ကို ပိတ်သည်။

ထို့နောက် အခမ်းအနားမှူး ဦးအုံးမောင်က ပန်းလည်တိုင် စိုက်ထူရန် မင်္ဂလာ အချိန်အခါ ကျရောက် သည့် နံနက် ၉ နာရီ ၅၉ မိနစ် ၀၄ စက္ကန့်တွင် မင်္ဂလာအချိန် ကျရောက်ကြောင်း ကြေညာလိုက်သည့်အခါ အလယ်ဌာပနာတိုက်တော်တွင် အသင့်ရောက်ရှိနေသည့် ပန်းလည်တိုင်ကို ဗိုလ်ချုပ်စောထွန်း၊ ဦးအောင်စန်း နှင့် ဗိုလ်ချုပ်ရဲမြင့်တို့က စိုက်ထူလိုက်ကြသည်။

တစ်ချိန်တည်းတွင် ဆရာတော် သံဃာတော်များက ဇယန္တော ဗောဓိယာမူလေ အစရှိသော ဂါထာ တော်ကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြပြီး သာသနာရေးဦးစီးဌာန စာပေလက်ထောက် ဦးစံသင်းလှိုင်က အောင်ဆုမင်္ဂလာ အမျှဝေစာတမ်းကို ဖတ်ကြား၍ အမျှဝေကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ခရုသင်းများမှုတ်၍ မင်္ဂလာ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်သည်။ အလယ် ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း အခမ်းအနားကို နံနက် ၁၀ နာရီ ၁၀ မိနစ်အချိန်တွင် အောင်မြင်စွာ ပြီးစီးခဲ့ပါသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီးများတို့သည် ဤမဟာမင်္ဂလာ အခမ်းအနား အောင်မြင်ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုးငွေမိုး ရွာသွန်းပေးကြသည်။

သိဒ္ဓမ်။ ။ဝန္ဒာမိ ဝရဒါဠာယ၊ နိစ္စနော္ဘသာပသိဒ္ဓိယာ။
သုခိတာ ဟောန္တု ရာဇာနော၊ ရဋ္ဌိကာ စ အနာတုရာ။

# ရတနာပုဏ္ဏဝရဒါဌာဓာတုစေတိယ
# မဇ္ဈိမဓာတုဂန္ဓဓာတုပဋိမာနိဓာန မဇ္ဈထမ္ဘောသာပန
# စွယ်တော်မြတ်စေတီတော် (မန္တလေး) အလယ်ဌာပနာတော်သွင်းနှင့်
# ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာအခါတော်စာတမ်း




| တိထိ | စင် | လဂ်စီး |
|---|---|---|
| ၁၃ | ၂၄ | ၁၅ |
| ၅၁ | ၁ | ၀ |
| ၀ | ၁၁ | ၈ |




မင်္ဂလာအခါ၌ ကောင်းကင်တွင်
ဂြိုဟ်များနှင့် လဂ်တို့ရပ်တည်ပုံ

မင်္ဂလာအခါ၌ နဝင်းစက်တွင်
ဂြိုဟ်များနှင့် လဂ်တို့စီးနေပုံ

**သိဒ္ဓိရတ္ထု၊ ဇယတု၊**
**ဘဝတု သဗ္ဗမင်္ဂလံ။**

မြရောင်ရွှန်းဝေ၊ မန်းတောင်ဗွေမှ၊ သပြေလကျာ၊ တောင်မျက်နှာက၊ ရတနာပုံမ်၊ နန်းနိတုံ၌၊ ယှက်ရုံခပင်း၊ ညီညွတ်ခြင်းဖြင့်၊ မင်းနှင့်ပြည်သူ၊ အောင်ဆုယူသား၊ ကြည်ဖြူကော်ရော်၊ စဉ်ပူဇော်သည်၊ စွယ်တော်စင်နှင့် သမ္မာတင့်ခဲ့၊ အခွင့်မသာ၊ နှစ်များစွာလျှင်၊ ကင်းကွာခဲ့ပြီ၊ သို့ဖြစ်သည်လည်း၊ မြန်ပြည်ရှေးကံ၊ ဘုန်းရောင်လျှံ၍၊ ရှေ့ယံရှမ်းတောင်၊ အဆောင်ဆောင်နှင့်၊ မန်းတောင်မြောက်က၊ မြရောင်ကြွသည်၊ တောင်မှမြစ်ငယ်၊ အနောက်ဝယ်လျှင်၊ တန်းသွယ်ဧယျာ၊ မြစ်ရောမှ၊ ဝိုက်ဖြာထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ရေညာ၊ ရေပန်းလာသား၊ အံ့ရာထွေထွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ လှမျိုးစုံတည့်၊ ကြည်ယုံသာမော၊ လွမ်းမောစရာ၊ မြေမြတ်စွာလျှင်၊ မဟာဓမ္မရံသီ၊ ကုန်းဌာနီဟု၊ မဟီညွန့်လူ၊ မြမြေငူဝယ်၊ လူလည်းလေးမြတ်၊ နတ်လည်းကြည်သို၊ ပြဟ္မာလို၍၊ များထိုညွတ်ခ၊ ပူဇော်သသည်၊ ဝရဒါဌာ၊ သွင်းနှံ့ပါသား၊ ရတနာနဝရတ်၊ စွယ်တော်မြတ်စေတီ၊ နန်းသိင်္ဂီ၌၊ အညီစဉ်လာ၊ အောင်ဇေယျာဖြင့်၊ အလယ်ဌာပနာတော်သွင်း၊ ပူဇော်ခင်း၍၊ ဖြောင့်စင်းသွယ်ပြိုင်၊ ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာတော်ပြုအံ့သော အချိန်အခါသော်မူကား–

မင်္ဂလာရက် ။ ။ သာသနာတော်နှစ် ၂၅၄၀ ခုနှစ်၊ ဝသန္တဥတု၊ ဘဒ္ဒပဒမာသ၊ သုက္ကပက္ခ။
မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့။
ခရစ်နှစ် ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက်၊ ရက်ရာဇာ။

မင်္ဂလာအချိန် ။ ။ နံနက်၊ နေတက် မြန်မာ့စံတော်ချိန် စက်–
အလယ်ဌာပနာတော်သွင်း ၀၈ နာရီ ၅၈ မိနစ် ၂၄ စက္ကန့်
ပန်းလည်တိုက် စိုက်ထူခြင်း
သမယဖြစ်သတည်း။

# တြိစက္ကဇာတာနှင့် ကျမ်းဂန်များ အဆိုအမိန့်

## (၂၆–၉–၉၆) ဝ၈:၅၈:၂၄ နာရီ၊ မန္တလေး

၁ နွေ = ၅ ၉ ၂၉
၄ ဟူး = ၄ ၂၅ ၁၄
စနေ = ၁၁ ၉ ၄၈

၂ လာ = ၁၀ ၂၅ ၄၁
၅ တေး = ၈ ၁၄ ၄၇
ရာဟု = ၅ ၁၄ ၇

၃ ဂါ = ၃ ၁၆ ၁၅
၆ ကြာ = ၃ ၂၇ ၀
လဂ် = ၆ ၂၁ ၄၁










စာတုမဟာပထေ တထာဂတဿ ထူပေါ ကာတဗ္ဗော၊ တတ္ထ ယေ မာလံ ဝါ ဂန္ဓံဝါ
စုဏ္ဏကံ ဝါ အာရောပေဿန္တိ ဝါ အဘိဝါဒေဿန္တိ ဝါ စိတ္တံ ဝါ ပသာဒေဿန္တိ
တေသံ တံ ဘဝိဿတိ ဒီဃရတ္တံ ဟိတာယ သုခါယ။

"လူအများတို့ ပန်းမာလ်, နံ့သာ ပြောင်းရရာဖြင့် ပူဇော, အဥ္ဇလီ ကောင်းမှု၌တည်ကြသည်ဖြစ်၍ စိတ်ကြည်လင်ပြီးလျှင် အရှည်နောင်ခါ ချမ်းသာသုခ ရကြပါစေရန်အလို့ငှာ လမ်းဆုံလမ်းလေးခွတွင် ဗုဒ္ဓမွေသရီ စေတီတော်ကို တည်ဆောက်လှူဒါန်းသင့်ပေ၏" ဟု မဟာဝဂ္ဂပါဠိတော်ကျမ်း ညွှန်းမှာသည်နှင့်အညီ တည်ထားကိုးကွယ်သော ဤစွယ်တော်မြတ်စေတီတော် အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း ပူဇော ပြုရန်အတွက် ပိဋကတ်ဓမ္မကွန် ကျမ်းဂန်တော်များနှင့်အညီ နက္ခတ်တို့ မညှိုးမမှိန် ထွန်းထိန်တောက်ပခြင်း၊ ဂြိုဟ်တာရာများ အင်အားဗလကောင်းပြီး ထွန်းတောက်ခြင်းဟူသော နက္ခတ္တဝိရောစန၊ တာရာဂဏသြဘာသန၊ ဂဟာဂဏပဘာသနဖြစ်သော မင်္ဂလာအခါကို ပဓာနထား၍ ရွေးထားသည်။ အထူးသဖြင့်–

ရဇော နန္ဒံသတိ ဥဒ္ဒံ၊ အဇ္ဇပေတံ ပဒိဿတိ။
တေန လိင်္ဂေန ဇာနာမ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ထလဇာ ဒကဇာ ပုပ္ဖါ၊ သဗ္ဗေ ပုပ္ဖန္တိ တာဝဒေ။
တေပဇ္ဇ ပုပ္ဖိတာ သဗ္ဗေ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
အာကာသဋ္ဌာ စ ဘူမဋ္ဌာ၊ ရတနာ ဇောတန္တိ တာဝဒေ။
တေပဇ္ဇ ရတနာ ဇောတန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ။
ဝိမလော ဟောတိ သူရိယော၊ သဗ္ဗာ ဒိဿန္တိ တာရကာ။
တေပိ အဇ္ဇ ပဒိဿန္တိ၊ ဓုဝံ ဗုဒ္ဓေါ ဘဝိဿတိ– ဟူလော။

ဗုဒ္ဓဝံသပါဠိတော်နှင့်အညီ ဝန်းကျင်ဥဿုံ မြူဖုန်မထ လှပသန့်ရှင်းနေသောအချိန်၊ ရေပန်း, ကုန်းပန်းတို့ လန်းဆန်းဖူးပွင့်နေကြသောအချိန်၊ မြေပြင်နှင့် ဝေဟင်တွင် အရောင်အသွေးမျိုးစုံ ပါဝင်သော တွင်းထွက်အမျိုးမှန် အဖိုးတန် နဝရတ်ရတနာအစစ်တို့ အရည်လျှံတက်၍ တလက်လက်ထွန်းလင်း တောက်ပနေသော မင်္ဂလာအချိန်တော်တွင် ရွေးချယ်၍ ဤစေတီတော်တွင် အလယ်ဌာပနာတော်သွင်း၍ ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ ပြုသည်ဖြစ်ပေရကား ဤစေတီတော်သည် လျင်မြန်ချောမွေ့စွာ ဆက်လက်ကာ ပြီးမြောက်အောင်မြင်၍ သုံးဘုံသားတို့ အားထားကြည်ညို ကိုးစားရာ ကေန်မုချ ဖြစ်လာပေလိမ့်မည်။

## မဟာမင်္ဂလာအခါတော်၏ ကောင်းမြတ်ပုံ

၁။ ဝင်နေဆဲဂြိုဟ်ကင်းသော တူလဂ်သည် ၁ တန်နှင့် ၂ တန်သခင် အင်္ဂါနှင့် သောကြာ၏ အမြင် ရရှိခြင်း။

၂။ လဂ်သခင် ၆–ကြာသည် ၁၀ တန့်တွင် ရပ်တည်လျက် ဥစ်နဝင်း စီးဝင်နေခြင်း။

၃။ ၂ တန်နှင့် ၇ တန်သခင် ၃–ဂါသည် ၁၀ တန့်တွင် ရပ်တည်လျက်ကသစ်နဝင်း ရနေခြင်း၊ နီစဘင် ရာဇယုတ်လည်း ရရှိခြင်း။

၄။ ၁၀ တန့်ကိန်းသခင် စန်းသည် ဥစ်နဝင်း စီးနင်းနေခြင်း။

၅။ ၁–နွေသည် သိန္ဓိတွင်နေပြီး အတိသောမဂြိုဟ် ၅–တေး၏ ၁၀ တန့်တွင် အကောင်းမြင်ခံရခြင်း။

၆။ ၄–ဟူးသည် လာဘအိမ်တွင်ရပ်လျက် အတိသောမဂြိုဟ် ၅–တေး၏ ၉ တန့်အိမ်တွင် ရပ်တည် နေခြင်း။

၇။ ၃ တန်နှင့် ၆ တန်သခင် ၅–တေးသည် ၃ တန့်တွင် ကသစ်စံလျက်နေခြင်းကြောင့် ရန်အပေါင်း ကို အောင်မြင်နေခြင်း။

၈။ စနေသည် ၆ တန့် ကာရကအိမ်မှ သမသတ်အမြင်ဖြင့် ဗျယကာရကအိမ်ကိုလည်းကောင်း၊ ၃ တန့်အမြင်ဖြင့် ၈ တန့် ကာရကအိမ်ကိုလည်းကောင်း မြင်နေသောကြောင့် ဆိုးကျိုးမှန်သမျှ ပယ်ဖျောက်၍ ကောင်းကျိုးပေါ်ပေါက်အောင် ဖန်တီးနေခြင်း။

၉။ စနေဂြိုဟ်သည် နဝင်းဇာတာတွင် ၄–ဟူး နဝင်းစီးပြီး ကောင်းကျိုးပြုခြင်း။

၁၀။ တူလဂ်အဖို့ ရှောင်အပ်သော ဒုတိယတြင်းမှ လွတ်ကင်းပြီး ကောင်းသော တတိယတြင်းထက် တွင် စီးခြင်း။

၁၁။ တစ်ဖက်မြင် တိထိ ၁၄ လုံး ကောင်းမြတ်သော ဂဏ္ဍဇကရိဏ်းနှင့်ကြုံခြင်း၊ လဂ်သည် ဝိသာခါ နက္ခတ် (ဘုရားနက္ခတ်) နှင့်ယှဉ်ခြင်း၊ စန်းသည် ပုဗ္ဗဘဒြပိုဒ်နက္ခတ်နှင့်ယှဉ်ခြင်း။

၁၂။ "သတ္တမနဝင်း၌ လဂ်တပ်၍ အခါပေးမူကား တောင်အရပ်မှ စည်သံစောင်းသံ ကြားရအံ့၊ ဆောင်ရွက်သောအမှု လျင်မြန်စွာပြီးစီးအံ့၊ နှစ်လကြာသော် ကောင်းမြတ်သောဥစ္စာကို လာဘ်ရအံ့" ဟု အဟောလာရှိသော တူရာသိသတ္တနဝင်းထက်တွင် မင်္ဂလာအခါတော်လဂ် စီးနင်းနေခြင်း။

၁၃။ လတ္တာ ပါတော ယုတိ ဝေဓော၊ တြန္တိသာပုံ တထာဝရုံ။
ကေဂ္ဂလော ပဂ္ဂဟော စ၊ ဇာမိတြ ဗုဓ ပဥ္စကံ။
ဒဒ္ဓါတိထိ စ ဝိဋ္ဌေယျာ၊ ဒသဒေါသာ မဟာဗလာ။
ဧတံ ဒေါသံ ပရိစ္စဇ္ဇ၊ လဂ္ဂနံ သံသောဓယေ ဗုဓော– ဟူသော မကောင်းပြစ်ဒေါသများမှ လွတ်ကင်းသောလဂ်ဖြစ်သည့်ပြင် အစွန်းအနားဖြစ်သော အပြစ်ဒေါသများမှ လွတ်ကင်း အောင်လည်း ယာတြာသျှန္တိများ ပေးထားပြီးဖြစ်ခြင်း။

၁၄။ အဖျက်အဆီး အနှောင့်အယှက်ပိုင်းဆိုင်ရာ ၈ တန့်အိမ်ခွင်ကို ပရိဝတ္တနယုဂ်ရသော ၁–နွေနှင့် ၄–ဟူးတို့က အစဉ်အတိုင်း ၉ တန်နှင့် ၁၀ တန် အမြင်ကောင်းများဖြင့် မြင်ထားခြင်း။

၁၅။ ဖော်ပြပါ သုံးသပ်ချက်များအရ အောင်မြင်ချမ်းသာ ကောင်းကျိုးများစွာ ရရှိနိုင်ခြင်းကြောင့် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ၊ ဘုရားတည်ဆောက်သူ အင်ဂျင်နီယာ၊ ဗိသုကာအုပ်စု များနှင့် ကိုးကွယ်ဆည်းကပ်သူ ဥပါသကာ၊ ဥပါသိကာမတို့အား အန္တရာယ်မပြု၊ ကောင်းကျိုး ချမ်းသာများကိုသာ ပြုနိုင်သည့် မဟာမင်္ဂလာအခါတော်မြတ်ဖြစ်ပေသည်။

# စွယ်တော်မြတ်စေတီ (မန္တလေး) အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာမော်ကွန်းစာ

သိဒ္ဓမ်။ နမော သမ္မာသမ္ဗုဒ္ဓဿ စေဝ ဝရဒါဌာယ စ။

ဒွိသဟဿေ ပဉ္စသတေ၊ စတ္တာလီသတိဝေ ဝရေ။
ဗုဒ္ဓဝဿေ သုက္ကဘဒ္ဒေ၊ စာတုဒ္ဒသေစ ဂေါရဝေ။
မရမ္မရဋ္ဌာဓိပါဒီဟိ၊ ဝရံ စွယ်တော်မြတ်စေတီယေ။
နိတာနုပဋ္ဌိမာတာတု – ဝေထမ္ဘောသာပနံ ကတံ။
အသ္မာ ဂဗ္ဘာ တထာ ထမ္ဘာ၊ ဒါတာန ပုညရံသိယော။
ဥဒေန္တု သုခသောဘာယ၊ အသဒ္ဓမ္မတမောနုဒါ'တိ။ ။

အောင်ပါစေသတည်း။ ဗုဒ္ဓဘုရားနှင့် စွယ်တော်မြတ်အား ညွတ်တွားရှိခိုးကြပါကုန်၏။

မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ ဝါဆိုလ်ပြည့်ကျော် ... (ဝေါဟာရမာသ)၊ တော်သလင်းလဆန်း ၁၄ ရက်၊ ကြာသပတေးနေ့၊ နံနက်၊ နေတက်၊ မြန်မာစံတော်ချိန်၊ စက် ၀၈ နာရီ၊ ၅၈ မိနစ်၊ ၂၄ စက္ကန့် မင်္ဂလာအချိန်တော်တွင် မန္တလေးမြို့ မဟာဓမ္မရံသီကုန်းတော်ရှိ စွယ်တော်မြတ်စေတီတော် အလယ်ဌာပနတိုက်၌ အလယ် ဌာပနာဆိုင်ရာ ရုပ်ပွားတော်စသည်များကိုလည်းကောင်း၊ ပါဠိ၊ မြန်မာနှင့် အင်္ဂလိပ် သုံးဘာသာထိုး မင်္ဂလာမော်ကွန်းစာကိုလည်းကောင်း ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော အစိုးရအဖွဲ့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက စီသွင်းလှူဒါန်း ပူဇော်ကြပါကုန်၏။ ထို့အတူ ပန်းလည်တိုင်တော်ကိုလည်း ၀၉ နာရီ ၅၉ မိနစ်၊ ၀၄ စက္ကန့် မင်္ဂလာအချိန်တွင် စနစ်တကျ စိုက်ထူလှူဒါန်း ပူဇော်ကြပါကုန်၏။

သုံးလောကသားတို့၏ ကောင်းကျိုးချမ်းသာ ရကြပါစေရန် အလို့ငှာ ဤဌာပနာတိုက်ခန်းတော်နှင့် ပန်းလည်တိုင်တော်မှ အလှူရှင်ရှင်တို့၏ ကုသိုလ်အာနုဘော် ရောင်ခြည်တော်တို့သည် မသူတော်တရားများကို ဖယ်ရှား လွှင့်ဖျောက်လျက် ပေါ်ထွက်ကွန့်မြူးလာကြပါစေကုန်သတည်း။ ။

Prevail !

Be our devoted veneration to the Enlightened Buddha and the Sacred Tooth Ralic.

On 08:58:24 A.M. 26 September, 1996, Thursday, the Images and Sacred Relics representing the Four Buddhas Enlightenment in this Bhadda Kappa and also the Relic of Arahantas are historically enshrined in the Sacrarium of this Pagoda which is known as **Swe' Daw Myat Ceti** in Maha Dhammararnsi compound, by the Government presided by the Chairman of the State Law and Order Restoration Council of the Union of Myanmar Commander-in-Chief of the Defence Services **Senior General Than Shwe** on behalf of the donors. The silver plate bearing the inscriptions of record in Pali, Myanmar and English is also traditionally enshrined; and the Central Pivot of this Pagoda is hoisted systematically.

May the Splandor of miraculous power of the Donors radiate from this **Reliquary Sacrarium** and the auspicious **Pivot** dispelling the darkness of evil elements, for the benefit and perfect bliss of the Three Spheres of the Universe.

# အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မင်္ဂလာတွင် သီကျူးပူဇော်အပ်သော ရတုပိုဒ်စုံ

ပဏ္ဏာရည်ဆောင်၊ နှစ်ပြည်ထောင်တို့၊ ညီနောင်ရင်းချာ၊ ချစ်ကြည်စွာလျှင်၊ စဉ်လာမပျက်၊ ပန္နက်မဏ္ဍိုင်၊ မယိမ်းယိုင်အောင်၊ ခိုင်မာရပ်တည်၊ တရုတ်ပြည်မှ ယုံကြည်ပင့်ဆောင်၊ မြတ်ဘုန်းခေါင်၏၊ လျှပ်ရောင်ဖြာလင်း၊ ကြာဖြူဆင်းသို့၊ ခရုသင်းပွတ်သစ်၊ ပုလဲနှစ်သွင်၊ ဖြူစင်ရောင်ခြည်၊ ကွန့်စံလည်သည်၊ ဘော်ရည်ရောင်ကြွ၊ ဂွမ်းတမျှလျှင်၊ ဝရဒါဌာ၊ စွယ်တော်မဟာကို၊ မြန်မာပြည်တွင်း၊ ပင့်ဆောင်နှင်းခဲ့၊ မင်းနှင့်ပြည်သူ၊ ကြည်ဖြူမျှတ၊ ဖူးမြော်ကြလျက်၊ အလှူရတနာ၊ စုဝေးရာတည့်၊ မန္တလာနန်း၊ မြို့ရွှေနန်းသို့၊ ကြွမြန်းဆန်ကာ၊ ဒေသစာရီခရီး၊ လှည့်လည်ပြီးလျှင်၊ မြို့ကြီးပြည်ရွာ၊ လေးနေရာ၌၊ တစ်ညတာစီ၊ ကိန်းဝပ်တည်သော်၊ ပြည်သူအများ၊ တိုင်းရင်းသားတို့၊ ပွားများသဒ္ဓါ၊ စေတနာနှင့်၊ ရတနာမျိုး၊ အဖိုးအနဂ္ဃ၊ ပူဇော်ကြလျက်၊ ဒါနဂုဏ်ရောင်၊ ထွန်းလင်းပြောင်သည် ... ရည်ဆောင်ပဏ္ဏာသွင်းခဲ့သည်ဘုရား...။

မြန်မာပြည်ထောင်၊ တိုင်းမြတ်ဘောင်တွင်၊ အခေါင်သုဂတ၊ အတုလ၏၊ ဟောပြသေချာ၊ သာသနာလျှင်၊ ရောင်ဝါမညှိုး၊ လက်ဝေဖြိုး၍၊ အမျိုးဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ ရည်ဆောင်ချင့်မျှော်၊ မြပူဇော်အံ့၊ မြို့တော်ဒဂုံ၊ တိုင်းရန်ကုန်နှင့်၊ ရတနာပုံ၊ နန်းမြို့ဘုံတွင်၊ အစုံနှစ်ဖော်၊ စွယ်တော်စေတီ၊ နှစ်လီကြေညာ၊ ကိုးကွယ်ရာဖို့၊ မဟာဥဿာဟ၊ ဖွဲ့လုံ့လဖြင့်၊ တကွမယွင်း၊ မင်းနှင့်ပြည်သူ၊ ရည်တူစိတ်ထား၊ လွန်ကြိုးစားသည်၊ မြင့်မားနိဗ္ဗာန်၊ ဆုရည်သန်၍၊ နိုင်ငံစိုးအုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ပေသည့်၊ များထွေလူထု၊ ကောင်းမှုရှိန်ဝါ၊ မဟာပုညာ၊ ဘုန်းတေဇကြောင့်၊ ကာလမကြာ၊ မင်္ဂလာလေးခန်း၊ ပြီးဆင်မြန်းခဲ့၊ အဆန်းခြယ်စီ၊ ပန်းဆယ်လီကို၊ စုံညီချင့်ထောက်၊ ရဲဝန်းဆောက်၍၊ အပြောက်အမွန်း၊ အခန်းခန်းဖြင့်၊ ဘုံနန်းယိုးယောင်၊ အဆောင်ဆောင်သည် ... ပြည်ထောင်မြန်မာ လင်းလဲ့ပြီဘုရား...။

ကမ္ဘာတည်အောင်၊ မြန်မာပြည်ထောင်၌၊ ညီနောင်ခပင်း၊ ချစ်သွေးချင်းတို့၊ အရင်းတည်ကာ၊ စုပေါင်းကာဖြင့်၊ စဉ်လာမပျက်၊ ခေတ်ဆက်ဆက်သုံး၊ သာသနာ့ထုံးတို့၊ စုရုံးညီညာ၊ ဗိသုကာကျမ်း၊ ဌာပနာကျမ်းနှင့်၊ ကျမ်းဂန်စုံလင်၊ မှီငြမ်းတင်၍၊ စီစဉ်တည်ဆောက်၊ အပြီးရောက်ခဲ့၊ အံ့လောက်စုံညီ၊ ဂုဏ်အင်ညီစွာ၊ ဤခါယခု၊ ဌာပနာမှုလျှင်၊ သွင်းပြုထားရာ၊ ငါးဖြာခက်မ၊ စုံပြည့်ဝသည်၊ ရွှက်လှရွှေစင်၊ ဗောဓိပင်နှင့်၊ အရှင်လေးဆူ၊ ဓာတ်တော်ယူလော့၊ တစ်မူကကုသန္ဓေ၊ ကောဏာဂမနနှင့်၊ ကဿပဘုရား၊ ဂေါတမထားသည်၊ တရားဓမ္မ၊ ပိဋကသုံးဖြာ၊ ငွေပေလွှာတို့၊ စဉ်လာထင်ရှား၊ ရဟန္တာများ၏၊ ပွားများဓာတ်တော်၊ သွင်းပူဇော်လိမ့်၊ ရှစ်ဖော်ပရိက္ခရာ၊ စုံစွာပစ္စည်း၊ ကမ္ပည်းဇာတာ၊ မော်ကွန်းစာနှင့်၊ ယှဉ်ကာဆုတောင်း၊ ပေလွှာပေါင်းကို၊ သွန်းလောင်းပုံဆောင်၊ သမိုင်းပြောင်မည် ... တည်အောင်ကမ္ဘာချင်းတဲ့မည်ဘုရား...။

သာသနာရေးဦးစီးဌာန
စာပေလက်ထောက် ဦးစံသင်းလှိုင်
သီကုံးပူဇော်သည်။

# အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မင်္ဂလာတွင် ဖတ်ကြားအပ်သော အမျှဝေစာတမ်း

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပြည်ထောင်တို့ ညီနောင်ရင်းချာ ရှေးအခါကပင် ချစ်ကြည်ရေး အစဉ်အလာ ရှိခဲ့ကြပါသည်ဘုရား။ ရှိရင်းစွဲ ချစ်ကြည်ရေးမဏ္ဍိုင် မယိမ်းမယိုင် အောင် အခိုင်အမာ အဓွန့်ရှည်စွာ တည်တံ့ပါစေရန် ရည်သန်ချက်ရှေ့သွားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှ ဗုဒ္ဓမြတ်စွယ်တော်ကို ဤပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အစိုးရနှင့်ပြည်သူ ကြည်ဖြူမှုတ ပင့်ဆောင် ခဲ့ကြပါသည်ဘုရား။

ထိုသို့ပင့်ဆောင်ပြီး နိုင်ငံတော်အတွင်းမှာ ၄၅ ရက်ကြာ ဒေသစာရီ ကြွချီအပူဇော်ခံခဲ့လေရာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီကိုမောင်နှမအပေါင်းတို့က သောင်းသောင်းဖြဖြ အားပါးတရ ပူဇော်ခဲ့ ကြပါသည်ဘုရား။ ထိုသို့ပူဇော်ခဲ့ရာမှ စေတနာထက်သန် ဇောစိတ်လျှံ၍ စိတ်အကြံမြင့်မော် နိုင်ငံတော် အတွင်း၌ စွယ်တော်မြတ်စေတီ နှစ်လီကြေညာ အစဉ်ထာဝရ တည်ထားကိုးကွယ်ဖို့ရာ မဟာဥဿာဟ ဖွဲ့လုံ့လဖြင့် အစိုးရနှင့်ပြည်သူ ရည်တူစိတ်ထား ကြိုးစားအားထုတ်ခဲ့ကြပါသည်ဘုရား။

နိုင်ငံတော်စိုးအုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ပေသည့် များထွေလူထု ကောင်းမှုရှိန်ဝါ မဟာ ပုည ဘုန်းတေဇကြောင့် အချိန်ကာလမကြာ မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ၊ အုတ်မြစ်တော်စီမင်္ဂလာနှင့် သတ္တဌာန မူလဌာပနာတော်သွင်းမင်္ဂလာ ဤလေးဖြာကို ခမ်းနားထည်ဝါ အောင်မြင်စွာ ကျင်းပဆင်ယင်နိုင်ခဲ့ကြပါသည်ဘုရား။ ဤယခုအခါသည်ကား ရတနာနဝရတ် စွယ်တော် မြတ်စေတီ မွေသရီ၌ အညီတေဇာ အောင်ဇေယျာဖြင့် အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ ကုသိုလ်တော်အဖြာဖြာကို အောင်ရာအောင်ကြောင်း အောင်ဆုတောင်း၍ အောင်မောင်းသဘင် အောင်ပွဲဆင်နိုင်ခဲ့ကြပါပြီဘုရား။

သောင်းစကြဝဠာ နတ်ဗြဟ္မာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်ကရည်ရော် ဟစ်ကြွေးကြော်၏ ရှင်တော်သုဂတ အတုလ၏ ဆုံးမသာသနာ ခုအခါဝယ် ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ တော်သလင်း လဆန်း ၁၄ ရက်၊ ခရစ်နှစ် ၁၉၉၆ ခုနှစ် စက်တင်ဘာလ ၂၆ ရက် နံနက် ၉ နာရီ ၅၉ မိနစ် ဝ၄ စက္ကန့် ဤအချိန်အခါ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရ ဦးဆောင်သည့် ပြည်သူပြည်သားအများကောင်းမှုဖြစ်သော ဤစွယ်တော်မြတ်စေတီတော် အလယ်ဌာပနာ သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မဟာမင်္ဂလာ အခမ်းအနား၌ ပဋိမာရုပ်တုတော်များနှင့် ပရိဘောဂ ပစ္စည်းအသီးသီးတို့ကို စေတီတော်မြတ်အား လှူဒါန်းခြင်း၊ သံဃာတော် အရှင်မြတ်တို့ထံ၌ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်တို့ကို နာယူခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း အစရှိသည့် ဤသို့ပေါင်းအပ် ကောင်းမြတ်စေတနာ အဖြာဖြာတို့ကို ကြွလာပရိသတ် အရပ်ရပ်နှင့် နတ်နတ်ဗြဟ္မာ ဆရာမိဘ မကျန်ရဘဲ များလှဝေနေ ဤမြေအထက် ဘဝဂ်တိုင်အောင် အောက်အဝီစိ နှံ့သည့်စကြဝဠာ ဖီလာထုတ်ချင်း အကြွင်းမရှိ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းများစွာတို့အား မခြားအတူ ရစေဟူ၍ ကြည်ဖြူလှပေ အမျှဝေ၏။ စိတ်စေတနာ ကောင်းမြတ်စွာလျှင် အာကာမိုးယံ ဘဝဂ်လျှံအောင် နဘံထစ်ကျိုး ကောင်းကင်မိုးသို့ သွန်းဖြိုးဗျာထု အောင်သာဓုကို ယခုခေါ်ကြ ပေးဝေ့သည်–

(အားလုံးပါခင်ဗျာ) အမျှ... အမျှ... အမျှ... ယူတော်မူကြပါကုန်လော့။

# ပိန္နဲတိုင်စိုက်ထူခြင်းမင်္ဂလာ

စွယ်တော်မြတ်စေတီတော် ပိန္နဲတိုင်စိုက်ထူခြင်းမင်္ဂလာ အခမ်းအနားကို ၁၉၉၆ ခုနှစ် အောက်တိုဘာလ ၁၅ ရက်၊ အင်္ဂါနေ့ နံနက် ၇ နာရီခွဲ အချိန်တွင် စေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပသည်။ နိုင်ငံတော်သြဝါဒစရိယ နယားကျောင်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ မေဓိယာဘိဝံသ အမှူးပြုသော နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီး ၉ ပါး ကြွရောက် တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများ၊ ၁၂၀၀ ခန့် တက်ရောက် ကြည်ညိုကြသည်။

နံနက် ၆ နာရီခွဲအချိန်တွင် ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက ဆရာတော်ကြီးများအား ဆွမ်း ခဲဖွယ်ဘောဇဉ်များ ဆက်ကပ်လှူဒါန်းကြသည်။ နံနက် ၇ နာရီခွဲအချိန်တွင် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဖွင့်လှစ်သည်။ ထို့နောက် နိုင်ငံတော် သြဝါဒစရိယ နယားကျောင်းဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တမေဓိယာဘိဝံသထံမှ ပရိသတ်များက ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ ဆရာ တော်ကြီးများက ပရိတ်တရားတော်တို့ကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများက စေတီတော်တွင် ကပ်လှူမည့် ပိန္နဲတိုင်တော် နှင့် သံဃာတော်များအား လှူဒါန်းမည့် သင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုများကို ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းကြသည်။ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသာသနာဘိဝံသက အနုမောဒနာတရား ဟောကြား၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဗိုလ်မှူးချုပ်စိုးဝင်းမောင် ဦးဆောင်၍ ဌာနဆိုင်ရာ အကြီးအကဲများက ပိန္နဲတိုင်ကို အရှေ့မြောက် အရပ်ရှိ ရထားပျံစက်ယန္တရားရှိရာသို့ သယ်ဆောင်ကြသည်။ ဗိုလ်ချုပ်ရဲမြင့်က ပိန္နဲတိုင်အား နံ့သာရေများ ပက်ဖျန်းပေးပြီး ရထားပျံဖြင့် ပိန္နဲတိုင်ကို စေတီတော်အထက်သို့ ပင့်ဆောင်သည်။ ထို့နောက် ဗိုလ်ချုပ်ရဲမြင့်၊ ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများ ပိန္နဲတိုင် စိုက်ထူရန် စေတီတော်ငြမ်းထက်သို့ တက်ရောက် နေရာယူကြသည်။

ထိုအချိန်တွင် အနုပညာဦးစီးဌာနမှ ဓမ္မတေးများဖြင့် သီကျူးပူဇော်ပါသည်။ ထို့နောက် ပရိသတ် များက ရတနာသုံးပါးဂုဏ်တော်ကို ဆိတ်ငြိမ်စွာ အာရုံပြုလျက် မင်္ဂလာအချိန်ကို စောင့်ဆိုင်းကြပါသည်။ မင်္ဂလာအချိန် ကျရောက်သည့် နံနက် ၈ နာရီ ၄၅ မိနစ်တွင် "မင်္ဂလာအခါတော်" ဟု ကြေညာသည်နှင့် တစ်ပြိုင်တည်း ဗိုလ်ချုပ်ရဲမြင့်၊ ဗိုလ်မှူးချုပ်စိုးဝင်းမောင်နှင့် တာဝန်ရှိသူများက ပိန္နဲတိုင်တော်ကို ပန်းလည် တိုင်တွင် စိုက်ထူပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်ကြပါသည်။

မင်္ဂလာရွှေမိုးငွေမိုး ရွာသွန်း ဖြိုးပြီး နံနက် ၈ နာရီ ၄၈ မိနစ်အချိန်တွင် ပိန္နဲတိုင် စိုက်ထူခြင်း မင်္ဂလာ အခမ်းအနား အောင်မြင်စွာ ပြီးစီးပါသည်။

# အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ

စွယ်တော်မြတ်စေတီတော်ကြီးကို ၁၉၉၅ ခုနှစ် ဇူလိုင်လ ၆ ရက်နေ့တွင် ပရိကမ္မ မြေသန့်စင် မဟာမင်္ဂလာ ပြုလုပ်ခြင်းမှ အစပြု၍ မင်္ဂလာကိုးပါး အစီအစဉ်အတိုင်း တည်ဆောက်လာခဲ့ရာ မဟာမင်္ဂလာ အခမ်းအနား အစီအစဉ် အမှတ် (၆) ဖြစ်သော အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၉ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် တန်ဆောင်မုန်းလဆုတ် ၁၄ ရက် တနင်္လာနေ့ နံနက်တွင် မဟာဓမ္မရံသီကုန်းတော်မြတ်တွင် ကျင်းပခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်သြဝါဒစရိယ အဘိဓဇမဟာရဋ္ဌဂုရု ဒက္ခိဏာရာမဘုရားကြီးတိုက် နယားကျောင်းဆရာတော် ဘဒ္ဒန္တမေဓိယာဘိဝံသ အမှူးပြုသော နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ အပါအဝင် ဆရာတော် ၅၄ ပါး ကြွရောက်တော်မူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီးမိသားစုများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ရဟန်းရှင်လူ ပြည်သူအများ ၅၀၀၀ ကျော် တက်ရောက် ကြည်ညိုကြပါသည်။

ထို့ပြင် အခမ်းအနားသို့ ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီ ကြွချီသောခရီးစဉ်တွင် လိုက်ပါလာသော မဟာယာန ဘုန်းတော်ကြီး ကျင်ဝေ့နှင့် ဆရာတော်များ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ သာသနာရေးဗျူရို ဒုတိယညွှန်ကြားရေးမှူးချုပ် လျူဝူရှန်းနှင့် အဖွဲ့ဝင်များ၊ ကောင်စစ်ဝန်ချုပ် မစ္စတာ စိန်ရှောင်ကွင်းနှင့် ကောင်စစ်ဝန်ချုပ်ရုံးမှ မိသားစုများလည်း တက်ရောက်ကြည်ညိုကြပါသည်။

အခမ်းအနားကို နံနက် ၇ နာရီအချိန်တွင် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မင်္ဂလာခရုသင်းမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်သည်။

ထို့နောက် ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယက ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ပဓာန နာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသီရိန္ဒာဘိဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များကို ဆက်ကပ်ကြပြီး သံဃာတော် အရှင်သူမြတ်တို့က သမန္တာမှစ၍ မေတ္တသုတ်တော်၊ ရတနာသုံးပါး ဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ် ပရိတ်တော်များကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။ ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံမှ ယူဆောင်၍ စေတီတော်ရင်ပြင်နှင့် ဝတ္ထုကံပရိဝုဏ်တွင် ပက်ဖျန်း ချည်နှောင်ကြပါသည်။

ဆက်လက်၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က အထက်ဌာပနာတောင်ဘက် ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ကကုသန္ဓ ဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ပိဋကသုံးပုံ ငွေပေလွှာကြုတ် (ဓမ္မစေတီတော်)၊ ငွေပရိက္ခရာ ၈ ပါး ပဒေသာပင် (ပရိဘောဂစေတီတော်) ရှင်ဥပဂုတ္တရဟန္တာရုပ်တုတော်ကို ဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒာဘိဝံသအားလည်းကောင်း၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးမောင်မောင်ခင်က အနောက်ဘက် ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ကောဏာဂမန ဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ရှင်မေဓရ ရဟန္တာရုပ်တုတော်တို့ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦးနှင့် ဇနီးတို့က မြောက်ဘက်ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ကဿပဗုဒ္ဓရုပ်ပွားဆင်းတုတော်၊ ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ရှင်သာရဒတ္တ ရဟန္တာရုပ်တုတော်တို့ကိုလည်းကောင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွှန့်က အရှေ့ဘက်ဌာပနာတိုက်တွင် သွင်းလှူပူဇော်မည့် ဂေါတမ ဗုဒ္ဓရုပ်ပွားဆင်းတုတော် ဓမ္မစေတီ၊ ပရိဘောဂစေတီနှင့် ရှင်သင်္ကြောသာရ ရဟန္တာရုပ်တုတော်တို့ကိုလည်းကောင်း၊ မော်ကွန်းပမ္မည်းငွေပြား ဇာတာတော်တို့ကိုလည်းကောင်း၊ ဗိုလ်ချုပ်အေးကျော်၊ ဗိုလ်ချုပ်စောထွန်း၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါက်တာ တင်လင်းမြင့်တို့က အထက်ဌာပနာတော်အတွင်း ထည့်သွင်းပူဇော်မည့် ဌာပနာပစ္စည်းများကိုလည်းကောင်း ဆရာတော်ကြီးများထံသို့ အသီးသီးဆက်ကပ်ကြပါသည်။

ဆက်လက်၍ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီးတို့က လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့ကို ဆရာတော် သံဃာတော်များအားလည်းကောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဘုန်းတော်ကြီး ၆ ပါးအားလည်းကောင်း အလှူရှင်များကိုယ်စား ဆက်ကပ်ကြပါသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်ထံသို့ ဌာပနာထည့်သွင်း ပူဇော်မည့်ပစ္စည်းများကို လွှဲပြောင်းပေးအပ်ခဲ့ပါသည်။

ဤသို့ပြုကြရသော ကုသိုလ်ဒါနအစုစုတို့အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ မကွေးဆရာတော် ဘဒ္ဒန္တကုမာရထံမှ အနုမောဒနာတရား နာယူကြပြီး ရေစက်သွန်းချ အမျှပေးဝေကြသည်။ စည်တော်အဖွဲ့က မင်္ဂလာဇာအောင်ဟိတ်၊ အောင်စိတ်ရည်၍ ခရာသင်းမှုတ်ပြီး အောင်စည်အောင်မောင်း ကိုးကြိမ်တီးခတ်ခဲ့ပြီး ဒေဝါဝင်း၊ ရာဇာဝင်းများက သက်ဆိုင်ရာနေရာများတွင် နေရာယူ ဝင်းခင်းကြပါသည်။

ဤစွယ်တော်မြတ်စေတီတော်ကြီးကို အစမှ အဆုံးတိုင်အောင် တာဝန်ယူ တည်ဆောက်ခဲ့ကြသော ဗိသုကာပညာရှင်များအား ဉာဏ်ပူဇော်သောအားဖြင့် ဘုရားဒါယကာ ရဟန်းရှင်လူ နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူတို့ကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွှန့်က ဝတ်စုံများ ပေးအပ်သည်။ ဗိသုကာ အင်ဂျင်နီယာများကိုယ်စား အဖွဲ့ခေါင်းဆောင် မန္တလေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အင်ဂျင်နီယာမှူးကြီး ဦးရန်အောင်က လက်ခံရယူသည်။ ထို့နောက် ဦးရန်အောင်က ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံမုဒြာကျမ်း အစရှိသော ရှေးထုံးစဉ်လာ စာပေ

ကျွမ်းဂန်များနှင့်အညီ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်း မင်္ဂလာ အခမ်းအနားကျင်းပ ပြီးသည့်အထိ အဆင့်ဆင့် တည်ဆောက်သော ကုသိုလ်အမှုကို အောင်မြင်စွာပြုခဲ့ပြီးဖြစ်ပါသဖြင့် ယခုအခါ အထက်ဌာပနာတော်သွင်းမင်္ဂလာ အခမ်းအနား ဆက်လက်ကျင်းပနိုင်ရန် စွယ်တော်မြတ်စေတီတော်ကို ဘုရားဒါယကာ၊ ဒါယိကာမများအား ပြန်လည်အပ်နှံကြောင်းစာတမ်းကို ဖတ်ကြားပါသည်။

ထို့နောက် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က ရတနာမြတ်သုံးပါး၊ ဗြဟ္မာ၊ သိကြား၊ သာသနာစောင့်နတ်မင်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ကြွင်းကျန်သော နတ်မင်းများ၊ ဝိဇ္ဇာဇော်ဂျီအပေါင်း၊ ဘုရားနှင့် သက်ဆိုင်ရာပုဂ္ဂိုလ် အပေါင်းနှင့် နဂါးမင်း၊ ဂဠုန်မင်း စသောပုဂ္ဂိုလ်အပေါင်းတို့အား စွယ်တော်မြတ်စေတီ တည်ဆောက်ရာတွင် မသိနားမလည်သဖြင့် မှားယွင်းမှု၊ မပြည့်စုံမှုရှိပါက သည်းခံခွင့်လွှတ်ပါရန်နှင့် ကူညီမှိုင်းမတော်မူကြပါရန် စာတမ်းဖတ်ကြား ပန်ကြားခဲ့ပါသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့ ဦးဆောင်လျက် နိုင်ငံတော် ငြိမ်ဝပ် ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီးများက အထက်ဌာပနာတိုက်များတွင် ထည့်သွင်းပူဇော်မည့် ရုပ်ပွားဆင်းတုတော် အစရှိသော ဌာပနာပစ္စည်းများကို ဆရာတော်ကြီးများထံမှ ယူဆောင်၍ အရှေ့တောင်အရပ်ရှိ တပ်မတော် (လေ) မြလေယာဉ် ရထားပျံ စက်ယန္တရားခုံရှိရာ မင်္ဂလာ မဏ္ဍပ်သို့ ပင့်ဆောင်ကြပြီး အမွှေးနံ့သာများဖြင့် ပက်ဖျန်းပူဇော်ကြသည်။ ထိုအချိန်တွင် အနုပညာရှင်များ နှင့် မင်္ဂလာစည်တော်အဖွဲ့တို့က ဓမ္မတေးများ ရွတ်ဖတ်သီဆို တီးမှုတ်ပူဇော်ကြပါသည်။

ဌာပနာတော် ထည့်သွင်းပေးမည့် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေး အဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ မန္တလေးမြို့စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးကြီး စိန်ဝင်းအောင်တို့က အထက်ဌာပနာတော် ထည့်သွင်းရမည့် စေတီတော်ငြမ်းထက်သို့ တက်ရောက်၍ အသင့်နေရာယူကြပါသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် အမှူးပြု၍ ဒါယကာ၊ ဒါယိကာမများက ဌာပနာတိုက်ပစ္စည်းများကို အမွှေးနံ့သာများ ပက်ဖျန်းပြီး မင်္ဂလာစက်ရထားပျံဖြင့် အထက်ဌာပနာတိုက်သို့ ကြည်ညိုသဒ္ဓါပွားများ၍ သုံးကြိမ်ပင့်ဆောင်ကြပါသည်။ ထိုအချိန်တွင် ဝရဒါဌာဓာတုစေတီယ ထုတိဝန္ဒနာ ပိုဒ်စုံရတု သီကျူးတီးမှုတ် ပူဇော်ကြပါသည်။

ထိုသို့ ဌာပနာတော်များ ပင့်ဆောင်ပြီးနောက် ရဟန်းရှင်လူ ပရိသတ်တို့က ရတနာသုံးပါးဂုဏ်တော် ကို အာရုံပြုလျက် မင်္ဂလာ အချိန်အခါကို ဆိတ်ငြိမ်စွာစောင့်၍ ပူဇော်ကြပါသည်။ နံနက် ၈ နာရီ ၉ မိနစ် ၉ စက္ကန့်အချိန်တွင် မင်္ဂလာအခါတော်ကြားက "မင်္ဂလာအခါတော်" ဟု ကြွေးကြော်လိုက်သည်နှင့် တစ်ပြိုင် နက် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က အထက်ဌာပနာ ငှက်ပျောဖူး၏ တောင်ဘက် ဌာပနာတိုက်၌ ကကုသန္ဓ

ဗုဒ္ဓရုပ်ပွားတော်နှင့် ဌာပနာပစ္စည်းများ၊ ရှင်ဥပဂုတ္တရုပ်တုတော်တို့ကို စတင်သွင်းလှူ ပူဇော်သည်။ ဆက်လက်၍ အနောက်ဘက် ဌာပနာတိုက်၌ ကောဏာဂမန ဗုဒ္ဓရုပ်ပွားတော်၊ ရှင်မေရေဂုရုပ်တုတော်နှင့် ဌာပနာပစ္စည်းတို့ကိုလည်းကောင်း၊ မြောက်ဘက်ဌာပနာတိုက်၌ ကဿပ ဗုဒ္ဓရုပ်ပွားတော်၊ ရှင်သာရဒတ္တရုပ်တုတော်နှင့် ဌာပနာပစ္စည်းတို့ကိုလည်းကောင်း၊ အရှေ့ဘက်ဌာပနာတိုက်၌ ဂေါတမဗုဒ္ဓရုပ်ပွားတော်၊ ရှင်သက္ကောသာရထေရ် ရုပ်တုတော်နှင့် ဌာပနာပစ္စည်းတို့ကိုလည်းကောင်း အသီးသီးထည့်သွင်း ပူဇော်ကြသည်။ ယင်းသို့ အထက်ဌာပနာတိုက်၌ ဌာပနာပစ္စည်းများ စတင်ထည့်သွင်း ပူဇော်ကြသည်နှင့် သံဃာတော် အရှင်သူမြတ်တို့က ဇယမင်္ဂလာ ဗောဓိယာမူလေ အစချီသော ဂါထာတော်ကို သုံးကြိမ်ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။ ဌာပနာတော်များ ထည့်သွင်းပူဇော်အပြီးတွင် ဌာပနာတော် ထည့်သွင်းပေးသည့် ဝန်ကြီးများ၊ တိုင်းမှူးနှင့် မြို့တော်ဝန်တို့သည် တောင်ဘက်ဌာပနာတိုက်မှ စတင်၍ ဌာပနာတိုက်များကို လက်ယာရစ် လှည့်ပတ်ပူဇော်ကြသည်။ ထို့နောက် သာသနာရေးဦးစီးဌာန စာပေလက်ထောက် ဦးစံသင်းလှိုင်က အမျှဝေစာတမ်းဖတ်ကြားရာ ပရိသတ်အပေါင်းက အမျှပေးဝေကြသည်။

အမျှပေးဝေပြီးနောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး ခရုသင်းများမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက်တီးခတ်ပြီး မန္တလေး ကဇာတ်ဌာနခွဲက အရပ်ဆယ်မျက်နှာ မေတ္တာပို့ ရွတ်ဆိုလျက် စွယ်တော်မြတ်စေတီတော်၏ ငှက်ပျောဖူးနှင့် ဖောင်းရစ်တို့၌ ထည့်သွင်းပူဇော်သော အထက်ဌာပနာတော်သွင်း မဟာမင်္ဂလာ အခမ်းအနားသည် နံနက် ၉ နာရီအချိန်တွင် အောင်မြင်စွာပြီးမြောက်ပါသည်။

---

**စွယ်တော်မြတ်စေတီတော် တည်ထားရာ၌ အမှားအယွင်းရှိက ခွင့်လွှတ်ပါမည့်အကြောင်း ဘုရားဒါယကာ၊ ဒါယိကာမများအားလုံးကိုယ်စား သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့်က တိုင်ကြားပေးရန်စာတမ်း**

ရတနာမြတ်သုံးပါး၊ ဗြဟ္မာ၊ သိကြား၊ သာသနာစောင့်နတ်မင်းများ၊ ဝိသုကြုံနတ်မင်း၊ ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး၊ နယ်မြေစောင့်နတ်မင်းများ၊ ဆောက်လုပ်ရေးဆိုင်ရာ ကြွင်းကျန် သော နတ်မင်းများ၊ ဝိဇ္ဇာဇော်ဂျီအပေါင်း၊ ဘုရားနှင့် သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါင်းနှင့် နဂါးမင်း၊ ဂဠုန်မင်း စသော ပုဂ္ဂိုလ်အားလုံးတို့အား တောင်းပန်ပါ၏။

ဤစွယ်တော်မြတ်စေတီတော် တည်ဆောက်ရာ၌ မသိနားမလည်သဖြင့် မှားယွင်းမှု၊ မပြည့်စုံမှုများရှိပါက ခွင့်လွှတ်တော်မူကြပါ၊ သည်းခံတော်မူကြပါ၊ ကူညီမှိုင်းမတော်မူကြပါ အရှင်ကောင်းတို့...။

---

# အထက်ဌာပနာတော်သွင်းနှင့် ရွှေထီးတော်တင်လှူပွဲတွင် သီကျူးပူဇော်အပ်သော စကြာလည် ပိုဒ်စုံရတု

ဝရဒါဌာ၊ စွယ်တော်မဟာ၏၊ စဉ်လာထင်ရှား၊ သမိုင်းအားဖြင့်၊ မမှားအစဉ်၊ ကြောင်းဖြစ်အင်ကို၊ ကျမ်းဝင်အလာ၊ ညွှန်းဆိုပါအံ့၊ မြတ်စွာဗုဒ္ဓ၊ သုံးလောကတွင်၊ မျှားဖျင်သတ္တဝါ၊ ဝေနေယျာကို၊ ဒေသနာနယ၊ ဟောညွှန်ပြ၍၊ အမတနန်း၊ နိဗ္ဗာန်စခန်းသို့၊ ဆောင်းမြန်းပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကားရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ နယ်မလ္လာတိုင်း၊ စံနှိုင်းမယုတ်၊ ကုသိန္နာရုံ၊ အင်ကြင်းစုံ၌၊ ခိုလှုံနိဗ္ဗူ၊ စံတော်မူသော်၊ နှစ်ဆူညှပ်ရိုး၊ လေးမျိုးစွယ်တော်၊ သင်းကျင်းတော်ဟု၊ ခုနစ်ဖော်မှတ်၊ အသမ္ဘိန္နဓာတ်၊ ကြွင်းကျန်လတ်၍၊ အမြတ်တစ်ဆူ၊ ကြာဖြူအဆင်း၊ ခရုသင်းပွတ်သစ်၊ ပုလဲနှစ်သွင်၊ ဘော်စင်ရောင်ကြွ၊ ဂွမ်းတမျှလျှင်၊ အနဃ္ဃရတနာ၊ မည်ထိုက်ပါသား၊ ကမ္ဘာတွင်ကျော်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံတော်၌၊ မွေ့လျော်စံရာ၊ ကိန်းဝပ်ပါသည် ... ဒါဌာဝရစွယ်တော်ပါဘုရား။

အလှမြန်မာ၊ ခေါ်ထိုက်ပါသည်၊ မြန်မာ့ပြည်တွင်း၊ ပင့်ဆောင်နှင်းခဲ့၊ မင်းနှင့်ပြည်သူ၊ ကြည်ဖြူမျှတ၊ ဖူးမြော်ကြလျက်၊ အလှရတနာ၊ စုဝေးရာသည်၊ မန္တလာနန်း၊ မြို့ရွှေမန်းသို့၊ ကြွမြန်းဆန်ကာ၊ ဒေသစာခရီး၊ လှည့်လည်ပြီးလျှင်၊ မြို့ကြီးပြည်ရွာ၊ နေရာအများ၊ တိုင်းရင်းသားတို့၊ ပွားများသဒ္ဓါ၊ စေတနာနှင့်၊ ရတနာမျိုး၊ အဖိုးအနဃ္ဃ၊ ပူဇော်ကြသည်၊ မျိုးမျာ့ဂုဏ်ရောင်၊ ထွန်းလင်းပြောင်ဖို့၊ ယူဆောင်ချင့်မျှော်၊ မြပူဇော်အံ့၊ မြို့တော်ဒဂုံ၊ တိုင်းရန်ကုန်နှင့်၊ ရတနာပုံ၊ နန်းမြို့ဘုံတွင်၊ အစုံနှစ်ဖော်၊ စွယ်တော်စေတီ၊ နှစ်လီကြေညာ၊ ကိုးကွယ်ရာဖို့၊ မဟာဥဿာဟ၊ ခွဲလုံ့လဖြင့်၊ တကွမယွင်း၊ မင်းနှင့်ပြည်သူ၊ ရည်တူစိတ်ထား၊ မြင့်မားနိဗ္ဗာန်၊ ဆုရည်သန်၍၊ နိုင်ငံပြည်သား၊ အများသူငါ၊ တည်ကြပါသည် ... မြန်မာအလှနယ်ကျော်ပါဘုရား။

အမျှကမ္ဘာ၊ တည်ဖို့ရာဟု၊ စဉ်လာမပျက်၊ ခေတ်အဆက်ဆက်သုံး၊ သာသနာထုံးတို့၊ စုရုံးညီညာ၊ ဗိသုကာကျမ်း၊ ဌာပနာကျမ်းနှင့်၊ ကျမ်းဂန်စုံလင်၊ မှီငြမ်းတင်၍၊ စီစဉ်တည်ဆောက်၊ အပြီးရောက်ခဲ့၊ အံ့လောက်စုံစီ၊ ဂုဏ်ရည်ညီစွာ၊ ဤခါယခု၊ ဌာပနာမှုလျှင်၊ သွင်းပြုရကား၊ ဘုရားလေးဆူ၊ မည်မူကကုသန္ဓ၊ ကောဏာဂမနနှင့်၊ ကဿပဘုရား၊ ဂေါတမထားသည်၊ တရားဓမ္မ၊ ပိဋကသုံးဖြာ၊ ငွေပေလွှာတို့၊ စဉ်လာထင်ရှား၊ ရဟန္တာများ၏၊ လေးပါးပုံတော်၊ သွင်းပူဇော်လိမ့်၊ စာတော်မော်ကွန်း၊ ဖော်ညွှန်းသီးသီး၊ ကမ္ပည်းဇာတာ၊ ရွှေထီးမဟာကို၊ ဘုံလွှာကိုးပါး၊ ဆင့်ဆင့်ထား၍၊ ငှက်မြတ်နားပေါ်၊ စိန်ဖူးတော်တင်၊ ပြီးဆင့်ယဉ်အံ့၊ ဤတွင်မြန်မာ၊ စဉ်အလာနှင့်၊ ညီညာပြည့်ဝ၊ နဝကိုးခန်း၊ ဆင်မြန်းမင်္ဂလာ၊ ပြီးမြောက်ပါသည် ... ကမ္ဘာအမျှရွယ်မျှော်ပါဘုရား။

သာသနာရေးဦးစီးဌာန
စာပေလက်ထောက် ဦးစံသင်းလှိုင်
သီကုံးပူဇော်သည်။

သိဒ္ဓမ်။ ။ဝန္ဒ ဒါဠ် စ၊ ဝရံ ဆတ္တ–နိတာနကမ္ပသိဒ္ဓိယာ။
သုခိတာ ဟောန္တု ရာဇာနော၊ ရဋ္ဌိကာ စ အနာတုရာ။

# ရတနာပုဏ္ဏ စွယ်တော်မြတ်စေတီယေ ဥပရိမဓာတုဂဗ္ဘေ ဓာတုပဋိမာနိဓာနံ တထာ သုဝဏ္ဏဆတ္တာချာရုဠဒါနံ တထာဂတမဏိမယပတ္တပဒုမစိဝရဒါနံ ဗုဒ္ဓါဘိသေစနံ စ စွယ်တော်မြတ်စေတီတော် (မန္တလေး)၊ အထက်ဌာပနာတော်သွင်း, ရွှေထီးတော် (ရတနာငှက်မြတ်နား, စိန်ဖူးတော်)တင်, မြသပိတ်, ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မဟာမင်္ဂလာအခါတော်များစာတမ်း




အထက်ဌာပနာ မင်္ဂလာအခါ၌
ဂြိုဟ်များနှင့် လဂ်တို့ရပ်တည်ပုံ

| လဂ်စီး | စင် | တိတိ |
|---|---|---|
| ၁၅ | ၇ | ၈ |
| ၃ | ၁· | ၁၅· |
| ၉ | ၅၉' | ၅၂' |




အထက်ဌာပနာ မင်္ဂလာအခါ၌
နဝင်းစက် လဂ်တို့စီးနေပုံ

သိဒ္ဓိရတ္ထု၊ ဇယတု၊
ဘဝတု သဗ္ဗမင်္ဂလံ။

မြရောင်ရွှန်းဝေ၊ မန်းတောင်ဗွေမှ၊ သပြေလကျာ၊ တောင်မျက်နှာက၊ ရတနာပုံမ်၊ နန်းနိတုံ၌၊ ကြည်ယုံစိတ်သွင်း၊ ညီညွတ်ခြင်းဖြင့်၊ မင်းနှင့်ပြည်သူ၊ အောင်ဆုယူသား၊ ကြည်ဖြူကော်ရော်၊ စဉ်ပူဇော်သည်၊ စွယ်တော်စင်နှင့် သမ္ဘာတင့်ခဲ့၊ အခွင့်မသာ၊ နှစ်များစွာလျှင်၊ ကင်းကွာခဲ့ပြီ၊ သို့ဖြစ်သည်လည်း၊ မြန်ပြည်ရှေးကံ၊ ဘုန်းရောင်လျှံ၍၊ ရှေ့ယံရှမ်းတောင်၊ အဆောင်ဆောင်နှင့်၊ မန်းတောင်မြောက်က၊ မြရောင်ကြွသည်၊ တောင်မှ မြစ်ငယ်၊ အနောက်ဝယ်လျှင်၊ တန်းသွယ်ဇေယျာ၊ မြစ်ရောမှ၊ ဝိုက်ဖြာထွားကွန့်၊ နဂါးလွန့်သို့၊ တွန့်၍ရေညာ၊ ရေပန်းလာသား၊ အံ့ရာထွေထွေ၊ တောင်နှင့်ရေတည့်၊ မြိုင်ခြေရဂုံ၊ လှမျိုးစုံတည့်၊ ကြည်ယုံသာမော၊ လွင်တကြောဝယ်၊ လွမ်းမောစရာ၊ မြေမြတ်စွာတွင်၊ မဟာဓမ္မရံသီ၊ ကုန်းဌာနီဟု၊ မဟီညွန့်လူ၊ မြမြေငူဝယ်၊ လူလည်းလေးမြတ်၊ နတ်လည်းကြည်ညို၊ ဗြဟ္မာလိုသည့်၊ များထိုညွတ်ခ၊ ပူဇော်သသည်၊ ဝရဒါဌာ၊ သွင်းနှံပါသား၊ ရတနာနဝရတ်၊ စွယ်တော်မြတ်စေတီ၊ နန်းသိင်္ဂီကို၊ အညီစဉ်လာ၊ အောင်ဇေယျာဖြင့်၊ အထက်ဌာပနာတော်သွင်း၊ ပူဇော်ခင်း၍၊ ရောင်ဝင်းလွှင်လွှင်၊ ရွှေထီးတော်တင် မဟာမင်္ဂလာ ပြုအံ့သော အချိန်အခါသော်မူကား––

| | မင်္ဂလာရက် | မင်္ဂလာအချိန် |
|---|---|---|
| အထက်ဌာပနာ– | သာသနာတော်နှစ် ၂၅၄၀ ခုနှစ်၊ ဟေမန္တဥတု၊ | နံနက်၊ မြန်မာစံတော်ချိန် |
| | မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၄ ရက်၊ | ၈ နာရီ၊ ၉ မိနစ်၊ ၉ စက္ကန့် |
| | ခရစ်နှစ် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်၊ တနင်္လာနေ့၊ | ။ ။ ။ |
| ရွှေထီးတော်တင်– | မြန်မာနှစ် ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်၊ | ၇ နာရီ၊ ၅၄ မိနစ်၊ ၉ စက္ကန့် |
| | ခရစ်နှစ် ၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်၊ သောကြာနေ့၊ | ။ ။ ။ |
| ဗုဒ္ဓါဘိသေကအနေကဇာတင်– | နတ်တော်လဆန်း ၄ ရက်၊ ဒီဇင်ဘာလ ၁၄ ရက် | အရုဏ်ကာလ |

## မဟာမင်္ဂလာအခါတော်၏ ကောင်းမြတ်ပုံ

၁။ အထက်ဥာပနာသွင်းလှူချိန်တွင် အခါလင်္ဂသည် ကသစ်စံပြီး အလွန်အားကောင်းနေသော ၅–တေးနှင့် ပူးယှဉ်လျက် ဟံသမဟာပုရိသယုဂ် ရနေခြင်း။

၂။ အခါလင်္ဂအဖို့ ဝင်နေဆဲဂြိုဟ်မရှိ၊ ၈ တန့်တွင်လည်း ဝင်လုဆဲ အဆင်းဂြိုဟ် မရှိခြင်း၊ ထို့ပြင် မကောင်းသော ပထမတြင်းကို ရှောင်ကွင်းလျက် ကောင်းမြတ်သော ဒုတိယတြင်းထက်တွင် စီးနင်းနေခြင်း။

၃။ "ပဥ္စမနဝင်း အခါပေးမှုကား မြောက်အရပ်မှ သို့မဟုတ် အရှေ့မြောက်အရပ်မှ **ကြက်တွန်သံ** ကြားရအံ့၊ အနောက်အရပ်မှလည်း စွန်ရဲသုတ်လတ္တံ့၊ တောင်အရပ်မှလည်း **ပတ်သာစည်ကြီး** တီးသံကြားရအံ့။ ဂူ, ကျောင်း, ဥာပနာအိမ်ရာဆောက်မှု ပြီးစီးအံ့။ **လာဘ်သပ္ပကာရအံ့" ဟူ၍** အဟောလာရှိသော ဓနုရာသီ ပဥ္စမနဝင်းထက်တွင် အခါလင်္ဂ စီးနင်းနေခြင်း။

၄။ စန်းသည် ၁၀ တန့် လာဘဘာဝတွင် ရပ်တည်ပြီး ကသစ်နဝင်းစံနေခြင်း၊ ထို့ပြင် **စန်းသည်** နီစဘင်္ဂရာဇယုဂ် ရရှိနေခြင်း။

၅။ ၇ တန့်တွင် ၁၀ သခင် ၄–ဟူးသည် ၅–တေးနှင့်အတူ လင်္ဂတွင် ယှဉ်ပူးနေခြင်း။

၆။ ၃–ဂါသည် ၁–နွေနှင့် အိမ်ချင်းလဲလှယ်ကာ ပရိဝတ္တနာပြုလျက် နဝင်းတွင်လည်း **ကသစ်စံနေ** ခြင်း။

၇။ နေသင်္ဂကမိတ် ၅–တေး၏ ၉ တန့်အမြင်ခံရသော ၃–ဂါသည် "သိင်္ဂတွင် ခြင်္သေ့ဟောက်" လျက် လင်္ဂနှင့် ၅–တေးကို ၅ တန့်အမြင်ဖြင့် သမ္ဗန္ဓပြုနေခြင်း။

၈။ ၆ တန့်နှင့် ၁၁ တန့်သခင် ၆–ကြာသည် ၁၁ တန့်တွင် ကသစ်စံ၍ နဝင်းတွင်လည်း ကသစ်စံ နေခြင်း။

၉။ ရွှေထီးတော်တင်ချိန် အခါလင်္ဂသည် ကသစ်စံပြီး အလွန်အားကောင်းနေသော ၅–တေးနှင့် ပူးယှဉ်လျက် ဟံသမဟာပုရိသယုဂ် ရနေခြင်း။

၁၀။ အခါလင်္ဂအဖို့ ဝင်နေဆဲဂြိုဟ်မရှိ၊ ၈ တန့်တွင်လည်း ဝင်လုဆဲ အဆင်းဂြိုဟ် မရှိခြင်း၊ ထို့ပြင် မကောင်းသော ပထမတြင်းကို ရှောင်ကွင်းလျက် ကောင်းမြတ်သော ဒုတိယတြင်းထက်တွင် စီးနင်းနေခြင်း။

၁၁။ "ပဥ္စမနဝင်း အခါပေးမှုကား မြောက်အရပ်မှ သို့မဟုတ် အရှေ့မြောက်အရပ်မှ ကြက်တွန်သံ ကြားရအံ့၊ အနောက်အရပ်မှလည်း စွန်ရဲသုတ်လတ္တံ့၊ တောင်အရပ်မှလည်း ပတ်သာစည်ကြီး တီးသံကြားရအံ့။ ဂူ, ကျောင်း, ဥာပနာအိမ်ရာဆောက်မှု ပြီးစီးအံ့။ လာဘ်သပ္ပကာရအံ့" ဟူ၍ အဟောလာရှိသော ဓနုရာသီ ပဥ္စမနဝင်းထက်တွင် အခါလင်္ဂ စီးနင်းနေခြင်း။

၁၂။ ၃–ဂါသည် ၁–နွေနှင့် အချင်းချင်း အိမ်လဲလှယ်ကာ ပရိဝတ္တနပြုနေပြီး အပြန်အလှန် သမ္ဗန္ဓ အမြင် ရရှိခြင်း။

၁၃။ ဥစ်နဝင်း မူသော ၄–ဟူး၊ ဝဂ္ဂုတ္တမနဝင်း ကျော်ရရှိသော ၅–တေးတို့နှင့် ယှဉ်ပူးထားသော လက်တွင် ဝဂ္ဂုတ္တမနဝင်း ကောင်းစီးထားသောစန်းသည် အတူရပ်တည်ခြင်း၊ ထို့ပြင် ၅–တေးနှင့် စန္ဒြဂုရုယုဂ်ကို ရရှိစေခြင်း။

၁၄။ လဂ္ဂါ ပါတော ယုတိ ဝေဓော၊ တြန္တိသာပျံ တထာဝရံ။
ဧကေဂ္ဂလော ပဂ္ဂဟော စ၊ ဇာမိတြ ဗုဓ ပဥ္စကံ။
ဒဒ္ဓါတိထိ စ ဝိညေယျာ၊ ဒသဒေါသာ မဟာဗလာ။
ဧတံ ဒေါသံ ပရိစ္စဇ္ဇ၊ လဂ္ဂနံ သံသောဓယေ ဗုဓော– ဟူသော မကောင်းပြစ်ဒေါသများမှ လွတ်ကင်းသောလဂ်ဖြစ်သည့်ပြင် အစွန်းအနားဖြစ်သော အပြစ်ဒေါသများမှ လွတ်ကင်း အောင်လည်း ယာတြာသျှန္တိများ ပေးထားပြီးဖြစ်ခြင်း။

၁၅။ ဖော်ပြပါ သုံးသပ်ချက်များအရ အောင်မြင်ချမ်းသာ ကောင်းကျိုးများစွာ ရရှိနိုင်ခြင်းကြောင့် ဘုရားဒါယကာ၊ ဘုရားဒါယိကာမများ၊ ဘုရားတည်ဆောက်သူ အင်ဂျင်နီယာ၊ မိသုကာအုပ်စု များနှင့် ကိုးကွယ်ဆည်းကပ်သူ ဉပါသကာ၊ ဉပါသိကာမတို့အား အန္တရာယ်မပြု၊ ကောင်းကျိုး ချမ်းသာများကိုသာ ပြုနိုင်သည့် မဟာမင်္ဂလာအခါတော်မြတ်ဖြစ်ပေသည်။

## စွယ်တော်မြတ်စေတီ (မန္တလေး)
## အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊
## မြသပိတ်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့်
## ဗုဒ္ဓါဘိသေက အနေကဇာတင်

## မဟာမင်္ဂလာမော်ကွန်းစာ

သိဒ္ဓမ်။ နမော သမ္မာသမ္ဗုဒ္ဓဿ စေဝ ဝရဒါဌာယ စ။

ဒွိသဟဿေ ပဉ္စသတေ၊ စတ္တာလီသတိဝေ ဝရေ။
ဗုဒ္ဓဝဿေ သုက္ကဘဒ္ဒေ၊ စာတုဒ္ဒသေစ ဂေါရဝေ။
မရမ္မရဋ္ဌာဓိပါဒီဟိ၊ ဝရံ စွယ်တော်မြတ်စေတီယေ။
နိဓာနံပဋိမာဓာတု – ဝေထမ္ဘော်ဿာပနံ ကတံ။
အဿာ ဂဗ္ဘာ တထာ ထမ္ဘာ၊ ဒါတာန ပုညရံသိယော။
ဥဒေန္တု သုခသောဘာယ၊ အသဒ္ဓမ္မတမောနုဒါ'တိ။ ။

အောင်ပါစေသတည်း။ ဗုဒ္ဓဘုရားနှင့် စွယ်တော်မြတ်အား ညွှတ်တွားရှိခိုးပါကုန်၏။

မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ ဝေါဟာရမာသ၊ တန်ဆောင်မုန်း လပြည့်ကျော် ၁၄ ရက်နေ့တွင် အထက်ဌာပနာတော် သွင်းလှူပြီးနောက် နတ်တော်လဆန်း ၃ ရက် သောကြာနေ့၊ နံနက်၊ နေတက်၊ မြန်မာ့စံတော်ချိန် စက် ၇ နာရီ၊ ၅၄ မိနစ်၊ ၉ စက္ကန့် မင်္ဂလာ အချိန်တော်ဝယ် မန္တလေးမြို့ မဟာဓမ္မရံသီကုန်းတော်ရှိ စွယ်တော်မြတ်စေတီတော်တွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော အစိုးရအဖွဲ့ အမှူးပြုသည့် ဘုရားဒါယကာ၊ ဒါယိကာမများက ရွှေထီးတော် တင်လှူ၍ ယင်းလဆန်း ၄ ရက်နေ့တွင် အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနား၌ မြသပိတ်နှင့် ရွှေကြာသင်္ကန်းတော်များကို ကပ်လှူပူဇော်ကြပါကုန်၏။

သုံးလောကသားတို့၏ ကောင်းကျိုးချမ်းသာ ရကြပါစေရန် အလို့ငှာ ဤရွှေထီးတော်မှ အလှူရှင်တို့၏ ကုသိုလ်အာနုဘော်ရောင်ခြည်တော်တို့သည် မသူတော်တရားများကို ဖယ်ရှားလွှင့်ဖျောက်လျက် ပေါ်ထွက် ကွန့်မြူးလာကြပါစေကုန်သတည်း။

# ဘုရားဆင်းတုတော် ပဋိမာ ၉ ဆူတို့၏
# ဘုရားဘွဲ့နာမံတော်၊ မုဒြာ၊ ရှေ့နောက်အစဉ်နှင့် အရပ်ဒိသာပြ ပုံ



Prevail !

Be our devoted veneration to the Enlightened Buddha and the Sacred Tooth Ralic.

On 07:54:09 M.S.T., 13 December, 1996, Friday, the Images and Sacred Relics representing our Buddhas Enlightened in this Bhadda Kappa and also of Arahantas are historically enshrined in the Sacrarium of this Pagoda which is known as **Swe' Daw Myat Ceti** in Maha Dhammararnsi compound, Mandalay, by the Government presided by the Chairman of the State Law and Order Restoration Council of the Union of Myanmar Commander-in-Chief of the Defence Services **Senior General Than Shwe** on behalf of the donors. The **Golden Umbrella** decorated by the Vane and the Diamond Pinnacle, etc. are hoisted systematically. The **Robe** and the **Bowl** for the Buddha are also donated traditionally, in honour of the Buddhist Consecration ceremony.

May the Splandor of miraculous power of the Donors radiate from this auspicious **Golden Umbrella** dispelling the darkness of evil elements, for the benefit and perfect bliss of the Three Spheres of the Universe.

# ရွှေထီးတော်တင် မဟာမင်္ဂလာ

အထက်ဌာပနာတော်သွင်းမင်္ဂလာနှင့် ရွှေထီးတော် တင်လှူပွဲ မဟာမင်္ဂလာ အခမ်းအနား မကျင်းပမီ ပရိကမ္မအကြိုမင်္ဂလာအဖြစ် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၄ ရက်နေ့ နံနက်အရုဏ်အထိ ဥပါသကာ ၂၇ ဦးတို့က ကိုးပါးသီလခံယူ ဆောက်တည်၍ ကန်တော့ပွဲ ၉ ပွဲ (နဝ နဝက ပူဇာ) ဖြင့် ပူဇော်ခြင်း၊ အရုဏ်ဆွမ်း ဆက်ကပ်ခြင်း၊ သံဃာတော် ၁၈ ပါးက ၅-၁၂-၉၆ ရက်နေ့မှ ၆-၁၂-၉၆ ရက်နေ့ထိ ၂၄ နာရီပတ်လုံး အသံမစဲ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ဥပါသကာအဖွဲ့က ပန်း၊ ရေချမ်း၊ ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ ဝတ်အဖွဲ့များက ၆-၁၂-၉၆ ရက်နေ့မှ ၁၂-၁၂-၉၆ ရက်နေ့အထိ နေ့စဉ်အလှည့်ကျ ဝတ်ရွတ်ပူဇော်ခြင်းတို့ကို ပြုလုပ်ကြပါသည်။

မဟာမင်္ဂလာ အခမ်းအနား အမှတ်စဉ် (၇) ဖြစ်သော ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာကို ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ် နတ်တော်လဆန်း ၃ ရက် သောကြာနေ့ ၀၆၂၀ နာရီအချိန်တွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးများ၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သိရိန္ဒာဘိဝံသ အမှူးပြုသော ဆရာတော်ကြီးများ ၅၄ ပါး ကြွရောက်တော်မူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဗိုလ်ချုပ်ကြီးမောင်အေး၏ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီး မိသားစုများ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး၊ မန္တလေးမြို့ မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်နှင့် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးဆက်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ဖိတ်ကြားထားသူများ၊ အလှူရှင်များနှင့် ရဟန်းရှင်လူ ပြည်သူ ၂၀၀၀၀ ခန့် တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားကို နံနက် ၆ နာရီ ၂၀ မိနစ်တွင် "နမောတဿ" သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ မင်္ဂလာခရုသင်းမှုတ်ပြီး အောင်စည်အောင်မောင်း ကိုးကြိမ်တီးခတ်၍ ဖွင့်လှစ်ခဲ့ပါသည်။ ဆက်လက်၍ ပရိသတ်များက မစိုးရိမ်တိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသထံမှ ကိုးပါးသီလ ခံယူ ဆောက်တည်ကြသည်။

ထို့နောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံ ဆက်ကပ်ကြပါသည်။ သံဃာတော်များက သမန္တာမှစ၍ မေတ္တသုတ်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှ သုတ် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ်ကြပါသည်။ ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်သဲ၊ ပရိတ်ချည်များကို သံဃာတော်များထံမှ ယူဆောင်၍ စေတီတော်ရင်ပြင်နှင့် ဝတ္ထုကံပရိဝုဏ် အတွင်း လှည့်လည်ပက်ဖျန်း ချည်နှောင်ကြသည်။

ထို့နောက် အခမ်းအနားမှူး ဦးမင်းကြည်က စွယ်တော်မြတ်စေတီတော်တွင် တင်လှူမည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်ကြီးအား လှူဒါန်းပါကြောင်း လျှောက်ထားပြီး တိုင်းသာသနာရေးဦးစီးအရာရှိ ဦးခင်မောင်ဝင်းက စွယ်တော်မြတ်စေတီတော် (မန္တလေး) ၏ ဝတ္ထုကံမြေ အပိုင်းအခြားနှင့် စပ်လျဉ်း၍ မြေဧရိယာ ၁၁၃.၅၆ ဧကရှိပါကြောင်း ဝတ္ထုကံမြေ အပိုင်းအခြားကို ပိုင်းခြား လျှောက်ထားပါသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က စွယ်တော်မြတ်စေတီ သာသနာ့မြေဂရန်နှင့် သက်ဆိုင်သော စာရွက်စာတမ်းများကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေး ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရအား ဆက်ကပ်ကြပါသည်။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် တိုင်းမှူးတို့က သက်နိုင်း အစရှိသော လှူဖွယ်ဝတ္ထု ပစ္စည်းများကိုလည်း လှူဒါန်းသည်။ ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရက အနုမောဒနာတရား ချီးမြှင့်ပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချ အမျှပေးဝေကြရာ မင်္ဂလာခရသင်းမှုတ်၍ အောင်စည်အောင်မောင်း ကိုးချက် တီးခတ်ကြသည်။

ထို့နောက် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်တို့ကို စွယ်တော်မြတ်စေတီတော်ကြီးအား လက်ယာ ရစ် လှည့်လည်ပူဇော်ရန် သာသနာ့အောင်လံတော် စိုက်ထူထားသော ငွေဖလားကို သီဟသုဓမ္မဇောတိက ဓဇ ဦးချစ်ထွန်းကပိုက်၍လည်းကောင်း၊ အောင်သပြေစိုက် ငွေဖလားကို မန္တလေးတိုင်း ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးတင်မောင်ဦးကပိုက်၍လည်းကောင်း ဒေဝါဝင်း၊ ရာဇာ ဝင်းများ ခင်းကျင်းပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့နှင့် အစိုးရအဖွဲ့ဝင်များက စိန်ဖူး တော်နှင့် ငှက်မြတ်နားတော်ကို ပင့်ဆောင်ပြီး လက်ယာရစ်တစ်ပတ် လှည့်လည်ပူဇော်ကြပြီး အရှေ့တောင် အရပ်ရှိ တပ်မတော် (လေ) မြလေယာဉ် မင်္ဂလာရထားပျံရှိရာသို့ ပင့်ဆောင်ကြသည်။ ရွှေထီးတော်ဘုံ အဆင့်ဆင့်၊ ဆတ်သွားဖူးနှင့် ဖွန်း ၅ ဘုံတို့ကိုလည်း ရထားပျံ စက်ယန္တရားရှိရာမဏ္ဍပ်သို့ တာဝန်ရှိသူများက ပင့်ဆောင်ကြသည်။ ထိုအချိန်တွင် ထီးတော်တင် မင်္ဂလာ အခမ်းအနားတွင် ပါဝင်ဆောင်ရွက်ကြမည့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့သည် စေတီတော် ငြမ်းထက်သို့ ရောက်ရှိနေရာယူကြသည်။

ထိုသို့ပင့်ဆောင်နေချိန်တွင် မြန်မာနိုင်ငံ သဘင်အစည်းအရုံးမှ ဦးရွှေနန်းတင်နှင့် ငါးမည်ရ ဦးတင်သိန်းတို့က ရတုပိုဒ်စုံဖြင့်လည်းကောင်း၊ အနုပညာဦးစီးဌာန မန္တလေးကဇာတ်ဌာနခွဲ အဖွဲ့ဝင်များက ဓမ္မတေးများဖြင့်လည်းကောင်း သီဆိုပူဇော်ကြသည်။

မင်္ဂလာအခါတော် ကျရောက်သည့် နံနက် ၇ နာရီ ၅၄ မိနစ် ၉ စက္ကန့်တွင် မင်္ဂလာအခါတော်ကြား က "မင်္ဂလာအခါတော်" ဟု ကြွေးကြော်ကြေညာရာ အသင့်တင်ထားပြီးဖြစ်သည့် ရွှေထီးတော် ပထမ ဘုံအဆင့်ကို စ၍တပ်ဆင် လှူဒါန်းသည်။ တစ်ချိန်တည်းတွင် ဆရာတော်များက ဇယမင်္ဂလာ ဗောဓိယာမူလေ အစရှိသောဂါထာကို သုံးကြိမ်ရွတ်ဆို ပူဇော်ကြသကဲ့သို့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင် ဦးဆောင်သော အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများက ရွှေထီးတော် ဒုတိယဘုံအဆင့်၊ တတိယဘုံအဆင့်တို့ကို မြေလေယာဉ် ထီးတော်တင်အဖွဲ့မှ ရထားပျံနှင့် ပင့်ဆောင်သည်။ ဆက်လက်၍ စတုတ္ထဘုံအဆင့်၊ ပဉ္စမ ဘုံအဆင့်၊ ဆဋ္ဌမဘုံအဆင့်တို့ကိုလည်းကောင်း၊ သတ္တမဘုံအဆင့်၊ အဋ္ဌမဘုံအဆင့်၊ နဝမဘုံအဆင့်၊ ဆတ်သွားဖူးနှင့် ဖွန်း ၅ ဘုံတို့ကိုလည်းကောင်း၊ ငှက်မြတ်နားတော်ကိုလည်းကောင်း၊ စိန်ဖူးတော်နှင့် သာသနာ့အောင်လံတို့ကိုလည်းကောင်း ငါးကြိမ်ခွဲ၍ ရထားပျံဖြင့် ပင့်ဆောင်ပေးသည်။ ဗိုလ်ချုပ်စိုးမြင့်နှင့် အဖွဲ့က ရွှေထီးတော်ဘုံအဆင့်ဆင့်နှင့် စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို တပ်ဆင်လှူဒါန်းကြပါသည်။ ထိုအချိန်တွင် ဓမ္မတေးများဖြင့် သီဆိုပူဇော်ကြသည်။

ထို့နောက် အရန်စေတီတော် ၉ ဆူကို ဆက်လက်၍ ထီးတော်တင်ကြသည်။ အရှေ့တောင်အရပ်ရှိ အမှတ် (၁) အရန်စေတီတော်ကို ဝန်ကြီးချုပ်ရုံး ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းမောင်၊ တောင်အရပ်ရှိ အမှတ် (၂) အရန်စေတီတော်ကို ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အေးကျော်၊ အနောက်တောင်အရပ်ရှိ အမှတ် (၃) အရန်စေတီတော်ကို အမှတ် (၃) ဆက်သွယ်ရေးတပ် တပ်မှူး ဗိုလ်မှူးကြီးလှမိုး၊ အနောက် (တောင်ယွန်း) အရပ်ရှိ အမှတ် (၄) အရန်စေတီတော်ကို အမှတ် (၁) အခြေချစစ်ဆေးရုံ (ခုတင် ၇၀၀) တပ်မှူး ဗိုလ်မှူးကြီးအောင်ငြိမ်း၊ အနောက် (မြောက်ယွန်း) အရပ်ရှိ အမှတ် (၅) အရန်စေတီတော်ကို မန္တလေး မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်၊ မြောက်အရပ်ရှိ အမှတ် (၇) အရန်စေတီတော်ကို ညွှန်ကြားရေးမှူး ချုပ် ဦးအောင်သိန်း၊ အရှေ့မြောက်အရပ်ရှိ အမှတ် (၈) အရန်စေတီတော်ကို ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်ခ၊ အရှေ့အရပ်ရှိ အမှတ် (၉) အရန်စေတီတော်ကို ရဲမှူးကြီး ကြီးရွှေတို့က အသီးသီး ထီးတော်တင်လှူ ပူဇော်ကြသည်။ ထီးတော်များ တင်လှူပြီး သာသနာရေးဦးစီးဌာနမှ ဦးစံသင်းလှိုင်က အမျှဝေစာတမ်းကို ဖတ်ကြားရာ ပရိသတ်အပေါင်းက အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ခရုသင်းမှုတ်ပြီး အောင်စည်အောင်မောင်း ကိုးကြိမ်တီးခတ်ကြသည်။

ထို့နောက် ရွှေထီးတော်တင် မင်္ဂလာ အခမ်းအနား အောင်မြင်ပြီးမြောက်သည့် အထိမ်းအမှတ်အဖြစ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်နှင့် အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများက ဗဟိုမဏ္ဍပ်နှင့် ညော်ခံ မဏ္ဍပ်များ၌လည်းကောင်း၊ စေတီတော်အထက်မှ ဝန်ကြီး ဗိုလ်ချုပ်စိုးမြင့်၊ ဦးကြီး ဗိုလ်ချုပ်စောထွန်းနှင့် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်တို့ကလည်းကောင်း ရတနာရွှေမိုးငွေမိုး ရွာသွန်းဖြိုးပေးကြသည်။ မန္တလေး ကဇာတ် ဌာနခွဲကလည်း အရပ်ဆယ်မျက်နှာ မေတ္တာပို့ရွတ်ဆို မေတ္တာပွားများပြီး မဟာမင်္ဂလာ အခမ်းအနားသည် နံနက် ၈ နာရီ မိနစ် ၃၀ အချိန်တွင် အောင်မြင်စွာ ပြီးဆုံးလေသည်။

# ရွှေထီးတော်တင်လှူပူဇော်ပွဲတွင် ဖတ်ကြားအပ်သော အမျှဝေစာတမ်း

သမ္မာသမ္ဗုဒ္ဓ အတိဥက္ကဋ္ဌ ရာဇာဓိရာဇာ မဟာဓမ္မရာဇ် မင်းထက်မင်းဖြစ်တော်မူသော သုံးလောက ထွတ်ထား သဗ္ဗညုရှင်တော်မြတ်ဘုရားသည် သက်တော် ၈၀၊ ဝါတော် ၄၅ ဝါအရတွင် မဟာပရိနိဗ္ဗာန် ဝင်စံတော်မူ၍ မပျောက်မပျက် ကြွင်းကျန်တော်မူရစ်ခဲ့သော အသမ္ဘိန္နဓာတ် စွယ်တော်မြတ်လေးဆူအနက် အထက်လက်ဝဲစွယ်တော်မြတ်တစ်ဆူသည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ကိန်းဝပ်စံပယ် တည်နေတော် မူခဲ့ပါသည်ဘုရား။

ပြည်ထောင်စု မြန်မာနိုင်ငံတော်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နှစ်ပြည်ထောင်တို့ ညီနောင်ရင်းချာ ရှေးအခါကပင် ချစ်ကြည်ရေး အစဉ်အလာ ရှိခဲ့ကြပါသည်ဘုရား။ ရှိရင်းစွဲ ချစ်ကြည်ရေးမဏ္ဍိုင် မယိမ်းမယိုင် အောင် အခိုင်အမာ အဝွန်ရှည်စွာ တည်တံ့ပါစေရန် ရည်သန်ချက်ရှေ့သွားဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ မှ ဗုဒ္ဓမြတ်စွယ်တော်ကို ဤပြည်ထောင်စုမြန်မာနိုင်ငံတော်သို့ အစိုးရနှင့်ပြည်သူ ကြည်ဖြူမှုတ ပင့်ဆောင် ခဲ့ကြပါသည်ဘုရား။

ထိုသို့ပင့်ဆောင်ပြီး နိုင်ငံတော်အတွင်းမှာ ၄၅ ရက်ကြာ ဒေသစာရီ ကြွချီအပူဇော်ခံခဲ့လေရာ ပြည်ထောင်စုဖွား တိုင်းရင်းသား ညီကိုမောင်နှမအပေါင်းတို့က သောင်းသောင်းဖြဖြ အားပါးတရ ပူဇော်ခဲ့ ကြပါသည်ဘုရား။ ထိုသို့ပူဇော်ခဲ့ရာမှ စေတနာထက်သန် ဇောစိတ်လျှံ၍ စိတ်အကြံမြင့်မော် နိုင်ငံတော် အတွင်း၌ စွယ်တော်မြတ်စေတီ နှစ်လီကြေညာ အစဉ်ထာဝရ တည်ထားကိုးကွယ်ဖို့ရာ မဟာဥဿာဟ ဖွဲ့လုံ့လဖြင့် အစိုးရနှင့်ပြည်သူ ရည်တူစိတ်ထား ကြိုးစားအားထုတ်ခဲ့ကြပါသည်ဘုရား။

နိုင်ငံတော်စိုးအုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်ပေသည့် များထွေလူထု ကောင်းမှုရှိန်ဝါ မဟာ ပုည ဘုန်းတေဇကြောင့် အချိန်ကာလမကြာ မြေသန့်မင်္ဂလာ၊ ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ၊ အုတ်မြစ်တော်စီမင်္ဂလာနှင့် သတ္တဌာန မူလဌာပနာတော်သွင်းမင်္ဂလာ၊ အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင် စိုက်ထူခြင်းမင်္ဂလာ၊ အထက်ဌာပနတော်သွင်းမင်္ဂလာ ဤခြောက်ဖြာကို ခမ်းနားထည်ဝါ အောင်မြင်စွာ ဆင်ယင်ကျင်းပနိုင်ခဲ့ကြပါသည်ဘုရား။ ဤယခုအခါသည်ကား ရွှေထီးတော်တင်လှူ ပူဇော်ပွဲ မဟာမင်္ဂလာ ကုသိုလ်တော်အဖြာဖြာကို အောင်ရာအောင်ကြောင်း အောင်ဆုတောင်း၍ အောင်မောင်း သဘင် အောင်ပွဲဆင်နိုင်ခဲ့ပြီဖြစ်ပြန်ပါသဖြင့် အနဥ္ဇတမျှ အလှူတော်မဟာကို ဇမ္ဗူပထဗျာ သက်သေ ထားလျက် အထက်နေသိကြား ဗြဟ္မာပါမကျန်ရအောင် သာဓုသံလိုင်လိုင်ကြီးပေးကြရအောင်ပါခင်ဗျား။

သောင်းစကြဝဠာ နတ်ပြဟ္မာနှင့် သတ္တဝါရှိသမျှ ကြားစေရဟု စိတ်ကရည်ရော် ဟစ်ကြွေးကြော်၍ ရှင်တော်သုဂတ အတုလ၏ ဆုံးမသာသနာ ခုအခါဝယ် ကောဇာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ ဥတုဟေမန္တ နတ်တော်လဆန်း ၃ ရက်၊ ခရစ်နှစ် ၁၉၉၆ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက် သောကြာနေ့ နံနက် ၇ နာရီ ၅၄ မိနစ် ၉ စက္ကန့် ဤအချိန်အခါတွင် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရ ဦးဆောင်သည့် ပြည်သူပြည်သား အများကောင်းမှုဖြစ်သော ဤစွယ်တော်မြတ်စေတီတော် ရွှေထီးတော်တင်လှူ ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနား၌ ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို စေတီတော်မြတ်အား လှူဒါန်းခြင်း၊ သံဃာတော် အရှင်မြတ်တို့ထံ၌ ကိုးပါးသီလ ခံယူဆောက်တည်ခြင်း၊ ပရိတ်တရားတော်တို့ကို နာယူခြင်း၊ လှူဖွယ်ဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းခြင်း အစရှိသည့် ဤသို့ပေါင်းအပ် ကောင်းမြတ်စေတနာ အဖြာဖြာတို့ကို ကြွလာပရိသတ် အရပ်ရပ်နှင့် နတ်နတ်ပြဟ္မာ ဆရာမိဘ မကျန်ရဘဲ များလှဝေနေ ဤမြေအထက် ဘဝဂ်တိုင်အောင် အောက်အဝီစိ နှံ့သည့်စကြဝဠာ ဖီလာထုတ်ချင်း အကြွင်းမရှိ သုခိတ ဒုက္ခိတ သတ္တဝါအပေါင်းများစွာတို့အား မခြားအတူ ရစေဟူ၍ ကြည်ဖြူလှပေ အမျှဝေ၏၊ စိတ်စေတနာ ကောင်းမြတ်စွာလျှင် အာကာမိုးယံ ဘဝဂ်လျှံအောင် နဘံထစ်ကျိုး ကောင်းကင်မိုးသို့ သွန်းဖြိုးဗျာထု အောင်သာခုကို ယခုခေါ်ကြ ပေးဝေလှ သည်–

(အားလုံးပါခင်ဗျာ) အမျှ... အမျှ... အမျှ... ယူတော်မူကြပါကုန်လော့။

# ရွှေကြာသကင်္န်းကပ်လှူပွဲမင်္ဂလာနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ

၁၉၉၆ ခုနှစ်၊ ဒီဇင်ဘာလ ၁၃ ရက်နေ့ နံနက်ပိုင်းတွင် ရွှေထီးတော်တင်လှူပွဲမင်္ဂလာအခမ်းအနား ကျင်းပခဲ့ပြီး ညနေပိုင်းတွင် ရွှေကြာသင်္ကန်းရက်လုပ်ပွဲကို မဟာဓမ္မရံသီကုန်းတော်မြတ်တွင် ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ရွှေကြာသင်္ကန်းရက်လုပ်မည့် ပြိုင်ပွဲ၊ ရက္ကန်းစင်တော် (၁၄) စင်မှ လုံမပျိုကလေးများ၊ ကြည်ညိုသဒ္ဓါပွားသူ ပြည်သူများ (၅၀၀၀) ခန့်တက်ရောက်ကြပါသည်။ ရက်လုပ်ပွဲကို ဗိုလ်ချုပ်ရဲမြင့်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် အမှာစကားပြောကြားခဲ့ပါသည်။

ရွှေကြာသင်္ကန်းရက်လုပ်လှူဒါန်းပူဇော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး မောင်ပုက ရွှေကြာသင်္ကန်းရက်လုပ်ခြင်းပြိုင်ပွဲနှင့် စပ်လျဉ်း၍ စည်းမျဉ်းများ ရှင်းလင်းတင်ပြသည်။ ညနေ ၅ နာရီ ၃၅ မိနစ် အချိန်တွင် ပြိုင်ပွဲဝင် ရက္ကန်းစင်တော် (၁၄) စင်မှ လုံမပျိုကလေးများက စတင်ရက်လုပ်ပြိုင်ပွဲဝင်ကြသည်။

ပြိုင်ပွဲဝင်ရက်လုပ်ပြီးသည့် ရွှေကြာသင်္ကန်းများကို ချုပ်လုပ်၍ ဝိနည်းတော်နှင့်အညီ အခန်း၊ အကန့်များပြုလုပ်ကြပြီး ဥပါသကာများက စွယ်တော်မြတ်စေတီတော်အား ရွှေကြာသင်္ကန်းများဖြင့် လက်ယာရစ် (၃) ကြိမ်လှည့်ပတ်ပူဇော်ကြသည်။

၁၉၉၆ ခု၊ ဒီဇင်ဘာလ (၁၄) ရက်၊ မြန်မာသက္ကရာဇ် ၁၃၅၈ ခုနှစ်၊ နတ်တော်လဆန်း (၄) ရက်၊ စနေနေ့အရုဏ်တက်ချိန်တွင် ရွှေကြာသင်္ကန်းကပ်လှူပွဲမင်္ဂလာ၊ မြသပိတ်တော်ဆက်ကပ်လှူဒါန်းပွဲနှင့် ဗုဒ္ဓါဘိသေကအနေကဇာတင်မဟာမင်္ဂလာအခမ်းအနားကို ကျင်းပသည်။ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယဆရာတော်ကြီးများ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေးမြို့၊ မစိုးရိမ်တိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသ၊ နိုင်ငံတော်သံဃာ့မဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်ဆရာတော်ကြီး၊ စုစုပေါင်း (၁၀၈) ပါး ကြွရောက်တော်မူကြပြီး ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဗိုလ်ချုပ်ကြီး မောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးများ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ဝန်ထမ်းများ၊ တပ်မတော်သားများနှင့် မိသားစုများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် ရဟန်းရှင်လူ (၂၀၀၀၀) ကျော် တက်ရောက်ကြသည်။

နံနက် ၅ နာရီ ၂၀ မိနစ် အရုဏ်တက်အချိန်တွင် စွယ်တော်မြတ်စေတီတော်နှင့် ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသော မုဒြာရုပ်ပွားဆင်းတုတော် (၉) ဆူတို့ကို အနား (၄) ရစ်ပါ မြသပိတ်တော်များဖြင့် ဆွမ်းခဲဘွယ်ဘောဇဉ်တို့ကို အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက် ၆ နာရီ ၁၀ မိနစ်အချိန်တွင် အခမ်းအနားမှူး ဦးမင်းကြည်က ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ အချိန်ကျပြီဖြစ်ကြောင်း လျှောက်ထားခဲ့ပြီး ဆရာတော်၊ သံဃာတော်များက စွယ်တော်မြတ်စေတီ

တော်ကြီးနှင့် စေတီတော်ကြီးတွင် ဌာပနာသွင်းလှူ ပူဇော်ထားသည့် ပဋိမာရုပ်ပွားဆင်းတုတော်များ၊ ဂန္ဓကုဋိတိုက်အတွင်း ပူဇော်ထားကြသည့် မုဒြာရုပ်ပွားဆင်းတုတော်များကို ဗုဒ္ဓါဘိသေက အနေကဇာတင် ပူဇော်ကြသည်။

အနေကဇာတင်ပြီးနောက် ဆရာတော်၊ သံဃာတော်များထံ၌ ပရိသတ်တို့က (၉) ပါးသီလ ခံယူကြသည်။ ဆရာတော်၊ သံဃာတော်များက မေတ္တာသုတ် အစရှိသည့် ပရိတ်တရားတော်များကို ရွတ်ဖတ်သရဇ္ဈာယ် ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နှင့် ဇနီး ဒေါ်ကြိုင်ကြိုင်တို့က စေတီတော် ဂန္ဓကုဋိတိုက်အတွင်းရှိ တိုင်တော် ၉ လုံးတို့ကို ရစ်လျားချည်နှောင်ထားသော အစနှစ်ခုဆုံးသည့် ယပ်တောင်တော်နှင့် ရွှေကြာသင်္ကန်းတို့ကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ မန္တလေး မစိုးရိမ်တိုက်သစ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသိရိန္ဒာဘိဝံသအား ဆက်ကပ်သည်။ အစိုးရအဖွဲ့ဝင် ဝန်ကြီးများက မုဒြာရုပ်ပွားဆင်းတုတော် (၉) ဆူကို ဆက်ကပ်လှူဒါန်းမည့် ရွှေကြာသင်္ကန်းများကို ဆရာတော် သံဃာတော်များသို့ ဆက်ကပ်ကြသည်။

အခမ်းအနားမှူးက ဆရာတော် သံဃာတော် (၁၀၈) ပါးတို့အား ဆွမ်းဆန်စိမ်းလောင်းလှူပွဲတွင် လှူဒါန်းကြမည့် လှူဖွယ်ဝတ္ထုပစ္စည်းစာရင်းကို လျှောက်ထားတင်ပြသည်။ ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် မကွေးဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တကုမာရ က အနုမောဒနာတရား ချီးမြှင့်တော်မူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ထို့နောက် ဥပါသကာ (၁၈) ဦးတို့က စွယ်တော်မြတ်စေတီတော်နှင့် မုဒြာရုပ်ပွားဆင်းတုတော် (၉) ဆူကို ရွှေကြာသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် ဇနီး ဒေါ်ကြိုင်ကြိုင်၊ ဗိုလ်ချုပ်ကြီးမောင်အေး၏ ဇနီး ဒေါ်မြမြစန်း၊ အစိုးရအဖွဲ့ဝင်များ၊ ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါ်ကြတာတင်လင်းမြင့်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တက်ရောက်လာကြသည့် စေတနာရှင် ပြည်သူအပေါင်းတို့က ဆရာတော် သံဃာတော် (၁၀၈) ပါးတို့အား ထီး၊ ဖိနပ်၊ သင်္ကန်း၊ ဆွမ်းဆန်တော် စသောလှူဖွယ်ဝတ္ထုပစ္စည်း အမျိုးမျိုးတို့ကို ထက်သန်စွာ လောင်းလှူကြသည်။

၁၉၉၄ ခုနှစ်၊ ဧပြီလ ၂၀ ရက်နေ့မှစ၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓအထက်လက်ဝဲမြတ်စွယ်တော်ကို မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီအပူဇော်ခံရာ ရဟန်းရှင်လူပြည်သူအပေါင်းတို့နှင့် ပြည်ပနိုင်ငံများက လှူဒါန်းသည့် ရွှေငွေရတနာမြတ်စေတီတော် (မန္တလေး) ကို ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၆ ရက် မြေသန့်မင်္ဂလာအခမ်းအနား စတင်ကျင်းပ တည်ဆောက်ခဲ့ရာ ဤနေ့ဤရက် ဤမင်္ဂလာအခမ်းအနားဖြင့် စေတီတော်တည်ဆောက်ခြင်း ပြီးမြောက်အောင်မြင်ခဲ့သည်။

ဤစေတီတော်ကြီးကို ရွှေတိဂုံစေတီတော်နှင့် ပုဂံခေတ် ကျန်စစ်သားမင်းကြီး တည်ထားတော်မူခဲ့သော အာနန္ဒာဘုရားဟန်နှင့် ပေါင်းစပ်ကာ မြန်မာ့ရိုးရာ အမွေခံ၍ မြန်မာမှုလက်ရာများ ထုံမွမ်းလျက် ခေတ်သစ်ဗိသုကာပညာရပ်ဖြင့် တည်ဆောက်ခဲ့သည်။ တည်ဆောက်ရာတွင် မုခ် (၉) မုခ်၊ ဘုံ (၉) ဆင့်၊ ဉာဏ်တော်အမြင့် (၁၀၈) တောင် စသည်ဖြင့် ဘုရားဂုဏ်တော် (၉) ပါးကို အာရုံထား ဦးတည်၍ တည်ဆောက်ခြင်းဖြစ်ပေသည်။ မြန်မာနိုင်ငံသား တိုင်းသားပြည်သူအပေါင်းတို့ ဂုဏ်ယူဝမ်းမြောက်ဖွယ်၊ ကြည်ညိုသဒ္ဓါပွားရာ ဤစေတီတော်မြတ်ကြီးသည် ဗုဒ္ဓသာသနာ့အရောင် လွှမ်းခြုံ၍ တည်ထားကိုးကွယ်

သည်နှင့်အညီ ဗုဒ္ဓသာသနာနှင့် ဤစေတီတော်မြတ်ကြီးသည် ကမ္ဘာတည်သရွေ့ တည်တံ့ထွန်းလင်းပါစေသတည်း။ ။

## စွယ်တော်မြတ်စေတီ (မန္တလေး) ၏ အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ပုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် မြသပိတ်၊ ရွှေကြာသက်န်းကပ်လှူပွဲ မဟာမင်္ဂလာအခမ်းအနားတွင် ဆက်သွင်းပူဇော်အပ်သော စွယ်တော်မြတ်စေတီ ထီးတော်တင်ကြိုး

တိမ်မှောင်ခြွေ ... စိန်ရောင်ရွှေ ... မန်းမန္တလဒီပါမြေ ... သိင်္ဂါဘွေ ... ထိန်ဝါရွှေ ... နန်းအမရ ဣန္ဒာဆွေ (သပြေ ... သပြေ ... သပြေပန်းနှင့် ... ဘုန်းတေဇာလျှမ်းတင့်ပါလို့လေး)၂ ... (အမတယ်နိဗ္ဗူ ... မှန်းတည့်မှန်းမျှော်ယူ)၂ ... (နန္ဒာမူလိုဏ်ဂူ ... ပြိုင်မူထင့်နိုး ... လှမ်းပင်လှမ်းလင့် ... ကိုးပါလို့လေး)၂ (ကြာမျိုး ... ကြာမျိုးစီဝရံ ... ရွှေတည့်ရွှေကြာယံ)၂ ... (ဓိဋ္ဌာန် ... စိတ်သန် ... ဓိဋ္ဌာန်အောင်ကြောင်း မွေသရီဓာတ်တော်ပေါင်းငယ်နှင့်လေး)၂ ... (ခညောင်းစွယ်တော်ရှင်လေတည့်မှ ဆုတောင်းဉာဏ်မြော်မြင်)၂ ... (ဥကင်ထွင့်တင် ... လှူခွင်ရာမင်း ... ဒေဝါနတ်ခပင်းငယ်နှင့်လေး)၂ (ဆက်သွင်းဌာပနာစုံလေတည့်မှ ... အောင်ခြင်းသိခ်ါဘုံ)၂ ... (တိုင်းမြို့ မြို့ဆန်းစုံ ... ရွှေဘုံသာကြောင်း ပြည်ရွာထက်ရပ်ပေါင်းသည်သို့လေး)၂ ... (ထီးဆောင်းစံ ပျော်ရာလေတည့်မှ ... ထီးဆောင်းစံပျော်ရာ)၂။

(ဒုတိယဗိုလ်မှူးကြီးဇော်သန်း သီးကုံးပူဇော်သည်)

## ရက်ကန်းစင်တော် (၁၄) စင်၏ အမည်စာရင်း

| စဉ် | စင်တော်အမည် | ဝိသေသဂုဏ်ထူး | ရက်ခတ်သူ၏အမည် |
|---|---|---|---|
| ၁။ | မဟာမာယာဒေဝီ | မယ်တော်မာယာ | မစမ်းစမ်းကြိုင် |
| | အဂ္ဂတ္တိနိကာယ်ပါဠိတော်လာ တေဂ်ရ ဘိက္ခုနီမများ | | |
| ၂။ | မဟာပဇာပတိဂေါတမီ | ရတညုတေဒဂ် | မခိုင်ခိုင်ဦး |
| ၃။ | ခေမာ | မဟာပညာတေဒဂ် | မရီရီဝင်း |
| ၄။ | ဥပ္ပလဝဏ် | တံခိုဣဒ္ဓိတေဒဂ် | မချိုချိုအောင် |
| ၅။ | ဓမ္မဒိန္နာ | ဓမ္မကထိကတေဒဂ် | မခင်သီသီဦး |
| ၆။ | နန္ဒာ | ဈာနတေဒဂ် | မစီစီဝင်း |
| ၇။ | သောဏာ | ဝီရိယတေဒဂ် | မကြူကြူစမ်း |
| ၈။ | ဘဒ္ဒါကာဝိလာနီ | ပုဗ္ဗေနိဝါသာနုဿတိဘိညာန်တေဒဂ် | မခင်မာရီ |
| ၉။ | ကုဏ္ဍလကေသီ | ခိပ္ပါဘိညာဉ်တေဒဂ် | မနီနီမွန် |
| | တေဒဂ်ရ ဥပါသိကာမများ | | |
| ၁၀။ | သုဇာတာ | သရဏဂုံတေဒဂ် | မအေးအေးမွန် |
| ၁၁။ | ဝိသာခါ | ဒါနအရာတေဒဂ် | မဥမ္မာ |
| ၁၂။ | သာမာဝတီ | မေတ္တာပွားများအားထုတ်မှုဥ္ဓိတေဒဂ် | မမြင့်မြင့်မော် |
| ၁၃။ | ယသော်ဓရာ | မဟာအဘိညာဉ်တေဒဂ် | မမြင့်မြင့်မြတ် |
| ၁၄။ | ဇနပဒကလျာဏီ | – | မတိုးတိုး |

(ရက်ခတ်သူအားလုံးသည် အမရပူရမြို့နယ်၊ ရေကြည်ပေါက်ကျေးရွာမှဖြစ်ပါသည်။)

# ရွှေကြာသက်န်း ရက်လုပ်ခြင်း

## ၁။ စည်းကမ်းချက်များ

ပြိုင်ပွဲပြုလုပ်မည့် ဒိုင်၏ စတင်ရန်အချက်ပေးခေါင်းလောင်းတီးမှ စတင်ရက်ခတ်ရန်၊ ပြိုင်ပွဲဒိုင်၏ အနားယူရန် အချက်ပေးခေါင်းလောင်းတီးမှ ရပ်နားရန်၊ ၁၅ မိနစ် ရပ်နားခေါင်းတီးမှ စတင်ရပ်နားရန်၊ သတ်မှတ်အတိုင်းအတာပြည့်လျှင် ခေါင်းဆောင်မှ ကြီးကြပ်ဒိုင်အား သတင်းပို့ရန်၊ ပြိုင်ပွဲဝင်သူက သတ်မှတ်အတိုင်းအတာပြည့်လျှင် လက်မြှောက်၍ပြရန်၊ ချည်အဖြူနှင့် ကြီးကြပ်ဒိုင်မှ လိုင်းလုပ်ပေးရန်။

## ၂။ ရက်ခတ်သူများ၏ တာဝန်များ

ပြိုင်ပွဲဝင်မည့်သူ (၁) ဦးတည်းသာရက်ခတ်ရန်၊ ရက်ဖောက်ရောက်ခြင်း၊ လွန်းလဲခြင်း စသည်တို့အတွက် အကူ (၁) ယောက်ပါဝင်ရန်၊ ရက်ကန်းစင်ရက်ခတ်နေစဉ်အတွင်း ချို့ယွင်းမှုဖြစ်ပေါ်က ရက်ကန်း ရက်ခတ်သူသာ ပြင်ဆင်ရန်၊ ပြင်ပဆရာမှ လမ်းညွှန်မှုသာပေးပြီး ဝင်ရောက်ပြင်ဆင်ခြင်းမပြုရန်၊ ရပ်နားချိန်တွင် ဆရာမှ ပြင်ဆင်ပေးရန်။

## ၃။ အမှတ်ပေးရွေးချယ်ခြင်း

အမှတ်ပေးဒိုင်လူကြီးများမှ စုပေါင်းအမှတ်ပေးရန်၊ ရက်ခတ်သူ (၁) ဦးချင်း၏ အမှတ်ပေးမှုပြုလုပ်ရန်၊ စည်းကမ်းလိုက်နာမှုမရှိပါက ၁၀ မှတ်လျှော့ရန်၊ ရက်ခတ်ပြီး သင်္ကန်း၏ ၁ ကိုက်တိုင်းတွင် ၃ နေရာစီ စစ်ဆေးရန်၊ ခေါင်းဆောင်များမှ ရရှိအမှတ်မေးပါက ဒိုင်အဖွဲ့မှ ရှင်းလင်းပြသရန်၊ ကြီးကြပ်ဒိုင်နှင့် အကဲဖြတ်ဒိုင်တို့၏ အမှတ်မတူလျှင် အကဲဖြတ်ဒိုင်၏ အမှတ်ကိုယူရန်။

## ၄။ ရွေးချယ်အဖွဲ့၏ အမှတ်ပေးစနစ်များ

သင်္ကန်းအရှည် ၆½ ကိုက်ကို ၄ နာရီအတွင်း ပြီးစီးအောင်ရက်လုပ်ရန်၊ စင်မှလက်ခတ်ကြိုး ပြတ်ခြင်း၊ ခြေနင်းကြိုးပြတ်ခြင်းတို့ဖြစ်လျှင် ဒိုင်အားအသိပေး၍ ခွင့်ပြုချက်ရမှပြင်ရန်၊ ရက်ခတ်ခြင်းကို (၄၅) မိနစ်လျှင် တစ်ကြိမ်နားရန်၊ နားချိန် (၁၅) မိနစ်ယူရန်၊ စည်းချက်နှင့်အညီ ပထမဆုံးရက်ခတ်ပြီးစီးပါက ၂၅ မှတ်ပေးရန်၊ စည်းချက်နှင့်အညီ ဒုတိယရက်ခတ်ပြီးစီးပါက ၂၂ မှတ်ပေးရန်၊ စည်းချက်နှင့်အညီ တတိယ ရက်ခတ်ပြီးစီးပါက ၁၉ မှတ်ပေးရန်၊ စည်းချက်နှင့်အညီ စတုတ္ထရက်ခတ်ပြီးစီးပါက ၁၆ မှတ်ပေးရန်။

## ၅။ အထည်သားပြစ်ချက် သတ်မှတ်ခြင်း

၁/၄၀ ချည်နှင့် ရက်လုပ်ပါက ၁ လက်မတွင် အဖောက်ပင် ၉၀ ပင်ရှိရန်၊ ၂ လက်မရှိ အဖောက်ပင်ရေ ၄ ပင်အလျှော့အတင်းဖြစ်လျှင် ၁ မှတ်လျှော့ရန်၊ အဖောက်ပင် ၂ ပင်ပူးပါလျှင် ၁ မှတ်လျှော့ရန်၊ အထည်သားတွင် ရေစီးကြောင်းတစ်ခုပါလျှင် ၁ မှတ်လျှော့ရန်၊ အထည်သားတွင် အစွန်းအထင်းဖြစ်လျှင် ၁ မှတ်လျှော့ရန်၊ သတ်မှတ်အရှည်ထက် ၁ လက်မ လျော့ပါက ၅ မှတ်လျှော့ရန်၊ သတ်မှတ်အရှည်ထက် ၄ လက်မ လျော့ပါက လုံးဝအမှတ်မပေးရန်၊ အထည်သားတွင် အနားပြဲပါလျှင် ၂ မှတ်လျှော့ရန်၊ အတိုင်ချဉ်ပြတ်၍ ရေစီးကြောင်းဖြစ်လျှင် ၁ မှတ်လျှော့ရန်။

# ဖူးမြော်ဦးချိ စွယ်တော်မြတ်စေတီ

မုနိထွတ်ခေါင်၊ ငါးမာရ်အောင်၏
ခြောက်ရောင်ပြိုးပြက်၊ ဘဝဂ်ဖြိုးတကယ်
အံ့အဲဖွယ်လျှင်၊ စွယ်တော်ဓာတ်မြတ်
ကိန်းဝပ်စံရာ၊ မန္တလာမှ
မဟာဓမ္မရံသီ၊ ကုန်းတော်ဆီဝယ်
စေတီရတနာ၊ သပ္ပါယ်စွာတည့်
မြန်မာဌာနီ၊ ဝပြောစည်လျက်
တိုင်းပြည်စိုးအုပ်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
ရှည်မြော်ပေသား၊ ညွှန်းခြွေမိန့်ခွန်း
ဦးထိပ်ပန်းသို့၊ ဆင်မြန်းခံယူ
ဒါနမှု၍၊ ပြည်သူအများ၊ စိတ်မခြားဘဲ၊
တည်ထားကွယ်ကိုး၊ လက်စုံမိုး၏။
မြတ်နိုးကြည်ညို၊ အေးရိပ်ခိုလျက်
ရွှန်းစိုတင့်လန်း၊ အဆန်းဆန်းလျှင်
ပန်းနှင့် ဆီမီး၊ ရှုမငြီးတည့်။
သစ်သီးရေကြည်၊ နံ့ဗွာန်ရည်၍
ပီတိလျှမ်းမျှ၊ ပူဇော်ကြ၏။
အမျှပေးဝေ၊ တောင်းဆုခြွေကြ
စိတ်ကြည်မြ၏။ အလှဝန်းကျင်
တန်ဆာဆင်သား၊ သစ်ပင်ပန်းမန်
ရေကန်ပြုစု၊ လှုံ့လမှုဖြင့်
ပြည်သူဒါန၊ အံ့ဖွယ်စွတည့်။
ကာလကြာရှည်၊ လူဖြစ်တည်လည်း
ဤခါဖြစ်နဲ၊ ကြုံရခဲ၏
နွဲ့ကြသဘင်၊ ပျော်ပျော်ရွှင်လျက်
စုံအင်မင်းခမ်း၊ ရှေးထုံးတမ်းနှင့်
တင်လျှမ်းကျက်သရေ၊ တက်ဖြိုးဝေ၍
ကိုးထွေမင်္ဂလာ၊ ပြုသောခါလည်း
ရတနာငွေမိုး၊ ရွှာသွန်းဖြိုး၏
တန်ခိုးဘုန်းကံ၊ နတ်တို့ဖန်သို့
ဉာဏ်တော် (၁၀၈) တောင်၊ အမြင့်ဆောင်လျက်
ပြောင်ပြောင် ရွှန်းရွှန်း၊ နှိုင်းတုကျွန်းမျှ
အမွှမ်းအမံ၊ ပန်းရန် ပန်းတော့
ကြော့မော့စုံလင်၊ ပြစ်မထင်ဘဲ
လေဝင်ဖြူးဖြူး၊ နေခြည်မြူးက
ရောင်ကူးလင်းဖြာ၊ မှောင်မျိုးကွာ၏။
သတ္တဝါအများ၊ ကုသိုလ်ပွားစေ၍
မလားအပါယ်၊ ကောင်းဖို့ရွယ်သည်
စွယ်တော်ထူးမြတ် စေတီပါတကား။

ဦးတင်ထွန်း
ပါမောက္ခ၊ မြန်မာစာဌာန
မန္တလေးတက္ကသိုလ်။

# ဘဏ္ဍာရေးဆပ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်

ဘဏ္ဍာရေးဆပ်ကော်မတီသည် ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီကြွချီ ကိန်းဝပ်စံပယ်သည့် ၇-၅-၉၄ နေ့မှ ၁၉-၅-၉၄ နေ့အထိ ကာလအတွင်း အောက်ပါလုပ်ငန်းတာဝန်များကို ယေဘုယျအားဖြင့် ဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော် ဒေသစာရီကြွချီ၍ မန္တလေးတိုင်း၊ လယ်ဝေးမြို့နယ်ရောက်ရှိချိန်မှစတင်၍ မန္တလေးမြို့၊ သာသနာ့တက္ကသိုလ် မဟာဓမ္မသဘင်ခန်းမတွင် ကိန်းဝပ်စံပယ်စဉ်ကာလများ၊ ပြန်လည်ကြွမြန်းချိန်အထိ အလှူခံရရှိငွေများ လက်ခံခြင်း၊ စာရင်းပြုစုခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ လှူဒါန်းသော လက်ဝတ်ရတနာပစ္စည်းနှင့် အခြားလှူဖွယ်ပစ္စည်းများကို လက်ခံခြင်း၊ စာရင်းပြုစုခြင်း၊ လာရောက်ဖူးမြော်သူများ ကြည်ညိုနိုင်ရန် လေးဘက်မြင် မှန်ဘီရိုများဖြင့် ပြသထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ထို့အပြင် လမ်းခရီးတစ်လျှောက် အလှူခံရရှိငွေများကို သက်ဆိုင်ရာမြို့နယ်များမှ ပေးပို့သော ဘဏ်ငွေလွှဲလက်မှတ်များအား လက်ခံခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော်တစ်ဆူ မန္တလေးမြို့ မဟာမုနိဘုရားဝင်း မိုးကောင်းဓမ္မာရုံတွင် ကိန်းဝပ်စဉ်ကာလများအတွင်း အလှူခံဌာနဖွင့်လှစ်၍ ဖူးမြော်သူများမှ လှူဒါန်းသော အလှူငွေများ လက်ဝတ်ရတနာနှင့် အခြားလှူဖွယ်ပစ္စည်းများကို လက်ခံ၍ စာရင်းပြုစုခြင်း၊ စိစစ်ခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဗုဒ္ဓမြတ်စွယ်တော် (မန္တလေး) သည် မိုးကောင်းဓမ္မာရုံတွင် ကိန်းဝပ်စဉ်ကာလအတွင်း ၁၇-၁၁-၉၄ တွင် စစ်ကိုင်းတိုင်းနှင့် ကချင်ပြည်နယ်သို့လည်းကောင်း၊ ၂၁-၁-၉၅ တွင် ရှမ်းပြည်မြောက်ပိုင်းသို့လည်းကောင်း၊ ၃-၃-၉၅ တွင် ရှမ်းပြည်နယ်တောင်ပိုင်းနှင့် အရှေ့ပိုင်းသို့လည်းကောင်း၊ ၁-၄-၉၅ နေ့တွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင်သို့လည်းကောင်း၊ ၁၀-၆-၉၅ တွင် မန္တလေးတိုင်း ကျောက်ဆည်ခရိုင်သို့လည်းကောင်း ဒေသစာရီကြွချီရာမှ အလှူခံရရှိငွေများကို သက်ဆိုင်ရာ မြို့နယ်များမှ ပေးပို့သည့် ဘဏ်ငွေလွှဲလက်မှတ်များကို လက်ခံခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ယင်းကာလများတွင် မန္တလေးမြို့ ဓမ္မရုံသီကုန်းတော် အလှူခံဌာနတစ်ခုကို ၃-၈-၉၅ နေ့တွင် စတင်ဖွင့်လှစ်ခဲ့ပြီး အလှူငွေ၊ လက်ဝတ်ရတနာပစ္စည်းများနှင့် အခြားလှူဖွယ်ပစ္စည်းများကို လက်ခံ ဆောင်ရွက်ခဲ့ပါသည်။

စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ချိန်ကာလအတွင်း မန္တလေးမြို့ မဟာဓမ္မရုံသီကုန်းမြေရှိ အစည်းအဝေးခန်းမတွင် အနုမောဒနာ အခမ်းအနားများကို လပြည့်၊ လကွယ်နေ့တိုင်း ကျင်းပပြုလုပ်ခဲ့ပါသည်။ ယင်းအနုမောဒနာ အခမ်းအနားများတွင် မန္တလေးတိုင်း၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်၍ အလှူရှင်များထံမှ အလှူငွေများကို လက်ခံခြင်း၊ အနုမောဒနာဂုဏ်ပြုလွှာများပေးအပ်ခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။ အခမ်းအနားမှ ရရှိသော အလှူငွေများကို စာရင်းပြုစု၍ ဘဏ်သို့ ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

## အလှူငွေနှင့် အလှူပစ္စည်းများ လက်ခံထိန်းသိမ်းခြင်း

မန္တလေးမြို့သို့ ဗုဒ္ဓမြတ်စွယ်တော် ဒုတိယအကြိမ်ဒေသစာရီကြွခရီးကို ၉-၁-၉၇ နေ့မှ ၁-၂-၉၇ နေ့အထိ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်နှင့် စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် ကိန်းဝပ်ပူဇော်ခဲ့ပါသည်။ ယင်းကာလအတွင်း အလှူရှင်များမှ လှူဒါန်းသော အလှူငွေများ၊ လက်ဝတ်ရတနာများနှင့် အခြားလှူဖွယ်ပစ္စည်းများကို အလှူခံဌာနများ ဖွင့်လှစ်၍ အလှူခံရရှိငွေများကို စာရင်းပြုစုခြင်း၊ ဘဏ်သို့ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။ ဗုဒ္ဓမြတ်စွယ်တော် ကြွရောက်ချိန်အတွင်း ကျပ် ၅၀၀၀ နှင့်အထက် အလှူရှင်များထံမှ အလှူငွေနှင့် လက်ဝတ်ရတနာပစ္စည်းများကို မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် တာဝန်ရှိသူများ တက်ရောက်၍ လက်ခံရယူခြင်း၊ အနုမောဒနာ ဂုဏ်ပြုလွှာများ ပေးအပ်ခြင်း အခမ်းအနားများကို ဆောင်ရွက်ခဲ့ပါသည်။ လှူဒါန်းသော လက်ဝတ်ရတနာပစ္စည်းများနှင့် အခြားလှူဖွယ်ပစ္စည်းများကို လက်ခံခြင်း၊ ဗုဒ္ဓမြတ်စွယ်တော် ကိန်းဝပ်စဉ် အများပြည်သူများသို့ မှန်ဘီရိုများဖြင့် ပြသထိန်းသိမ်းထားရှိကြပါသည်။ ဗုဒ္ဓမြတ်စွယ်တော် ပြန်လည်ကြွမြန်းချိန်တွင် စိစစ်၍ ဘဏ်သို့ အပ်နှံခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

စွယ်တော်မြတ်စေတီတော် (မန္တလေး) ဂန္ဓကုဋီတိုက်တွင် ကိန်းဝပ်စံပါယ်မည့် မုဒြာ ၉ မျိုး ကြေးဆင်းတုရုပ်ပွားတော်များ မန္တလေးတိုင်းအတွင်း လှည့်လည်အပူဇော်ခံ ဒေသစာရီကြွချီသည့် ခရီးစဉ်မှ ရရှိသော အလှူငွေများ၊ လက်ဝတ်ရတနာများနှင့် လှူဖွယ်ပစ္စည်းများကို လက်ခံခြင်း၊ ဘဏ်သို့အပ်နှံခြင်းများကို ဆောင်ရွက်ခဲ့ပါသည်။

ယခုအချိန်တွင် မဟာဓမ္မရံသီကုန်းတော်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် အလှူခံဌာနတစ်ခုနှင့် မန္တလေး မဟာမုနိဘုရားကြီးဝင်း၊ မိုးကောင်းဓမ္မာရုံတွင် အလှူခံဌာနတစ်ခု၊ ပေါင်း အလှူခံဌာန ၂ ခု ဖွင့်လှစ်ကာ အလှူငွေများ၊ လက်ဝတ်ရတနာများနှင့် အခြားလှူဖွယ်ပစ္စည်းများကို လက်ခံလျက်ရှိပါသည်။ အလှူခံဌာနများတွင် တိုင်းအဆင့်ရှိ ဌာနဆိုင်ရာများကို မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ အလှည့်ကျ တာဝန်ပေးအပ်၍ အလှူခံရရှိငွေများနှင့် လက်ဝတ်ရတနာများကို မန္တလေးတိုင်း စာရင်းရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာ့စီးပွားရေးဘဏ် (၁) မန္တလေးမှ ကိုယ်စားလှယ်များက စိစစ်၍ ဘဏ်သို့ ပေးသွင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

## စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေးလုပ်ငန်း ဘဏ္ဍာရေးဆပ်ကော်မတီ၏ ၃၀-၉-၉၇ နေ့အထိ ရငွေစာရင်း

မန္တလေးမြို့၊ ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မသဘင်ခန်းမတွင် ဗုဒ္ဓမြတ်စွယ်တော်ကိန်းဝပ်စံပယ်စဉ် အလှူခံရငွေ ကျပ် ၄၉,၆၀၅.၃၂၁.၆၇ နှင့် လမ်းခရီးတစ်လျှောက်အလှူခံရငွေ ကျပ် ၅,၆၂၅,၂၀၇.၃၃၊ ဗုဒ္ဓစွယ်တော်မြတ် ဒုတိယအကြိမ် မန္တလေးမြို့၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်နှင့် စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် ကိန်းဝပ်စံပယ်စဉ် အလှူခံရငွေကျပ်

၂၆,၉၅၉,၄၄၆၊ စွယ်တော်မြတ်တစ်ဆူ မန္တလေးမြို့ မဟာမုနိဘုရားကြီးဝင်း၊ မိုးကောင်းဓမ္မာရုံနှင့် စွယ်မြတ်စေတီတော် (မန္တလေး) တို့တွင် ကိန်းဝပ်စံပယ်ချိန် ၃၀-၉-၉၇ နေ့အထိ အလှူခံရရှိငွေ ကျပ် ၆၉,၂၀၀,၄၁၄.၂၅၊ မြတ်စွယ်တော် စွယ်တော်တဆူ ကချင်၊ ရှမ်း၊ စစ်ကိုင်း၊ မကွေး၊ မန္တလေးတိုင်းအတွင်း ဒေသစာရီခရီး ကြွတော်မူစဉ် အလှူခံရငွေ ကျပ် ၂၁,၆၉၉,၁၄၉.၂၅၊ တပ်မတော် (ကြည်း/ ရေ/ လေ) မှ လှူဒါန်းငွေ ကျပ် ၂,၀၅၁,၆၃၇.၆၃၊ အခြားလှူဒါန်းငွေ ကျပ် ၈၆၁,၁၆၀၊ မုဒြာ ၉ မျိုး ကြေးဆင်းတု ရုပ်ပွားတော်ကိုးဆူ ဒေသစာရီခရီးလှည့်လည်စဉ် လှူဒါန်းငွေ ကျပ် ၂,၇၃၉,၉၂၃.၅၀၊ သာသနာရေးဝန်ကြီး ဌာနမှ ထည့်ဝင်ငွေ ကျပ် ၁၀,၆၃၇,၂၉၄၊ ပစ္စည်းရောင်းရငွေ၊ ငှားရမ်းခနှင့် အခြားရငွေ ကျပ် ၂၃,၂၁၉,၇၂၅.၉၈၊ အလှူခံရရှိသော ရွှေစင် ၄.၁၈၃ ပိဿာနှင့် ငွေစင် ၂.၁၄ ပိဿာကို တည်ဆောက်ရေး လုပ်ငန်းရှင်များသို့ တန်ဖိုးဖြတ်ပေး တန်ဖိုးငွေ ကျပ် ၁၆,၇၉၈,၁၄၅၊ စိန်ဖူးတော်တွင် တပ်ဆင်ရန် ရတီကိုက်စိန်များ ဝယ်ပေးသော အလှူရှင်များထံမှ အလှူခံရငွေကျပ် ၃,၁၅၁၃၅၀၊ မြတ်စွယ်တော် အလှူခံ ရငွေများ ငွေစုစာအုပ် (အက်စ်အက်ဖ် ၁၁၉၆) ၏ ၃၁-၃-၉၆ နေ့အထိ ဘဏ်တိုးရငွေကျပ် ၈,၃၉၉,၅၉၄.၆၄၊ စုစုပေါင်းအလှူခံရငွေ ကျပ် ၂၄၁,၀၆၀,၄၂၅.၂၅ ရှိပါသည်။

## အလှူခံရရှိသည့် နိုင်ငံခြားငွေများ

ဗုဒ္ဓမြတ်စွယ်တော် ခေတ္တဒေသစာရီကြွချီလာ၍ မန္တလေးမြို့၊ ပရိယတ္တိသာသနာ့တက္ကသိုလ် မဟာဓမ္မသဘင်ခန်းမတွင် ခေတ္တကိန်းဝပ်စံပယ်တော်မူစဉ် ၁၉၉၄ ခုနှစ်၌ နိုင်ငံခြားငွေလဲလက်မှတ် (မြန်မာ အက်ဖ်အီးစီ) ၁၃၉ ယူနစ်နှင့် အမေရိကန်ငွေကြေး ၁၄၆ ဒေါ်လာ အပါအဝင် နိုင်ငံခြားငွေ ၁၀ မျိုး အလှူခံရရှိ ခဲ့ပါသည်။ ၁၉၉၇ ခုနှစ်၊ မန္တလေးမြို့၊ မဟာအတုလဝေယန် (အတုမရှိ) ကျောင်းတော်ကြီးနှင့် စွယ်တော် မြတ် စေတီတော် (မန္တလေး) တွင် ခေတ္တ ကိန်းဝပ်စံပယ်တော်မူစဉ် နိုင်ငံခြားငွေလဲလက်မှတ် (မြန်မာ အက်ဖ်အီးစီ) ၃၀၈ ယူနစ်၊ အမေရိကန် ငွေကြေး ၁၄၅၈ ဒေါ်လာအပါအဝင် နိုင်ငံခြားသုံးငွေ ၁၇ မျိုးကို အလှူခံရရှိခဲ့ပါသည်။ ဗုဒ္ဓမြတ်စွယ်တော်တစ်ဆူ မန္တလေးမြို့ မဟာမုနိဘုရားကြီးဝင်း၊ မိုးကောင်းဓမ္မာရုံတွင် ခေတ္တကိန်းဝပ်စံပယ်စဉ်နှင့် စွယ်တော်မြတ်စေတီ (မန္တလေး) တွင် ကိန်းဝပ်စံပယ်စဉ် နိုင်ငံခြားငွေလဲ လက်မှတ် (မြန်မာအက်ဖ်အီးစီ) ၁၄၉ ယူနစ်နှင့် နိုင်ငံခြား အကြီးအကဲများနှင့် အများပြည်သူတို့မှ လှူဒါန်းငွေ အမေရိကန်ငွေကြေး ၂၀၅၂၀ ဒေါ်လာ အပါအဝင် နိုင်ငံခြားငွေ ၁၀ မျိုးကို အလှူခံရရှိခဲ့ပါသည်။ သို့ပါ၍ စုစုပေါင်း နိုင်ငံခြားငွေလဲလက်မှတ် (မြန်မာအက်ဖ်အီးစီ) ၅၉၆ ယူနစ်၊ အမေရိကန်ငွေကြေး ၂၁၄၂၄ ဒေါ်လာ အပါအဝင် နိုင်ငံခြားငွေ ၁၉ မျိုး အလှူခံရရှိခဲ့ပါသည်။

အလှူခံရရှိသော နိုင်ငံခြားငွေများကို ဘဏ္ဍာငွေရှာကြံရေးအဖွဲ့မှ တာဝန်ရှိသူများက အမျိုးအစား ခွဲခြား၊ စိစစ်၊ မှတ်တမ်းတင်၍ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ တင်ပြခဲ့ပါသည်။ အလှူခံရရှိသော နိုင်ငံခြားငွေများကို သော့ ၂ ချက်ခတ်သေတ္တာဖြင့် ချိတ်ပိတ်၍ မြန်မာ့စီးပွားရေးဘဏ် (၁) တွင် စနစ်တကျ အပ်နှံထားပြီးဖြစ်ပါသည်။

## ရတနာပစ္စည်းစာရင်း အကျဉ်းချုပ်

၇-၅-၉၄ မှ ၁၉-၅-၉၄ အထိ အလှူခံရရှိသည့် အထုပ် ၆၇၂၂၊ ၂၀-၅-၉၄ မှ ၈-၁၂-၉၆ အထိ အလှူခံရရှိသည့် အထုပ် ၁၃၄၃၊ ၉-၁-၉၇ မှ ၁-၂-၉၇ အထိ အလှူခံရရှိသည့် အထုပ် ၁၃၈၀၊ ၅-၂-၉၇ မှ ၃-၉-၉၇ အထိ လှူခံရရှိသည့် အထုပ် ၄၀ ဖြစ်သည်။

## သန့်စင်ပြီး ရွှေချိန်တန်ဖိုးစာရင်း

အထည်ပျက် ရွှေတုံး ၂၈ ကျပ် ၁၅ ပဲ၊ အထည်ပျက် ရွှေများ ၃၁ ကျပ်သား ၁၃ ပဲနှင့် အတုမရှိ ကျောင်းတော်အတွက် ၁၀၇ ကျပ်သား ၁၀ ပဲ ၅ ရွေးသား ရှိသည်။ မသန့်စင်မီ စုစုပေါင်းရွှေချိန် ၁၆၈ ကျပ်သား ၆ ပဲ ၅ ရွေးနှင့် သန့်စင်ပြီး (မီးလင်းရွှေ) အခေါက်တုံးရွှေများ ၁၃၈ ကျပ်သား ၈ ပဲ ရှိသည်။

အလှူခံရရှိသော ရတနာပစ္စည်းအထုပ်များမှ ၆၇၉၅ ထုပ်ကို သန့်စင်ပြီး ရရှိသော ရွှေစင် ၄၄၁ ကျပ် ၈ ပဲသားကို ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း၊ ရန်ကုန်မြို့သို့ ပေးပို့ခဲ့ပြီးဖြစ်ပါသည်။

အထက်ပါစာရင်းအရ ယခင်သန့်စင်ရန် ကျန် ၂၈ ကျပ်သား ၁၅ ပဲ အပါအဝင် ထပ်မံအလှူခံရရှိသော မသန့်စင်ရသေးသည့် ရွှေချိန်စုစုပေါင်းမှာ ၁၆၈ ကျပ်သား ၆ ပဲ နှင့် ၅ ရွေး ဖြစ်ပါသည်။

ယင်းတို့အား သန့်စင်ရာ မီးလင်းရွှေ (အခေါက်ရွှေတုံး) ၁၃၈ ကျပ်သား ၈ ပဲ ရရှိပါသည်။ သန့်စင်ပြီး အခေါက်တုံးရွှေများကို တစ်ဆယ်ကျပ်သားတုံး ၁၃ တုံးနှင့် ၈ ကျပ် ၈ ပဲသားတုံး ၁ တုံး စုစုပေါင်း ၁၄ တုံး ပြုလုပ်၍ သေတ္တာငယ်တွင် ထည့်သွင်းချိတ်ပိတ်ပြီး သေတ္တာကြီး တစ်လုံးတွင်ထပ်မံထည့်သွင်းချိတ်ပိတ်၍ ဘဏ္ဍာရေးကော်မတီမှ မြန်မာ့စီးပွားရေးဘဏ် (၁) အက်စ်ဒီသို့ နေ့စွဲ ၂ – ၆ – ၉၇ ဖြင့် အပ်နှံထားပါသည်။

# စွယ်တော်မြတ်စေတီ တည်ဆောက်ရေးမှတ်တမ်း

## မြေနေရာရွေးချယ်သတ်မှတ်ခြင်း

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်သည် ၁–၅–၉၅ နေ့တွင် တာဝန်ရှိသူများနှင့်အတူ အမရပူရမြို့နယ်၊ ရှားတောလေးကျေးရွာအနီးရှိ၊ ရန်ကုန်–မန္တလေးကားလမ်းအရှေ့ဘက်မြေနေရာအား ရွေးချယ်သတ်မှတ်ပေးခဲ့ပါသည်။ စွယ်တော်မြတ်စေတီတော်တည်ထားမည့်မြေအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မြေစမ်းသုတေသနဌာနမှ ၁၉၉၅ ခုနှစ်၊ မေလအတွင်း မြေစမ်းသပ်ခဲ့ပါသည်။

## ပုံစံထုတ်လုပ်ခြင်း

စွယ်တော်မြတ်စေတီတော် ပုံစံများကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (ရုံးချုပ်) က တွက်ချက်ရေးဆွဲထုတ်လုပ်ပါသည်။

## စေတီတော် တည်ဆောက်ခြင်း

ရတနာအုတ်မြစ်တော်စီ မင်္ဂလာ အခမ်းအနားကို ၄–၈–၉၅ နေ့တွင် ကျင်းပပြီးစီးလျှင် ပြီးစီးချင်း တည်ဆောက်ရေးလုပ်ငန်းများအား စတင်ဆောင်ရွက်ခဲ့ပါသည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအနေဖြင့် မြေကြီးတူးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ပါသည်။ မြေတူးစက် (Back Hoe) မောင်းတံရှည် (၁) စီး၊ မောင်းတံတို (၂) စီးနှင့် လူအင်အား ၃၀၀ ဖြင့် နေ့ရောညပါ ဆောင်ရွက်ခဲ့ပါသည်။ မြေအောက်အနက် ၁၆ ပေအထိ တူးရသည်။ မိုးတွင်းအချိန်ကာဖြစ်သဖြင့် ခက်ခဲစွာ အထူးကြိုးပမ်းဆောင်ရွက်ရပါသည်။ မြေတင်စက် (Loader) (၁) စီး၊ တစ်ပါကား (၁၀) စီးဖြင့် သယ်ယူဆောင်ရွက်ရပါသည်။ မလိုအပ်သောနေရာမှ မြေပြိုကျခြင်းများမှ အထူးအန္တရာယ်ရှိသဖြင့် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တိုင်းမှူးနှင့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တိုင်းအင်ဂျင်နီယာမှူးကြီး၊ အင်ဂျင်နီယာမှူးတို့မှ စနစ်တကျစီမံ ဆောင်ရွက်ပေးခဲ့ပါသည်။

အုတ်မြစ်တွင် သံကူကွန်ကရစ်တိုင် ၁၄၅ တိုင် ပါဝင်သည်။ ပင်မစေတီအုတ်မြစ်တိုင် ၁၂၇ တိုင်နှင့် မကာရံလှေကားအုတ်မြစ်တိုင် ၁၈ တိုင်ဖြစ်ပါသည်။

အုတ်မြစ်တော်ကြီးတွင် စေတီတော်အလယ်တည့်တည့် အုတ်မြစ်တော်ကြီးမှာ အချင်း ၆၀ ပေဖြစ်ပြီး ထုမှာ ၆ ပေ ရှိသည်။ သံကူကွန်ကရစ်အုတ်မြစ်ဖြစ်ပါသည်။ ၂ ရက်နှင့် ၂ ည မရပ်မနားဘဲ ကွန်ကရစ်လောင်းခဲ့ရပါသည်။

စွယ်တော်မြတ်စေတီတော်ကြီး၏ အဓိက တည်ဆောက်ရေးမှာ သံကူကရစ်လုပ်ငန်းများဖြစ်ပါသည်။ ကွန်ကရစ်ဖျော်စက် ၉ လုံး၊ တုံခါစက် ၉ လုံး၊ လုပ်သား အင်အား ၇၀၀ နှင့် တပ်မတော်သားများ လုပ်အားဒါနရှင်များဖြင့် တက်ညီလက်ညီဆောင်ရွက်ခဲ့ရပါသည်။

ကွန်ကရစ်များ၊ အုတ်များကို မြေပြင်မှ စေတီတော်ကြီး ကွန်ကရစ်လောင်းသည့်အမြင့်အထိ မော်တာနှင့် (Wineh) တို့ဖြင့် ပေးပို့ပါသည်။ သံမဏိတိုင်စင် ၄ ခုနှင့် သံမဏိကြိုးလိုင်း ၁ ခုဖြစ်ပါသည်။ သံမဏိလိုင်းမှာ သစ်လုပ်ငန်းမှဖြစ်ပါသည်။

မြေပေါ်အမြင့် ၁၉ ပေ အမြင့်တွင် ဂန္ဓာကုဋီတိုက်ကြမ်းခင်းကို တည်ဆောက်ရပါသည်။ ၄င်းကြမ်းခင်းမှာ ၉ နားညီ နဝဂံပုံဖြစ်ပါသည်။ အနား ၁ ခုမှာ အရှေ့တည့်တည့်အရပ်သို့ မျက်နှာလှည့်ထားပါသည်။ အနား ၁ ခုအရှည်မှာ ၅၅ ပေ ဖြစ်ပါသည်။ တစ်ပြိုင်နက်တည်းမှာ ပင်မ၊ မဟာရံတံတိုင်းကြီး၊ မကရုံးလှေကားများနှင့် သရက်ကင်းလှေကားများကို တည်ဆောက်ခဲ့ပါသည်။

စေတီတော်ကြီးတည်ဆောက်ရာတွင် ၉၂ ပေ ၆ လက်မ အမြင့်အထိမှာ သံကူကွန်ကရစ်ထုထည်ကြီးမားပါသည်။ ၎င်း၏ အထက်ပိုင်းတွင် ကွမ်းတောင်နှင့် အထွတ်စေတီတို့မှာ ကွန်ကရစ်ပမာဏ မကြီးမားလှတော့ပါ။ သို့သော် အမြင့်သို့ရောက်လာသဖြင့် လုပ်ငန်းဆောင်ရွက်ရသည်မှာ အလွန်အန္တရာယ်ကြီးမားလှပါသည်။ ညအခါ၌ပါ ဆောင်ရွက်ရခြင်း၊ လေတိုက်ခတ်ခြင်းမှာ ပြင်းထန်လှသဖြင့် အသက်ကယ်ခါးပတ်များ သုံးရပါသည်။ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ ညွှန်ကြားချက်ဖြင့် ဝါးငြမ်း ၂ ထပ် ပြုလုပ်၍ ဆောင်ရွက်ရသဖြင့် လုပ်ငန်းအလွန်ပြေပြစ်၍ အန္တရာယ် လျော့ပါးသွားပါသည်။

စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်သော စွယ်တော်မြတ်စေတီ (မန္တလေး) ၏ ဒီဇိုင်းပုံစံကို နောက်ဆက်တွဲ (က)၊ ပန္နက်ပုံစံကို နောက်ဆက်တွဲ (ခ)၊ တည်နေရာပြပုံစံကို နောက်ဆက်တွဲ (ဂ)၊ တည်ဆောက်ရေးလုပ်ငန်းတွင် အဓိက အသုံးပြုခဲ့သော ပစ္စည်းများစာရင်းကို နောက်ဆက်တွဲ (ဃ)၊ စွယ်တော်မြတ်စေတီတည်ဆောက်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် အင်ဂျင်နီယာများစာရင်းကို နောက်ဆက်တွဲ (င)၊ စွယ်တော်မြတ်စေတီတော်တွင် တပ်ဆင်သည့် လျှပ်စစ်ပစ္စည်းများစာရင်းကို နောက်ဆက်တွဲ (စ)၊ စွယ်တော်မြတ်စေတီတော်နှင့် ပတ်သက်သည့် အချက်အလက်များစာရင်းကို နောက်ဆက်တွဲ (ဆ/၈) တို့ဖြင့် အသီးသီးဖော်ပြထားသည်။

## လျှပ်စစ်လုပ်ငန်း ဆောင်ရွက်မှုအကျဉ်း

စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေးစီမံကိန်းကို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လျှပ်စစ်အနေဖြင့် ၁၉၉၅ ခု၊ ဇူလိုင်လမှစတင်၍ ၁၉၉၆ ခု၊ ဒီဇင်ဘာလအထိ အထူးကြိုးစား၍ ဆောင်ရွက်ခဲ့ရပါသည်။ လုပ်ငန်းကို အဓိကအားဖြင့် ပင်မစေတီတော် လျှပ်စစ်မီးတပ်ဆင်ခြင်းနှင့် စီမံကိန်းကာလ အထောက်အကူပြု ယာယီလျှပ်စစ်မီးတပ်ဆင်ခြင်းဟူ၍ နှစ်ပိုင်းခွဲခြားပြီး ဆောင်ရွက်ခဲ့ရပါသည်။ ပင်မစေတီတွင် တပ်ဆင်မည့် စာရင်းကို သီးခြားဖော်ပြထားပါသည်။ လုပ်ငန်းစံချိန်စံညွှန်းနှင့်အညီ ဆောင်ရွက်ခဲ့ပါသည်။

## စီမံကိန်းကာလ အထောက်အကူပြု ယာယီလျှပ်စစ်လုပ်ငန်းများ

လုပ်ငန်းခွင်တစ်ခုလုံးရှိ ယာယီအဆောက်အဦးအားလုံးနှင့် စေတီတော်ကြီး၏ လုပ်ငန်းခွင် အသီးသီးအား အလင်းရောင်ရရှိရန် လိုအပ်သလို စီစဉ်တပ်ဆင်ပေးရခြင်း၊ ရေစက်ရုံများသို့ ပါဝါလိုင်းနှင့် ထိန်းချုပ်စနစ်များ တပ်ဆင်ပေးခြင်း၊ လုပ်ငန်းခွင်သုံး စက်အမျိုးမျိုးဖြစ်သည့် ဝန်တင်စက်များ၊ သံဂဟေစက်များ၊ ကွန်ကရစ်ဖျော်စက်များ၊ တုန်ခါစက်များ၊ ရွှေဘော်စက်များ၊ ဖြတ်စက်များ၊ ဖောက်စက် များ၊ ကျောက်စက်များ စသည့် စက်အမျိုးမျိုးအား ယာယီပါဝါများ လိုအပ်သလို တပ်ဆင်ပေးရခြင်း၊ မောင်းနှင်ပေးရခြင်း၊ ပြုပြင်ပေးရခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီမံကိန်းကာလတစ်လျှောက် ပွဲတော်များတွင် ယာယီမီးအလှများ တပ်ဆင်ပေးခြင်းနှင့် ၂၄ နာရီ အချိန်ပြည့် တာဝန်ချ ဆောင်ရွက်မှု လုပ်ငန်းများ ဆောင်ရွက်ခြင်း စသည့်လုပ်ငန်းများကို စီးမံကိန်းအစမှ အဆုံးတိုင် ဘေးန္တရာယ်ကင်းရှင်းစွာဖြင့် အောင်မြင်စွာ ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။

## ရေသန့်လုပ်ငန်းအကျဉ်း

စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ရေးစီမံကိန်းတွင် လက်ထောက်အင်ဂျင်နီယာ (ရေသန့်) ဒေသအဖွဲ့ (၂)၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မန္တလေးမြို့မှ တာဝန်ယူဆောင်ရွက်ရသော ရေနှင့် သန့်ရှင်းမှုဆိုင်ရာလုပ်ငန်းများကို ၁၂-၇-၉၅ နေ့မှ စတင်၍ သံဃာတော်များ ချိုးရေကန်သို့ ယာယီ ရေလိုင်းများ ဆက်သွယ်ပေးခြင်းမှ စတင်ဆောင်ရွက်ခဲ့ပါသည်။

ရေသန့်ဌာနမှ ဆောင်ရွက်ရာတွင် ကျေးရွာရေရရှိရေးမှ ကြိုတင်၍ တူးဖော်ထားသော စက်ရေတွင်း (၄) တွင်းမှ အလိုရှိသော ဆောက်လုပ်ရေးလုပ်ငန်းခွင်များနှင့် ယာယီသန့်စင်ခန်းများသို့ ရေလိုင်းများ ခွဲပေးရခြင်းဖြစ်ပါသည်။

တွင်းအမှတ် (၁) သည် ၄ လက်မတွင်းဖြစ်ပြီး စေတီတော်၏ အနောက်တောင်ဘက်တွင် တည်ရှိကာ မြင်းကောင်ရေ (၁၀) ကောင်ရှိ မော်တာနှင့် ၃ ၁/၂ လက်မနှစ်လုံးထိုး လျှပ်စစ်လေမှုတ်စက်များ တပ်ဆင်ကာ အစည်းအဝေးခန်းမ၊ အရေးကြီးပုဂ္ဂိုလ်များ သန့်စင်ခန်း၊ ဓမ္မာရုံရေကန်၊ သစ်တောဌာန၊ ကွန်ကရီဖျော်စက်၊ ယာယီသန့်စင်ခန်းများနှင့် အနောက်ဘက်လမ်းမကြီးရှိ လမ်းလယ်ကျွန်းတစ်လျှောက် စိမ်းလမ်းစိုပြည်ရေးအတွက် အသုံးပြုပါသည်။

တွင်းအမှတ် (၂) သည် ၄ လက်မတွင်းဖြစ်ပြီး စေတီတော်၏မြောက်ဘက်ရှိကာ မြင်းကောင်ရေ (၁၈) ကောင်ရှိ မော်တာနှင့် ၃ ၁/၂ လက်မနှစ်လုံးထိုး လျှပ်စစ်လေမှုတ်စက်များ တပ်ဆင်၍ မဟာလောကား ကြီး၏ မြောက်ဘက် ရေပန်းကန်၊ ရင်ပြင်တော် ဆောက်လုပ်ရေးလုပ်ငန်းခွင်၊ အရှေ့ဘက်လမ်းလယ်ကျွန်း တစ်လျှောက် စိမ်းလမ်းစိုပြည်ရေးအတွက် အသုံးပြုပါသည်။

တွင်းအမှတ် (၃) သည် စေတီတော်၏ အနောက်မြောက်ဘက်တွင်ရှိကာ ကျေးရွာရေရရှိရေးမှ ဒီဇယ်အင်ဂျင်နှင့် လေမှုတ်စက်ကို တပ်ဆင်၍ ဗျူဟာမှူးရုံး၊ အင်ဂျင်နီယာမှူးရုံး၊ မြန်မာမှုရုံး၊ မြို့ပြရုံးနှင့် လျှပ်စစ်ရုံးတို့အတွက် အသုံးပြုပါသည်။

တွင်းအမှတ် (၄) သည် ၈ လက်မတွင်းဖြစ်ပြီး စေတီတော်၏ အရှေ့တောင်ဘက်တွင်ရှိကာ မဟာလေ့ကားတောင်ဘက် ရေပန်းကန်၊ ရင်ပြင်တော်ပတ်လည် စိမ်းလန်းစိုပြည်ရေးနှင့် ဆောက်လုပ်ရေးလုပ်ငန်းခွင်များတွင် တိုက်ရိုက်အသုံးပြုခဲ့ပါသည်။

စက်ရေတွင်းများ ရေထွက်နှုန်းသည် တွင်းအလိုက် ၁ နာရီလျှင် ၅၅၀၀၉၀၀ ဂါလန်အထိ ထွက်ရှိပါသည်။ အခြားထူးခြားစွာဆောင်ရွက်ပေးရသောလုပ်ငန်းများမှာ ၁½ လက်မ ဂျီအိုင်ပိုက်ဖြင့် ၉၂ ပေ၊ ၆ လက်မ နှင့် ၁၇၁ ပေ အမြင့်တို့တွင် စေတီတော်ပတ်လည်၌ ကွန်ကရီလုပ်ငန်းနှင့် သန့်စင်မှုလုပ်ငန်းတို့အတွက် စနစ်တကျ ရေလိုင်းတပ်ဆင်ပေးရခြင်းလုပ်ငန်းဖြစ်ပါသည်။ ၎င်းလုပ်ငန်းတွင် မြင်းကောင်ရေ ၅.၅ ရှိ ရေမြှုပ်ရေတင်စက်နှင့် မြင်းကောင်ရေ (၂) ကောင်ရှိ ရေတင်စက်များကို အသုံးပြုခဲ့ရပါသည်။

စေတီတော် ယာယီရေပေးရေးလိုင်းများအတွက် စုစုပေါင်း အသုံးပြုရသော ပိုက်အရွယ်အစားအမျိုးမျိုး၏ အရှည်မှာ ပေပေါင်း ၁၉၅၆၀ ရှိပါသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် အနီးကပ် ကြီးကြပ်ကွပ်ကဲမှုအဖွဲ့များ၏ လမ်းညွှန်ချက်များကို သာလျှင် ဆောင်ရွက်ပေးရခြင်းဖြစ်ပြီး တည်ဆောက်ရေးကာလအတွင်း လုပ်ငန်းများ သွက်လက်မြန်စွာနှင့် အဆင်ပြေချောမွေ့စေရေးတို့အတွက် ယာယီဆောင်ရွက်ပေးရသော လုပ်ငန်းများသာဖြစ်ပါသည်။

အဆိုပါ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ခန့်မှန်းခြေစာရင်းများနှင့် ဒေသဆိုင်ရာဈေးနှုန်းများ ရေးဆွဲ၍ ဌာနဆိုင်ရာ အကြီးအကဲများ၏ ခွင့်ပြုမိန့်တောင်းခံခဲ့ပါသည်။ ခန့်မှန်းခြေစာရင်းတွင် အပိုင်း (၃) ပိုင်း ခွဲခြားရေးဆွဲပြီး ခန့်မှန်းခြေတန်ဖိုးမှာ ကျပ် ၄၂၀၃၀၀၀/ – ဖြစ်ပါသည်။

စွယ်တော်မြတ်စေတီတော်မှ တရုတ်ပြည် မြတ်စွယ်တော် ပြန်လည်ကြွချီသွားသည်အထိ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ပြန်လည်သိမ်းဆည်းရသည့် ရေသန့်ပစ္စည်းများကို ယတရ (၂) မြစ်ငယ်သို့ လွှဲပြောင်းအပ်နှံပေးပြီး စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး၊ ရေသန့်လုပ်ငန်းများကို ၇–၂–၉၇ နေ့တွင် အပြီးသတ် ဆောင်ရွက်ခဲ့ပါသည်။

လုပ်ငန်းများ ဆောင်ရွက်ရာတွင် လက်ထောက်အင်ဂျင်နီယာ (၁) ဦး အငယ်တန်းအင်ဂျီယာ (၂) ဦး၊ ရေသန့် (၁) ဦးနှင့် အငယ်တန်းအင်ဂျင်နီယာ–၃ ရေသန့် (၂) ဦးတို့ဖြင့် ဦးဆောင်၍ အချိန်ပြည့်ဆောင်ရွက်ခဲ့ရပါသည်။

# စွယ်တော်မြတ်စေတီတော် (မန္တလေး)




၁။ စိန်ဖူးတော်
၂။ ထီးတော်
၃။ ငှက်ပျောဖူး
၄။ ကြာနု၊ ကြာလန်၊ ကြာမှောက်
၅။ ပေါင်းပြား (ပေါင်းရစ်)
၆။ သပိတ်မှောက်
၇။ ခေါင်းလောင်း
၈။ စွန်ကုပ်/စွန်ငုတ်
၉။ ကွမ်းတောင်
၁၀။ ကြာဝန်း (၃) ဆင့်
၁၁။ ကာလသာအိုး (၂၇) အိုး
၁၂။ ပစ္စယ် (၃) ဆင့်
၁၃။ အရံစေတီ (၉) ဆူ
၁၄။ ရောင်မှိန် (၁၈) မှိန်
၁၅။ မှိန် (၉) မှိန်
၁၆။ မကန်းလှေကား (၉) စင်း
၁၇။ ခြင်္သေ့နှင့် ခြင်္သေ့ခုံ (၁၈) ခု
၁၈။ ဝိသုကာမနုတ်ကွန်း (၉) ခု

# နောက်ဆက်တွဲ (ဂ)

## မန္တလေးစွယ်တော်မြတ်စေတီ တည်နေရာပြပုံစံ။



နောက်ဆက်တွဲ (ခ)



## စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ခြင်းလုပ်ငန်းတွင် အသုံးပြုခဲ့သော အဓိကပစ္စည်းများစာရင်း

| စဉ် | ပစ္စည်းအမျိုးအမည် | ရေတွက်ပုံ | အရေအတွက် |
|---|---|---|---|
| ၁။ | ဘိလပ်မြေ | အိတ် | ၁၃၂၈၈၃ |
| ၂။ | သံချောင်းလုံး (ဆိုက်စုံ) | တန် | ၁၆၁၄ |
| ၃။ | သွပ်နန်းကြိုး | ပေါင် | ၁၇၉၈၅ |
| ၄။ | ရိုက်သံ | ပိဿာ | ၁၅၁၀၉ |
| ၅။ | သစ်ခွဲသား (ဆိုက်စုံ) | တန် | ၁၅၅၀ |
| ၆။ | ကျွန်းသစ် (ဆိုက်စုံ) | တန် | ၁၂ |
| ၇။ | အုတ် | ချပ် | ၃၆၃၄၀၀၀ |
| ၈။ | သဲ | ကျင်း | ၁၀၄၁၀ |
| ၉။ | ကျောက် ၃/၄" × ၃/၄" | ကျင်း | ၄၇၆၁ |
| ၁၀။ | ကျောက် ၂" × ၄" | ကျင်း | ၁၂၄၈ |
| ၁၁။ | ကျောက် ၁/၂" × ၂" | ကျင်း | ၈၈၉ |
| ၁၂။ | ကျောက် ၆" × ၉" | ကျင်း | ၂၄၈၆ |
| ၁၃။ | စကျင်ကျောက်ပြား (ဆိုက်စုံ) | ၈ ပေ | ၉၀၉၇၅ |
| ၁၄။ | ကျောက်လုံးခြမ်း | ခု | ၂၁၇၄ |
| ၁၅။ | ဂရန်နိုက်ကျောက်ပြား ၆၀၀×၆၀၀×၁၀၀၀ (PCG WO. 1B) | ချပ် | ၁၆၉၀ |
| ၁၆။ | ဂရန်နိုက်ကျောက် (PCG WO. 5) | ချပ် | ၇၆၆ |
| ၁၇။ | ဂရန်နိုက်ကျောက် (PCG TO. 3) | ချပ် | ၃၀၅၇ |
| ၁၈။ | စက်သုံးဆီ (ဒီဇယ်ဆီ) | ဂါလံ | ၆၈၁၅၉ |
| ၁၉။ | စက်သုံးဆီ (ဓာတ်ဆီ) | ဂါလံ | ၂၁၄၅ |
| ၂၀။ | စက်သုံးဆီ (အင်ဂျင်ဝိုင်) | ဂါလံ | ၉၄၇ |
| ၂၁။ | စက်သုံးဆီ (ဟိုက်ဒြောလစ်) | ဂါလံ | ၄၁၀ |
| ၂၂။ | သုတ်ဆေး (ရေဆေး) | ဂါလံ | ၂၂၂၀ |
| ၂၃။ | သုတ်ဆေး (ဆီဆေး) | ဂါလံ | ၆၅၂ |
| ၂၄။ | သုတ်ဆေး (ရွှေခံဆေး) | ဂါလံ | ၃၂၉ |

# စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အင်ဂျင်နီယာများ အသေးစိတ်စာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၁။ | ဦးချစ်ပန် | အင်ဂျင်နီယာမှူး |
| ၂။ | ဒေါ်တင်ထွေး | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၃။ | ဦးဝင်းလှိုင် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၄။ | ဦးစိုးအောင် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၅။ | ဦးမြင့်သက် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၆။ | ဦးအေးလွင် | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၇။ | ဦးခင်မောင်ဆွေ | လက်ထောက်အင်ဂျင်နီယာ (မြို့ပြ) |
| ၈။ | ဦးမင်းဆွေ | လက်ထောက်အင်ဂျင်နီယာ (ရေသန့်) |
| ၉။ | ဦးလှမြင့် | လက်ထောက်အင်ဂျင်နီယာ (လျှပ်စစ်) |
| ၁၀။ | ဦးစောကလေးဖိုး | လက်ထောက်အင်ဂျင်နီယာ (စက်မှု) |
| ၁၁။ | ဦးချစ်ခင် | အငယ်တန်းအင်ဂျင်နီယာ (၁) (မြို့ပြ) |
| ၁၂။ | ဦးတင်မြင့် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၃။ | ဦးမိုလ်စိန် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၄။ | ဦးကျော်ဆွေ | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၅။ | ဦးကျော်ရှိန် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၆။ | ဦးပြေသိမ်း | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၇။ | ဦးသန်းစိန် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၈။ | ဦးအေးလွင် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၁၉။ | ဦးမောင်မောင်အေး | အငယ်တန်းအင်ဂျင်နီယာ (၂) (ရေသန့်) |
| ၂၀။ | ဦးမောင်မာင်မြင့် | အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) |
| ၂၁။ | ဦးသိန်းတန် | အငယ်တန်းအင်ဂျင်နီယာ (၂) (လျှပ်စစ်) |
| ၂၂။ | ဦးလှမောင်ကျော် | အငယ်တန်းအင်ဂျင်နီယာ (၂) (စက်မှု) |
| ၂၃။ | ဒေါ်မြင့်သန်း | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၄။ | ဒေါ်အမာကြင် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၅။ | ဒေါ်စန်းကြည် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၆။ | ဒေါ်ခင်မူ | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၇။ | ဒေါ်မြဝင်း | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၈။ | ဒေါ်မမြင့် | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၂၉။ | ဒေါ်ဆွေဆွေ | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |
| ၃၀။ | ဒေါ်ညွန့်ညွန့်ဝင်း | အငယ်တန်းအင်ဂျင်နီယာ (၂) (မြို့ပြ) |

## စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းတွင် တာဝန်ထမ်းဆောင်ခဲ့ကြသော အင်ဂျင်နီယာများ အသေးစိတ်စာရင်း

| စဉ် | အမည် | ရာထူး |
|---|---|---|
| ၃၁။ | ဦးဝင်းနိုင်သိန်း | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၂။ | ဦးအောင်မင်း | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၃။ | ဦးကျော်ကျော်နိုင် | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၄။ | ဦးအောင်ခိုင် | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၅။ | ဦးကျော်ကျော် | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၆။ | ဦးကျော်စိန် | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၇။ | ဦးရဲဆွေ | အငယ်တန်းအင်ဂျင်နီယာ (၃) (မြို့ပြ) |
| ၃၈။ | ဦးအေးလွင် | အငယ်တန်းအင်ဂျင်နီယာ (၃) (ရေသန့်) |
| ၃၉။ | ဦးဝင်းထန် | အငယ်တန်းအင်ဂျင်နီယာ (၃) (ရေသန့်) |
| ၄၀။ | ဦးသန်းတန် | အငယ်တန်းအင်ဂျင်နီယာ (၃) (လျှပ်စစ်) |
| ၄၁။ | ဦးသန်းမင်းအောင် | အငယ်တန်းအင်ဂျင်နီယာ (၃) (လျှပ်စစ်) |
| ၄၂။ | ဦးသက်ထွန်း | အငယ်တန်းအင်ဂျင်နီယာ (၃) (စက်မှု) |

## စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် တပ်ဆင်သည့် လျှပ်စစ်ပစ္စည်းများစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| ၁။ | စွယ်တော်ကြုတ်အပေါ်ဂုံးထိပ်တွင် ၂၅၀ ဝပ် မာကျူရီမီး | ၁ | စုံ |
| ၂။ | စွယ်တော်ပလ္လင်တွင် ၅၀ ဝပ် စပေါ့မီးသီး | ၃၆ | စုံ |
| ၃။ | မုဒြာ (၉) မျိုး ပလ္လင်ကိုးလုံးတွင် ၁၅ ဝပ် မီးသီးအသေး | ၁၄၄ | လုံး |
| ၄။ | စွယ်တော်ပလ္လင်ဘုံ ဘောင်တွင် (၇) ဝပ် မီးသီးအသေး | ၈၅ | လုံး |
| ၅။ | စေတီတော်အတွင်း ရောင်လင်းပေါက်များတွင် (၁၅၀/၂၅၀) ဝပ် မိုဒ်ယမ်လင်းမီးဇလိုက်များ | ၂၇ | စုံ |
| ၆။ | စေတီတော်မိုဒ်သွယ်အတွင်း ၁၆၀ ဝပ် မာကျူရီမီးသီး | ၉ | လုံး |
| ၇။ | စေတီတော်မိုဒ်သွယ်ထိပ် (၉) ဝပ် မီးချောင်းကောက် | ၉ | စုံ |
| ၈။ | စေတီတော်မိုဒ် (၇) တွင် သံမိန်းဘုတ်ခုံကြီး | ၁ | စုံ |
| ၉။ | စေတီအတွင်း မိုဒ် (၃) နှင့် မိုဒ် (၉) တွင် သံမိန်းဘုတ်ခုံအသေး | ၂ | စုံ |
| ၁၀။ | စေတီရင်ပြင် ဓိသုတာမနတ်ကွန်း (၉) ခုတွင် ၂၃ ဝက် မီးချောင်း | ၉ | စုံ |
| ၁၁။ | စေတီရင်ပြင်ပတ်လည်တွင် (၂) ပွင့်ဆိုင် သံပိုက်မီးတိုင် (၂၅ ပေ) အရှည် | ၉ | တိုင် |

## စွယ်တော်မြတ်စေတီတော် (မန္တလေး) တွင် တပ်ဆင်သည့် လျှပ်စစ်ပစ္စည်းများစာရင်း

| စဉ် | အကြောင်းအရာ | အရေအတွက် | |
|---|---|---|---|
| ၁၂။ | ၎င်းမီးတိုင်များတွင် ၂၅၀ ဝပ် ဆိုဒီယမ်လမ်းမီး | ၁၈ | စုံ |
| ၁၃။ | ၎င်းမီးတိုင်များတွင် ၁၀၀၀ ဝပ် ဖီးယမ်လမ်းမီးဆလိုက် | ၃ | စုံ |
| ၁၄။ | ၎င်းမီးတိုင်များတွင် ၄၀၀ ဝပ် ဖီးယမ်လမ်းမီး | ၆ | စုံ |
| ၁၅။ | ၁၀၀၀ ဝပ် ဖီးလမ်း (၃) စုံမီးသီးကျွမ်းသွား၍ ၂၅၀ ဝပ် ဖီးလမ်းမီး ဆလိုက် အစားထိုးတပ်ဆင်ခြင်း | ၃ | စုံ |
| ၁၆။ | စေတီတော်ပတ်လမ်း သရက်ကင်းလှေကားများထိပ်တွင် သံပိုက်မီးတိုင် ၁၃ ပေရှည် | ၁၂ | တိုင် |
| ၁၇။ | မဟာလှေခါးသရက်ကင်းလှေကားထိပ်တွင် သံပိုက်မီးတိုင် ၁၅ ပေအရှည် | ၂ | တိုင် |
| ၁၈။ | ၎င်းသံပိုက်မီးတိုင်များထိပ်တွင် မာကျူရီဖန်ဂလုပ် | ၁၄ | စုံ |
| ၁၉။ | မဟာလှေကားဘေး (၃) ပွင့်ဆိုင် သံပိုက်မီးတိုင် ၃၀ ပေအရှည် | ၂ | တိုင် |
| ၂၀။ | မဟာလှေကားအပေါ်ထိပ်နတ်မင်းကြီးလေးပါး ဆီးမီးဂလုပ်မီး | ၄ | စုံ |
| ၂၁။ | မဟာလှေကားကြောပေါ်ရှိမီးအိမ် (၄) ခုတွင် ၉ ဝပ် မီးချောင်းကောက် | ၄ | စုံ |

## စွယ်တော်မြတ်စေတီတော် (မန္တလေး) အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိသော ဓမ္မရုံသိကုန်းတော်

| | | | |
|---|---|---|---|
| ၁။ | စွယ်တော်မြတ်စေတီ တည်ဆောက်သည့် အကျယ်အဝန်းဧရိယာ | ၉၀ | တောင် |
| ၂။ | စွယ်တော်မြတ်စေတီ၏ ဉာဏ်တော် (၁၆၂ ပေ) | ၁၀၈ | တောင် |
| ၃။ | စွယ်တော်မြတ်စေတီ၏ အောက်ခြေအကျယ် (၁၆၂ ပေ) | ၁၀၈ | တောင် |
| ၄။ | စွယ်တော်မြတ်စေတီ၏ မြေအောက်အုတ်မြစ်တော်အနက် | ၁၆ | ပေ |
| ၅။ | အရံစေတီ | ၉ | ဆူ |
| ၆။ | ပထမ ကာလသာအိုး | ၉ | ခု |
| ၇။ | ဒုတိယ ကာလသာအိုး | ၉ | ခု |
| ၈။ | တတိယ ကာလသာအိုး | ၉ | ခု |
| ၉။ | မုခ် | ၉ | မုခ် |
| ၁၀။ | မကန်းလှေခါး (၁၂ပေအကျယ်) | ၉ | စင်း |
| ၁၁။ | မကန်းလှေခါးဘေးရှိခြသေ့်နှင့် ခြသေ့်ခုံ | ၁၈ | ခု |
| ၁၂။ | ပိသုကာမနတ်ကွန်း | ၉ | ခု |

## စွယ်တော်မြတ်စေတီတော် (မန္တလေး)
## အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိသော ဓမ္မရုံသိကုန်းတော်

| | | | |
|---|---|---|---|
| ၁၃။ | မဟာသရက်ကင်းလှေခါး (၁၂၈ ပေအကျယ်) | ၉ | စင်း |
| ၁၄။ | သရက်ကင်းလှေခါး (၁၈ ပေအကျယ်) | ၆ | စင်း |
| ၁၅။ | မဟာရံတံတိုင်းအရှည် | ၁၁၁၆ | ပေ |
| ၁၆။ | ပလက်ဖောင်း | ၉၄၈၄ | ပေ |
| ၁၇။ | ရေမြောင်း | ၁၅၄၀ | ပေ |

## စွယ်တော်မြတ်စေတီတော် (မန္တလေး)
## အမရပူရမြို့နယ် ရှားတောလေးကျေးရွာအနီးရှိသော ဓမ္မရုံသိကုန်းတော်

| | | |
|---|---|---|
| ၁။ | စွယ်တော်မြတ်စေတီတော်တည်ဆောက်သည့် | = ၁၉၈၀' × ၁၉၈၀' = ၃၉၂၀၄၀၀ (စ') |
| | အကျယ်အဝန်းဧရိယာ | = ၉၀ ဧက |
| ၂။ | အချင်း ၆၀ ပေရှိ ဗဟို အုတ်မြစ်အပိုင်းမှာ | |
| | အုတ်မြစ်တိုင်ပေါင်း | |
| | ပင်မစေတီတော် အုတ်မြစ်တိုင် | = ၁၂၇ တိုင် |
| | မကန်းလှေကားအုတ်မြစ်တိုင် | = ၁၈ တိုင် စုစုပေါင်း ၁၄၅ တိုင် |
| ၃။ | စွယ်တော်မြတ်စေတီတော်ဉာဏ်တော် | = ၁၀၈ တောင် ပေရှည် ၁၆၂ ပေ |
| | (က) မကန်းလှေကားအောက်ခြေမှ ဂန္ဓကုဋိတိုက်ကြမ်းခင်းထိ | = ၉ ပေ |
| | ( ခ ) ဂန္ဓကုဋိတိုက်ကြမ်းခင်းမှ မိုးလျှောအောက်ခြေ | = ၂၆ ပေ ၆ လက်မ |
| | ( ဂ ) မိုးလျှောမှ ပန်းတင်ခုံအထိ | = ၁၂ ပေ |
| | (ဃ) ပန်းတင်ခုံမှ ပထမပစ္စယံထိ | = ၁၂ ပေ |
| | ( င ) ပထမပစ္စယံမှ ဒုတိယပစ္စယံထိ | = ၁၂ ပေ |
| | ( စ ) ဒုတိယပစ္စယံမှ တတိယပစ္စယံထိ | = ၁၂ ပေ |
| | (ဆ) ကြာပန်းသုံးဆင့် | = ၁၁ ပေ ၆ လက်မ |
| | ( ဇ ) ကွမ်းတောင် | = ၃၇ ပေ |
| | ( ဈ ) အထွတ်စေတီ | = ၃၂ ပေ စုစုပေါင်း ၁၆၂ ပေ |

# အမှတ် (၉၅၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ၏ စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်မှုမှတ်တမ်း

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်သည် စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးလုပ်ငန်းနှင့် ပတ်သက်၍ ပြည်သူ့ဆောက်ဆောက်လုပ်ရေးလုပ်ငန်းနှင့် အမှတ် (၉၁၀) စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တာဝန်ယူဆောက်ရွက်ရသော လုပ်ငန်းများအပြင် ရွှေဇဝါယွန်း မျက်နှာကြက်တပ်ဆင်ခြင်းလုပ်ငန်း၊ အရှေ့ဖက်မုခ်ဦး အကြမ်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ထောင့် (၉) ထောင့်မီးဆလိုက် တပ်ဆင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ရန်အတွက် အောက်ပါလုပ်ငန်းကော်မတီငယ်တစ်ခုကို ဖွဲ့စည်း၍ ဆောင်ရွက်စေခဲ့ပါသည် –

(က) ဗိုလ်မှူးကြီးထွန်းကြည် ... ဥက္ကဋ္ဌ
စစ်ဗျူဟာမှူး
အမှတ် (၁) စစ်ဗျူဟာအဖွဲ့ (အလယ်ပိုင်းတိုင်း)

( ခ ) ဗိုလ်မှူးပြုံးချို ... အဖွဲ့ဝင်
တပ်ခွဲမှူး
အမှတ် (၉၅) ခြေလျင်တပ်ရင်း

( ဂ ) ဒေါ်တင်ထွေး ... အဖွဲ့ဝင်
လက်ထောက်အင်ဂျင်နီယာ
မန္တလေးတိုင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း

(ဃ) ဒေါ်တင်နွယ်အေး ... အဖွဲ့ဝင်
လုပ်ငန်းတာဝန်ခံ
ဆင်ဖြူတော်ယွန်းလုပ်ငန်း၊ ပုဂံမြို့

( င ) ဗိုလ်မှူးအောင်မြင့် ... အတွင်းရေးမှူး
တပ်မှူး
အမှတ် (၉၅၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲ

အထက်ပါလုပ်ငန်းကော်မတီအဖွဲ့ငယ်သည် ရွှေဇဝါယွန်း မျက်နှာကြက် တပ်ဆင်ခြင်းလုပ်ငန်း၊ အရှေ့ဘက်မုခ်ဦး အကြမ်းတည်ဆောက်ခြင်းလုပ်ငန်းနှင့် ထောင့် (၉) ထောင့် မီးဆလိုက်တပ်ဆင်ခြင်းလုပ်ငန်းများကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် –

(က) **ရွှေဇဝါယွန်း မျက်နှာကြက် တပ်ဆင်ခြင်းလုပ်ငန်း။** အဆိုပါလုပ်ငန်းကို စွယ်တော်မြတ် စေတီတော် (ရန်ကုန်) ထက် တစ်လနောက်ကျ၍ ဆောင်ရွက်ခဲ့ရပါသည်။ နယ်မြေဒေသ အခြေအနေအရ ရေရှည်တည်တံ့ ခိုင်ခံ့စေရန်အတွက် တိုင်းမှူး၏ ညွှန်ကြားချက်နှင့်အညီ ကွန်ကရစ်မျက်နှာပြင်ပေါ်တွင် အထပ်သား သရိုးကိုင် ရွှေဇဝါယွန်း တိုက်ရိုက်တပ်ဆင်ခြင်းမပြုဘဲ ၃' × ၁' ကျွန်းဖရိန်တန်းများခံ၍ တပ်ဆင်ခဲ့ပါသည်။ အဆောက်အအုံ၏ မျက်နှာကြက်ဧရိယာမှာ ၂၅၀၃၆ စတုရန်းပေရှိပြီး ယွန်းတစ်ချပ်လျှင် (၃) ပေပတ်လည် အတိုင်းအတာရှိပါသည်။ လုပ်ငန်းကို ပုဂံမြို့ ဆင်ဖြူတော်ယွန်းလုပ်ငန်းမှ တာဝန်ယူဆောင်ရွက်ပြီး ၂" × ၂" ရွှေဆိုင်းပေါင်း ၉၀၁၁ ဆိုင်း ကုန်ကျပြီး ငွေကျပ် ၄၉၃၁၈၅၀/ – သုံးစွဲကုန်ကျခဲ့ပါသည်။ ၆ – ၈ – ၉၆ ရက်နေ့မှ စတင်ဆောင်ရွက်ခဲ့ရာ ၂၃–၁၀–၉၆ နေ့တွင် ပြီးစီးခဲ့ပါသည်။

( ခ ) **အရှေ့ဘက်မုခ်ဦး အကြမ်းထည် တည်ဆောက်ခြင်းလုပ်ငန်း။** လုပ်ငန်း၏ ပန်းတော့ လုပ်ငန်းများကို ရွှေခြည်ဦးကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်ပြီး အကြမ်းထည်လုပ်ငန်းကို အမှတ် (၉၅၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲမှ တာဝန်ယူဆောင်ရွက်ပါသည်။ ၂၆–၇–၉၆ ရက်နေ့မှ စတင်ဆောင်ရွက်ပြီး ၂၄–၉–၉၆ နေ့တွင် ပြီးစီးခဲ့ပါသည်။ လုပ်ငန်းအတွက် ငွေကျပ် ၄၀၀၁၄၁/ – သုံးစွဲကုန်ကျခဲ့ပါသည်။

( ဂ ) **ထောင့် (၉) ထောင့် မီးဆလိုက်တပ်ဆင်ခြင်းလုပ်ငန်း။** အဆိုပါလုပ်ငန်းကို အမှတ် (၉၅၁) ဆောက်လုပ်ရေးအင်ဂျင်နီယာတပ်ခွဲမှ တာဝန်ယူဆောင်ရွက်ပါသည်။ လုပ်ငန်းတွင် အမေရိကန်နိုင်ငံ ဂျီအမ်ကုမ္ပဏီမှ ထုတ်လုပ်သော (၂၀၀) ဝပ်၊ ၃၀ ဗို့ မီးလုံးများကို သုံးစွဲခဲ့ပါသည်။ ထောင့်တစ်ထောင့်တွင် မီးလုံး (၄) လုံး တစ်ဆိုင်းဖြင့် ထောင့် (၉) ထောင့်အတွက် မီးလုံး (၃၆) လုံးနှင့် ဆက်စပ်ပစ္စည်းများကို တပ်ဆင်ခဲ့ပါသည်။ ၇–၁၂–၉၆ ရက်နေ့တွင် စတင်ဆောင်ရွက်ပြီး ၁၂–၁၂–၉၆ နေ့တွင် ပြီးစီးခဲ့ပါသည်။ သုံးစွဲကုန်ကျငွေမှာ ကျပ် ၃၇၆၀၀၀/ – ဖြစ်ပါသည်။

အထက်ဖော်ပြပါလုပ်ငန်းကြီး (၃) ခုအား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ လမ်းညွှန်ချက်အရ အမှတ် (၁) စစ်ဗျူဟာမှူးနှင့် အမှတ် (၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ တပ်မှူးတို့မှ အနီးကပ် ကြီးကြပ်ကွပ်ကဲခဲ့ပြီး လက်ထောက်စစ်မြို့နယ်အင်ဂျင်နီယာ ဗိုလ်ကြီးကျော်မျိုးဝေတို့မှ ဖိဖိစီးစီး ဆောင်ရွက်မှုအရ စျေးနှုန်းသက်သာမှုရှိပြီး လုပ်ငန်းစံချိန်စံညွှန်းကိုက်ညီမှုရှိကြောင်း လုပ်ငန်းစစ်ဆေးရေး ကော်မတီ၏ စစ်ဆေးအတည်ပြုခြင်းများအရ တွေ့ရပါသည်။

# စွယ်တော်မြတ်စေတီတော်ပြင်ပ ပတ်လည်နှင့် မင်္ဂလာကန်တော် မဟာရံတံတိုင်း တည်ဆောက်ခြင်းမှတ်တမ်း

စွယ်တော်မြတ်စေတီတော်ပတ်လည်နှင့် မင်္ဂလာကန်တော်တို့အား တံတိုင်း (ခြံစည်းရိုး) ကာရံခြင်း လုပ်ငန်းကို အောင်ကောင်းကျော် ဆောက်လုပ်ရေးအင်တာပရိုက်စ် ဦးကျော်ဝေ၊ ဒေါ်ဆွေသဇင်တို့မှ တာဝန်ယူ၍ အောက်ပါအတိုင်း တည်ဆောက်ခဲ့ပါသည် –

(က) ပြင်ပပတ်လည် တံတိုင်း (ခြံစည်းရိုး) ကာရံခြင်းလုပ်ငန်း။ တံတိုင်းကို ရွှေရောင် ပွတ်လုံး၊ မဟော်ဂနီရောင် အုတ်နံရံ၊ ကွန်ကရိတိုင်များဖြင့် တည်ဆောက်ထားပါသည်။ တစ်ခန်းလျှင် ၉' အကျယ်ရှိပြီး ရှေ့ဘက်မျက်နှာစာ၌ (၂၀၅) ခန်း ၁၉၉၄ ပေ၊ အနောက်ဘက်မျက်နှာစာ၌ (၁၄၅) ခန်း ၁၄၀၀ ပေ၊ တောင်ဘက်တွင် (၄၂၅) ခန်း၊ ၃၈၂၅ ပေနှင့် မြောက်ဘက်တွင် (၃၈၀) ခန်း ၃၃၂၄ ပေ၊ စုစုပေါင်း (၁၁၅၅) ခန်း၊ ၁၀၅၄၃ ပေ ရှိပါသည်။ ၁၅–၁၀–၉၆ နေ့တွင် စတင်ဆောင်ရွက်ပြီး ၃၀–၁၀–၉၇ နေ့တွင် ပြီးစီးပါသည်။

(ခ) မင်္ဂလာကန်တော် (လိပ်ကန်) တံတိုင်းကာရံခြင်းလုပ်ငန်း။ စွယ်တော်မြတ် စေတီတော်၏ အနောက်ဘက်အရပ်၌ရှိသော မင်္ဂလာကန်တော် (၂) ခုအား ခိုင်ခံ့သော အုတ်နံရံ၊ ကွန်ကရိတိုင်၊ လှပသောပွတ်လုံး၊ ကြာဖူး၊ ကြာဖတ်များနှင့် တန်ဆာဆင်ကာ ပြုလုပ်ထားပါသည်။ တစ်ခန်းလျှင် (၉) ပေအကျယ်ရှိပြီး တောင်ဘက်တွင် (၇၅) ခန်း၊ မြောက်ဘက်တွင် (၇၇) ခန်း၊ စုစုပေါင်း (၁၅၂) ခန်း ၁၃၆၀ ပေ ရှိပါသည်။ ၁–၉–၉၆ နေ့တွင် စတင်ဆောင်ရွက်ပြီး ၁၅–၁၁–၉၇ နေ့တွင် ပြီးစီးပါသည်။

# စွယ်တော်မြတ်စေတီ မင်္ဂလာကန်တော် (မန္တလေးမြို့)

ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုး၊ ဥယျာဉ်၊ တန်ဆောင်း၊ နတ်လမ်းစမုတ် စသည်တို့သည် ဝတ္တက မြေအတွင်းရှိ သာသနိက အဆောက်အအုံများဖြစ်ကြသည်။ ဘုရားဝတ္တကမြေ၌လည်းကောင်း၊ ကျောင်း ဝတ္တကမြေ၌လည်းကောင်း ရေကန်တော်၊ ဥယျာဉ်တော်တို့ ရှိမြဲဖြစ်ကြသည်မှာ ဗုဒ္ဓဘာသာဝင်တို့၏ ဓလေ့ထုံးတမ်းစဉ်လာကို ဖော်ကျူးသည့် ပုံရိပ်တစ်ခုပင်ဖြစ်ပါသည်။

မန္တလေးတိုင်း အမရပူရမြို့နယ် မဟာဓမ္မရံသီကုန်းမြေ၌ တည်ထားတော်မူသော စွယ်တော်မြတ် စေတီတော် (မန္တလေး) ပရိဝုဏ်အတွင်းတွင် "မင်္ဂလာရေကန်တော်" တည်းဟူသော အမည်နာမ သမုတ်လျက် ရေကန်တော်တစ်ခုကို တည်တော်မူခဲ့ကြပါသည်။

မင်္ဂလာရေကန်တော်ကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမှ တာဝန်ယူ၍ စွယ်တော်မြတ်စေတီတော် ပရဝုဏ်အတွင်း စေတီတော်၏ အရှေ့တောင်ထောင့် အရပ်တွင် တူးဖော်တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။ မင်္ဂလာရေကန်တော်မှာ မူလမြေယူထားသော ချိုင့်ဝှမ်းငယ်အား တိုင်းတာပြီး ဒီဇိုင်းပုံထုတ်၍ သာယာလှပစေရန် တည်ဆောက်ခဲ့ခြင်းဖြစ်ပါသည်။

ရေကန်တော်၏ အလျားမှာ (၄၅၀) ပေ၊ အနံ (၃၆၀) ပေ၊ လေးထောင့်ပုံစံရှိပြီး အနက် (၁၀) ပေ တူးဖော်၍ အတွင်းဖက် ဆင်ခြေလျှောအား လှပစေရန် (၁း၁) ဖြင့် ကျောက်ကြီးများ စီခဲ့ပါသည်။ မင်္ဂလာ ရေကန်တော်၏ အပြင်ဘက်ပတ်လည်တွင် (၁၂) ပေအကျယ် ကန်ပတ်လမ်းအား စီမံဖောက်လုပ်ခဲ့ပါသည်။

ထို့ပြင် ရေကန်တော်အတွင်း မြောက်ဘက်ပိုင်းတွင် မူလသစ်ပင်တစ်ပင်အား ဝန်းရံ၍ (၂၄) ပေ အချင်းရှိ ကျွန်းခုံသဖွယ်တည်ဆောက်ကာ ၎င်း၏ ဆင်ခြေလျှောနံရံကိုလည်း ကျောက်ကြီးများ စီ၍ အလှ ဆင်ခဲ့ပါသည်။

မင်္ဂလာရေကန်တော်သို့ ရေပေးသွင်းရာတွင် ဆည်တော်ရေသောက်စနစ်ဖြစ်သည့် မန္တလေး တူးမြောင်းမကြီးမှတစ်ဆင့် တမုတ်ဆိုး (စီ) မိန်းမြောင်းသို့လည်းကောင်း၊ ထိုမှတစ်ဆင့် တမုတ်ဆိုး (စီ) မြောင်းခွဲသို့လည်းကောင်း၊ တစ်ဖန် တစ်မုတ်ဆိုး (စီ) မှတစ်ဆင့် ရေပေးမြောင်းအမှတ် (၆) မှ အဆင့်ဆင့် သွယ်ယူခဲ့ပြီး ရေကန်တော်သို့ ရေပေးသွင်းခဲ့ပါသည်။ အချိန်ရာသီမရွေး ရေသွင်းရေထုတ်ပြုလုပ်နိုင်ရန် စီမံဆောင်ရွက်ခဲ့ပါသည်။

ရေကန်တူးဖော်ဆောင်ရွက်ရာတွင် လူအားဖြင့်သာမကဘဲ စက်ယန္တရားအင်အားများဖြင့်ပါ ဖြည့်စွက်၍ တူးဖော်ခဲ့ပါသည်။

မင်္ဂလာရေကန်တော်အား ၅–၅–၉၆ ရက်နေ့မှစတင်ကာ အင်ဂျင်နီယာ (၇) ဦးဖြင့် ကြီးကြပ်ကာ လုပ်သားအင်အား (၇၈၇၀) ဦး၊ စက်အင်အား (၅) စီးဖြင့် စတင်တူးဖော်ခဲ့ပြီး ၂၃–၉–၉၆ ရက်နေ့တွင် မင်္ဂလာကန်တော်ကြီးဟူသောအမည်နာမနှင့်လျော်ညီစွာ ခန့်ညားထည်ဝါ၍ သန့်ရှင်းသပ်ရပ်လှပသော ကန်တော်ကြီးကို အပြီးတည်ဆောက်နိုင်ခဲ့ပါသည်။ ယင်းကန်တော်ကြီး တူးဖော်ခြင်းနှင့် ကျောက်ရိုးစီခြင်း အတွက် ကျပ် (၆၃.၅) သိန်း ကုန်ကျခဲ့ပါသည်။

# မင်္ဂလာကန်တော်ဆိုင်ရာ အချက်အလက်များ

| စဉ် | အကြောင်းအရာ | ယူနစ် | ပမာဏ | |
|---|---|---|---|---|
| ၁။ | ရေကန်တော်အလျား | ပေ | ၄၅၀ | |
| ၂။ | ရေကန်တော်အနံ | ပေ | ၃၆၀ | |
| ၃။ | ရေကန်တော်ပတ်ပတ်လည်အလျား | ပေ | ၁၆၂၀ | |
| ၄။ | ရေကန်တော်အနက် | ပေ | ၁၀ | |
| ၅။ | ရေကန်တော် ဘောင်အကျယ် | ပေ | ၁၂ | |
| ၆။ | ရေကန်ထိပ်အမြင့်အမှတ် | ပေ | ၂၃၀ | R.L |
| ၇။ | ရေပြည့်အမြင့်အမှတ် | ပေ | ၂၃၉ | R.L |
| ၈။ | ရေဝပ်ဧရိယာ | ဧက | ၃ . ၅ | |
| ၉။ | ရေပြည့်အနက် | ပေ | ၉ | |
| ၁၀။ | ရေသိုလှောင်မှု | ဂါလံသန်း | ၈ . ၆ | |
| ၁၁။ | မြေကြီးလုပ်ငန်း | | | |
| | (က) ကန်တွင်းမြေကြီးဖယ် (စက်ဖြင့်) | ကျင်း | ၁၂၀၀၀ | |
| | ( ခ ) အုတ်မြစ်ကျင်းတူး (လူဖြင့်) | ကျင်း | ၇၉၀ | |
| | စုစုပေါင်းမြေကြီးကျင်း | ကျင်း | ၁၂၇၉၀ | |
| ၁၂။ | ဒီဇယ်သုံးစွဲမှု | ဂါလံ | ၁၂၀၀၀ | |
| ၁၃။ | ကျောက်ရိုးစီခြင်းလုပ်ငန်း | ကျင်း | ၇၂၂ | |
| ၁၄။ | ရေသွင်းပြွန် | ခု | ၁ | |
| ၁၅။ | ရေထုတ်ပြွန် | ခု | ၁ | |
| ၁၆။ | သုံးစွဲရန်ပိုငွေ | ကျပ်သိန်း | ၆၃ . ၅ | |

# စွယ်တော်မြတ်စေတီတော် စိမ်းလန်းစိုပြည်ရေး

ဘုရား ကျောင်း ကန် သာသနိက ဝတ္တကမြေများ၏ ဥယျာဉ်ရိပ်သည် အေးချမ်းသာယာမှုကို ပေးလေသည်။ တရားသည် အေးချမ်းသကဲ့သို့ ဥယျာဉ်ရိပ်သည် အေးမြစေပါသည်။ ဘုရားကျောင်းကန် ပရိဝုဏ်အတွင်းသို့ ရောက်ရှိလာသော ဘုရားဖူးသူများကို ဥယျာဉ်ရိပ်သည် စိုပြည်စိမ်းလန်းသာယာမှုဖြင့် ကိုယ်၊ စိတ်၊ နှလုံး တို့ကို ရွှင်လန်း ချမ်းမြေ့စေပါသည်။

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ရှားတောကလေးကျေးရွာအနီး ဓမ္မရံသီ ကုန်းမြေပေါ်တွင် တည်ထား ကိုးကွယ်တော်မူသော စွယ်တော်မြတ်စေတီတော်တွင်လည်း ဘုရားဖူးလာ ရဟန်းရှင်လူ ပြည်သူများ ကိုယ်စိတ်နှလုံးသုံးပါး ချမ်းမြေ့စေရန် အရိပ်ရပင်များ၊ ပန်းအလှပင်များ၊ စားသုံးသီးပင်များ စုံလင်စွာပါဝင်သော ဥယျာဉ်တော်ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ အနီးကပ်ကြီးကြပ်လမ်းညွှန်မှုဖြင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန (မန္တလေးတိုင်း) မှ တည်ဆောက်ခဲ့ပါသည်။

စွယ်တော်မြတ်စေတီတော် (မန္တလေး) စိမ်းလန်းစိုပြည်ရေးအတွက် ဥယျာဉ်တော် တည်ဆောက်ခြင်းလုပ်ငန်းကို သစ်တောဦးစီးဌာန (မန္တလေးတိုင်း) စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီမှ တာဝန်ယူ စိုက်ပျိုး တည်ထောင်ခဲ့ပါသည်။ စိုက်ပျိုးခြင်းလုပ်ငန်းကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၏ ကြီးကြပ်မှုဖြင့် ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် မန္တလေးမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း၊ စာသင်တိုက်များမှ ဘုန်းတော်ကြီး အပါး ၃၀၀ ဖြင့် စတင်စိုက်ပျိုးခဲ့ပါသည်။

စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီအနေဖြင့် အောက်ပါအတိုင်း လုပ်ငန်းအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ပါသည်။

စေတီတော်အရှေ့၊ အနောက် ဗဟိုလမ်းဘေး ဝဲယာတစ်လျှောက် အရိပ်ရပင်များ တစ်ဘက်လျှင် (၄) တန်းနှုန်းဖြင့် ဝဲယာနှစ်ဘက်အတွက် (၈) တန်း စိုက်ပျိုးခြင်း၊ အဝင်လမ်းအလယ်ကျွန်းတစ်လျှောက် သဘော်တယ် (ရေတမာ) ပင်းကြီးများ စိုက်ပျိုးခြင်း၊ စွယ်တော်မြတ်စေတီတော်၏ ပတ်ပတ်လည်အရပ်ရှစ်မျက်နှာတွင် တအုပ်တမ သစ်ပင်စိုက်ပျိုးခြင်း၊ ဗုဒ္ဓမြတ်စွာဘုရားပွင့်ရာ ဗောဓိပင်များ စိုက်ပျိုးခြင်း၊ စေတီတော်နယ်နိမိတ်တံတိုင်းအတွင်းဘက်တစ်လျှောက် လေကာတန်းစိုက်ပျိုးခြင်း၊ စေတီတော်မှ တောင်ဘက် မြစ်ငယ်–ထုံးဖိုဖြတ်လမ်းအထိ ဖောက်လုပ်ထားသော လမ်းဘေး ဝဲယာတစ်လျှောက် အရိပ်ရပင် (၈) တန်း စိုက်ပျိုးခြင်း၊ အဝင်လမ်းနှင့် စေတီတော်ပတ်ပတ်လည်တွင် ပန်းအလှပင်မျိုးများ စိုက်ပျိုးခြင်း၊ စားသုံးသီးပင်များ စိုက်ပျိုးခြင်း၊ စေတီတော်ပရိဝုဏ်အတွင်း ရေကန်တော်များ၊ ရေမြောင်းများဘေးတွင် အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်း၊ စေတီတော် တောင်–မြောက် လမ်းဘေး ဝဲယာတွင် အရိပ်ရပင် (၈) တန်း စိုက်ပျိုးခြင်းတို့ဖြစ်ကြသည်။

စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီ (သစ်တောဦးစီးဌာန) က မြေဆွေး၊ နွားချေး၊ သဲ ဝယ်ယူခြင်း၊ တင်ချလုပ်အားခများ ပေးချေခြင်း၊ ဓား၊ ပေါက်ပြား၊ ဂေါ်ပြား၊ တောင်း စသည့် လုပ်ငန်းသုံးပစ္စည်းများ ဝယ်ယူခြင်းတို့အတွက် သစ်တောဦးစီးဌာန အထူးရန်ပုံငွေမှ ကျပ် ခုနစ်သိန်း (၇၀၀၀၀၀/–) ထားရှိ သုံးစွဲခဲ့ပါသည်။

သစ်ပင်စိုက်ပျိုးသည့်လုပ်ငန်း ဆောင်ရွက်နေသည့် တစ်ချိန်တည်းမှာပင် စိုက်ပျိုးထားသည့် သစ်ပင်များ ရေလောင်းခြင်း၊ ပေါင်းသင်ရှင်းလင်းခြင်းနှင့် ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် သစ်တောဦးစီးဌာနမှ တောအုပ်ကြီးအဆင့် (၁) ဦး၊ တောအုပ် (၂) ဦးနှင့် တောခေါင်း (၄) ဦး၊ အလုပ်သမား (၁၅) ဦးအား စေတီတော်တွင် (၂၄) နာရီ အချိန်ပြည့်ထားရှိ ဆောင်ရွက်ခဲ့ပါသည်။ ဝန်ထမ်းများ နေထိုင်ရန် (၃၀' × ၁၂" ) အရွယ်ရှိ စခန်းရုံး တစ်ရုံးနှင့် ပျိုးပင်များ ထားရှိရန် ပျိုးအိတ် (၅၀၀၀) ဆန့် (၅၆' × ၅၆') အရွယ်ရှိ ပျိုးဥယျာဉ် တစ်စင်အား ၁၁–၁–၉၆ ရက်နေ့တွင် ဆောက်လုပ်ခဲ့ပါသည်။

## လုပ်ငန်း အစီအစဉ်အလိုက် ဆောင်ရွက်ချက်များ

### ဗဟိုလမ်းဘေးဝဲယာတစ်လျှောက် အရိပ်ရပင် (၈) တန်း စိုက်ပျိုးခြင်း

ဤလုပ်ငန်းအား ၂၆–၇–၉၅ ရက်နေ့မှစတင်၍ ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးခဲ့သည့် အပင်ပေါင်းမှာ ၁၃၂၁ ပင်ဖြစ်ပြီး စိုက်ပျိုးသည့် သစ်ပင်မျိုးမှာ ပိတောက်၊ မယ်ဇလီ၊ သပြေ၊ မဟော်ဂနီ၊ ကျွန်း၊ ခရေတို့ ဖြစ်ပါသည်။

### စေတီတော် အဝင်လမ်းတစ်လျှောက် လမ်းလယ်ကျွန်းတွင် သဘော်တယ်နှင့် အာသောကပင်များ စိုက်ပျိုးခြင်း

စေတီတော် အရှေ့ – အနောက် အဝင်လမ်း လမ်းလယ်ကျွန်းတွင် သဘော်တယ်ပင်များ စိုက်ပျိုးခဲ့သော်လည်း အပင်ငယ်နေသဖြင့် မန္တလေးတိုင်း၊ ပုသိမ်ကြီးမြို့နယ် မတ္တရာမြို့နယ်၊ လယ်ဝေးမြို့နယ်များမှ တယ်ပင်ကြီး (၁၃၆) ပင်အား ၃၀–၆–၉၆ ရက်နေ့မှစ၍ ဌာနပိုင်ယာဉ်များဖြင့် ရွှေ့ပြောင်းစိုက်ပျိုးခဲ့ပါသည်။

အာသောကပင် (၉၀) ပင်မှာ အလှူရှင်များ တစ်ပင်လျှင် (၇၀၀ိ/–) နှုန်းဖြင့် လာရောက်လှူဒါန်းကြသဖြင့် တယ်ပင်ကြီးများကြားတွင် မျက်စိပသာဒဖြစ်စေရန် ၁–၆–၉၆ ရက်နေ့မှ စတင်စိုက်ပျိုးခဲ့ပါသည်။

### တစ်အုပ်တစ်မ စိုက်ခင်းများ စိုက်ပျိုးခြင်း

စေတီတော်ပတ်ပတ်လည် အရပ်ရှစ်မျက်နှာတွင် တူညီသော သစ်ပင်များ တောအုပ်ငယ်ကလေး တစ်ခုသဖွယ် ဖြစ်ပေါ်စေရန် အစုလိုက်၊ အအုပ်လိုက် စိုက်ပျိုးခြင်းဖြစ်ပါသည်။ ဤလုပ်ငန်းအား ၂၅–၈–၉၅ ရက်နေ့တွင် စတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးသည့် သစ်မျိုးနှင့် အရေအတွက်၊ ဧရိယာ ကေမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

မယ်ဇယ် ၅ ကေ ၁၅၀၀ ပင်၊ မယ်ဇလီ ၅ ကေ ၁၅၀၀ ပင်၊ စိန်ပန်း ၅ ကေ ၁၅၀၀ ပင်၊ ငုစပ် ၅ ကေ ၁၅၀၀ ပင်၊ စန္ဒကူး ၅ ကေ ၁၅၀၀ ပင်၊ ငုရွှေဝါ ၅ ကေ ၁၅၀၀ ပင်၊ စကားဝါ ၅ ကေ ၁၅၀၀ ပင်၊ ခရေ ၅ ကေ ၁၅၀၀ ပင်၊ စုစုပေါင်း ၄၀ ကေ ၁၂၀၀၀ ပင် ဖြစ်သည်။

## ဘုရားပွင့်တော်မူရာ ဗောဓိပင်များ စိုက်ပျိုးခြင်း

ဤလုပ်ငန်းအား စေတီတော်၏ အရပ်ရှစ်မျက်နှာတွင် ပွင့်တော်မူခဲ့သော ဘုရားရှင်များ အမှီပြုရာ ဗောဓိပင်မျိုး ၂၃ မျိုး စုစုပေါင်း ၈၄၉ ပင်အား ၅-၂-၉၆ ရက်နေ့မှစတင်၍ စိုက်ပျိုးခဲ့ပါသည်။

သစ်မျိုးများမှာ အင်ကြင်း၊ စကားဝါ၊ ဗောဓိညောင်၊ ကုက္ကို၊ လက်ပံခါး၊ သျှိသျှား၊ မဟာလှေခါး၊ သံသတ်၊ သခွတ်၊ ကြောင်လျှာ၊ ရေသဖန်း၊ သီး၊ ဆတ်သွားဖူး၊ ကြခတ်ဝါး၊ ပိတောက်၊ ကံကော်၊ ယင်းမာ၊ ပညောင်၊ ရေခံတက်၊ သရက်၊ ပေါက်၊ သော်က စသည်တို့ဖြစ်ပါသည်။

## စေတီတော် နယ်နိမိတ် တံတိုင်းတစ်လျှောက် လေကာတန်း စိုက်ပျိုးခြင်း

ဤလုပ်ငန်းအား ၈-၈-၉၅ ရက်နေ့မှစတင်ဆောင်ရွက်ခဲ့ပါသည်။ စိုက်ပျိုးသည့် အပင်ပေါင်းမှာ (၁၂၄၆) ပင် ဖြစ်ပြီး သစ်မျိုးများမှာ ပိတောက်၊ မယ်ဇလီ၊ မယ်ဇယ်၊ သပြေ၊ ကန္ဓီ၊ ကျူးလစ် စသည်တို့ ဖြစ်ပါသည်။

## စေတီတော် အရှေ့ဘက်မုခ်မှ မြစ်ငယ်-ထုံးဖို ဖြတ်လမ်းထိ လမ်းဘေးအရိပ်ရပင် (၈) တန်း စိုက်ပျိုးခြင်း

ဤလုပ်ငန်းအား ၄-၁၀-၉၅ နေ့မှစတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးပင်ပေါင်းမှာ ၉၃၆ ပင် ဖြစ်ပါသည်။ စိုက်ပျိုးခဲ့သည့် သစ်မျိုးများမှာ ပိတောက်၊ မယ်ဇလီ၊ ခရေ၊ အော်ရီရှား စသည်တို့ဖြစ်ပါသည်။

## ပန်းအလှပင်များ စိုက်ပျိုးခြင်းနှင့် စားသုံးသီးပင်များ စိုက်ပျိုးခြင်း

စေတီတော်အရှေ့အနောက် ဗဟိုလမ်းဘေးဝဲယာနှင့် စေတီ၏အဝိုင်းပတ်ပတ်လည်တွင် မျက်စိပသာဒဖြစ်စေရန် ပန်းစက္ကူ၊ နွယ်သာကီ၊ စိန်ပန်းလေး စသည့် ပန်းအလှပင်ပေါင်း (၈၀၇) ပင်အား ၂၉- ၁-၉၆ ရက်နေ့မှ စတင်စိုက်ပျိုးခဲ့ပါသည်။ ၄င်းပန်းအလှပင်များမှာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ လှူဒါန်းခဲ့သည့် အပင်များဖြစ်ပါသည်။

စေတီတော် အရှေ့ဘက်ကွက်လပ်တွင် ရေကန်ငယ်နှင့် ရေပန်း နှစ်ငုတ်ရှိရာ ၄င်းပတ်ဝန်းကျင်တွင် စိုက်ပျိုးထားသည့် ကျောက်ပန်း၊ အက်စကာ၊ မေမြို့ပန်း၊ ဂန္ဓမာပန်းတို့မှာလည်း မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ယူ စိုက်ပျိုးခဲ့ခြင်း ဖြစ်ပါသည်။

သစ်တောဦးစီးဌာနစခန်းရုံးနှင့် ပျိုးဥယျာဉ်ပတ်လည်တွင် မြေကွက်လပ်များ ကျန်ရှိနေသဖြင့် နှစ်ရှည်သီးနှံပင်များဖြစ်သည့် သရက်၊ ပိန္နဲပင် (၁၄၄) ပင်အား ၂၉-၁-၉၆ ရက်နေ့မှ စတင် စိုက်ပျိုးခဲ့ပါသည်။

## အပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးခြင်း

ဤလုပ်ငန်းကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဗျူဟာမှူး ဗိုလ်မှူးကြီး ထွန်းကြည်တို့၏ လမ်းညွှန်ချက်ဖြင့် စေတီတော်ပရိဝုဏ်အတွင်း ရေကန်၊ ရေမြောင်းဘေးများတွင် စိုက်ပျိုးခဲ့ခြင်းဖြစ်ပါသည်။

အုန်းပင်ကြီးများမှာ မန္တလေးမြို့ အလှူရှင်များ၏ လှူဒါန်းမှုဖြင့် ၁၂–၆–၉၆ ရက်နေ့တွင် စတင်ဆောင်ရွက်ခဲ့ရာ ယနေ့ထိ (၁၆၆) ပင် စိုက်ပျိုးပြီးဖြစ်ပါသည်။

ကျွန်းပင်ကြီးများမှာ မတ္တရာမြို့မှ ၁၂–၉–၉၆ ရက်နေ့မှစ၍ ရွှေ့ပြောင်းစိုက်ပျိုးခဲ့ပြီး အပင်ပေါင်းမှာ ၁၀၆ ပင် ဖြစ်ပါသည်။ အခြားရွှေ့ပြောင်းစိုက်ပျိုးသော အပင်ကြီးများမှာ ခရေ၊ ကျောက်ပန်းပင်များဖြစ်ပြီး စုစုပေါင်း ၂၇၅ ပင် ရွှေ့ပြောင်းစိုက်ပျိုးထားရှိပြီးဖြစ်ပါသည်။ အပင်ကြီးများ ရွှေ့ပြောင်း စိုက်ပျိုးသည့် လုပ်ငန်းသည် ကြီးမားခက်ခဲလှသည့် လုပ်ငန်းဖြစ်သည့်အားလျော်စွာ သစ်တောဦးစီးဌာနရှိ စက်ယန္တရား ဝန်ထမ်းအင်အားဖြင့် မလုံလောက်သဖြင့် ဆည်မြောင်းဦးစီးဌာန၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ စက်ယန္တရားများ အကူအညီဖြင့်လည်းကောင်း၊ အကျဉ်းဦးစီးဌာန ရဲဘက်အင်အားများဖြင့်လည်းကောင်း၊ တပ်မတော်၊ သစ်တောဦးစီးဌာန ဝန်ထမ်းများက ကြိုးကြုပ်လျက် အချိန်ယူ၍ ဆောင်ရွက်ခဲ့ရပါသည်။

## စေတီတော် တောင်/မြောက် လမ်းဘေးဝဲယာ အရိပ်ပင် (၈) တန်း စိုက်ပျိုးခြင်း

လုပ်ငန်းအား ၁၂–၈–၉၇ ရက်နေ့မှစတင်စိုက်ပျိုးခဲ့ပြီး စိုက်ပျိုးပင်ပေါင်း (၁၃၇) ပင် ရှိပါသည်။ သစ်မျိုးမှာ ပိတောက်၊ မဟော်ဂနီ၊ စကားဝါ၊ ကျွန်း၊ ကံ့ကော် စသည်တို့ဖြစ်ပါသည်။

သစ်တောဦးစီးဌာန၊ စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီအနေဖြင့် အထက်ဖော်ပြပါအတိုင်း အစီအစဉ် (၉) မျိုး ချမှတ်လျက် စေတီတော်တွင် ဥယျာဉ်တော် ဖြစ်ပေါ်လာစေရန် စိုက်ပျိုးပြုစု ထိန်းသိမ်း ဆောင်ရွက်ခဲ့ပါသည်။ စုစုပေါင်း ဥယျာဉ်တော်အတွင်း စိုက်ပျိုးပြီးသော သစ်ပင်ပေါင်းမှာ ၁၈၂၅၈ ပင် ဖြစ်ပါသည်။

## ဗောဓိညောင်ပင်များ စိုက်ပျိုးခြင်း

ခရစ်သက္ကရာဇ် ၁၉၉၇ ခုနှစ်၊ အောက်တိုဘာလ ၁၆ ရက်၊ ကောဇာသက္ကရာဇ် ၁၃၅၉ ခု၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် မန္တလေးမြို့၊ အမရပူရမြို့နယ်၊ မဟာဝမ္မရံသီကုန်းတော် မြတ်ရှိ စွယ်တော်မြတ်စေတီတော် (မန္တလေး) ပရိဝုဏ်၌ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၊ ဒုတိယ ဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး မောင်အေးနှင့် ဇနီး ဒေါ်မြမြစန်းတို့၏ ဗုဒ္ဓါယာမှ မျိုးစေ့ယူ၍ ပျိုးထောင်ခဲ့သည့် ဗောဓိညောင်ပင် (၂၄) ပင် စိုက်ပျိုးပွဲ အခမ်းအနားတစ်ရပ် ကျင်းပခဲ့ပါသည်။

၄င်းအခမ်းအနားသို့ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုး၊ မန္တလေးမြို့တော်ဝန် ဗိုလ်မှူးကြီး စိန်ဝင်းအောင်၊ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်း၊ မန္တလေးတိုင်း ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြီးရွှေ၊ မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်အုန်း၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များနှင့် စွယ်တော်မြတ်စေတီတော် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းမှ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

ရှေးဦးစွာ စွယ်တော်မြတ်စေတီ ဂန္ဓကုဋိတိုက်အတွင်း ထားရှိပူဇော်ထားသည့် ဗောဓိညောင်ပင်အား တိုင်းမှူးနှင့် တာဝန်ရှိသူများက ရွှေဝေါယာဉ်ဖြင့် သယ်ဆောင်လာပြီး စွယ်တော်မြတ်စေတီတော်၏ အရှေ့တောင်အရပ် သတ်မှတ်နေရာတွင် မင်္ဂလာအချိန် နံနက် ၈ နာရီ ၄၅ မိနစ်၌ ပထမ ဗောဓိညောင်ပင်ကို တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က စတင်စိုက်ပျိုးသည်။

ဆက်လက်၍ ဒုတိယ ဗောဓိညောင်ပင်ကို ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင်စိုးကလည်းကောင်း၊ တတိယ ဗောဓိညောင်ပင်ကို မြို့တော်ဝန် ဗိုလ်မှူးကြီးစိန်ဝင်းအောင်ကလည်းကောင်း၊ စတုတ္ထ ဗောဓိညောင်ပင်ကို တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကြီးရွှေကလည်းကောင်း၊ ပဉ္စမ ဗောဓိညောင်ပင်ကို စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးဇော်ဝင်းကလည်းကောင်း၊ ဆဋ္ဌမ ဗောဓိညောင်ပင်ကို မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်အုန်းကလည်းကောင်း၊ ကျန် (၁၈) ပင်တို့ကို တာဝန်ရှိသူများကလည်းကောင်း စိုက်ပျိုးကြပါသည်။

ထို့နောက် မဟာဗောဓိညောင်ပင် စိုက်ပျိုးသည့် အထိမ်းအမှတ်အဖြစ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က ရတနာရွှေမိုး၊ ငွေမိုး ရွာသွန်းဖြိုးပြီး အခမ်းအနားကို ရုပ်သိမ်းပါသည်။

## စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီ၏ အလှူဒါန

စိမ်းလန်းစိုပြည်ရေးဆပ်ကော်မတီအနေဖြင့် စွယ်တော်မြတ်စေတီ ဥယျာဉ်တော်အတွက် သစ်ပင်ကြီးငယ်မျိုးစုံ (၁၇၀၀၀) ပင်ကျော်အား လှူဒါန်းခဲ့ခြင်း ဖြစ်ပါသည်။ သစ်တောဦးစီးဌာန၏ အထူးရန်ပုံငွေ (၇၀၀၀၀၀ိ) နှင့် ပုံမှန်ရန်ပုံငွေမှ သစ်ပင်ပျိုးထောင်ခြင်း ကုန်ကျစရိတ်များ သုံးစွဲ လှူဒါန်းခဲ့ပါသည်။

## ယာဉ်၊ စက်ယန္တရားနှင့် လောင်စာဆီ သုံးစွဲမှု

စွယ်တော်မြတ်စေတီတော် (မန္တလေး) ဥယျာဉ်တော်အတွက် စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် စာရင်းမှာ ဌာနပိုင် တီအီး ၂၁ ထရပ်ကား (၁) စီး၊ တီအီး ၁၁ ထရပ်ကား (၁) စီး၊ တီအီး ၁၁ တစ်ပါ (၁) စီး၊ စုစုပေါင်း (၃) စီးဖြင့် မြေဆွေးသယ်ယူခြင်း၊ သစ်ပင်များသယ်ယူခြင်း လုပ်ငန်းသုံးပစ္စည်းများ သယ်ယူခြင်း၊ တီအီး ၂၁ ရေဘောက်ဆာကားဖြင့် ရေလောင်းခြင်း၊ လုပ်ငန်းကြီးကြပ်ရန် ဌာနဆိုင်ရာယာဉ် မာဇဒါဂျစ် (၁) စီး၊ စုစုပေါင်း (၅) စီးဖြင့် အသုံးပြုခဲ့ပါသည်။

ထို့ပြင် အုန်း၊ ကွမ်းပင်ကြီးများ ရွှေ့ပြောင်းစိုက်ပျိုးရာ၌ မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကာတိုကရိန်း (၁) စီး၊ ဆည်မြောင်းဦးစီးဌာနမှ ကရိန်း (၁) စီး၊ တယ်ပင်ကြီးများရွှေ့ပြောင်းရာတွင် ပြင်ပမှ ငှားရမ်းထားရသော RANGER CRANE ရိမ်းဂျားကရိန်း (၂) စီးတို့အား အသုံးပြုခဲ့ရပါသည်။

၄င်းအပင်ကြီးများ သယ်ယူရာတွင် ကွပ်ကဲမှုရုံးမှ နေ့စဉ်စီစဉ်ပေးသော ထရပ်ကားများလည်း ပါဝင်ပါသည်။

## တပ်မတော်၊ ရဲ၊ အကျဉ်းဦးစီး၊ ဝန်ထမ်းလုပ်အားပေးများ ကူညီပံ့ပိုးပေးမှု

စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရန် အတွက် လုပ်ငန်းကြီးကြပ်မှုကော်မတီရုံး ဖွင့်လှစ်ရာ ဌာနဆိုင်ရာအလိုက် လိုအပ်ချက်များ ကူညီဖြည့်ဆည်း ခဲ့ပါသည်။

ကွပ်ကဲမှုရုံး၏ စီစဉ်ဆောင်ရွက်မှုဖြင့် လုပ်အားပေးရန် ရောက်ရှိလာသော သံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျောင်းသား/သူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း များ၊ မီးသတ်၊ ကြက်ခြေနီများ၊ အကျဉ်းဦးစီးဌာနမှ ဝန်ထမ်းအင်အားကို အမာခံပြုလျက် စိမ်းလန်းစိုပြည်ရေး ဆပ်ကော်မတီ (သစ်တောဦးစီးဌာန) က သစ်တောဝန်ထမ်းများ ကြပ်မတ်လျက် ဥယျာဉ်တော် တည်ဆောက်ရေးလုပ်ငန်းကို ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင် စေတနာရှင် ပြည်သူများ သစ်ပင်များ လာရောက်လှူဒါန်းခြင်း၊ ကိုယ်တိုင်လာရောက် စိုက်ပျိုးခြင်း၊ လုပ်အားပေး အဖွဲ့အစည်း၊ ရုံး/ဌာနများ လာရောက်စိုက်ပျိုးခြင်းများကို အဆင်ပြေစွာ စိုက်ပျိုး နိုင်စေရန် သစ်တောဦးစီးဌာန ဝန်ထမ်းများက အထူးအလေးထား၍ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

# စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးမှတ်တမ်းများ

## ၄-၁၂-၉၄ ရက်နေ့ နံနက် ၉ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်၌ ကျင်းပသော အစည်းအဝေးမှတ်တမ်းမှ ကောက်နုတ်ချက်

၁။ အစည်းအဝေးသို့ စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဦးစီးကော်မတီဝင်များ၊ တာဝန်ရှိသူများ တက်ရောက်ကြပါသည်။

၂။ စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီ (မန္တလေး) တွဲဖက်အတွင်းရေးမှူး မန္တလေးတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးအောင်ချစ်နှင့် မြန်မာဗိသုကာ ပညာရှင် တမ္ပဝတီ ဦးဝင်းမောင်တို့ မန္တလေးမြို့၌ စွယ်တော်မြတ်စေတီတော်တည်ဆောက်ရန် မြေနေရာလျာထားခြင်းနှင့် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

၃။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယ ဗိုလ်ချုပ်ကြီး ခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အမှာစကားပြောကြားပါသည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စွယ်တော်မြတ်စေတီတော် တစ်ဆူစီ တည်ထားကိုးကွယ်ရန် စေတီတော်၏ ပုံစံမူကြမ်း‌ရရှိပြီးဖြစ်သည်။ စေတီတော်၏ ပုံစံမူကြမ်းနှင့် ပညာရှင်များ ဆွေးနွေးချက်များအရလည်းကောင်း၊ ရုပ်ထုငယ်နှင့် ပုံစံကားချပ်များ မျက်မြင်အနေအထားအရလည်းကောင်း ကောင်းမွန်သပ္ပါယ် ကြည်ညိုဖွယ်ဖြစ်သည်။

၄။ တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော်၏ အခြေခံအုတ်မြစ် အကျယ်အဝန်း၊ ဉာဏ်တော်အမြင့်၊ စေတီရန်၊ မုခ်ဦး စသည့် အခြေခံအချက်များမှာ ပုံစံမူကြမ်းတွင် ပါရှိပြီးဖြစ်သည်။ ထိုသို့ပုံစံမူကြမ်းကို အခြေခံပြီး လိုသည်များရှိက ထပ်မံညှိနှိုင်း ဖြည့်စွက်ကြရမည်ဖြစ်သည်။

၅။ စွယ်တော်မြတ်စေတီတော်များ တည်ထားခြင်းလုပ်ငန်းကို နိုင်ငံတော်အစိုးရက ဦးစီးဆောင်ရွက်မည်ဖြစ်သဖြင့် စေတီတော်များ နောင်အရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တာဝန်ရှိသူအသီးသီးက ပျော့ကွက်၊ ဟာကွက်မရှိအောင် ဆောင်ရွက်ကြရန်လိုအပ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များ၌ စွယ်တော်မြတ်စေတီတော် (၂) ဆူ တည်ထားရေးအတွက် ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဆပ်ကော်မတီအသီးသီးကို ဖွဲ့စည်းပေးခဲ့ပြီးဖြစ်သည်။ ကော်မတီအသီးသီးအနေဖြင့် မိမိတို့ ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို လွဲချော်မှုမရှိစေရန် စနစ်တကျ အကောင်အထည်ဖော်ပေးကြရန်ဖြစ်သည်။

၆။ စွယ်တော်မြတ်စေတီတော်တွင် ပါရှိရမည့် အင်္ဂါရပ်များ၊ သာသနိက အဆောက်အအုံများနှင့် စပ်လျဉ်း၍ နောက်ထပ် ထပ်မံညှိနှိုင်းကြပြီး ဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူကာ ဩဝါဒနှင့်အညီ ဆောင်ရွက်သွားကြရန် လိုအပ်မည်ဖြစ်သည်။

၇။ စွယ်တော်မြတ်စေတီတော် (၂) ဆူ ထည်ထားရန် အလှူငွေများ ရရှိထားပြီးဖြစ်သည်။ တည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အပိုင်းကလည်း ပံ့ပိုးပေးမည်ဖြစ်သည်။ ယခုအခါ ပွင့်လင်းရာသီရောက်လာပြီဖြစ်၍ စေတီတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် မြေပြင်ဆင်မှုလုပ်ငန်းများနှင့် မြေအမာခံရရှိရေးလုပ်ငန်းများ၊ မြေသန့်ရှင်းရေး၊ ပန္နက်တင်အစီအစဉ်နှင့် အခြေခံအုတ်မြစ်ချရေးကိစ္စများ အပါအဝင် စေတီတော်၏ အမာခံကိုယ်ထည် တည်ဆောက်ရေးလုပ်ငန်း အသီးသီးကို လာမည့် မိုးရာသီမတိုင်မီတွင် အပြီးအစီး ဖြစ်စေရေးအတွက် စနစ်တကျ အစီအစဉ်များ ချမှတ်ဆောင်ရွက်ကြရမည်ဖြစ်သည်။

၈။ စွယ်တော်မြတ်စေတီတော်များကို နိုင်ငံတော်အစိုးရက ဦးစီးဆောင်ရွက်ပြီး ဗုဒ္ဓဘာသာဝင် ပြည်သူတစ်ရပ်လုံး၏ ထည့်ဝင်လှူဒါန်းငွေများဖြင့် တည်ထားကိုးကွယ်မည်ဖြစ်သဖြင့် (၄၃) သန်းကျော်သော ပြည်သူတစ်ရပ်လုံးနှင့် သက်ဆိုင်သည့် စေတီတော်များပင်ဖြစ်သည်။ ထို့ကြောင့် စေတီတော်များ တည်ဆောက်ရာတွင် အားနည်းချက်၊ ချို့ယွင်းချက်များ မရှိစေရန် တာဝန်ရှိသူအသီးသီးက အကောင်းဆုံးဖြစ်စေရေး ညှိနှိုင်းကြိုးပမ်း ဆောင်ရွက်သွားကြရန်ဖြစ်သည်။

၉။ ယင်းအစည်းအဝေးတွင် အောက်ပါတို့ကို ဆွေးနွေးဆုံးဖြတ်ကြပါသည်–

(က) စွယ်တော်မြတ်စေတီတော်၏ ပုံစံကြမ်း MODEL ကို အတည်ပြုရန်နှင့် အတွင်းပိုင်း အနုစိတ်ပုံစံများကို တစ်ခုချင်း ထပ်မံရေးဆွဲပြုလုပ်တင်ပြရန်။

(ခ) စွယ်တော်မြတ်စေတီတော်ကို နိုင်ငံတော်အစိုးရက ဦးစီးပြီး တည်ဆောက်ခြင်းဖြစ်၍ စေတီတော် တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ရာတွင် နိုင်ငံတော်အစိုးရနှင့် ပြည်သူလူထုကို အခြေခံစဉ်းစားပြီး ဆောင်ရွက်ရန်နှင့် စေတီတော်တွင် ရှိသင့် ရှိအပ်သော အခြေခံလိုအပ်ချက်များ ပြည့်စုံစွာပါရှိရေး စီစဉ်ဆောင်ရွက်ရန်။

(ဂ) စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်း အစီအစဉ်များကို "စေတီတော်တည်ဆောက်ရေးအတွက် ဩဝါဒဆရာတော်ကြီးများ" ၏ ဩဝါဒနှင့်အညီသာ ဆောင်ရွက်သွားရန်နှင့် ဩဝါဒဆရာတော်ကြီးများက အချိန်အခါမရွေး ဩဝါဒပြုနိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာန ဩဝါဒဆရာတော်ကြီးများအား ကြိုတင်လျှောက်ထားရန်။

(ဃ) စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးအတွက် မြေသန့်ခြင်း၊ ပန္နက်တင်ခြင်းနှင့် အုတ်မြစ်ချခြင်း အစီအစဉ်များကို လာမည့်နှစ်ဆန်းပိုင်းတွင် စတင်ဆောင်ရွက်သွားရန်နှင့် ယင်းအစီအစဉ်များအတွက် အကောင်းဆုံးမင်္ဂလာအခါတော် (၃) ခုကို "စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေးအတွက် ဩဝါဒဆရာတော်ကြီးများ" က ရွေးချယ်လမ်းညွှန် ဩဝါဒပြုနိုင်ရေးအတွက် သာသနာရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သွားရန်။

စွယ်တော်မြတ်စေတီတော် မုခ်အဝင်ပေါက်၏ အမြင့်ကို အနည်းဆုံး ၁၆ ပေနှင့် စေတီအတွင်း အာရုံခံအကျယ်ကို အနည်းဆုံး ၃ ပေ ထားရှိရေး စီစဉ်ဆောင်ရွက်ရန်။
စွယ်တော်အတွင်း ပူဇော်ထားရှိမည့် ဗုဒ္ဓရုပ်ပွားတော်၊ ပလ္လင်တော်၊ ယင်းနှင့် လိုက်ဖက်ညီပြီး တင့်တယ်သပ်ရပ်မည့် ဖောက်ထွင်းခုံပါ ဥယျာဉ်တံကဲတို့၏ ပုံစံကြမ်းတို့ကို အသေးစိတ် ရေးဆွဲတင်ပြရန်။
စေတီတော်အတွင်း ထည့်သွင်းဆောက်လုပ်မည့် တိုင်ကြီးများ၏ အချင်းကို အနည်းဆုံး ၃ ပေ သတ်မှတ်တည်ဆောက်ရန်။
စေတီတော်အတွင်းပိုင်းတွင် မြန်မာ့ရိုးရာ လက်ရာစစ်စစ် အမွန်းအပြောက် အနုစိတ် ခြယ်သမှုများကို ပြည့်စုံသပ်ရပ်လှပစွာ မွမ်းမံဖော်ဆောင်ပြုလုပ်ထားရန်။
စေတီတော်တွင် ပထမပစ္စယံ၊ ဒုတိယပစ္စယံနှင့် တတိယပစ္စယံ ဟူ၍ ပစ္စယံ (၃) ဆင့် တပ်ဆင်ရန်နှင့် ပြာသာဒ်ကို သတ်မှတ်ထားသောနေရာတွင် ထည့်သွင်းဖော်ဆောင် သွားရန်နှင့် အလင်းပေါက်များကို သတ်မှတ်နေရာများတွင် ပြုလုပ်သွားရန်။
မန္တလေးတွင် တည်ဆောက်မည့် စွယ်တော်မြတ်စေတီတော်၏ ခိုင်မာသော အောက်ခံမြေ အမာခံရရှိရေးအတွက် ဂဝံမြေနှင့် စကျင်ကျောက်များဖြင့် အခိုင်အမာ ရယူတည်ဆောက် သွားရန်နှင့် အောက်ခံမြေတည်ဆောက်ခြင်းလုပ်ငန်းကို အမြန်ဆုံး စတင်လုပ်ဆောင်ရန်။
မန္တလေးတွင် စွယ်တော်မြတ်စေတီတော် တည်ဆောက်မည့် နေရာရှိ မြောင်းကို လမ်းကြောင်းပြောင်းလွှဲပေးရေး စီစဉ်ရန်နှင့် အဆိုပါရေမြောင်းကို ရေတံခွန်တောင်သွား ရေလမ်းမကြီး၏ နံဘေးတစ်လျှောက် ဆက်လက်ဖောက်လုပ်သွားရန်။
မန္တလေးတွင် တည်ဆောက်မည့် စွယ်တော်မြတ်စေတီတော်၏ ပရိဝုဏ်အကျယ်အဝန်းကို လုံလုံလောက်လောက် သတ်မှတ်စီစဉ် ဆောင်ရွက်ရန်။
စွယ်တော်မြတ်စေတီတော် သာသနိက အဆောက်အအုံအဖြစ် ဗုဒ္ဓစက်တော်ရာ နှစ်ဆူပါ တည်ဆောက်ကိုးကွယ်ပူဇော်ခြင်းနှင့် ပတ်သက်၍ ဩဝါဒဆရာတော်ကြီးများအား လျှောက်ထားတင်ပြပြီး ဆရာတော်ကြီးများ၏ လမ်းညွှန်ဩဝါဒနှင့်အညီ ဆောင်ရွက် သွားရန်။
စွယ်တော်မြတ်စေတီတော်၏ ပုံစံကြမ်းကို အတည်ပြုချက်ရရှိပြီးပါက တည်ဆောက်မည့် မြေနေရာ အကျယ်အဝန်းနှင့် နေရာ သတ်မှတ်လျာထားမှုများကို (OVER VIEW PLAN) အသေးစိတ်စီမံချက်များ ထပ်ဆင့်ရေးဆွဲတင်ပြရန်။
စွယ်တော်မြတ်စေတီတော်၏အရှေ့ဘက်မျက်နှာပြုဝင်ပေါက်၊ ယင်း၏အပေါ်ရှိ မုခ်သုံးခု နှင့် ကွမ်းတောင်တို့ကို တစ်ဖြောင့်တည်း၊ တစ်တန်းတည်း စီစဉ်ဆောက်လုပ်သွားရန်။
ဗုဒ္ဓစက်တော်ရာနှင့် ပတ်သက်၍ လက်ကမ်းစာစောင်ထုတ်ဝေရေးအတွက် နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ရုံးမှ သက်ဆိုင်ရာနှင့် ညှိနှိုင်းစီစဉ်ဆောက်ရွက်ပေးရန်။

(ထ) စွယ်တော်မြတ်စေတီတော်ကို လာရောက်ဖူးမြော် ကြည်ညိုကြသူအပေါင်းအား စိတ်ကြည်လင်အေးချမ်းမှု အပြည့်အဝရှိရေးကို ဦးတည်ရည်ရွယ်၍ စေတီတော်တွင် ဖော်ဆောင်မည့် မြန်မာမှုဗိသုကာလက်ရာ မွမ်းမံခြယ်သမှုများ၊ သာသနိက အဆောက်အအုံဆိုင်ရာ စီစဉ်ဆောင်ရွက်မှုများကို ရှုပ်ထွေးမှုမရှိစေဘဲ အမြင်ရှင်းလင်းစွာ သပ္ပါယ် ကြည်ညိုဖွယ်ဖြစ်အောင် စီစဉ် လုပ်ဆောင်သွားရန်။

( ဒ ) စွယ်တော်မြတ်စေတီတော်တွင် ရှိသင့်ရှိထိုက်သော အခြေခံလိုအပ်ချက်များကို ပြည့်စုံစွာ ပါရှိစေရေးကို ပထမ စီစဉ်ဆောင်ရွက်ရန်နှင့် အသေးအဖွဲ့လိုအပ်ချက်များကို နောင်မှ အဆင့်အလိုက် လိုအပ်သလို ဆွေးနွေးညှိနှိုင်း ဖြည့်စွက်ဆောင်ရွက်သွားရန်။

( ဓ ) စွယ်တော်မြတ်စေတီတော်၏ လှေကားထစ်ကို သိပ်မမတ်စောက်စေဘဲ ခပ်ပြေပြေဖြစ်စေရေး စီစဉ်ဆောင်ရွက်ရန်။

( န ) လာမည့် မိုးရာသီမတိုင်မီ ပွင့်လင်းရာသီကာလအတွင်း မြေအောက်အမာခံလုပ်ငန်းများနှင့် အောက်ခြေကိုယ်ထည်လုပ်ငန်းများ တည်ဆောက်ပြီးစီးရေးအတွက် စွယ်တော်မြတ် စေတီတော် တည်ဆောက်ရေးနှင့် ပတ်သက်၍ တာဝန်ရှိသူအသီးသီးက မိမိတို့ ဆပ်ကော်မတီအလိုက် ကြိုးပမ်းဆောင်ရွက်သွားကြရန် စသည်တို့ဖြစ်ကြသည်။

## ၁၉၉၅ ခု၊ စက်တင်ဘာလ ၁၀ ရက်နေ့၊ (၁၃း၀၀) နာရီတွင် ဓမ္မပါလကုန်းမြေ (မရမ်းကုန်းမြို့နယ်) ၌ ကျင်းပပြုလုပ်သော စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး ညှိနှိုင်းအစည်းအဝေးမှတ်တမ်းမှ ကောက်နုတ်ချက်များ

၁။ စွယ်တော်မြတ်စေတီတော် တည်ဆောက်ခြင်းအတွက် ပစ္စည်း၊ ယာဉ်နှင့် လုပ်အားပါဝင်ဒါနပြုခြင်းနှင့် ပတ်သက်၍ ကုန်ကျစရိတ်သက်သာမှုကို တန်ဖိုးသင့် တွက်ချက်ရာတွင် အမှန်အတိုင်း အနီးစပ်ဆုံး တိတိကျကျဖြစ်စေရေးကို စိစစ်ဆောင်ရွက်သွားရန်။

၂။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် တည်ဆောက်လျက်ရှိသည့် စွယ်တော်မြတ်စေတီတော်နှင့် ပတ်သက်၍ ပုံစံ၊ နည်းစနစ်၊ မြန်မာမှုလက်ရာများ တစ်ပုံစံတည်းဖြစ်စေရေးနှင့် ကုန်ကျစရိတ်များ စေတီတော် တစ်ဆူနှင့်တစ်ဆူ အလွန်အမင်း ကွာခြားနေမှုများမရှိစေရေးအတွက် အမြဲစိစစ်ညှိနှိုင်း ဆောင်ရွက်ကြရန်။

၃။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တွင် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးအတွက် ဆောက်လုပ်ရေး ပစ္စည်းများ ဝယ်ယူခွင့် လျှောက်ထားလာသည့်အခါ ကွာဟမှု မရှိစေရေးအတွက် နှိုင်းယှဉ်စိစစ် ဆောင်ရွက်ရန်။

၄။ စွယ်တော်မြတ်စေတီတော် နှစ်ဆူတွင် ဆောင်ရွက်မည့် မြန်မာမှုလုပ်ငန်းများကို လက်ရာအမြင့်ဆုံး၊ အဆင့်အမြင့်ဆုံးနှင့် အသန့်ဆုံး၊ အချောဆုံး ဖြစ်စေရေးကို အဓိကထား ဆောင်ရွက်ကြရန်နှင့် ယင်းအတွက် ကုန်ကျစရိတ် မျှမျှတတဖြစ်စေရေးအတွက် မြန်မာမှုပညာရှင်များနှင့် နှစ်ဖက်ညှိနှိုင်း စိစစ်ဆောင်ရွက်ကြရန်။

## ၁၀-၁-၉၅ ရက်နေ့၊ (၁၃:၀၀) နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ခန်းမဆောင်သစ်၌ ကျင်းပသော အစည်းအဝေးမှတ်တမ်းမှ ကောက်နုတ်ချက်

၁။ အစည်းအဝေးသို့ စွယ်တော်မြတ်စေတီတော်တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် ဦးစီးကော်မတီဝင်များ၊ တာဝန်ရှိသူ (၄၈) ဦး တက်ရောက်ကြသည်။ ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့်က အောက်ပါအတိုင်း အမှာစကား ပြောကြားသည်။

၂။ ယခုအခါ ပြည်သူအများ ကိုးကွယ်ပူဇော်နိုင်ရန်အတွက် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် စွယ်တော်မြတ်စေတီတော် တစ်ဆူစီ တည်ထားကိုးကွယ်ရေးကို စတင် အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်သည်။ မန္တလေးတွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော်အတွက်မှာမူ မြေပြုပြင်မှု လုပ်ငန်းများ အများအပြားဆောင်ရွက်ရဦးမည်ဖြစ်သည်။ ရွေးချယ်ထားသည့် မြေနေရာ ခိုင်ခိုင်မာမာ ဆောင်ရွက်ပြီးမှ စေတီတော်တည်ထားကိုးကွယ်ရန် သင့်လျော်မည်ဖြစ်သည်။ စွယ်တော်မြတ်စေတီတော် နှစ်ဆူကို ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ကြည်ညိုနိုင်ရန်ဟူသော ခံယူချက်ဖြင့် တည်ထားကိုးကွယ်သွားမည်ဖြစ်ရာ မြေနေရာရွေးချယ်မှု မှန်ကန်ရန်အရေးကြီးသည်။ စွယ်တော်မြတ်စေတီတော် နှစ်ဆူ တည်ထားရာတွင် ကြည်ညိုဖွယ် ခန့်ခန့်ညားညား တည်ထားကိုးကွယ်သွားမည်ဖြစ်ရာ တည်ဆောက်ရေး ဒုတိယအဆင့်ဖြစ်သော ပန္နက်တင်မင်္ဂလာ အခမ်းအနားမှစ၍ ဆောင်ရွက်မည့်လုပ်ငန်းများကို ယခင်ကထက် ပိုပြီးစနစ်ကျစွာ ဆောင်ရွက်သွားကြရန်လိုအပ်သည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် နှစ်ဆူမှာ ညီနောင်စေတီတော် နှစ်ဆူဖြစ်၍ စေတီတော်တစ်ဆူနှင့်တစ်ဆူ မရှေးမနှောင်း တည်ထားကိုးကွယ်ပြီးစီးရန်လိုအပ်သည်။ မန္တလေးမြို့ စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းများအတွက်လည်း လိုအပ်သည်များ ကူညီစီစဉ် ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

၃။ ထို့နောက် စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေးလုပ်ငန်းကော်မတီ (မန္တလေး) ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကျော်သန်းက တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဗုဒ္ဓမြတ်စွယ်တော် မြန်မာနိုင်ငံသို့ ကြွချီအပူဇော်ခံ ရောက်ရှိစဉ်က မန္တလေးမြို့၌ အပူဇော်ခံရရှိမှု၊ စွယ်တော်မြတ်စေတီတော် တည်ထားကိုးကွယ်ရေးအတွက် မြေနေရာရွေးချယ်ခဲ့မှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် စီစဉ်ကြိုးပမ်းနေမှုများ၊ ဗုဒ္ဓစွယ်တော်မြတ် လှည့်လည်အပူဇော်ခံစဉ် အလှူငွေ များ၊ ရတနာပစ္စည်းများ ရရှိမှု အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

၄။ ယင်းအစည်းအဝေးတွင် အောက်ပါတို့ကို ဆွေးနွေးဆုံးဖြတ်ကြပါသည်-

(က) ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် (၂) ဆူကို နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌက အတည်ပြုပေးခဲ့သည့် နမူနာပုံစံအတိုင်း တည်ဆောက်သွားရန်။

( ခ ) မန္တလေးမြို့တွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော်၏ ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာအခမ်းအနားကိုလည်း ဩဝါဒဆရာတော်ကြီးများ၏ ဩဝါဒကို ခံယူပြီး ဆက်လက်၍ အမြန်ဆုံးစီစဉ် ကျင်းပသွားနိုင်ရေးအတွက် လိုအပ် သည်များ ကြိုတင်ဆောင်ရွက်ထားရှိရန်၊ အုတ်မြစ်ချအခမ်းအနားကို ရန်ကုန်နှင့် မန္တလေး မြို့တို့တွင် ရှေ့ဆင့်နောက်ဆင့် အကောင်အထည်ဖော်ဆောင်ရွက်သွားရန်၊

( ဂ ) စွယ်တော်မြတ်စေတီတော်အတွင်းပိုင်းတွင် မည်သည့်အရပ်မျက်နှာက ဖူးမြော်ကြည်ညို သည်ဖြစ်စေ၊ ဗုဒ္ဓရုပ်ပွားတော်မြတ်၏ အပေါ်တွင် ပူဇော်ထားရှိသည့် စွယ်တော်မြတ်ကို ထင်ထင်ရှားရှား အာရုံစူးစိုက် ဖူးမြော်ကြည်ညိုနိုင်ရေးကို အဓိကထား၍ မွမ်းမံစီစဉ် လုပ်ဆောင်သွားရန်။

(ဃ) စွယ်တော်မြတ်စေတီတော်၏ မုခ်ဦးထိပ်မှ မဟာရံတံတိုင်းအထိ မြေနေရာ အကျယ် အဝန်းကို သတ်မှတ်ထားသည့်အတိုင်း ကျယ်ကျယ်ဝန်းဝန်း ဖြစ်စေရေးကို စီစဉ် ဆောင်ရွက်ရန်။

( င ) စေတီတော်အတွင်းရှိ တိုင်ကြီးများတွင် တိုင်ဖုံးများ စီစဉ်ထည့်ပေးရန်။

( စ ) စွယ်တော်မြတ်စေတီတော်ကို လာရောက်ဖူးမြော် ကြည်ညိုမည့်သူများ တက်ရောက်မည့် လှေကားထစ်များကို သာမန်ပုံစံမျိုး မပြုလုပ်ဘဲ (၂) ထစ်တက်ရောက်ပြီးတိုင်း ကျယ်ဝန်း သော ကွင်းပြင်ထားရှိသည့်စနစ် ပုံစံမျိုးကို စီစဉ်ဆောက်လုပ်ရန်၊ စွယ်တော်မြတ် စေတီတော် ရင်ပြင်တော်သည် စေတီတော်ပတ်လမ်း (ကားလမ်း) အထက်အမြင့် အနည်းဆုံး ၁၅ ပေ ထားရှိရေး စီစဉ်လုပ်ဆောင်ရန်။

(ဆ) ဥယျာဉ်တော်ကို ရေကန်တော်ဘက်မှာ ထားရှိရန်နှင့် ဗုဒ္ဓမြတ်စွာပွင့်ရာ ဗောဓိပင်များကို ကန်တော်ပတ်ဝန်းကျင်နှင့် ဥယျာဉ်တော်တို့တွင် စနစ်တကျ စိုက်ပျိုးရန်၊ ယင်းတို့ကို သီးသန့် အဝန်းအဝိုင်းဖြင့် ထားရှိရန်နှင့် ကွန်တို အနိမ့်အမြင့်အလိုက် စီစဉ်ပြုလုပ်ဖန်တီးရန်။

( ဇ ) ရဟန်းတော်၊ သီလရှင်၊ လူပုဂ္ဂိုလ် (ကျား/မ) ဆိုင်ရာ သာသနိက အဆောက်အအုံများ အဖြစ် စီစဉ်ဆောက်လုပ်ရန်၊ ဆွမ်းစားဆောင်၊ ထမင်းစားဆောင် (HALL) များကို ယခု လောလောဆယ် အင်အား ၅၀၀ ဆန့်အဖြစ် ပဏာမ စီစဉ်ဆောက်လုပ်ရန်။

( ဈ ) မန္တလေးမြို့တွင် တည်ထားကိုးကွယ်မည့် စွယ်တော်မြတ်စေတီတော် အောက်ခံမြေမာ တည်ဆောက်ရာတွင် အချိန်တိုအတွင်း ပြီးမြောက်စေရန်အတွက် (ROUGH FOUNDATION) တည်ဆောက်သွားရန်၊ လိုအပ်သော ယန္တရားကြီးများကို ဆောက်လုပ်ရေးဝန်ကြီးဌာနက စီစဉ်ပံ့ပိုးပေးရန်။

(ည) စွယ်တော်မြတ်စေတီတော်များ တည်ဆောက်မှုကို လာမည့်မိုးရာသီမကျရောက်မီကာလ အတွင်း ပစ္စယံပေါ်လွင်လာသည်အထိ ဦးတည်ဆောင်ရွက်ကြရန် စသည်တို့ဖြစ်ပါသည်။

## ၁၉၉၅ ခု၊ နိုဝင်ဘာလ ၁၁ ရက်နေ့၊ (၁၀:၀၀) နာရီအချိန်တွင် မရမ်းကုန်းမြို့နယ်၊ ဓမ္မပါလကုန်းမြေ၌ ကျင်းပပြုလုပ်သော စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးမှတ်တမ်းမှ ကောက်နုတ်ချက်

၁။ စွယ်တော်မြတ်စေတီတော်အတွင်းပိုင်းတွင် အထူအပါးနှင့် အရောင်သွေးညီညာသော ဂရင်းနိုက်များ ခင်းရန်နှင့် ယင်းအတွက် ကြိုတင်စီစဉ်ဆောင်ရွက်ရန်နှင့် ပစ္စည်းအတွက် စရန်ငွေ ကြိုတင်ပေးချေမှာယူ ဆောင်ရွက်ရန်။

၂။ စွယ်တော်မြတ်စေတီတော်၏ အပြင်ဘက် ရင်ပြင်တော်ပေါ်တွင် လျှောက်လမ်း၌ စကျင်ကျောက်၊ ကျန်အပိုင်း၌ ရိုးရိုးမာဘယ်လ်ကျောက်ဖြင့် စနစ်တကျခင်းရန်။

၃။ စွယ်တော်မြတ်ထားရှိပူဇော်မည့် ကြုတ်၊ ပလ္လင်တော်နှင့် ကျောင်းဆောင်ပုံစံတို့ကို အသေးစိတ်ပုံဖော် ပြုလုပ်တင်ပြရန်။

၄။ ရန်ကုန်၊ မန္တလေး စွယ်တော်မြတ်စေတီအတွက် ကြေးဆင်းတုဗုဒ္ဓရုပ်ပွားတော်ကြီး ဉာဏ်တော်တူ၊ ပုံစံတူ စုစုပေါင်း (၁၈) ဆူ သွန်းလုပ်ရာတွင် တပ်မတော်ဓမ္မာရုံက ရုပ်ပွားတော်၏ ပုံစံနှင့် အချိုးအစားအတိုင်း အတည်ပြု သတ်မှတ်ပေးထားသော မုဒြာတို့နှင့်အညီ ကြိုတင်သွန်းလုပ်ထားရန်နှင့် ယင်းအတွက် လိုအပ်သော စရန်ငွေများကို ဘဏ္ဍာရေးကော်မတီက ကြိုတင်ထုတ်ပေးရေး စီစဉ်ဆောင်ရွက်ရန်။

၅။ စွယ်တော်မြတ်စေတီတော် (မန္တလေး) တည်ဆောက်ခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးသော မြန်မာမှုဆိုင်ရာ လုပ်ငန်းများအတွက် ကျသင့်သည့် ကုန်ကျစရိတ်ငွေများကို သက်ဆိုင်ရာသို့ အမြန်ပေးချေရန်အတွက် မန္တလေးတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ အကြောင်းကြားရန်။

၆။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့တွင် တည်ဆောက်မည့် စွယ်တော်မြတ်စေတီ (၂) ဆူသည် မြန်မာမှု လက်ရာ အမွှန်းအပြောက်များ အပါအဝင် အားလုံး တစ်ပုံစံတည်းဖြစ်စေရေး၊ နမူနာပုံစံ၊ မိုများပါ တစ်ပုံစံတည်း ဖြစ်စေရေးအတွက် မြန်မာဗိသုကာပညာရှင်များ၊ ဆောက်လုပ်ရေးပညာရှင်များ လိုအပ်သလို စုစည်းညှိနှိုင်း ပူးပေါင်းဆောင်ရွက်နိုင်ရေး စီစဉ်ပေးရန်။

၇။ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဗုဒ္ဓမြတ်စွယ်တော်အား မြန်မာနိုင်ငံသို့ ဒုတိယအကြိမ် ဒေသစာရီ ကြွချီပူဇော်ရာတွင် အကြို/အပို့ အစီအစဉ်ကို ရန်ကုန်မြို့တွင်သာ ပြုလုပ်ရန်နှင့် ပင့်ဆောင်ပူဇော်ရာတွင် သစ်တောရေးရာဝန်ကြီးဌာနမှ ဆင်အရေအတွက်များများဖြင့် ပင့်ဆောင်ရေးစီစဉ်ရန်၊ စွယ်တော်မြတ် ကိန်းဝပ်စံပါယ် အပူဇော်ခံခြင်းကို ရန်ကုန်တွင် မဟာပါသဏလိုဏ်ဂူတွင်လည်းကောင်း၊ မန္တလေးမြို့တွင် "မဟာအတုလဝေယန် တုလွတ်ကျောင်းတော်" ကြီးတွင်လည်းကောင်း စီစဉ်ရန်။

၈။ မန္တလေးမြို့ "မဟာအတုလဝေယန် တုလွတ်ကျောင်းတော်" ကြီး၏ မြန်မာမှုအနုပညာ မွမ်းမံခြယ်သ လုပ်ဆောင်မှုများအပါအဝင် လုပ်ငန်းအစီအစဉ်အားလုံးကို လာမည့် ဧပြီလတွင် အပြီးအစီး စီစဉ်ဆောင်ရွက်ရန် စသည်တို့ဖြစ်ပါသည်။

# စွယ်တော်မြတ်စေတီတော် (မန္တလေး)

## စိန်ဖူးတော်မှတ်တမ်း

စိန်ဖူးတော်ရှိ စိန်အကြီး ၁ ပွင့် ၂.၇၀ ကရက်၊ အခြားစိန်အသေးများ ၁၁၁ ပွင့် ၁၃.၃၁ ကရက်၊ ပတ္တမြား ၄ ပွင့်၊ နီလာ ၄ ပွင့်၊ မြ ၄ ပွင့်၊ ဥဿဖယား ၄ ပွင့်၊ ဂေါမိတ် ၄ ပွင့်၊ ပုလဲ ၄ ပွင့်၊ သန္တာ ၄ ပွင့်၊ စုစုပေါင်း ၃၂ ပွင့် ၃၁.၈၈ ကရက်၊ စိန်ဖူးတော်ကွန်ခြာ ရွှေအလေးချိန် ၂၆၃.၁၂ ဂရမ် ၁၆.၁၁ ကျပ်သား၊ စိန်ဖူးတော်ရှိ ကျောက်မျက်ရတနာမျိုးစုံ ၁၄၄ ပွင့် ၉.၅၈ ဂရမ် ၀.၅၈ ကျပ်သား၊ စလင်းစိန်ဖူးတော် အလေးချိန် ၂၁၄၆ ဂရမ် ၁၃၁.၄၀ ကျပ်သား ပါရှိသည်။ စုစုပေါင်းတန်ဖိုး ကျပ် ၆,၉၀၀,၀၀၀ ရှိသည်။

## ရွှေသပိတ်တော်မှတ်တမ်း

ရွှေအလေးချိန် ၁၂၁၅.၄၉ ဂရမ် ၇၄.၄၂ ကျပ်သား၊ ကျောက်မျက်ရတနာမျိုးစုံအလေးချိန် ၄၀.၅၅ ဂရမ် ၂.၄၈ ကျပ်သား၊ ရွှေ + ကျောက်မျက်ရတနာမျိုးစုံ အလေးချိန် ၁၂၅၆.၀၄ ဂရမ် ၇၆.၉၀ ကျပ်သား၊ ပတ္တမြားတာ ၉ ပွင့်၊ နီလာတာ ၂၂ ပွင့်၊ မိုးကုတ်ရောင်စုံတာ ၂၈၆ ပွင့်၊ မြ ၉ ပွင့်၊ စိန် ၁၉၆ ပွင့်၊ စုစုပေါင်း ၅၂၂ ပွင့် ပါရှိပါသည်။ စုစုပေါင်းတန်းဖိုး ကျပ် ၆,၇၉၂,၀၀၀ ရှိသည်။

## လက်ယာငှက်မြတ်နားတော်မှတ်တမ်း

ရွှေအလေးချိန် ၂၂၅၈.၁၈ ဂရမ် ၁၃၂.၂၇ ကျပ်သား၊ ကျောက်မျက်ရတနာမျိုးစုံအလေးချိန် ၂၂၅.၄၅ ဂရမ် ၁၃.၇၉ကျပ်သား၊ ရွှေ + ကျောက်မျက်ရတနာမျိုးစုံ အလေးချိန် ၂၄၈.၆၃ ဂရမ် ၁၅၂.၀၆ ကျပ်သား၊ ပတ္တမြားလုံးချော ၂၁ ပွင့်၊ ပတ္တမြားတာ ၄၉၄ ပွင့်၊ နီလာတာ ၄၈၀ ပွင့်၊ နီလာလုံးချော ၈ ပွင့်၊ မိုးကုတ်ရောင်စုံတာ ၄၈၉ ပွင့်၊ ကျောက်စိမ်း ၉၄ ပွင့်၊ ပုလဲ ၂၃ ပွင့်၊ မြ ၂၁ ပွင့်၊ စိန် ၂၆ ပွင့်၊ ကြောင် ၉ ပွင့်၊ ဂေါမိတ် ၉ ပွင့်၊ ဥဿဖယား ၉ ပွင့်၊ သန္တာ ၉ ပွင့် ပါရှိပါသည်။

## လက်ဝဲငှက်မြတ်နားတော်မှတ်တမ်း

ရွှေအလေးချိန် ၂၄၀၀.၄၄ ဂရမ် ၁၄၆.၉၈ ကျပ်သား၊ ကျောက်မျက်ရတနာမျိုးစုံအလေးချိန် ၂၂၅.၄၅ ဂရမ် ၁၃.၇၉ကျပ်သား၊ ရွှေ + ကျောက်မျက်ရတနာမျိုးစုံ အလေးချိန် ၂၆၂၅.၈၉ ဂရမ် ၁၆၀.၇၇ ကျပ်သား၊ ပတ္တမြားလုံးချော ၂၃ ပွင့်၊ ပတ္တမြားတာ ၄၈၉ ပွင့်၊ နီလာတာ ၅၀၉ ပွင့်၊ နီလာလုံးချော ၁၃ ပွင့်၊ မိုးကုတ် ရောင်စုံတာ ၄၆၀ ပွင့်၊ ကျောက်စိမ်း ၉၇ ပွင့်၊ ပုလဲ ၂၃ ပွင့်၊ မြ ၁၇ ပွင့်၊ စိန် ၂၅ ပွင့်၊ ကြောင် ၉ ပွင့်၊ ဂေါမိတ် ၉ ပွင့်၊ ဥဿဖယား ၉ ပွင့်၊ သန္တာ ၉ ပွင့် ပါရှိပါသည်။

လက်ဝဲ၊ လက်ယာ ငှက်မြတ်နားတော်တန်ဖိုး စုစုပေါင်း ကျပ် ၃၁,၇၁၇,၅၀၀ ရှိသည်။

## ပြဟ္မာရုပ်တုမှတ်တမ်း

ပြဟ္မာရုပ်တုမှတ်တမ်းတွင် ဆင်မြန်းထားသော ရွှေချပ်ဝတ်တန်ဆာ ၁ စုံ ၄၁၈.၅၀၈ ဂရမ် ၂၅.၆၂ ကျပ်သား၊ ခန့်မှန်းတန်ဖိုး ကျပ် ၈၀၇၁၆၅၊ ဘေးနှစ်ဘက်အလေးချိန်ညှိ ရွှေပြား ၁ စုံ ၁၅၃.၃၀ ဂရမ် ၉.၃၉ ကျပ်သား ခန့်မှန်းတန်ဖိုး ကျပ် ၂၉၅၀၃၅၊ ရှားပါးမှုနှင့် အနုပညာလက်ပြောင်မြောက်မှုတန်ဖိုး ကျပ် ၅၅၁၅၀၀၊ စုစုပေါင်း ကျပ် ၁၆၅၄၅၀၀ ရှိသည်။

## ရွှေကြုတ်တော်မှတ်တမ်း

ရွှေအလေးချိန် ၈၁၉၁.၅၃ ဂရမ် ၅၀၁.၇၅ ကျပ်သား၊ ငွေအလေးချိန် ၈၂၄၈.၉၅ ဂရမ် ၅၀၅.၀၈ ကျပ်သား၊ ကျောက်စိမ်း ဗုဒ္ဓဆင်းတုတော် (၉) ဆူ အလေးချိန် ၂၂၃၁.၉၀ ဂရမ် ၁၃၆.၆၆ ကျပ်သား၊ ကျောက်စိမ်းဘုံဆောင်တိုင် (၈) တိုင် အလေးချိန် ၂၈၀.၀၆ ဂရမ် ၁၇.၁၅ ကျပ်သား၊ ကျောက်စိမ်း မြင်းမိုရ်တောင် အလေးချိန် ၁၅၈၀၀.၀၀ ဂရမ်၊ ၉၆၇.၄၄ ကျပ်သား၊ ကျောက်စိမ်းပြားအောက်ခံပလ္လင် အလေးချိန် ၄၆၀၀၀.၀၀ ဂရမ် ၂၈၁၆.၅၉ ကျပ်သားရှိသည်။ ၎င်းပစ္စည်းများအနက် ကျောက်စိမ်း စုစုပေါင်း ၏ တန်ဖိုးမှာ ကျပ် ၇၃၃၅၀၀၊ ရွှေတန်ဖိုးမှာ ကျပ် ၁၉၆၁၂၉၈၂၊ ငွေတန်ဖိုးမှာ ကျပ် ၂၈၂၄၄၂၊ လက်ခမှာ ကျပ် ၂၂၄၇၀၃၂၄၊ ရှားပါးမှုနှင့် လက်ရာမြောက်မှုတန်ဖိုးမှာ ကျပ် ၁၀၇၇၄၈၁၂ ဖြစ်၍ စုစုပေါင်း တန်ဖိုးမှာ ကျပ် ၃၂,၃၂၄,၄၃၆ ဖြစ်ပါသည်။

ဗုဒ္ဓစွယ်တော်မြတ်စေတီ

(မန္တလေး)

စိန်ဖူးတော်

နှင့်

ငှက်မြတ်နားတော်





# မြေသန့်မဟာမင်္ဂလာ အခမ်းအနား



ဘဒ္ဒန္တ သာသနာဘိဝံသ
(အဂ္ဂမဟာပဏ္ဍိတ)
တိုင်းဥက္ကဋ္ဌ သုဓမ္မာ
မြတောင်တိုက် ဆရာတော်
က
နိမိတ်ဖတ်ကြားစဉ်



ညောင်ရေအိုး
ပို့ဆောင်စဉ်



ဆရာတော်ကြီးများ မြေသန့်မင်္ဂလာ ပြုလုပ်မည့်
နေရာ ခင်းကျင်းပြင်ဆင်မှု



ပရိတ်သဲအိုး မြှုပ်နေစဉ်

# မြေသန့်မဟာမင်္ဂလာ အခမ်းအနား




အာသောကရာမတိုက်
ဆရာတော်
ဘဒ္ဒန္တ ဝိစိတ္တသိရီ
(အဂ္ဂမဟာပဏ္ဍိတ)
အား
လှူဖွယ်ပစ္စည်း
ဆက်ကပ်စဉ်။

စွယ်တော်မြတ်စေတီတော် တည်ဆောက်ရေး (မန္တလေး)
ပရိဝုဏ် မြေသန့်မင်္ဂလာအခမ်းအနားပြင်ဆင်ထားပုံ



# ပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာ အခမ်းအနား




ပန္နက်တော်တင် တွင်းတော်ဝန်းမင်္ဂလာ အခမ်းအနားတွင် ဩဝါဒဆရာတော်ကြီးများနှင့် သံဃာ့မဟာနာယက ဆရာတော်ကြီးများထံမှ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဝင်များ၊ တာဝန်ရှိသူများ သီလခံယူစဉ်



ဒေးဝန်း ဆရာတော်ကြီးအား ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးမောင်အေးက လှူဖွယ်ပစ္စည်း ဆက်ကပ်စဉ်



ဆရာတော် ဦးဝိစာရအား တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က လှူဖွယ်ပစ္စည်းများ ဆက်ကပ်စဉ်

# ပန္နက်တော်တင် တွင်းတော်ဝန်း
# မဟာမင်္ဂလာ အခမ်းအနား

နတ်ဒေဝါများက

ပန္နက်တော်

လက်ရိုက်တော်

စသည်များ

သယ်ဆောင်စဉ်







ပန္နက်တော်တင်

တွင်းတော်ဝန်း

မင်္ဂလာအခမ်းအနား

တွင် ဒုတိယတိုင်းမှူး

ဗိုလ်မှူးကြီး တင်စိုး

ပန္နက်ရိုက်စဉ်



နေ့နံသားများက
ပန္နက်ရိုက်စဉ်





# ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာ အခမ်းအနား





နိုင်ငံတော်အကြီးအကဲများ
ရတနာအုတ်မြစ်တော်စီရန် ရောက်ရှိလာစဉ်



ဥပသကာများ၊ နတ်ဒေဝါများ
ရတနာအုတ်မြစ်တော်များ သယ်ဆောင်လာစဉ်



ဘဒ္ဒန္တ ဓောတိကာဘိဝံသ
ဒေးဝန်းဆရာတော်
ဘုရားကြီးအား
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
က
လှူဖွယ်ပစ္စည်း
ဆက်ကပ်စဉ်

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
ဆွမ်းဆက်ကပ်စဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
အမှူးပြုသော နိုင်ငံတော်
အစိုးရအဖွဲ့ဝင်များ၊
ဇနီးများ၊ တာဝန်ရှိသူများ
ရေစက်ချ
အမျှပေးဝေစဉ်

# ရတနာအုတ်မြစ်တော်စီ
# မဟာမင်္ဂလာ အခမ်းအနား



ရတနာအုတ်မြစ်တော်စီ မင်္ဂလာအခမ်းအနားသို့
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ရောက်ရှိနေရာယူစဉ်



နိုင်ငံတော်အစိုးရအဖွဲ့ဝင်များ
ရတနာအုတ်မြစ်တော်စီရန် မင်္ဂလာအချိန်ကို စောင့်စဉ်

ရတနာအုတ်မြစ်တော်စီပြီး တွေ့ရစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေအား သာသနာရေးဝန်ကြီးဌာနက ရတနာရွှေကြုတ်တော်ကို ပေးအပ်စဉ်






ဗိုလ်ချုပ်မှူးကြီး သန်းရွှေက မော်ကွန်းကြေးပြားတော်ကို ပေးသွင်းလှူစဉ်



ဗိုလ်ချုပ်မှူးကြီးသန်းရွှေဦးဆောင်သော နိုင်ငံတော်အစိုးရအဖွဲ့ဝင်များ အုတ်မြစ်တော်စီ အခမ်းအနားမှ ထွက်ခွာစဉ်

# သတ္တဉာဏ် မူလဉာပနာတော်သွင်း
# မဟာမင်္ဂလာ အခမ်းအနား

# သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား

ဥပသကာများက
ပရိတ်အိုး၊
ပရိတ်သဲများ
ယူဆောင်လာစဉ်





ရာဇာဝင်း
အဖွဲ့က
ပူဇော်စဉ်





နိုင်ငံတော်
အကြီးအကဲများ
ရောက်ရှိ
နေရာယူစဉ်



ဆရာတော်ကြီး
များအား
ပူဇော်
ကန်တော့ခြင်း



စွယ်တော်မြတ်
စေတီတော်
ပုံစံငယ်အား
ကြည့်ရှုစဉ်

စွယ်တော်မြတ်
စေတီတော်
ပုံစံငယ်





ရာဇာဝင်းအဖွဲ့
နေရာယူခြင်း

ဒေဝါဝင်းအဖွဲ့
နေရာယူခြင်း



ထည့်သွင်း
ပူဇော်မည့်
ဌာပနာ
ဆင်းတုတော်
များ





တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ
ပဋိမာရုပ်တုတော်အား ပင့်ဆောင်စဉ်



စင်္ကြံ (ခုနစ်ရက်)
ကြွတော်မူဟန်ကို
အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီး
ခင်ညွန့်က
ပင့်ဆောင်စဉ်



မယ်တော်မာယာ
ဖွားတော်မူဟန်
ရုပ်တုတော်ကို
သာသနာရေးဝန်ကြီး
က ပင့်ဆောင်လာစဉ်



ဇယမင်္ဂလာ
ဂါထာတော်များ
ရွှေပေလွှာကို
တိုင်းမှူး
ဗိုလ်ချုပ်ရဲမြင့်က
ပင့်ဆောင်စဉ်



အင်ဂျင်နီယာ ဦးဝင်းလှိုင်
ဌာပနာပစ္စည်းများ သွင်းလှူစဉ်



သတ္တဌာန
မူလဌာပနာ
တိုက်
အတွင်းရှိ
ဌာပနာ
ပစ္စည်းများ



အင်ဂျင်နီယာများက ဌာပနာတိုက်အား
သံကူကွန်ကရစ် ပိတ်ပေးစဉ်





ဗိုလ်ချုပ်မှူးကြီး
သန်းရွှေက
ဌာပနာတိုက်အား
ပိတ်ပေးစဉ်

အတွင်းရေးမှူး (၁)၊ အလယ်ပိုင်းတိုင်း
စစ်ဌာနချုပ် တိုင်းမှူးတို့က
ဌာပနာတိုက်အား ပိတ်ပေးစဉ်





# ကွမ်းတောင်ဌာပနာတော်သွင်း မဟာမင်္ဂလာအခမ်းအနား





ဝန်ကြီးများ
ဌာပနာပစ္စည်းများ
ပင့်ဆောင်စဉ်







ကွမ်းတောင်
ဌာပနာတော်များ
ပင့်ဆောင်၍
စေတီတော်အား
လက်ယာရစ်လှည့်ပတ်စဉ်

# ကွမ်းတောင်ဍာပနာတော်သွင်း
# မဟာမင်္ဂလာ အခမ်းအနား

ပနာတိုက် ၉ တိုက်တွင်
သွင်းလှူပူဇော်မည့်
ဌာပနာတော်များအား
ဖူးတွေ့ရစဉ်





အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီး
ခင်ညွန့်က
ငွေဗောဓိပင်အား
ဆက်ကပ်စဉ်



ဝန်ကြီးများက
ဌာပနာတော်
ပစ္စည်းများ
ပင့်ဆောင်စဉ်

# အလယ်ဌာပနာတော်သွင်းနှင့် ပန်းလည်တိုင်စိုက်ထူခြင်း မဟာမင်္ဂလာအခမ်းအနား



အလယ်ဌာပနာတော်များအားဖူးတွေ့ရစဉ်



သာသနာရေးဝန်ကြီးက ဌာပနာတော်များ ပင့်ဆောင်လာစဉ်



လ.ပ ခ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဇနီး ဒေါက်တာ ဒေါ်တင်လင်းမြင့် တို့က ဌာပနာတော်များ ဆက်ကပ်စဉ်

# အလယ်ဓျာပနာတော်သွင်း

## နှင့်

# ပန်းလည်တိုင်စိုက်ထူးခြင်း

## မဟာမင်္ဂလာ အခမ်းအနား





မဟာမြတ်မုနိပုံတော်
ဗုဒ္ဓဆင်းတုတော်အား
ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ဇနီး
ဒေါ်ကြိုင်ကြိုင် ပင့်ဆောင်လာစဉ်



ဗိုလ်မှူးကြီး
ကျော်ဝင်းနှင့်အဖွဲ့
ဌာပနာတော်များ
ပင့်ဆောင်လာစဉ်





မြို့တော်ဝန်
ဗိုလ်မှူးကြီး
စိန်ဝင်းအောင်နှင့်
အဖွဲ့
ဌာပနာတော်များ
ပင့်ဆောင်လာစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်
ဇနီးမိသားစုတို့က
အလယ်ဌာပနာတော်များ
ဆက်ကပ်စဉ်



မဟာမုနိပုံတော်
ဗုဒ္ဓရုပ်ပွားဆင်းတုတော်
အား
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
နှင့် ဇနီးတို့က
ကြည်ညိုစဉ်



ဗိုလ်ချုပ်မှူးကြီး
သန်းရွှေက
ခက်မငါးဖြာနှင့်
ပြည့်စုံသည့်
ငွေဗောဓိပင်အား
ပင့်ဆောင်လာစဉ်

ခက်မငါးဖြာနှင့်
ပြည့်စုံသည့်
ငွေဗောဓိပင်တော်အား
ဗိုလ်ချုပ်မှူးကြီး
သန်းရွှေက
ပင့်ဆောင်လာစဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်ဇနီး
မိသားစုတို့က
မင်္ဂလာရထားပျံတော်ဖြင့်
ဓာတ်တော်မျိုး
ပင့်ဆောင်စဉ်

ဗိုလ်ချုပ်မှူးကြီး
သန်းရွှေက
မင်္ဂလာရွှေမိုး
ငွေမိုးရွာသွန်း
ဖြိုးစဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်
ဇနီးအမှူးပြုသော
ပရိတ်သတ်များ
ကိုးပါးသီလခံယူစဉ်



ဗိုလ်ချုပ်မှူးကြီး
သန်းရွှေနှင့် ဇနီး
မိသားစုက
ဆွမ်းဆက်ကပ်စဉ်



# ပိန္နဲတိုင်စိုက်ထူခြင်း
# မဟာမင်္ဂလာ အခမ်းအနား

# ပိန္နဲတိုင်စိုက်ထူခြင်း မင်္ဂလာအခမ်းအနား





အတွင်းရေးမှူး (၁)
ဒုတိယဗိုလ်ချုပ်ကြီး
ခင်ညွန့်က
ပန်းလည်တိုင်အား
ဆက်ကပ်စဉ်





အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်
တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က
ဌာပနာတော်ပစ္စည်းများ
ဆက်ကပ်စဉ်

# အထက်ဌာပနာတော်သွင်း မင်္ဂလာအခမ်းအနား





မင်္ဂလာရထားပျံဖြင့်
အထက်ဌာပနာတော်များ
ပင့်ဆောင်စဉ်



ဒေဝါဝင်းအဖွဲ့က
ဌာပနာတော်များအား
ပူဇော်ကန်တော့စဉ်



ရာဇာဝင်းအဖွဲ့က
ဌာပနာတော်များအား
ပူဇော်နေစဉ်

# အထက်ဗျာပနာတော်သွင်း
# မဟာမင်္ဂလာ အခမ်းအနား

ဒုတိယဝန်ကြီးချုပ်
ဒုတိယဗိုလ်ချုပ်ကြီး
မောင်မောင်ခင်က
အထက်ဌာပနာတော်များ
ဆက်ကပ်စဉ်





သာသနာရေးဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး မျိုးညွန့်က
အထက်ဌာပနာတော်များ
ဆက်ကပ်စဉ်

အတွင်းရေးမှူး (၂)
ဒုတိယဗိုလ်ချုပ်ကြီး
တင်ဦးနှင့် ဇနီးတို့က
အထက်ဌာပနာတော်များ
ဆက်ကပ်စဉ်





အထက်ဌာပနာတော်များအား

ကြည်ညိုဖွယ်ရာ

ဖူးတွေ့ရစဉ်

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်

ဇနီးအား လ.ပ. ခ တိုင်းမှူးက

အထက်ဌာပနာတော်များ

ပေးအပ်စဉ်





အထက်ဌာပနာတော်များအား

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး

မိသားစုက ဆက်ကပ်စဉ်

# ရွှေထီးတော်တင်
# မဟာမင်္ဂလာ အခမ်းအနား

# ရွှေထီးတော်တင် မဟာမင်္ဂလာအခမ်းအနား

ရွှေထီးတော် ဘုံဆင့်များ





ဆရာတော်ကြီးများအား
ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီးတို့က
ကြည်ညိုကန်တော့စဉ်

ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်
ဇနီး၊ ဝန်ကြီးများ
ရေစက်သွန်းချနေစဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေ နှင့်

ဇနီးက

စွယ်တော်မြတ်စေတီတော်

သာသနာမြေဂရမ်အား

ဆက်ကပ်စဉ်





လှူဖွယ်ပစ္စည်းများ
ဆက်ကပ်စဉ်

ရေစက်ချစဉ်



ဗိုလ်ချုပ်မှူးကြီး
သန်းရွှေ ဗဟိုမဏ္ဍပ်သို့
ရောက်ရှိလာစဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်
ဇနီးမိသားစုတို့က စိန်ဖူးတော်အား
ပင့်ဆောင်လာစဉ်

ဗိုလ်ချုပ်မှူးကြီး
သန်းရွှေနှင့် ဇနီးမိသားစု
တို့က ရွှေထီးတော်တင်
မင်္ဂလာရထားပျံအား
ပင့်တင်စဉ်



ဗိုလ်ချုပ်မှူးကြီး
သန်းရွှေနှင့် ဇနီးတို့က
ရွှေထီးတော်
ဘုံဆင့်တို့အား
မင်္ဂလာရထားပျံပေါ်သို့
ပင့်တင်စဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်
ဇနီးတို့က စိန်ဖူးတော်ကို
အမွှေးနံ့သာများ
ပက်ဖျန်းပူဇော်စဉ်



ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး
မိသားစုတို့က စိန်ဖူးတော်အား
ပင့်ဆောင်လာစဉ်





အတွင်းရေးမှူး (၂)
ဒုတိယဗိုလ်ချုပ်ကြီး တင်ဦး
ငှက်မြတ်နားတော်
ပင့်ဆောင်ရေးအတွက်
ဖူးမြော်ကြည်ညိုစဉ်

ဆောက်လုပ်ရေးဝန်ကြီး
ဗိုလ်ချုပ်စောထွန်းနှင့်
လ. ပ. ခ တိုင်းမှူး
ဗိုလ်ချုပ်ရဲမြင့်တို့အား
ရွှေထီးတော်ဘုံဆင့်အား
ကပ်လှူပူဇော်စဉ်





ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် ဇနီး
စိန်ဖူးတော်အား ပင့်ဆောင်စဉ်



ဗိုလ်ချုပ်မှူးကြီး
သန်းရွှေ နှင့် ဇနီး
ဒေါ်ကြိုင်ကြိုင်
တို့
ငှက်မြတ်နားတော်ကို
နံ့သာရေ
ပျက်ဖျန်းစဉ်



ရွှေထီးတော်အား
ရထားပျံဖြင့်
ဗိုလ်ချုပ်မှူးကြီး
သန်းရွှေ
မိသားစုက
ပင့်တင်စဉ်



# ရွှေကြာသင်္ကန်းကပ်လှူပွဲမင်္ဂလာ
# နှင့်
# ဗုဒ္ဓါဘိသေက အနေကဇာတင်
# မဟာမင်္ဂလာ အခမ်းအနား

# ဗုဒ္ဓါဘိသေက အနေကဇာတင် နှင့်
# ရွှေကြာသင်္ကန်းကပ်လှူပွဲ မဟာမင်္ဂလာအခမ်းအနား





ဗုဒ္ဓရုပ်ပွားဆင်းတုတော်အား
ဥပါသကာတစ်ဦးက
ရွှေကြာသင်္ကန်းကပ်လှူစဉ်





ဆရာတော်ကြီးများ
ဆွမ်းဆန်စိမ်းအလှူခံ
ကြွရောက်စဉ်နှင့်
ပရိတ်သတ်များ
ဆွမ်းလောင်းစဉ်



ဆရာတော်ကြီးအား
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ က
သင်္ကန်းဆက်ကပ်စဉ်





အတွင်းရေးမှူး (၂) နှင့်
တိုင်းမှူးတို့က
မသိုးသင်္ကန်းယက်လုပ်
ခြင်းအား
ကြည့်ရှုအားပေးစဉ်



မစိုးရိမ်တိုက်သစ်ဆရာတော်
ဘဒ္ဒန္တသိရိန္ဒာဘိဝံသအား
ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့်
ဇနီးတို့က ယပ်တောင်တော်
ဆက်ကပ်စဉ်







ဗိုလ်ချုပ်မှူးကြီးသန်းရွှေက
သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏
ဇနီး
ဒေါ်ကြိုင်ကြိုင်က
လှူဖွယ်ပစ္စည်းများ
ဆက်ကပ်စဉ်





ပုဒ္ဓမြတ်စွယ်တော်ပုံစံငယ်



စွယ်တော်မြတ်စေတီတော် တည်ထားရန် လျာထားသည့်မြေနေရာ၏
မြေပုံကို ကြည့်ရှုစဉ်

# အကြီးအကဲများ စစ်ဆေးမှု



အတွင်းရေးမှူး (၁) ဒုတိယဗိုလ်ချုပ်ကြီး ခင်ညွန့် တည်ဆောက်ရေးလုပ်ငန်းခွင် ကြည့်ရှုစစ်ဆေးစဉ်



တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့် လုပ်ငန်းခွင် ကြည့်ရှု စစ်ဆေးစဉ်

ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် အဖွဲ့ဝင်များ
စွယ်တော်မြတ်စေတီတော်
တည်ဆောက်ရေးလုပ်ငန်းခွင်များရှိ
မြန်မာမှုနှင့် ဗိသုကာလုပ်ငန်းများ
ကြည့်ရှုစဉ်







# အလှူငွေပေးအပ်ပွဲအခမ်းအနား








# အလှူငွေပေးအပ်ပွဲအခမ်းအနား









# အလှူငွေပေးအပ်ပွဲအခမ်းအနား







# အလှူငွေပေးအပ်ပွဲအခမ်းအနား







# တည်ဆောက်မှုလုပ်ငန်းအခြေအနေ





အုတ်မြစ်ကျင်းတူးနေစဉ်





တိုင်များ၊ ယက်မများအား
သံချိုသံကွေးနှင့်
ပုံဆင်
ပုံလောင်းပြုလုပ်စဉ်

လောကဝိဒူ
မုဒ် (၅) အား
ပုံဆင်နေစဉ်





ဂန္ဓကုဋိတိုက် ရင်ပြင်တော်
သံချည်သံကွေး ဆောင်ရွက်စဉ်



န္ဓကုဋိတိုက် ရင်ပြင်တော်ရေဖျန်း
ခြင်းနှင့် ကော်လံတိုင် ဆက်စဉ်

မုဒ် (၅) နှင့် မုဒ် (၆) ကြား
မျက်နှာကျက်များ ကွန်ကရစ်လောင်းစဉ်



တောင်ဘက်ဘေးမြင်



မျက်နှာကျက်ခုံးများ
ပုံဆင်နေစဉ်







ရောင်လင်းပေါက်
များ
ကွန်ကရစ်
လောင်းပြီးပုံ

မော်တာသုံး
စက်သီးစင်
ဖြင့်
ကွန်ကရစ်
လောင်းစဉ်



ကရိန်းကားများ မော်တာသုံးစက်သီးစင်
များဖြင့် ကွန်ကရစ်လောင်းနေစဉ်



စမအ (၉၁၀) မှ
စွယ်တော်မြတ်စေတီ
အဝင်လမ်း
ဖောက်လုပ်ရေး
တိုင်းတာစဉ်





အဝင်လမ်း
ဖောက်လုပ်စဉ်



အရှေ့ဘက်
အဝင်လမ်း



အရှေ့တောင်ထောင့်
လူသွားလမ်း



မြက်ခင်းနှင့်
ရေပန်းအလှ

# မြန်မာမှုအနုလက်ရာများ





မြန်မာမှုအနုလက်ရာများ







ဝိသုကမ္မနတ်ကွန်း







ကာလသာအိုးဆောင်ရွက်မှု





ဝိသုကမ္မနတ်ကွန်းနှင့်
နတ်ရုပ်ပုံ





မြန်မာမှုအနုပညာရှင်

ဦးစံရင်နှင့်

အဖွဲ့

စိန်တောင်များ

ဆောင်ရွက်စဉ်



ဦးစံရင်
